www.burmeseclassic.com

# ကုလားမနိုင် ရခိုင်မေး

(ရခိုင့်အရေး ရခိုင့်အရာ သမိုင်းရေးထွေတလာ)

BURMESE CLASSIC



ထွန်းအောင်ကျော်
(ပြုစုသည်)

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့လွတ်လပ်ရေးကို တောင်းဆိုမှုသဖြင့် နယ်ချဲ့အင်္ဂလိပ်အစိုးရက ဒုတိယအကြိမ် အလုပ်ကြမ်းနှင့် ထောင်ဒဏ်သုံးနှစ် အပြစ်ပေး ခြင်းခံရ၍ ရန်ကုန်ထောင်ကြီး၏ ဘူးဝတွင် ဆရာတော်ဦးဥတ္တမအား ထောင်ဝတ် ထောင်စားဖြင့် တွေ့ရစဉ်။

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

**ကျိုက္ကဘာစန္ဒ (စီစဉ်သည်)**

**ပုံနှိပ်ခြင်း** - ပထမအကြိမ်
၂၀၁၄ ခုနှစ်၊ ဇွန်လ။

**အုပ်ရေ** - ၅၀၀

**တန်ဖိုး** - ၁၅၀၀ ကျပ်

ကျိုက္ကဘာစာပေ
၃၄၊ ၁ လမ်း၊ သမိုင်း (၁) ရပ်ကွက်
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉- ၄၀၂၅၉၁၂၇၀
၀၉- ၃၀၂၁၉၇၃၁

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** - ဒေါ်ဇာဇာဝင်း
ကြယ်စင်လင်းပုံနှိပ်တိုက်(ယာယီ-၉၉၄၄)
အမှတ်-၂၉၊ ၅၃-လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ** - ဒေါ်ဇာဇာဝင်း
စတားလိုက်စာပေ (ယာယီ-၁၉၄၄)
အမှတ်-၂၉(မြေညီ)၊ ၅၃-လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**စီစဉ်သူ** - အောင်ရွှေစံ

**ဖြည်လုံးကျွတ်ဖြန့်ချိရေး** - ရွှက်ကျပင်ပေါက်စာစဉ်ဖြန့်ပွားရေး
အမှတ်-၃၃၆၊ ၇-လမ်းသွယ်၊ ဗဟိုရ်
လမ်းမ-အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉၃၁၅၆၉၃၈၀။

BURMESE CLASSIC



ဦးစိန္တာ
ရခိုင်တိုင်းလုံးဆိုင်ရာတိုင်းရင်းသားအစည်းအရုံးကြီး၏
ဩဝါဒစရိယ နာယက ဆရာတော်


ညီလာခံ၌ အရေးကြီးသော ဆုံးဖြတ်ချက်များကို ချမှတ်ကြပါသည်။ နယ်ချဲ့တိုက်ထုတ်ရေး၊ လယ်သမားအရေး၊ ဝါးစက္ကူစက် တိုက်ဖျက်ရေး၊ ပစ်ပယ်ထားသော ရခိုင်နယ်ကိစ္စရပ်၊ နယ်ချဲ့တို့ကို မြန်မာပြည်မနှင့် ရခိုင်တို ညီညွတ်မှာ တိုက်ဖျက်ရေးများကို ဆွေးနွေး ဆုံးဖြတ်ကြ ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးပညာသီဟအား ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်သမ္မတကြီးကိုယ်စား ရုရှားနိုင်ငံပြည်နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌက နိုင်ငံဂုဏ်ရည်ဘွဲ့တံဆိပ်ဆက်ကပ်စဉ် တွေ့ရပုံ။



ဦးအောင်စံဝေ
(ဝန်ကြီးဟောင်း)

www.burmeseclassic.com

www.burmeseclassic.com



ဦးသာထွန်း ကျောက်ဖြူခရိုင်မှ
ထင်ရှားသော နိုင်ငံရေးခေါင်းဆောင်။
အငြိမ်းစား သံအမတ်ကြီး/

လေထီးစစ်သည် ဦးဘစော
ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် ကျောက်ဖြူခရိုင်၊
ကမ်းထောင့်ကြီး ကျေးရွာတွင် လေထီးနှင့် ဆင်းခဲ့သည်။



**ကိုညိုထွန်း**

**ရခိုင်တိုင်း ဖက်ဆစ်တော်လှန်ရေးခေါင်းဆောင် တပ်မှူးကြီး**

၁၉၄၄ ဒီဇင်ဘာလ နောက်ဆုံး ရက်သတ္တပတ်တွင် အိန္ဒိယမှ ၁၃၆ တပ်ဖွဲ့ ခေါင်းဆောင် မေဂျာကရူး၊ ကိုစောဖြူ၊ ကိုသာထွန်းအောင် တို့နှင့်အတူ ရခိုင်တိုင်း ကျောက်တော်မြို့နယ်၊ ငါးယောက်တိုင်း ကျေးရွာသို့ လေထီးဖြင့် ဆင်းခဲ့သည်။

လွတ်လပ်ရေး ရပြီး နောက် ပိုင်းတွင် ဝန်ကြီးအဖြစ် လည်းကောင်း၊ သြစတြေးလျနိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

ယခု ကွယ်လွန်ပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လေထီးစစ်သည် ဦးကျော်ရင် နှင့် ရဲဘော်သန်းမောင်

နယ်ချဲ့တော်လှန်ရေးဖက်ဆစ်တော်လှန်ရေး သံတွဲခရိုင် ဥက္ကဋ္ဌ လေထီးစစ်သည် ဦးကျော်ရင်(တိုင်လျှက်ပုံ)နှင့် သံတွဲခရိုင် ဘီအိုင်အေ စစ်ရေးတာဝန်ခံနှင့် ဖက်ဆစ်တော်လှန်ရေး စစ်ခေါင်းဆောင် ရဲဘော်သန်းမောင်တို့အား တွေ့ရပုံ

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ဦးကျော်ရင်သည် ရန်ကုန်တက္ကသိုလ်၌ မြန်မာစာဌာန ကထိက၊ မော်လမြိုင်၊ လှိုင်ဘွန်ဘား တက္ကသိုလ်၌ မြန်မာစာ ညွှန်ပါမောက္ခ၊ တက္ကသိုလ်များ အုပ်ချုပ်ရေးရုံး အုပ်ချုပ်ရေးမှူး၊ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် စသည်ဖြင့် တာဝန်အသီးသီး ထမ်းဆောင်ခဲ့သည်။

မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိစဉ် ၁၉၆၆၊ မတ်လ ၃၀ရက်နေ့၌ ကွယ်လွန်သည်။

အရှင်ဘုရားတို့ တပည့်တော်ကို သိကြရဲ့လား...။

ဗမာတစ်ပြည်လုံးကို ဖျတ်စိဖွင့်ပေးတဲ့ ဥတ္တမပါ ဘုရား။




*Oo OATAMA*
(1879 – 1939)
THE ORIGINATOR OF FREEDOM FOR BURMA.

# ကုလားမနိုင် ရခိုင်မေး

(ရခိုင့်အရေး၊ ရခိုင့်အရာ သမိုင်းရေးထွေ တသော)

ထွဏ်းအောင်ကျော် ပြုစုသည်

www.burmeseclassic.com

www.burmeseclassic.com

## ကုလားမနိုင် ရခိုင်မေး

မိဘတွေဆီက မေတ္တာတရား ရယ်မောရွှင်မှုကို သင်ယူတယ်။ ခြေလှမ်းလှမ်းပုံ သင်ယူတယ်၊ ဒါပေမဲ့ စာအုပ်တွေလှန်ပြီး ဖတ်ရှုတဲ့အခါ မိမိအတောင်ပံတွေ ရှိတယ်ဆိုတာ တွေ့ရတယ်။

ဟယ်ဟာန် ယောဒ် (အမေရိကန် ရုပ်ရှင်မင်းသမီးကြီး)

ကျင့်ထုံး

အမှန်ရှာသော် ပညာနဲ့ရွေး
ချိန်ခွင်ညှာ
လျှာမစောင်းအောင်
စိတ်ကောင်းကိုမွေး

(ဦးကျော်ဇေယျ)

ဒီနေ့ဟာ ယမန်နေ့မဟုတ်။

မိမိတို့ ကိုယ်တိုင်က ပြောင်းလဲနေတယ်။ မိမိတို့ရဲ့အလုပ်၊ မိမိတို့ရဲ့ အတွေးတွေကို အခြေအနေနဲ့ အံဝင်ခွင်ကျဖြစ်တာ အကောင်း



ဆုံး ဒီလို အမြဲဖြစ်စေဖို့ဆိုရင် အဲဒီအလုပ်။ (အဲဒီအလုပ် အဲဒီအတွေးတွေဟာ) အမြဲတစ်သမတ်တည်း ဘယ်လိုဖြစ်နိုင်ပါ့မလဲ။

တကယ်တော့ အပြောင်းအလဲဆိုတာ ထိခိုက်ရ၊ နာကျင်ရတာ ချည်းပဲဖြစ်မယ်။ ဒါပေမဲ့လဲ အပြောင်းအလဲဆိုတာ မိမိတို့ရဲ့ လိုအပ်ချက်လဲဖြစ်ပါတယ်။

အမှတ်ရတာတော့ အင်အားနဲ့ တန်းဖိုးရှိတယ် ဆိုခဲ့ရင် မျှော်လင့်ချက်မှာလဲ အင်အားတန်းဖိုး ရှိပါတယ်။

(ကာလိုင်း)

**False friends are worse than bitter enemies.**
**အတုအယောင်မိတ်ဆွေသည် ပြင်းသောရန်ဘက်ထက်ပင် ပိုမိုဆိုးဝါးသည်။**

We may expect to be injured by our bitter enemies, but not by our friends. A treacherous friend causes us more pain and sorrow than a bitter enemy.

လူတွေဟာ (ကျွန်ုပ်တို့ဟာ) မိမိတို့ရဲ့ ပြ[illegible] ဘက်တွေကြောင့် ထိခိုက်ဒဏ်ရာ ရနိုင်တယ်လို့ မျှော်လင့်တတ်ကြပေမယ့် မိမိတို့ရဲ့ မိတ်ဆွေတွေကြောင့် ထိခိုက်နိုင်တယ်လို့တော့ မမျှော်လင့်မိတတ်ကြ။ (တကယ်တော့) သစ္စာဖောက်မိတ်ဆွေဟာ အပြင်းကြီးတဲ့ ရန်သူထက်ပင်ပိုကာ မိမိတို့ကို နာကျင်မှု ဝမ်းနည်းပူဆွေးရမှု ဖြစ်စေတယ်။

www.burmeseclassic.com



ပြီး မိမိကဗျာတစ်ပုဒ် ဖတ်ခဲ့ဖူးပါတယ်။

'ခင်ဗျားအဖေကောလို့
သူ့ကို ငါ မေးလိုက်ပါတယ်။
ကျုပ်အဖေကို သူတို့ ပစ်သတ်လိုက်ကြတယ်။
ခင်ဗျား အမကောလို့
သူ့ကို ငါ မေးလိုက်ပါတယ်။
ကျုပ်အမေကိုလဲ
သူ့တို့ပဲ ဓားနဲ့ထိုးစိုက်
သတ်လိုက်ကြတာပါပဲဗျာ။
ခင်ဗျားဇနီး ကောလို့
သူ့ကိုငါ မေးလိုက်ပါတယ်။
ဗိုက်ထဲက
ရင်သွေးနဲ့အတူပဲ
ဗုံးထဲပါသွားတာ
အသား တစ်တွေ
ဖြစ်ကုန်တာပါပဲဗျာ။
ခင်ဗျားတို့ရဲ့ အိမ်ကောလို့
သူ့ကိုငါ မေးလိုက်ပါတယ်။
ကျုပ်အိမ်ကိုလဲ
သူ့တို့ပဲ မီးရှို့လိုက်ကြတာပါပဲ။
ခင်ဗျားရဲ့ ရွာကောလို့
သူ့ကိုငါ မေးလိုက်ပါတယ်။
လူနေအိမ်ခြေ မရှိရအောင်



မြေလှန်ဖျက်ဆီးခဲ့ကြတယ်။
ရွာမှာ
နေလာကြသူအားလုံး
အစုလိုက် အပြုံလိုက် သေနင်္ဂဗျူဟာ
ကျေးရွာတွေပဲ
ချုပ်ထားကြတာဘဲ။
ဘယ်လမ်းကိုရွေးမလဲလို့
သူ့ကိုငါ မေးလိုက်ပါတယ်။
သူ့ရဲ့ မျက်ရည်များ
ခန်းခြောက် သွားပြီးတော့
ရယ်သံများ
ပွင့်အံ ပေါက်ကွဲလာတော့တယ်။
တစ်လမ်းထဲကိုပဲ
ရွေးရမှာပဲဗျို့
အဲဒီလမ်းကတော့
ကျုပ်တို့ ပြည်သူတစ်ရပ်လုံး
ရန်သူကို ကြေပြုန်းအောင်
ချေမှုန်းကြဖို့ပါပဲ...
ဗီယက်နမ်ကဗျာ ဆရာ လီတန်လွိုင်ရဲ့
ကဗျာကို ပြန်ဆိုထားတာ ဖတ်ခဲ့ရပါတယ်။

မိမိက ဒီစာစုတွေကို အမှတ်တရ တင်ပြပေးလိုက်ရတာပဲ ဖြစ်ပါတယ်။ မိမိဟာ မီဒီယာသတင်း သမားအနေမျိုးနဲ့ ပြန်လည်ဖောက်သည်ချ တင်ပြလိုက်ရတာမျိုးပဲ ဖြစ်ပါတယ်။ အလေးအပင်

www.burmeseclassic.com

www.burmeseclassic.com



ကြီး အဖြစ်ဖို့ ရသဖက် အလေးကဲဖို့လဲ ကြိုးစားထားပါတယ်။

အမိကက ရခိုင်နဲ့ မြွေပွေးတွေ့ရင် ရခိုင်ကို အရင်သတ်ရမယ်ဆိုတဲ့ စကားရှိတယ်။

ဒါဟာ တစ်နည်းက ရခိုင်ဟာ မြွေပွေးထက်ဆိုးတယ်ဆိုတဲ့ မြှောက်သလိုနဲ့ သွေးခွဲစကားပါပဲ။

တကယ်က ရခိုင်မှာ မြွေပွေး မရှိပါ။ ပြည်မက လူတွေက မြွေပွေးအကြောင်းသိတော့ ဒီမြွေပွေးထက်ဆိုးတာလို့ ပြောချင်တာပဲ၊ တခြား ငှက်ပျောပင်တို့၊ ငှက်ပျောစေးတို့ ဘာညာဆိုတာ ပြေရာပြေကြောင်း ချွေးသိပ်စကားတွေပါ။

ပြီးတော့ 'ကုလားမနိုင် ရခိုင်မဲ'ဆိုတာ ရှိပါတယ်။ ဒါမဟုတ်ပါ။ 'ကုလားမနိုင် ရခိုင်မေး'ပဲ ဖြစ်ပါတယ်။ သူ့အဓိပ္ပာယ်က ဒါပဲဖြစ်ပါတယ်။

ဘယ်သူ့ကို နှိမ်ဖို့ နှိမ့်ချဖို့ မိမိရေးလိုတာ မဟုတ်ပါဘူး။ မူလ အဓိပ္ပာယ်အမှန်ကို သိစေဖို့ရေးပြတာပဲ ဖြစ်ပါတယ်။ ဒီအနေ့မှာ တစ်ဘက်သားတွေရဲ့ လှည့်ဖြား ပြောဆိုညာဝါးမှုတွေပေါ်မှာ မကောင်းမတွေးဖို့ နားမယောင်ကြဖို့ပါ။ မဝေဝါးကြဖို့သာ ဖြစ်ပါတယ်။

အဲဒီလိုပဲ မိမိတို့ရေးသားပြောဆိုကြရာမှာ ထုတ်နုတ်တင်ပြကြစေဖို့ရာအတွက် တစ်စိတ်တစ်ဒေသ အနေနဲ့ပဲဖြစ်ဖြစ် အထောက်အပံ့ ဖြစ်ခဲ့မယ်ဆိုပါက ခုလိုစုစည်း ဖော်ပြရတာအကျိုးရှိနိုင်ပြီ ခံယူပါတယ်။ အချို့သုံးနေကြတဲ့ 'ကုလားမနိုင် ရခိုင်မဲ'ဆိုတာမျိုးတွေပါ အမှန်က 'ကုလားမနိုင် ရခိုင်မေး'ပဲ ဖြစ်ပါတယ်။ (လူတိုင်းအတွက် စကားပုံစာအုပ်)

အလက်ာမြတ်စာနည်းရေး
မိုးကျော်စာပေ ၂၀၁၁ ဒီဇင်ဘာလထုတ်မှ



ဒီစာစုတွေဟာ မိမိမူရင်း မဟုတ်ပါ။ မိမိ ဆင့်ပွားခံစားတင်ပြတာပါ။ မိမိက မိမိ ခုလိုခံစားသိထားတဲ့ အချက်တွေကို လက်ဆင့်ကမ်းချက်မှုသာပါ။

ပြီးတော့ မိမိရေးနေခဲ့တဲ့ ခေါင်းဆောင်တချို့ စာစုတွေလိုပါ။ မိမိကြိုက်တဲ့ ခေါင်းဆောင်နမူနာ စာတစ်ပုဒ်ကို ဒီမှာထည့်သွင်းတင်ပြလိုက်တာ မျှဝေခံစားပေးကြဖို့ပါဆိုတာပါ။

မိမိတို့ (ရခိုင်)တွေအတွက်ကတော့
စာတစ်ပုဒ်ကို အထူးညွှန်းလိုပါတယ်။
ဒီလိုပါလေ
"မိမိတို့တွေ ဒီလိုစိတ်ဓါတ် အစဉ်မွေးမြူသွားကြဖို့ရာပါ"
စာရဲ့ခေါင်းစဉ်ကတော့-

## သမ္မတဖြစ်လာတဲ့ တောသားလူငယ်အကြောင်း

အိန္ဒိယနိုင်ငံကို ဗြိတိသျှအစိုးရ အုပ်ချုပ်နေစဉ်က အဖြစ်အပျက်တစ်ခုပဲ ဖြစ်ပါတယ်။ အဲအချိန်က ကာလကတ္တားမြို့ ပရီစီဒင်စီကောလိပ်ရဲ့ စည်းကမ်းသတ်မှတ်ချက်တစ်ခု ရှိပါသတဲ့ တက္ကသိုလ်စာမေးပွဲ ဖြေမယ့်သူတွေကို တက္ကသိုလ်စာမေးပွဲ မကျင်းပမီ ကောလိပ်ကမကထပြုလုပ်တဲ့ အစမ်းစာမေးပွဲကို ဖြေဆိုရမယ်။ အဲဒီကောလိပ် အစမ်းစာမေးပွဲ အောင်မြင်မှသာပဲ တက္ကသိုလ် စာမေးပွဲကို ဖြေခွင့်ပြုပါတယ်။ နှစ်စဉ် တက္ကသိုလ်စာမေးပွဲ မကျင်းပမီ အချိန်အနည်းငယ်အတွင်းမှာ အဲဒီကောလိပ် အစမ်းစာမေးပွဲကို ပြုလုပ်လေ့ရှိပါတယ်။ ဒီလိုနဲ့ ကောလိပ်မှာ အစမ်းစာမေးပွဲ ကျင်းပပြုလုပ် ပြီးစီးသွားပြီးဖြစ်လို့ အောင်စာရင်း ကြေညာမဲ့အချိန် ရောက်လာခဲ့တယ်။ အဲဒီအချိန်က ကျောင်းအုပ်ဆရာကြီးမှာ အင်္ဂလိပ်လူမျိုးပဲ ဖြစ်ပါတယ်။ ကျောင်းဆရာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးဟာ ကျောင်းသားတွေရှေ့မှာ အောင်စာရင်းကို ဖတ်ပြပါတယ်။

အဲဒီအချိန်မှာ ရှိုးရိုးကုပ်ကုပ်နေထိုင်တဲ့ တောသားကျောင်းသား တစ်ယောက်ဟာ အဲဒီအစမ်းစာမေးပွဲဖြေထားတဲ့အတွက် ကျောင်းအုပ်ဆရာကြီးဖတ်ပြတဲ့ အောင်စာရင်းကို နားစွင့်နေလေခဲ့ပါတယ်။ ဒါပေမဲ့ ကျောင်းအုပ်ဆရာကြီး ဖတ်ပြတဲ့ အောင်စာရင်းမှာ သူ့ရဲ့နာမည် ပါမလာပါဘူး။ ကျောင်းအုပ်ဆရာကြီး ဖတ်ပြပြီးတဲ့အခါ အဲဒီတောသားလေးဟာ မတ်တတ်ရပ်လိုက်ပြီး ရိုသေကျိုးနွံစွာနဲ့ပဲ ကျောင်းအုပ်ဆရာကြီးကို ပြောလိုက်ပါတယ်။

"ဆရာကြီးခင်ဗျား၊ ဆရာကြီးဖတ်ပြတဲ့ အောင်စာရင်းထဲမှာ ကျွန်တော့်နာမည် ပါမလာပါလား။ ဆရာကြီး မှားများ…

ကျောင်းအုပ်ဆရာကြီး မျက်နှာ တင်းမာလို့သွားပါတယ်။

"မင်ဘာလျှောက်ရှည်တာလဲ။ အောင်စာရင်းထဲမှာ မင်းနာမည် ပါမလာတာ မင်း စာမေးပွဲကျလို့ပေါ့"

"မဟုတ်ဘူးဆရာကြီး၊ ကျွန်တော် မအောင်ဘူးဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ အောင်ရုံသာမကဘူး။ ကျွန်တော် ပထမ အဆင့်ပါဖို့ သေချာပါတယ်"

သူငယ်က အရဲစွန့်ပြီး ပြောလိုက်ပြန်ပါတယ်။

ကျောင်းအုပ်ဆရာကြီးမျက်နှာ နီမြန်းသွားပါတယ်။

"ဟေ့… တောသားကောင်လေး။ မင်း တကယ် လူပါးဝပါလား။ အောင်စာရင်းထဲ ပါမလာတဲ့အကောင်က ပထမအဆင့် အောင်တယ်လို့ ပြောနေတယ်။ မင်း တကယ်ကြီးကျယ်တဲ့ အကောင်ပါလား။ မင်းအောင်ရင် တခြားအောင်တဲ့ကျောင်းသားတွေလို အောင်စာရင်းထဲ ပါလာမှာပေါ့။ မင်း ကိုယ့်နေရာကိုယ် ငြိမ်ငြိမ်ပြန်ထိုင်နေ။ မင်းလို ကောင်မျိုး ပထမအဆင့်ရောက်ရင် အိန္ဒိယပြည်ကြီး လွတ်လပ်ရေးရတာ

www.burmeseclassic.com



ကြာလှပြီ"

ဒါပေမဲ့ တောသားလူငယ်ကလေးက ရပ်မြဲရပ်နေခဲ့ပါတယ်။ ကျောင်းအုပ်ဆရာကြီးကို အောင်စာရင်းကို တစ်ဖြန်ပြန်လည် စစ်ဆေးကြည့်ပါရန် တောင်းပန်ခဲ့ပါတယ်။ ကျောင်းသားလူငယ်ရဲ့ တောင်းပန်စကားကို ကြားရတဲ့အခါ ကျောင်းအုပ်ကြီးဟာ ရှူးရှူးရှားရှား ဖြစ်သွားပြီးတော့ ကျောင်းသားလူငယ်ကို ဆဲဆိုကြိမ်းမောင်းနေလေခဲ့ပါတယ်။ ကျောင်းသားလူငယ်ကလဲ အလျှော့မပေးပါ။ အောင်စာရင်းကို ထပ်မံစစ်ဆေးကြည့်ဖို့ တောင်းပန်နေလေခဲ့ပါတယ်။ အဲဒီအခါ ကျောင်းအုပ်ကြီးက တစ်ချက်လွှတ်အမိန့် ထုတ်လိုက်လေတော့တယ်။

"ဟေ့ကောင်၊ မင်း ကျောင်းအုပ်ရဲ့ အမိန့်ကို မနာခံဘူး။ အဲဒီအပြစ်နဲ့ မင်းကို ဒဏ်ငွေငါးကျပ် အပြစ်ဒဏ်ပေးလိုက်တယ်။ မင်း အဲဒီအပြစ် ဒဏ်ငွေငါးကျပ် ရုံးမှာ အခုချက်ချင်းသွားသွင်း။ မသွင်းရင် မင်းကိုပါ ကျောင်းက ထုတ်ပစ်လိုက်မယ်"

ဒါပေမဲ့ သူငယ် ပြန်မထိုင်ပါ။ ကျောင်းအုပ်ဆရာကြီးကို အနူးအညွတ် တောင်းပန်လို့ နေပြန်ပါတယ်။ ကျောင်းအုပ်ဆရာကြီးက အံကြိတ်လိုက်လေခဲ့တော့တယ်။

"ဟေ့… မင်းပါးစပ်ပိတ်နေစမ်း။ မင်းကျောင်းအုပ်ရဲ့ အမိန့်ကို ထပ်ပြီး ဆန့်ကျင်နေတယ်။ မင်းကို တစ်ဆယ် ဒဏ်ထပ်တပ်တယ်။ အခုချက်ချင်း သွားသွင်းပါ"

ကျောင်းအုပ်ကြီးနဲ့ တောသားလူငယ်တို့ အချီအချ ဖြစ်နေတာကို ကျောင်းသားအားလုံးက ပွဲကြီးပွဲကောင်းကြည့်နေရသကဲ့သို့ ဝိုင်းအုံကြည့်နေကြပါတယ်။ ကျောင်းသားလူငယ်က အလျှော့မပေးလေ ကျောင်းအုပ်ကြီး ဒေါပွလာလေဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ကျောင်းသားလူငယ်ဟာ ခွဲမလျှော့ခဲ့ပါ။ ဆရာနဲ့ တပည့်ကျောင်းသားဟာ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



[illegible]ချက်ကို တစ်ဆံချည်မျှလဲပဲ မလျော့ကြပါ။ ဒဏ်ငွေမှာလဲ [illegible]ခြည်း တက်လာရာ ငါးဆယ်ကျပ်အထိ ရောက်လာခဲ့တော့ [illegible]။

အဲဒီအခိုက်မှာပဲ ရုံးအုပ်လုပ်သူဟာ အဲဒီအခန်းထဲဝင်လာခဲ့ပြီး ကျောင်းအုပ်ကြီးကို တိုးတိုးကပ်ပြီးမှ တစ်ခါတည်းပဲ ပြောလိုက်ပါတယ်။

"အောင်စာရင်းထုတ်တာ မှားသွားတယ်။ ဆရာတွေရဲ့ အခန်းထဲမှာ အခုကျောင်းသား (ပြဿနာဖြစ်နေတဲ့ ကျောင်းသားကို ညွှန်လျက်)တော်ပုံကို ဆရာတွေ ချီးမွမ်းနေကြတယ်။ ဒီကျောင်းသားဟာ ဘာသာတိုင်း ပထမ ရတယ်"

အဲဒီအခါ ကျောင်းအုပ်ဆရာကြီးက–

"ဟုတ်လား၊ ဒီလိုဆိုရင် ဒီအောင်စာရင်းကို ယူသွားပြီး ဘယ်လိုဖြစ်သလဲဆိုတာ စစ်ဆေးကြည့်စမ်း"

ဆိုပြီး ပြောလိုက်ပါတော့တယ်။

ရုံးအုပ်ဟာ အောင်စာရင်းကို ရုံခန်းထဲယူသွားပြီးတော့ မူရင်း လက်ခံစာရင်းနဲ့ တိုက်ကြည့်တဲ့အခါ အဲဒီကျောင်းသားရဲ့အမည်မှာ နံပါတ်တစ်မှာ ပါရမှာဆိုတာကို သိရှိသွားခဲ့ပါတယ်။ မိတ္တူကူးတဲ့ စာရေးက သူ့အမှားကို သူ ဝန်ခံခဲ့ပါတယ်။ ရုံးအုပ်ဟာ ကျောင်းအုပ် ဆရာကြီးကို ချက်ချင်း အကျိုးအကြောင်းကို ပြောပြလိုက်ပါတယ်။

ကျောင်းအုပ်ဆရာကြီး မျက်နှာပျက်သွားခဲ့ပါတယ်။

"ရာဂျိန္ဒရပရာဆတ်၊ မင်းတကယ်ပဲ ပထမတန်း ပထမ အဆင့်က အောင်တယ်။ စာရေး အမှားလုပ်တာနဲ့ ငါလဲ မင်းကို ကြိမ်းလားမောင်းလား လုပ်မိတယ်။ ငါ့ကို ခွင့်လွှတ်ပါ။ ငါမင်းကို အများကြီး ချီးကျူးပါတယ် သိလား သား"



အဲဒီလိုပြောပြီးတော့ ကျောင်းအုပ်ကြီးဟာ ကျောင်းသား လူငယ်ရဲ့ ကျောကို သပ်လေခဲ့ပါတယ်။ ဒီနောက် ကျောင်းသား အားလုံးရဲ့ရှေ့မှာ အောင်စာရင်းကို နံပါတ်တစ်က အဲဒီကျောင်းသားရဲ့ နာမည်ကိုထည့်ပြီး တစ်ဖန် ဖတ်ပြလေခဲ့ပါတော့တယ်။

အဲဒီရဲ့ တောသားလူငယ်ဟာ နောင်သောအခါ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရလာတဲ့ အချိန်မှာ အိန္ဒိယနိုင်ငံရဲ့ ပထမဦးဆုံး သမ္မတ ဖြစ်လာတဲ့ ရာဂျိန္ဒရပရာဆတ်ပဲ ဖြစ်ပါတယ်။ အိန္ဒိယပြည်သူတွေက သူ့ကို 'ရာဂျဗာမူ' လို့ အမြတ်တနိုးခေါ်ခဲ့ ကြပါတယ်ဆိုတာပါ။

ပြီး နောက်ထပ် ကဗျာတစ်ပုဒ်မှာတော့ အလံအလှဲဘူး ဆိုတာပါ။

"စေ့စပ် အညှံ့ခံရေး
ဆွေးနွေး ကျေးအေး ရှေ့နေများကို
စကားဆိုပါရစေ
ဘယ်တော့မှ လက်နက်မချ
အမိဋ္ဌာန်သစ္စာ ငါဆိုတယ်ဟေ့
ငြိမ်းချမ်းရေးစာချုပ်
ချုပ်ဆိုဖို့အတွက် ငါ့ကိုသွားစေလို
ထိုလူများကို စကားဆိုပါရစေ
နောက်ပြောင်ရမဲ့ အချိန်ကာလများ
လွန်သွားတာကြာခဲ့ပြီကော
နောက်နှစ် နှစ်ဆယ်လွန်ခဲ့
တို့ရဲ့ ရည်မှန်းချက် ယခုထက်ထိ
မပြည့်သေး
ရန်သူ့ခြေအောက်

www.burmeseclassic.com

www.burmeseclassic.com



မြေလက္ခတိုင်း
အမိမြေ
နှင်းချေခံနေတုန်းပဲ
အသိမ်းခံ တို့နယ်မြေ
ဂျေရုဆလင် ကြွယ်ဝသဲထူ
မြစ်ချောင်းဟူသမျှမှာ
ငါတော်လှန်ရေး ဆင်နွှဲမယ်။
လွတ်လပ်လူတွေရဲ့ ဒေါသသံ
ကောင်းကင်ယံထဲ ဝဲလွင့်ပျံနေ။
တို့လုံ့စွပ်များ အောင်ပွဲသွားရာလမ်းဖွင့်ပေးမယ်။
တို့လူမျိုးဟာ
တော်လှစွာလို့ မဆိုပါနဲ့
စစ်မြေပြင်အားလုံးမှာ
ဆက်ကာ ရှေ့သို့လှမ်းခဲ့ပြီ
တို့တော်လှန်ရေး
သူရဲကောင်းများရဲ့ ကိုယ်ခန္ဓာ
ဒဏ်ရာတွေနဲ့ ဓွေးဓွေးနီနေ
ဒီမှာ ငါက အမှန်တရားအတွက်
တိုက်ခိုက်လျက် အရှဏ်တက်လဲ
ဆက်တိုက်ခိုက်မှာပဲ။
ရာမ္မွတ်ကနေ
သတင်းကောင်းတွေ တို့တွေအတွက်
မာလင်က ယူခဲ့တယ်
ဟစ်တင်း ကျေးရွာမှာ



သလာဒင် တိုက်ခိုက်ခဲ့သလိုပဲ
ဓွဲနဲ့ တို့တိုက်မယ်'
(ပါလက်စတိုင်းကဗျာဆရာအဗ္ဗဒူလာဂူကိုဗူရဲ့ ဝဲလ်ဗားလေး ခေါင်းမိုင် အာဗျိုကို မြန်မာပြန်ထားတာ ဖတ်ခဲ့ရပါတယ်။)

''မိမိတစ်ကိုယ်တည်း ကောင်းစာချင်တဲ့ဆန္ဒကို ဖယ်ရှား ပစ်လိုက်ပါ။ ဒီလိုဆိုရင် သင်ဟာနေရသည်ဖြစ်စေ၊ သေရသည်ဖြစ်စေ၊ ဘာပဲ ဖြစ်ဖြစ် စိတ်သက်သာမှု ရပါလိမ့်မယ်''

(ဖရက်ဒရစ် အေမီယဲလ်)

## ရင့်ကျက်ချိန်

ခုချိန်မှာ
အမှန်တရားဟာ
တက်ညီလက်ညီ
တပ်ချိုပြီမို့
ဘယ်အရေးကမှ
ဟန့်တား တားဆီးလို့ ရနိုင်တော့မှာ မဟုတ်ပါ။

အီမလီဒီကင်ဆင်

■

www.burmeseclassic.com

www.burmeseclassic.com



## တကယ့်ဖြစ်ရပ်တွေကြားက အမှန်တရားကို ရှာဖွေပါ

(တိမ်ရှောက်မိန်)

မိမိဖတ်ဖူးတဲ့ စာတစ်ပုဒ်မှာ…

ဓညဝတီခေတ် ရာဇဝင်သမိုင်းနဲ့ တချို့သောသုတေသီတို့ရဲ့ အတွေးအမြင်ဟာ…

ဓညဝတီခေတ် ရာဇဝင်သမိုင်းကို အနောက်နိုင်ငံသား သုတေသီတချို့က ဒဏ္ဍာရီပုံပြင်မျှလောက်သာ ယူဆကြပါတယ်။ သုတေသီ ဒီ-ဂျီ-အီး ဟောလ် (D.G.E. HALL)က သုတေသီ အေ-ပီ-ဖေယာ (A.P. PHAYRE) နဲ့ ဂျီ-အီး-ဟာဗီ (G.E. HARVEY)တို့ကိုပါ အကိုးအကား ပြုပြီး အောက်ပါအတိုင်း ဆိုထားခဲ့ပါတယ်။

'မင်းစဉ်မင်းဆက် အဖြစ်အပျက်ကို မှတ်တမ်းတင်လာခဲ့တဲ့ (ရက္ခိုင်) ရာဇဝင်ရဲ့ ပထမ ဓညဝတီမှာ မင်း (၅၄)ဆက် (ဘီစီ ၂၆၆၆ က ဘီစီ- ၈၂၅ ထိ)နဲ့ ဒုတိယ ဓညဝတီမှာ မင်း (၅၃)ဆက် (ဘီစီ-၈၂၅ မှ အေဒီ ၇၄၆ ထိ)အုပ်စိုးကြတယ်။ အဲဒါ တို့ကို ဒဏ္ဍာရီပါ ပုံပြင်သက်သက်လို့သာဆိုပြီး မှတ်ယူရပါမယ်။ (D.G.E. HALL)

အထက်ဖော်ပြပါ သုတေသီတို့ရဲ့ အဆိုမှာ ရှေးရခိုင် ရာဇဝင် မှုမှန်နဲ့ တိုက်ဆိုင်ကြည့်တဲ့အခါ မင်းဆက်ရာဇဝင် သာမဟုတ်ပါ။ သက္ကရာဇ်ပါ မှားနေတာလို အောက်ပါအတိုင်း တွေ့ရပါတယ်။



## ရက္ခိုင်ရာဇဝင်-မှုမှန်

| | | |
|---|---|---|
| ၁။ | ဒွါရာဝတီ။ | မင်းဆက်နဲ့ သက္ကရာဇ်ကို အတိအကျ မှတ်တမ်းတင်လို့ မရှိပါ။ |
| ၂။ | ရှေးဝေသာလီ။ | ဖြဟ္မဏရာဇာ နဲ့ ၂၆ ဆက် ဘီစီ ၅၃၁၃-၃၃၂၅ နှစ် ၁၉၉၀ |
| ၃။ | ပထမဓညဝတီ။ | မာရယုမင်း နဲ့ ၅၇ ဆက် ဘီစီ ၃၃၂၅-၁၅၀၇ နှစ် ၁၈၁၈ |
| ၄။ | ဒုတိယဓညဝတီ။ | ကမ္မရာဇာ နှင့် ၂၈ ဆက် ဘီစီ ၁၅၀၇-၅၈၀ နှစ် ၉၂၇ |
| ၅။ | တတိယဓညဝတီ။ | စန္ဒသူရိယ နဲ့ ၂၅ ဆက် ဘီစီ ၅၈၀ က အေဒီ ၃၂၆-၉၀၆ |

၂ က ၅ ထိ မင်းဆက်ပေါင်း ၁၃၆ ဆက် အုပ်စိုးတဲ့ နှစ်ပေါင်း ၅၆၄၁ နှစ်။

၁။ ရှေးဝေသာလီခေတ် ကောဇာသက္ကရာဇ် ၄၀၀၅ က ၅၉၉၅ ဘီစီ ၅၃၁၃-၃၃၂၅။

၂။ ပထမဓညဝတီခေတ် ကောဇာသက္ကရာဇ် ၅၉၉၅ က ၇၈၁၃ ဘီစီ ၃၃၂၅-၁၅၀၇။

၃။ ဒုတိယဓညဝတီခေတ် ကောဇာသက္ကရာဇ် ၇၈၁၃ က ၈၆၄၀ ဘီစီ ၁၅၀၇-၅၈၀

၄။ တတိယဓညဝတီခေတ် ကောဇာသက္ကရာဇ် ၉၄၄ က ၂၄၈ ဘီစီ ၅၈၀ အေဒီ ၃၂၆

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်။ ဒုတိယ ညေဝတီခေတ်မှာ တစ်ကြိမ်၊ တတိယညေဝတီခေတ်မှာ နှစ်ကြိမ် သက္ကရာဇ် ဖြိုခဲ့တာ ရှေးရက္ခိုင်ရာဇဝင်တွေမှာ အောက်ပါအတိုင်း တွေ့ရပါတယ်။

### သက္ကရာဇ်ဖြိုမှု၊ ရက္ခပူရ

၁။ ဒုတိယညေဝတီမှာ ရာလမာယုမင်းဟာ 'မိ၊ ဘ၊ စံ၊ ဓိကိန်း' အရ ရှေးကုသမင်း သက္ကရာဇ် ၈၆၄၅ကို ဖြိုတယ်။

### မာဂဓ

ဂေါတမ မြတ်စွာဘုရားရဲ့ ဘိုးတော် အဉ္ဇနမင်းဟာ 'ပဉ္စ၊ စ-တု-သ-ပဿူ'ကိန်းအရ ရှေးကုသမင်း သက္ကရာဇ်-၈၆၄၅ ကိုပင် ဖြိုခဲ့တယ်။

ရာလမာယုမင်း နဲ့ ဘိုးတော် အဉ္ဇနမင်းတို့ တစ်ပြိုင်တည်း ဖြိုခဲ့တဲ့ သက္ကရာဇ်၊ ဖြိုခွင်းက တက်လာတဲ့ သက္ကရာဇ် ၆၈ ခုက ဘုရားအလောင်းတော် သိဒ္ဓတ္ထကိုဖွားမြင်ပြီး အဲဒီ သက္ကရာဇ် ၁၀၃ ခု (ကလိယုဂ်နှစ် ၂၅၂၅)မှာ ဘုရားဖြစ်တော်မူခဲ့တယ်။ ၄၅ ဝါပတ်လုံး သတ္တဝါ ဝေနေယျတွေကို တရားဟောကြားတော်မူပြီး သက္ကရာဇ် ၁၄၈ ခု (ကလိယုဂ် ၂၅၇၀)မှာ ပရိနိဗ္ဗာန် စံလွန်တော်မူခဲ့တယ်။

၂။ တတိယ ညေဝတီမှာ စန္ဒသူရိယ မင်းက 'ဓိ၊ ဝ၊ က ကိန်း' အရ ရာလမာယုမင်း ဖြိုကြွင်းက တက်လာတဲ့ သက္ကရာဇ်ကို ဖြိုခဲ့တယ်။

အဇာတသတ်မင်းဟာ ဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူတဲ့ နှစ်မှာပဲ (အဉ္ဇနမင်းဖြိုကြွင်းက တက်လာတဲ့ )သက္ကရာဇ် ၁၄၈ ကို 'ပဿူ၊ စတု၊ ရူပ ကိန်း'အရ ဖြိုခဲ့တယ်။ ရက္ခပူရနဲ့ ထပ်တူပဲ ဖြစ်ပါတယ်။

၃။ စန္ဒသူရိယမင်းရဲ့ အနွယ်တော် ၁၆ ဆက်မြောက်ဖြစ်တဲ့ သူရိယစိတြမင်းဟာ 'ဓ၊ နဉ္ဇ-ကိန်း'အရ စန္ဒသူရိယမင်း ဖြိုကြွင်းက တက်လာတဲ့ သက္ကရာဇ် ၆၀၉ ကိုဖြိုခဲ့တယ်။

မာဂဓမှာ သာကမင်းဟာ ပရိနိဗ္ဗာန်စံလွန်တဲ့ (ကလိယုဂ်နှစ် ၂၅၇၀) နှစ်က ရေတွက်လာတဲ့ ၆၀၉ ခု (ကလိယုဂ် ၂၅၇၀-၆၀၉) နှစ်ပေါင်း ၃၁၇၉ 'နဝသတ္တကေတြိ'ကို ဖြိုခဲ့တယ်။ ရက္ခပူရနဲ့ ထပ်တူပဲဖြစ်ပါတယ်။

ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူတဲ့နှစ်ဟာ ကလိယုဂ်ကပ်ဆန်း နှစ်ပေါင်း ၂၅၇၀ ဖြစ်တယ်လို့ ဂေါတမ ပူရဏ်ကျမ်းက ဆိုခဲ့တယ်။ သက္ကရာဇ် ၃၁၇၉ ကို သာကမင်းဖြို သက္ကရာဇ် ဆိုပြီး သူရိယသိဒ္ဓန္တကျမ်းကဆိုခဲ့တယ်။ သာသနာနှစ်နဲ့ ထပ်တူပြုပြီးမှ ကိန်းခန်းအရ နှစ်ကြိမ် ဖြိုလာတဲ့) ကောဇာသက္ကရာဇ် ၁၁၆၉ 'နဝါ-ဆနဲ့ ဧက-ဧကာ'မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူတဲ့ ကလိယုဂ်ကပ်ဆန်းနှစ် ၂၅၇၀ ကို နှောတော့ (၂၅၇၀ + ၁၁၆၉)=၃၇၃၉ 'နဝါတြိသတ္တဂ္ဂိဖြစ်တယ်။ ခုရောက်နေတဲ့ ကလိယုဂ် ကပ်ဆန်းနှစ်ကို သိလိုက-

သာသနာနှစ်၊ တည်တုံ့လစ် ဧင်စစ်မှန်သမုတ်။ 'သုညံသတ္တ၊ ဗျည်းဒွယ၊ နှောထ ကလိယုဂ်' (သုညံသတ္တဗျည်းဒွယ = ၂၅၇၀) ဆိုပြီး ရမ်းဗြဲတောင်ကျောင်း ဆရာတော်ရဲ့ ရခိုင်ရာဇဝင်သစ်ကျမ်း စတုတ္ထတွဲ စာမျက်နှာ ၂၇၅-၇၆မှာ တွေ့ရပါတယ်။

ဒီသက္ကရာဇ်ဖြိုတာကို ညေဝတီခေတ်က ရေတွက်ရာ ရာလမာယု မင်း - ၈၆၄၅ကို တစ်ကြိမ်၊ စန္ဒသူရိယမင်း ၁၄၈ ကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်၊ သူရိယစိတြာမင်း ၆၀၉ က တစ်ကြိမ် သုံးကြိမ်တွေ့ရပါတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တဲ့ နှစ်မှာသာသနာနှစ်နဲ့ ကောဇာသက္ကရာဇ်ကို ထပ်တူပြုလိုလို့ ကောဇာ ၁၄၈ကို ဖြိုခဲ့ရတာဖြစ်ပါတယ်။

## ဓညဝတီမင်းဆက်နဲ့ သက္ကရာဇ်အပေါ်မှာ သုတေသီတို့ရဲ့ အမှား

ရခိုင်ရာဇဝင်မှုမှန် အစောင်စောင်နဲ့ အထပ်ထပ်အဖန်ဖန် ညှိနှိုင်းထားတဲ့ ရာဇက္ကမသခေ်ပကျမ်းလာ တိကျမှန်ကန်တဲ့ ကောဇာသက္ကရာဇ်ကို သုတေသီဦးချန်ထွန်းက ခရစ်နှစ်တွေ တွက်စစ်ပြီး တင်ပြထားတယ်။(စာမျက်နှာ-၉) အဲဒီသက္ကရာဇ်တွေဟာ ဓညဝတီခေတ် တစ်ခေတ်တည်းမဟုတ်၊ ရာဇဝင်တလျှောက်လုံးက ယခုမျက်မှောက်ခေတ်သို့ ရောက်တဲ့တိုင်အောင် ကိုက်ညီနေတာ တွေ့ရပါတယ်။ ဒါနဲ့ ၁၉၉၆-ခုမှာ ဒုတိယအကြိမ် ရိုက်နှိပ်ခဲ့တဲ့ ဒီ၊ ဂျီ၊ ဟောလ် (D.G.E.Hall)ရဲ့ အရှေ့တောင် အာရှတိုက်ရာဇဝင်။ (စာမျက်နှာ ၈၇၁)မှာ-

'ရက္ခိုင်မင်းဆက်ရာဇဝင်၊ ပထမ ဓညဝတီမှာ မင်း ၅၄ ဆက်၊ ဘီစီ ၆၆၆ က ဘီစီ ၈၂၅ထိ၊ ဒုတိယဓညဝတီက ၅၃ ဆက်၊ ဘီစီ ၈၂၅ က အေဒီ ၇၄၆ ထိအုပ်စိုးခဲ့ကြတယ်လို့ ဆိုထားပါတယ်။

အမှန်က ဓညဝတီခေတ်ဟာ နှစ်ခေတ် မဟုတ်ဘဲ သုံးခေတ်ဖြစ်ပါတယ်။ တတိယဓညဝတီခေတ်က သက္ကရာဇ်မှာလဲ ကောဇာ



၄၈ ဖြစ်ပြီး ခရစ်နှစ်အေဒီ ၃၂၆ သာဖြစ်ပါတယ်။ ဒီ၊ ဂျီ၊ ဟောလ်ဟာ ကျယ်ပြန့်တဲ့ အရှေ့တောင်အာရှတိုက် ရာဇဝင်သမိုင်းကို လေ့လာပြုစုခဲ့တဲ့ ထင်ရှားတဲ့ သုတေသီလဲ တစ်ဦးဖြစ်တဲ့အလျှောက် ကျဉ်းမြောင်းတဲ့ ရက္ခပူရ ရာဇဝင်သမိုင်းကို နံနံစပ်စပ်၊ရှာဖွေစုဆောင်းပြီး လေ့လာခွင့်မရ။ ဓညဝတီခေတ်က သုံးကြိမ်တိုင်တိုင် သက္ကရာဇ် ဖြိုတာကို တွေ့ရှိခဲ့ပုံ မရတာက မင်းဆက်ရာဇဝင်ရော၊ သက္ကရာဇ်ပါ မှားယွင်းရတာ ဖြစ်ပါတယ်။ ဟောလ်ရဲ့ဝေသာလီ ကျောက်လှေကားခေတ်နဲ့ အဠနန္ဒီ-လေးမြို့ခေတ်အမှားတွေကို ရှေ့က သူ့ခေတ်နဲ့သူ တင်ပြပါတယ်။

## တတိယ ဓညဝတီမှာ စန္ဒသူရိယမင်း အုပ်စိုးချိန်နဲ့ မဇ္ဈိမဒေသမှာ ဂေါတမဗုဒ္ဓ ပွင့်တော်မူချိန်

နိုင်ငံခြားသားတွေ ဖြစ်ကြတဲ့ အာသာဖယ်ယာ၊ ဟာဗ်၊ ဟောလ် စတဲ့ သမိုင်းသုတေသီတို့ဟာ စန္ဒသူရိယမင်းအုပ်စိုးချိန်ကို ခရစ်နှစ် အေဒီ ၁၄၆ လို့ဆိုကြတယ်။ ဘယ်လိုကြောင့် အဲဒီလို ဆိုနိုင်တာ ကောဇာသက္ကရာဇ်နဲ့ ယှဉ်ပြီး အထောက်အထား မပြခဲ့ကြပါဘူး။ အဲဒီ သုတေသီတို့ဟာ ရာဇဝင်သမိုင်းမှာ ထင်ရှားသူတွေဖြစ်ကြတာကြောင့် တစ်ဦးကိုတစ်ဦး၊ သံယောင်လိုက်ပြီးတော့ တခြားရဲ့ သုတေသီတို့ကလဲ အဲဒီထင်ရှားသော သုတေသီတို့ကို သံယောင်လိုက်ပြီး အဆိုပါအေဒီ ၁၄၆ ကိုပဲ အဟုတ်အမှန် ထင်မှတ်နေခဲ့ကြတယ်။ အဲဒီလို ထင်မှတ်နေကြတာကြောင့် စန္ဒသူရိယမင်းကို နောက်သို့ဆွဲချပြီး ဝေသာလီ အာနန္ဒကျောက်စာပါ-စန္ဒြောဒမင်းက စန္ဒသူရိန်မင်း ဘွဲ့အမည်အနေနဲ့ နီးစပ်တယ်ဆိုတဲ့ အတွေးအမြင်နှင့် ခရစ်နှစ်-အေဒီ- ၂ ရာစုက အုပ်စိုးတဲ့ ဝေသာလီ-စန္ဒြောဒယမင်းသာမဲ

www.burmeseclassic.com

www.burmeseclassic.com



စန္ဒသူရိယမင်း ဖြစ်ဖွယ်ရှိပါတယ်။ ကျောက်စာဒုတသီ-ဂျွန်စတန်က ဆိုလာပါတယ်။ အဲဒီလို ဆိုမိဆိုရာ၊ ရေးမိရေးရာ၊ ဆိုနေကြ ရေးနေကြမယ်ဆိုရင် နောင်တစ်ခေတ်မှာ-စန္ဒြောဒယ (ခေါ်) စန္ဒသူရိယမင်းဟာ ဓညဝတီခေတ်က မင်းမဟုတ်ဘဲ အေဒီ ၂-ရာစုက ဝေသာလီ မင်းတစ်ပါးသာ ဖြစ်တယ်လို့ အထောက်အထား မပြတန်တာကို အထောက်အထားပြတယ်ဆိုခဲ့ပါက အန္တရာယ်ကိုလဲ မြင်ယောင်နေမိပါတယ်။

ဘယ်နိုင်ငံခြားသား သုတေသီမဆို တိုင်းရင်းသားတွေရဲ့ ရာဇဝင်သမိုင်းကို နှံ့စပ်အောင် မလေ့လာဘဲ တကယ်တိကျမှန်ကန်တဲ့ တိကျမှန်ကန်တာရဲ့ အနီးစပ်ဆုံးရဲ့ ရာဇဝင်သမိုင်းကို ပြုစုရန်မှာ မလွယ်ပါ။ အထူးကတော့ ရက္ခိုင် ရှေးခေတ်ရာဇဝင်က သက္ကရာဇ်ဖြိုတာတွေကို မသိဘဲ၊ မလေ့လာဘဲ ပြုစုလိုက်ပါက လွဲမှားနေမယ်ဆိုတာ သိနိုင်ပါတယ်။ အဲဒီသုတေသီတို့ရဲ့ အဆိုအတိုင်းဖြစ်ခဲ့ရင် စန္ဒသူရိယမင်းဟာ ဂေါတမဗုဒ္ဓ ပွင့်တော်မူချိန်ထက် နှစ်ပေါင်း ၅၀၀ ခန့် နောက်ကျလို့ နေပါတော့တယ်။

ရှေးရက္ခိုင်မင်းတွေ စိုးစံခဲ့ရာဖြစ်တဲ့ မြောက်ဦး (ယခင်-မြို့ဟောင်း)မြို့တော်ကို လွှန်ခဲ့တဲ့နှစ်ပေါင်း တစ်ဆယ်လောက်က ရောက်ဖူး လေ့လာခဲ့ဖူးတဲ့ ဂျာမန်လူမျိုး သုတေသီဖော်ချမ်မကတော့ စန္ဒသူရိယ မင်းလက်ထက် ဂေါတမမြတ်စွာဘုရားရဲ့ သံဃာတော်ငါးရာ ခြံရံပြီး ရက္ခပူရဓညဝတီသို့ ကြွရောက်တော်မူခဲ့ရာ မဟာမြတ်မုနိ ရုပ်ပွားတော်ကို သွန်းလုပ်ခဲ့တာ မဟာမြတ်မုနိဘုရားသမိုင်း (ခုအခါ ပျောက်ကွယ်သလောက် ဖြစ်နေတဲ့) သမ္ဗဒါနပကာရဏာကျမ်း (SARVA-STHANA PAKARANA)က ကောက်နုတ်ပြီး ရေးခဲ့တာကို တွေ့ရပါတယ်။



စန္ဒသူရိယမင်းရဲ့ လျှောက်ထားတောင်းပန်တာကို အကြောင်းပြုပြီး ရုပ်ပွားတော် မဟာမြတ်မုနိကို မြတ်စွာဘုရား ခွင့်ပြုချက်အရ သွန်းလုပ်ပြီးစီးတဲ့အခါ ဒီလိုသွန်းလုပ်ကိုးကွယ်တာ အကျိုးအာနိသံသကို ဟောကြားတော်မူပါလို့ လျှောက်ထားတောင်းပန်ပြီး မြတ်စွာဘုရားသခင်ဟာ ပါဠိဘာသာနဲ့ ၃၉ ဂါထာရှိတဲ့ သဌာဗိမ္ဗသတ္တန် ဒေသနာတော်ကို ဟောကြားတော်မူခဲ့ပါတယ်။

မှတ်ချက်။ ဒီဖော်ပြပါ ဂါထာတော်ဟာ မဇ္ဈိမဒေသမှ ပဂသာနဒီ ကောသလမင်းထုလုပ်တဲ့ စန္ဒသာရရုပ်တုတော်နဲ့ပတ်သက်ပြီး မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ ဒါနဖလပွတ္တိကျမ်းလာ ဂါထာ တော်တွေလုံးဝမတူပါလို့ သုတေသီ-မမ္မာစရိယ ဦးအောင်ချစ်က ဆိုခဲ့ပါတယ်။ (ဒါနဖလပွတ္တိကျမ်းကို ဆရာတော်ဦးပုမ် ရေးခဲ့ပါတယ်။)

အလွှန်ရေးကျတဲ့ သမ္ဗဒါနပကာရဏာ ကျမ်း သက္ကရာဇ်ဖြိုတဲ့ အကြောင်းကိုရေးထားတဲ့ ဂေါရမပူရဏာကျမ်း၊ ရက္ခိုင်မဟာရာဇဝင်တော်ကြီး-စတဲ့အရေးကြီးတဲ့ ရှေးရာဇဝင် သမိုင်းကျမ်းဂန်တွေသာ မဟုတ်၊ ရှေးပညာရှင်တွေ ဖတ်လို့မရနိုင်အောင် ပျက်စီးနေခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း(၁၉၄၂-၄၅)က ကျောက်ဆောင်တစ်ခုလုံးကို ဘယ်လိုအကြောင်းကြောင့်ဆိုတာမသိ၊ ဖောက်ခွဲဖျက်ဆီးဝစ်ခဲ့ကြတာကြောင့် ယခုအခါ အစအနကိုမှ မမြင်ရတော့ပါ။ ဒါကြောင့် ရလိုက်တဲ့စာ ၅ ကြောင်းကို မပျောက်မပျက်ရအောင် တင်ပြရတာပဲ ဖြစ်ပါတယ်။

ရမ်းဗြဲမြို့ တောင်ကျောင်းဆရာတော်ရဲ့ 'ရခိုင်ရာဇဝင်သစ်ကျမ်း' ရဲ့ စတုတ္ထတွဲစာမျက်နှာ ၂၅၉ က 'စန္ဒသူရိယ မင်းကြီးဟာ ဘုရားသဗ္ဗညုအမှူးရှိတဲ့ တပည့်အရိယာ၊ ရဟန္တာငါးပေါင်းတို့ကို

www.burmeseclassic.com

www.burmeseclassic.com



ရေမရောတဲ့ ဃနာနို့နဲ့ ချက်အပ်တဲ့သလေးဆွမ်းနဲ့တကွ အထူးထူးရဲ့ ခဲဖွယ်ဘောဇဉ်၊ ချိုချဉ်အရသာတို့နဲ့ ကောင်းစွာစီမံလျက်နဲ့ ခုနစ်နှစ်ပတ်လုံး လှူဒါန်းကျွေးမွေးတော်မူတဲ့ သဗ္ဗညုမြတ်စွာဘုရားဟာ စန္ဒသူရိယ မင်းကြီးကစပြီး မိဖုရား၊မောင်းမမိဿံ၊ မှူးကြီးမတ်ရာ၊ ပြည်သူပြည်သားတွေကို ကောင်းမြတ် သင့်လျော်ရာဒေသနာ အမြိုက်ဆေးကို တိုက်ကျွေး ဟောကြားတော်မူလာခဲ့တယ်။ တရား ဟောကြားတော်မူတဲ့အဆုံးမှာ မင်း၊ မိဖုရား၊ မောင်းမမိဿံ၊ ခြံရံ ဗိုလ်ပါတို့ဟာ သောတာပတ္တိဖိုလ်မှာ တည်ကြလေကုန်တယ်။ တိုင်းနေပြည်သူလူခပ်သိမ်းတို့က သရဏဂုဏ်ပဥ္စသီတရားမှာ တည်ကြလေကုန်တယ်လို့ ဆိုထားခဲ့ပါတယ်။

အဲဒီလို အဆိုရှိကြတဲ့ ရာဇဝင်မှဟာင်း၊ ရာဇဝင်သစ်၊ ရာဇဝင်လင်္ကာ၊ အင်းစောက်ရာဇဝင်၊ ပုရပိုက်၊ ကျောက်စာ၊ ပေစာ၊ ခြင်း၊ ကဗျာတွေကို ထောက်ရှုဆင်ခြင်ပြီး စန္ဒသူရိယမင်းလက်ထက် ဂေါတမဗုဒ္ဓ ကြွရောက်တော်မူလာပြီး ကောဇာသက္ကရာဇ် ၁၂၃-ခု၊ ကဆုန်လမှာ ဓညဝတီမြို့တော်က ဘုရားအမှူးရှိတဲ့ အရိယာသံဃာတော် ငါးရာတို့ဟာ ခုနစ်ရက်ကြာမျှ သီတင်းသုံးတော်မူခဲ့ရာ ရုပ်ပွားတော် မဟာမြတ်မုနိကိုလဲ ပဉ္စလောဟာ ရတနာနဲ့သွန်းလုပ်တော်မူခဲ့တာ အဲဒီသက္ကရာဇ်ကစပြီး ရက္ခပူရ တိုင်းသားပြည်သူတို့မှာ ဗုဒ္ဓအဆုံးအမ၊ ဗုဒ္ဓဝါဒကို လိုက်နာကျင့်သုံးလာခဲ့ကြတာလို့ သိရပါတယ်။ ခရစ်မပေါ်မီ နှစ်-၁၆၈ ဖြ ရာစုနှစ်ပဲဖြစ်တယ်ဆိုတာ သိလာခဲ့ပါတယ်။

‘‘ဒီကမ္ဘာကမ္ဘာမှာ အမှန်တရားကို လိုနေပါတယ်။ စိတ်ကူးယဉ် အစွဲအလမ်းတွေ ယုံတမ်းပုံပြင်တွေမပါဘူး ’’

**(အက်စ်မေးလ်ကေဒါ)**



‘မိုးဟာ . .
တရားသောသူအပေါ် ရွာသွန်းပေးတယ်
မတရားသူအပေါ်သို့လဲ
ရွာသွန်းပေးတယ်
ဒါပေမဲ့ တရားသောသူအပေါ်သို့
ထူးထူးကဲကဲ ရွာသွန်းပေးတယ်။
အကြောင်းကတော့
မတရားသူဟာ တရားတဲ့သူရဲ့ထီးကို
ခိုးယူထားလို့ပဲဖြစ်ပါတယ်’

**(လော့ဒ်စ်ဘိုင်ရွန်)**

‘‘ရှည်မြင့်မူလ၊ ပထမကာ၊ ရဋ္ဌသမိုင်း၊ ဤသည့်တိုင်းတား၊ ကျယ်ဝိုင်းနယ်ဆက်၊ အနောက်ဘက်မှာ၊ မဇ္ဈိမှာနှင့် ဒါဂါမြစ်လျှောက်၊ မြောက်ကိုတောင်ညို၊ ကုန်းကိုထိခံ၊ အာသံချင်းတွင်း၊ ချောင်းဆင်းရေထွက်၊ ရှေ့ဘက်ဒီသာ၊ ဧရာဝတီ၊ မြစ်ဆီခြားကန့်၊ ဝန်ထိပ်မျှောင်၊ ရှေ့တောင် အဂ္ဂိ၊ ဒက္ခိဏခွင်၊ မော်တင်ရေလှူထ်၊ သမုဒ်ဝင်လေ၊ ရခိုင်နယ်လျှင်၊ ဝှမ်းကျယ်ခရီး၊ ပြည်ကြီးဟုကျော်၊ ခုတိုင်ခေါ်၏ ’’

**ဝါးကျောင်းဆရာ လူထွက်ပဏ္ဍိတ်**

**(ဥစ္စာနလင်္ကာနိဝုံးမှ)**

ရှေးက ရခိုင်ရာဇဝင်မှာ အနောက်ပြည်လို့ ခေါ်ဆိုခဲ့တဲ့ ဘင်္ဂလားဒေသ(အရှေ့၊ အနောက်) နယ်ပေါ်၊ ရခိုင်ရဲ့ အနောက်ပိုင်း နယ်ပယ်ဒေသပဲဖြစ်ပါတယ်။ အဲဒီနယ်ပယ်တာ ဣန္ဒိယ (ဘာရတ) ပြည်နဲ့ ဆက်စပ်နေတယ်။ ယာဝီချင်း ဆက်စပ်နေတဲ့ ဒေသတစ်ခုပဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်။ ဒါပေမဲ့လဲ ကျွန်းကမ်း၊ တောတောင်၊ ချောင်းမြောင်း၊ လျှိုမြောင်တို့နဲ့ အတန့်တန့်ခြားလို့ ရှိနေပါတယ်။ ဒါကြောင့် အိန္ဒိယပြည့်ရှင် မင်းတို့ဟာလဲ ပြီးတော့ ရခိုင်ပြည့်ရှင်မင်းတို့ဟာလဲ အဲဒီဒေသကို အုပ်ချုပ်နိုင်ဖို့ရာ အလှမ်းဝေးပြီး ခက်ခဲမှုရှိပါတယ်။

အဲဒီလို့ ခရီးကြမ်း၊ အသွားအလာခက်ခဲတဲ့ဒေသ ဖြစ်လို့လဲ အဲဒီဒေသဟာ လွတ်လပ်တဲ့ဒေသ (ဝါ) ပဒေသရာဇ်မင်းတို့ တိုက်ရိုက်အုပ်ချုပ်နိုင်ခဲ့သော ဒေသအဖြစ်နဲ့သာ ရှည်ကြာခဲ့ပါတယ်။ ဒါပေမဲ့လဲ ဘင်္ဂါ တောင်ပိုင်းက အသောကမတိုင်မီ ဘီစီ ၃ ရာစုနဲ့ ဘင်္ဂါ မြောက်ပိုင်းက ဘီစီ ၂ ရာစုအပြီး နိုင်ငံရေး၊ ဘာသာရေး၊ လူနေမှုစတာတို့ အရပ်ရပ်ဖွံ့ဖြိုး တိုးတက်နေပြီလဲ ဖြစ်တယ်လို့ ရာဇဝင်သုတေသီတွေက အဆိုပြုကြပါတယ်။ ဒါကြောင့် အင်အားကြီးတဲ့ အိန္ဒိယ ပဒေသရာဇ်မင်းတွေ လက်ထက်မှာတော့ အခါအားလျော်စွာ အင်ပါယာနယ်ထဲ သို့ပါ ဝင်ရောက်ခဲ့တယ်လို့လဲ ဆိုနိုင်ပါတယ်။

အဲဒီလို ပါဝင်ခဲ့ရင် (က) ဂင်္ဂါမြစ်ရဲ့မြောက်ပိုင်းဝင်္ဂတိုင်းအဝင် ဟူဂလီမြစ်ကမ်းယောင် ကာလကတ္တား (၂၄ ရပ်နယ်ပေ)အဆုံး။ မောက် သူဇာနယ်အဆုံး (Murshidabad)။ မေဒနီပူခရိုင် (တာမရလပ်စတဲ့ ဒေသ)။ ဗော်ရဒေါမာန်၊ ဝိုရ်၊ မာလ်ဒါခရိုင်အဆုံး။ ကာမရုပ်လဲ တိုင်းအဝင် ဒိနာဇပူရ်ခရိုင်နဲ့ ရောင်ဖြူခရိုင်နယ်ခြားအဆုံး (ယခု အနောက်ဘင်္ဂါနယ်အထိသာ အများစုမှာ ချဲ့ထွင်နိုင်ပါတယ်။

ထင်ရှားတဲ့ မောရိယ (၃၂၁-၁၈၄ ဘီစီ) အင်ပါယာခေတ် အသောကမင်း (၂၇၄-၂၃၂ ဘီစီ) လက်ထက်မှာပဲ ဖော်ပြပါ အနောက် ဘင်္ဂါနယ် တာမရလိပ်၊ သျှမတတ၊ ကာမရူပဒေသထိပဲ အင်ပါယာ ကျယ်ဝန်းနိုင်ခဲ့ပါတယ်။ ဒါကြောင့် ဂုတ္တ၊ ဟာရျ၊ ပါလ၊ သေနမင်းတို့လက်ထက်မှာ အဲဒီဒေသတွေဟာ အုပ်ချုပ်ရေးဌာနရဲ့



အချက်အချာတွေ ဖြစ်လာပါတယ်။

အဲဒီမင်းတို့လက်ထက် အရှေ့ဘင်္ဂါသို့လဲ ဝင်ဆံ့နိုင်ခဲ့တာလဲ ရှိပါတယ်။ နောက် မူဆလင်ဘာသာဝင် ပထန်မင်းဆက်၊ မဂိုမင်းဆက်တို့ လက်ထက်မှာတော့ အဲဒီဒေသဟာ အရှေ့အနောက်က ရှုပ်ထွေးရောစပ်ဖွယ်ရာ ဖြစ်လေခဲ့ပါတယ်။

## ဒေသခွဲခြားသတ်မှတ်တာမှာ

ဒီဒေသကို ဗြိတိသျှကိုလိုနီဘဝမှာ ခရစ် ၁၉၃၄ ခုနှစ်ကပဲ ပါကစ္စတန်ပြည် အပါအဝင်အဖြစ်ရယ်၊ အနောက်ဘင်္ဂါကို အိန္ဒိယပြည် ဟိန္ဒူစတန် အပါအဝင်အဖြစ်နဲ့ရယ် လက်ခံလာကြပါတယ်။ ဒါကြောင့် အနောက် ဘင်္ဂါဟာ ဟိန္ဒူစတန်ဒေသဖြစ်နေခဲ့ပါတယ်။ အရှေ့ဘင်္ဂါမှာ ပါကစ္စတန်ဒေသ၊ အရှေ့ပါကစ္စတန် ဖြစ်လာခဲ့ပါတယ်။ ယခုအခါ အရှေ့ဘင်္ဂါမှာ ဘင်္ဂလားဒေ့ရှ်ပြည် ဖြစ်ခဲ့ရလေတယ်။

အဲဒီအရှေ့အနောက် နယ်ပယ်နှစ်ရပ်ခွဲခြားရာမှာ ရှေးက ဘင်္ဂါနယ်မှာ သတ်မှတ်ထားတဲ့ တိုင်း၊ ခရိုင်၊ နယ်ပယ်တို့ဟာ တစ်ဖက်ဖက်သို့ လုံးလုံးလျားလျားနဲ့ရယ်ပြင်၊ အချို့အဝက်ကိုရယ် တစ်စိတ်တစ်ဒေသ စတာတို့ရယ် ပါဝင်လာခဲ့ရလေတော့တယ်။ ဒါကြောင့် နယ်ခွဲပုံ၊ တစ်ဖက်တစ်ဖက် ပါဝင်ပုံတို့ကို ဖော်ပြရမယ်ပဲ ဖြစ်ပါတယ်။

## ၁။ အနောက်ဘင်္ဂလားဒေသနယ်

မြောက်ဘက်က ဒါဂျီလင်က ပိုင်းခြားပြီး ဂင်္ဂါမြစ်က ဘင်္ဂါရ သီနဒီ၊ အဲဒီ ဟူဂလီမြစ်တို့ကို စုန်ပြီး ဖော်လ်ပိုင်ကုန်ရိုခရိုင် (ပြှာနပိုင် တစ်စိတ်တစ်ဒေသကတပါး ကျန်အားလုံး)၊ ဒိနာဇပူရ်ခရိုင်က (သုံးဖို့

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖို့)၊ ဂင်္ဂါမြစ်အရှေ့ဘက် ဖာလ်ဒါခရိုင်က (သုံးဖို့နှစ်ဖို့)၊ ဘာဂီရထိနဒီ မြစ်ညာ မောက်သူဇာခရိုင်၊ ဘာဂီရထိနဒီ အရှေ့ဘက်ကမ်း၊ နော်ဘောဒိင် (နဒီယာ)က ထက်ဝက်၊ ဟူဂလီမြစ် အရှေ့ဘက်ကမ်း ဇော်သျှတ်ပောရ်က (ဘနဂါမ်နဲ့ ဂိုင်ဃာတာဌာန နှစ်ပိုင်းသာ)၊ ဟူဂလီမြစ် အရှေ့ဘက်ကမ်း ကာလကတ္တား ၂၄ ရပ်၊ ဒါအပြင် အနောက်တောင်ဘက် မဒိနီပူခရိုင်၊ အဲဒီက ဟူဂလီမြစ်နဲ့ ဂင်္ဂါမြစ် အနောက် ပိုင်းကို ဘန်ကူရာ၊ ဘော်ရဒေါမန် ဘီရ်ဘုန်ခရိုင်တွေပဲ ဖြစ်ကြတယ်။

(မှတ်ချက်) ဒီလိုနယ်ပယ်ခွဲခြားပြီးတော့ အိန္ဒိယအစိုးရဟာ ဒိန္နာပူရ် ခရိုင်ကရတဲ့ သုံးဝက်တစ်ဝက် နယ်ပယ်ကို မာလ်ဒါ (သုံးဖို့နှစ်ဖို့)မှ ပေါင်းလို့ရယ်၊ နဒီယာကရတဲ့ ထက်ဝက်ကို တည်မြဲ နော်ဘော်ဒိပ် အမည်နဲ့လဲပဲ၊ ဇော်သျှတ်ပောရ်ကရတဲ့ ဌာနပိုင်နှစ်ခုကို ကာလကတ္တား ၂၄ ရပ်မှာလဲပဲ သိမ်းသွင်းဖွဲ့စည်းထားခဲ့ပါတယ်။

ဒါကြောင့် ခုနေအိန္ဒိယပိုင် အနောက်ဘင်္ဂလားနယ်၊ ဘင်္ဂါ ပဒေသကို အရှေ့က အရှေ့ပါကစ္စတန် (အရှေ့ဘင်္ဂါနယ်)နဲ့ လဲပဲ၊ တောင်ဘက်က ဩရိသျှနယ်၊ အနောက်ဘက်မှာ ဘီဟာနယ်နဲ့ မြောက်ဘက်မှ နေပေါလ်နယ်နဲ့ပဲ အပိုင်းအခြား တည်ရှိခဲ့ပါတယ်။

**၂။ အရှေ့ဘင်္ဂါနယ်(ယခင် အရှေ့ပါကစ္စတန်)**

မြောက်ဘက်မှာ ဇော်လ်ပိုင်ဂုန်ရီခရိုင်ဟာ (ဌာနပိုင် တစ်စိတ် တစ်ဒေသ နယ်ပယ်အနည်းငယ်သာ) နယ်ခြားဆုံး ရေဖြူနယ် ရေဝင် ဖြူနယ်ခြား၊ ဒိန္နာစပူရ်ခရိုင်မှာ (သုံးဖို့နှစ်ဖို့) နယ်ခြား၊ မာလ်ဒါက (သုံးဖို့တစ်ဖို့) နယ်ခြား၊ နော်ဘော်ဒိပ်က နယ်ပယ် ထက်ဝက်အဆုံး ဇော်သျှတ်ပောရ်မှာ (ဌာနပိုင်နှစ်ခုမှတစ်ပါး ကျန်အားလုံး) အဆုံး



ခူလနာခရိုင်အဆုံး၊ အဲဒီအပိုင်းအခြားက စပြီးဖြစ်ခဲ့တယ်။

(မှတ်ချက်) ဇော်လ်ပိုင်ဂုန်ရီက ရတဲ့နယ်ပယ် တစ်စိတ် တစ်ဒေသကို ဒိန္နာပူရ်ခရိုင် (သုံးဖို့နှစ်ဖို့) မှာရယ်၊ မာလ်ဒါက ရတဲ့ (သုံးဖို့တစ်ဖို့)ကို ရယ်ပြီး ရာဇ်သျှာဟီခရိုင်မှာလဲပဲ၊ နော်ဘောဒိပ် ခရိုင်ကရတဲ့ နယ်မြေထက်ဝက်ကို ခူလ်နာတိုင်းအဝင် ဇေရှသ္ တိယာခရိုင်အဖြစ် သီးခြားသတ်မှတ်လို့လဲပ တိုင်းလေးတိုင်း ခရိုင် ၁၇ ခုတိုး ဖွဲ့စည်းထားခဲ့ပါတယ်။ ယခုနေမှာတော့ ဒီထက်ပိုများလာခဲ့ တော့တယ်။

ဒါကြောင့် ယခုအရှေ့ပါကစ္စတန်ပိုင် အရှေ့ဘင်္ဂါနယ်ဟာ မြောက်ကို ကောက်တောင်တန်း (အိန္ဒိယ ရာဇာပိုင်နယ်)နဲ့ အာသံ၊ အရှေ့ကို အာသံနဲ့ ရခိုင်ပြည်နယ်၊ တောင်ကို ဘင်္ဂလားပင်လယ်၊ အနောက်ကို ဖော်ပြခဲ့ပြီးတဲ့ အနောက်ဘင်္ဂါ ပဒေသရာဇ်တို့ရဲ့ အပိုင်း အခြားပဲ ဖြစ်ပါတယ်။

**ပဆာမင်း နေ၊ သူရတန်ပြည်...**

ဒီအရှေ့အနောက် ဘင်္ဂါပဒေသကို ရှေးအခါက ရခိုင် ရာဇဝင်မှာ အထူး အရေးပါတဲ့ဒေသပဲ ဖြစ်ခဲ့ပါတယ်။

အဲဒီမှာ အနောက်ဘင်္ဂါနယ်(မောက်သူဇာခရိုင်၊ ကာလ ကတ္တား ဘင်္ဂလားသဘော်ဆိပ်၊ နဘောဒိပ်ဒေသ မှတပါး)ဟာ ရခိုင် ပြည်နယ်ရဲ့ အနောက်ပစ္ဆိမဒေသမှာ ကျရောက်တာကြောင့် အိန္ဒိယ တိုင်းရင်းသား မင်းဆက်နွယ်တွေ အုပ်စိုးစဉ်က အနောက်ပစ္ဆိမဒေသ ခေါ်တယ်။ အနောက် ဘင်္ဂလားပြည်ဆိုပြီးလဲခေါ်တယ်။ ပဆာမင်း နေပြည်ဆိုပြီးလဲ ခေါ်တယ်။ ဒေလီမြို့ကို ဒေလီပစ္ဆာမြို့ဆိုပြီး ပဆာမြို့ အဖြစ်လဲ အသုံးပြုခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပဆာဆိုတဲ့ စကားမှာ (ဗက်)= ကေရာဇ်ဘွဲ့။ (သျှာ)= ဘုရင်ဘွဲ့။ နှစ်ခုတို့ပေါင်းပြီး ခေါ်ဆိုခဲ့ပါတယ်။ အဲဒီ (ဗက်သျှာ)ဆိုတဲ့ စကားမှာ ဖာရစီဘာသာစကားဖြစ်ပါတယ်။ ဒါကို ရခိုင်သံနဲ့ သံယောင် လိုက် ရေးသားပြောဆိုရာ ပဆာလို့ ဖြစ်ခဲ့ရတယ်။ မင်းဗာကြီးဟာ ဒေလီပဆာ ဟူမယွန်မဂိုမင်း သုံးဆက်မြောက် (Hu Mayun) ဘုရင်ကို တိုက်ခိုက်ပြီး ဘင်္ဂါ ၁၂ နယ်ကို ရှေးကအတိုင်း သိမ်းပိုက်ပိုင်စိုး ယူနိုင်ခဲ့ပါတယ်။

မျိုးခြား ဒီလီပဆာကုလား ပထန်မင်းနွယ်ဆက်တွေနဲ့ ဒေသ ရာဇာ စော်ဘွား၊ မှူးမတ်ကုလား (သျှုလထန်အမည်ဘွဲ့ခံ)တို့ ဝင်ရောက် အုပ်ချုပ်တဲ့အခါ အနောက်ဘင်္ဂလားနေပြည် ဆိုတာရယ် ပထန်မင်း နေပြည်ရပ်တွင်တယ်။ အနောက် သူရတန်ပြည်ပြီး ပဆာပြည်ဆိုပြီး ခေါ်ဆိုအသုံးပြုခဲ့ကြပါတယ်။ ;

ဒါကြောင့် အဲဒီဒေသရဲ့ အုပ်ချုပ်မှု အစိုးရသူတွေကိုလဲ အနောက် ကုလားပြည်မင်း၊ အနောက်ကုလားပဆာမင်း၊ ကုလားပထန် မင်း၊ အနောက်သူရတန်မင်းဆိုပြီးလဲ အသီးသီး အခေါ်အဝေါ် ပြုခဲ့ ကြပါတယ်။ (သျှုလတန် အမည်ခံတဲ့ ကုလားမင်းဆက်ကို ရခိုင်က သူရတန် လို့ ရွေ့ပြောင်းခေါ်တာဖြစ်တယ်။ မင်းစောမွန် ခိုလှုံနေတဲ့ ဂေါရ်(ဂါဝါ) မြို့ဘုရင်မှာ ခရစ် ၁၄၂၆ ခုနှစ်က ဗူလတန်ဘုရင် ဖြစ်လာတဲ့ နဇီဥဒင်သျှာ (ဘင်္ဂလားမဟာရာဇာ)ပဲ ဖြစ်ပါတယ်။ မင်းပင် လက်ထက် ခရစ် ၁၅၃၂ မှာ မဂိုဘုရင်က ဂါဂါကို လက်အောက် ခံအဖြစ် သိမ်းပိုက်ထားရှိလေခဲ့ပါတယ်။ ဂါဝါမှာ အနောက် ဘင်္ဂလား နယ်–မောက်သူဇာရဲ့ မြောက်ဘက်ဒေသမှပဲ ဖြစ်ပါတယ်။

ပထန်မင်းဆက်နောက်ပိုင်းကို အဲဒီဒေသက ၁၆ ရာစု တရုတ် ပြည် အနောက်ပိုင်းက ဝင်ရောက်လာခဲ့တဲ့ မွန်ဂို(တာတာ)၊ (Mon-



gol) အနွယ်၊ မဂို (Mogul) မင်းတွေက အဆက်ဆက်ကိုလဲ မောင်း ကွတ်မင်း ခေါ်တွင်တယ်။ မောင်းကွတ်ပထန်မင်းလဲ တွင်တယ်။ အနောက် ကုလား ပဆာမင်းလို့လဲ ဆိုတွင်တယ်။ အနောက်သူရတန် မင်းဆိုခဲ့ပြီး တော့ ခေါ်မြဲခေါ်လာခဲ့ကြပြန်တယ်။

မဂိုမင်းဆက်မတိုင်မီ အိန္ဒိယအလယ်ပိုင်းဒေသ ဒီလီမြို့မှာ ၁၂ ရာစုက လွှမ်းမိုးအုပ်ချုပ်ကြတဲ့ မင်းကတော့ ဒီလီပဆာမင်း၊ အဲဒီ ဒီလီပဆာမင်းနေပြည်ကိုလဲ ဒီလီပဆာပြည်လို့ ခေါ်ဝေါ်မှု ပြုခဲ့ကြ ပါတယ်။ အနောက်ဘင်္ဂလားနယ်နဲ့ ဒီလီမြို့ဟာ ခရီးအလှမ်း ဝေးကွာ ခဲ့ပါသေးတယ်။ အိန္ဒိယ ပထဝီဝင်ကျမ်းအရ ဒီလီမြို့က ဘင်္ဂလား (ကာလကတ္တားမြို့) မြို့က အနောက်မြောက်ကျခဲ့တယ်။ မိုင်ပေါင်း ၈၃၀ ဝေးကွာခဲ့ပါတယ်။ ယခု ဇမ္မုနာခေါ် ယမုန်နာမြစ်ရဲ့ အနောက် ဘက်ကမ်းထိပ်က ပန်ကျပ်ပိနယ်ရဲ့ အရှေ့ပိုင်းမှာ တည်ရှိခဲ့ပါတယ်။

## ရခိုင်ပိုင်ခဲ့ရာ ဘင်္ဂလားဒေသ

(ခ) ရခိုင်ပိုင်နက်နယ်မြေတွေကို (မင်းထီးလက်ထက်) ရခိုင် သာစွလေ လင်္ကာဖွဲ့ဆိုထားရှိခဲ့ပါတယ်။ ဒီကဗျာတွေကို သိပြီးခဲ့ကြပြီ ဖြစ်ပါတယ်။ ဂင်္ဂါမြစ်ရဲ့ အရှေ့ဘက်နားတစ်ခိုကစပြီး ယခုအရှေ့ဘက် ဘင်္ဂါနယ် တစ်လျှောက်လုံးကိုတော့ အများအားဖြင့် ရခိုင်မင်းတို့က (ကာလကတ္တား သဘော်ဆိပ်၊ ဘာဂီရထိနဒီ(ဂင်္ဂါမြစ်) ရေရိုးခြား မောက်သူဇာကနေ ရောင်ဖြူရေရိုးထိ) အင်ပါယာချဲ့ထွင် နိုင်ခဲ့လေတော့ တယ်။ ရခိုင်မင်းတွေ ပိုင်စိုးခဲ့ရာ အနောက်ပြည် အပိုင်းအခြား ဘင်္ဂါ ၁၂ မြို့ သတ်မှတ်ခဲ့တာတွေကိုတော့ ယခု အနောက်ဘင်္ဂလားက ရရှေဒ့ဗါဒ် (မောက်သူဇာမြို့)ထိလို့ သိရှိရပါတယ်။ ဂါဝါ၊ ပြင်ရိုသဲထိ ဆက်စပ်ခဲ့လေတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘင်္ဂါ ၁၂ မြို့မှာ မောက်သူစာမြို့ဟာ အနောက်ဘုရင်ခံနေရာလဲ ဖြစ်ပါတယ်။ အခြားမြို့တွေမှာ မြို့စားတွေ ထားရှိခဲ့လေတယ်။ ဘင်္ဂါ ၁၂ မြို့ကို မင်းရာဇာကြီးစာတမ်းမှာ ပြဆိုထားခဲ့ပါတယ်။ အဲဒီမဂိုမင်း၊ စူလတန်မင်းတို့ကလဲ နယ်လုကျူးလွန်လို့ ဘင်္ဂလာ (တိလင်္ကာ)၊ ဒက္ကာစတဲ့ အရှေ့ဘင်္ဂလားနယ်ပါသူတို့ ပိုင်နက်အဖြစ်သူတို့ရဲ့ ဘင်္ဂါ ၁၂ မြို့အမည်မှာ ထည့်သွင်းထားပါတယ်။

(ခ)ဖော်ပြပါ ဒေသကို ရေးကျတဲ့ရခိုင် ဓညဝတီခေတ်၊ ရခိုင်သူရိယ မင်းဆက်ကတည်းက တိုင်းရင်းသား အုပ်ချုပ်သူတွေက အခွန်ဘဏ္ဍာတွေကိုလဲ လက်ဆောင်ပဏ္ဏာကာရတွေကိုလဲပဲ ဆက်ခံရရှိခဲ့ပြီလဲ ဖြစ်ပါတော့တယ်။

ဓညဝတီခေတ် သူရိယ စန္ဒမင်း (ဘီစီ-၃၁၆၊ ၂၇၂)ဟာ (က)မှာ ဖော်ပြပါ အသောက(Asoka)မင်းနဲ့ ထီးပြိုင်နန်းပြိုင်မင်း ဖြစ်ခဲ့ပါတယ်။ အဲဒီ သူရိယမင်းဆက် ၂၅ ဆက်အဆုံး သူရိယကေတု (အေဒီ-၂၇၃-၃၂၇) လက်ထက်မှာ အနောက်ပြည် (အရှေ့ဘင်္ဂလားနယ်) ရခိုင်ပိုင်ဖြစ်တဲ့ သောင်းတီးကျွန်း (Sandwip)အပါအဝင် ဒေသတို့မှာ ရခိုင်မင်းရဲ့ လက်အောက်ခံ ရခိုင်မြို့စား၊ နယ်စား၊ ကျေးစားတွေပေးထားတာကို တွေ့ရပါတယ်။ အဲဒီအခါ သောင်းတီးကျွန်းမှာ အမတ်ကြီး ဥတ္တမသီရိကျော်ရဲ့ စားကျေးနေရာပဲ ဖြစ်လေခဲ့ပါတယ်။

ရခိုင်ဝေသာလီခေတ် စန္ဒရားမင်းဆက် ခုနစ်ဆက်မြောက် သီရိစန္ဒြမင်း (ခရစ် ၅၉၅-၆၆၇)လက်ထက်မှာ အဲဒီမင်းရဲ့ သားတော် သီရိစန္ဒြမင်းမှာ နောက်ရပ်ပိုင်သမ (အနောက်ဘုရင်ခံ)အဖြစ် မောက်သူစာမြို့ (ယခု အနောက်ဘင်္ဂလားနယ်)က သုံးနှစ်ခန့်တိုင် အုပ်ချုပ်နေခဲ့ရတယ်။ နောက်ဆုံးမြောက်ဦးခေတ်ထိ လက်နက်နိုင်ငံ၊ ရခိုင်အင်ပါယာအဖြစ် ဆက်ခံလာခဲ့ရတော့တယ်။



ရခိုင်ပိုင် (ဘင်္ဂါ ၁၂ နယ်)နယ်ကိုတော့ အနောက်ပြည်ဆိုပြီး၊ အနောက်ရခိုင်ပြည်ဆိုပြီး၊ အနောက်ပြည်ခွင်၊ အနောက်တစ်ရိုးဆိုပြီး ခွင်ခဲ့တယ်၊ ရခိုင်ဘင်္ဂါ ၁၂ မြို့၊ ၁၂ နယ်ဆိုပြီး ခွင်ပြီး၊ ၁၂ ပုညလဲခွင်တယ်။ တစ်ဖန်ပုည ၁၂ နယ်ဆိုပြီး ရခိုင်ရာဇဝင်စာပေ၊ လင်္ကာတို့က မှတ်တမ်းမှာ အသုံးအနှုန်းပြုထားခဲ့ကြပါတယ်။

## ဘင်္ဂလားနယ် တိုင်းရင်းသားတွေ

အဲဒီခေတ်ဦး အာရိယန်တွေ ဝင်ရောက်လာစဉ်ကာလ ခရစ်တော်မီ နှစ်ပေါင်း နှစ်ထောင်လောက်ကစပြီးတော့ ခရစ်ပေါ်ပြီး အေဒီ ၇-၈ ရာစုတိုင်အောင်ထိ အပိုင်းအခြား နှစ်ပရိစ္ဆေဒကာလမှာ အဲဒီ အရှေ့အနောက် ဘင်္ဂါဒေသဟာ အများအားဖြင့် တိုင်းရင်းသား အိန္ဒိယလူမျိုးနွယ်စု နတ်ကိုးကွယ်ကြတဲ့ ဒေဝပူဇာ ဟိန္ဒူဘာသာဝင်တွေနဲ့ ဗုဒ္ဓဘာသာကိုးကွယ်တဲ့ ဗုဒ္ဓပူဇာဟိန္ဒူစတဲ့ ဗုဒ္ဓဘာသာဝင်တွေတို့သာ နေထိုင်ပြုမူရှိသူအဖြစ် အများအားဖြင့် တည်ရှိခဲ့ကြတာပဲဖြစ်ပါတယ်။ အဲဒီတိုင်းရင်းသား အရိယန်စတဲ့ အိန္ဒိယမျိုးနွယ်စုတို့ဟာ တိုင်းရင်းအိန္ဒိယ ပဒေသရာဇ် မဟာရာဇာ၊ ဒေသန္တရ ရာဇာတွေရဲ့ တိုက်ရိုက်အုပ်ချုပ်တာလဲပဲ မခံကြရတဲ့အခါမှာတော့ လွတ်လပ်တဲ့ အချုပ်အချာမဲ့အဖြစ်နဲ့ နေခဲ့ရတာပဲဖြစ်တယ်။ အဲဒီလို နေခဲ့ရတဲ့ကာလလဲ အများအပြား ရှိခဲ့ပါတယ်။

ဒါအပြင် လူမျိုးအလိုက်လဲ သတ္တိဗျတ္တိ စွမ်းရည်ရှိသူ ဒေသန္တရ ရာဇာတို့ရဲ့ လက်အောက်ပါခဲ့ပြီး၊ လယ်ပိုင်၊ မြေပိုင် ပြုကောင်းတွေရဲ့ လက်အောက်တွေမှာ အဲလိုအုပ်ချုပ်ရေးလဲ ခံခဲ့ကြရပါတယ်။ အဲဒီလို ပဒေသရာဇာနှေလို့ ဆက်ခံပြီးတော့ အဲဒီဒေသမှာ စားကျေးပြုပြီးလဲ အုပ်ချုပ်ခဲ့ပါသေးတယ်။ သူတို့ကို ရခိုင်ရာဇဝင်နဲ့

www.burmeseclassic.com

www.burmeseclassic.com



မျိုးခင်းတို့က ပြည်ထောင်ငယ်ချင်းမင်းဆိုပြီး အသုံးအနှုန်း ပြုခဲ့ကြပါ ထားပါ။

ဒီအာကော်ဒေသကို ရခိုင်မင်းနဲ့ အပိုင်းအခြားနယ်ပယ်ဒေသ ဖေးနာ့သတော်၊ ဓသတ်မှတ်စဉ်ကတော့ အုပ်ချုပ်သူအချင်းချင်း နယ်ပယ် ချဲ့ထွင် လုသတ်အပိုင်ခံမှု၊ ကျူးကျော်ဝင်ရောက် ဆောင်နှင်းမှု၊ တိုက် ခိုက်ထိန်းတန်မှုတွေ ရှိခဲ့ကြပါတယ်။ နယ်ပယ်ဒေသ ပိုင်းခြား သတ်မှတ် ပြီးတဲ့အခါမှာတော့ သူတို့မှာ မတရားတဲ့ အပြုအမူမျိုး သက်ရောက်ပြီး မင်းတို့ရဲ့ ကျင့်ရိုးထုံးနည်း ဓမ္မသတ်အတိုင်း လိုက်နာမှုနဲ့ ရှောင်ကျဉ် လာခဲ့ရပါတယ်။ ဒါဟာ အာဏာလုယက်မှုတို့ကြောင့် ခုခံတိုက်ခိုက်မှု တွေ၊ နယ်ပယ်ကျူးကျော်တဲ့ ဖြစ်ရပ်တွေကို ရှောင်ကျဉ်နိုင်ဖို့ ခဲယဉ်း ခဲ့ပါတယ်။

ရခိုင်မင်းတို့ဟာ အနောက်ရခိုင်နယ်ပယ်ရဲ့ နယ်နမိတ်အပိုင်း အခြား သတ်မှတ်ချက်ကို မတရားဖောက်ဖျက်မှု မရှိခဲ့သလောက်ဘဲ ဖြစ်ပါတယ်။

ဒါကြောင့် နယ်လွန်မတရား ကျူးကျော်မှုမပြုရန် ပညာရှိ အမတ်ကြီးတို့က ထုံးနိုင်ုံးသာခက သက်သေပြုပြီး အမြဲတမ်း စောင့်ရှောက် ထိန်းသိမ်းခဲ့တာကို တွေ့ရပါတယ်။

အဲဒီအနောက်ဘင်္ဂလားတို့မှာ ပထန်မင်းဆက်နွယ် (စူလတန် မင်းတွေ) မဂိုမင်းတွေတို့နဲ့လဲ ဆက်သွယ်ခဲ့တာတွေ ပြုခဲ့ကြပါတယ်။ သူတို့ကို ရခိုင်မင်းက မြောက်ဦးနေပြည်တော်၊ ဗောင်းဒွတ်သဘော် ဆိပ်ကမ်း တစ်လျှောက်ကသံရုံးတွေ၊ ကုန်တိုက်တွေ၊ ချထားစေခဲ့ပါ တယ်။ ယခုထိ အဲဒီသံရုံးပျက်တွေ၊ သံတန်ရာ (သံတရာ) နေရာတွေ အထင်အရှား ကျန်နေပါသေးတော့တယ်။

ရခိုင်ပိုင် အနောက်နယ်ပယ် ဒေသဟာ အဲဒီလိုကျေးစားပြုပြီး



အုပ်ချုပ်နေကြတဲ့ မဟာရာဇာ၊ ပဒေသရာဇာ၊ ပြည်ထောင်မင်းတွေ လယ်မြေရှင် အကြီးအကဲတွေကိုလဲ လုံးဝရုပ်သိမ်းတာကို မပြုခဲ့ပါ။ လက်အောက်ခံပြုပြီး ပြည်ထောင်ငယ်ချင်း မင်းအဖြစ်သာ အသိ အမှတ်ပြုခဲ့ အသုံးချခဲ့ပါသေးတယ်။

ဒီပြည်ထောင်ငယ်ရဲ့ အနောက်ဘက်မှာ ပဆာမင်း နေပြည် ဖြစ်တာကိုလဲ ပြည်ထောင်နောက်မှာ ပဆာထိုမင်းလို့ ဆိုခဲ့ပါတယ်။

အနောက်ပဆာမင်း အပါအဝင် ပြည်ထောင်ချင်းမင်းတို့ထံ ရခိုင်နရ ပတီမင်းဟာ ကျေးစေတာမန်နဲ့ ခုလိုပဲရေးပို့ခဲ့လေသေးတယ် ဆိုပါတယ်။

''ဒိပ်ကျွန်းသို့၊ လုံးကိုစိုးရန်၊ ခွဲချိန်တန်၍၊ ဝေယန်သခင်၊ သူဇာလင်ကို၊ မောင်ရှင်ပြောလေ၊ မှာလွှတ်စေ၏၊ နောက်ဆီပဆာ၊ မင်းတို့မှာကား၊ ဖူးလာမည်ကို၊ သာကြည်ဆို၍၊ မောင်ညီကျေးရွှေ၊ လျှင်လတ်စေတည်း'' ဆိုတာပဲ ဖြစ်ပါတယ်လေ…

(အကျိုးသင့် အကြောင်းသင့် စဉ်းစားတတ်တာနဲ့ မှန်မှန် ကန်ကန် ဆုံးဖြတ်နိုင်တာဟာ ခေါင်းဆောင်တစ်ယောက်ရဲ့ အရည် အသွေးတွေပဲ ဖြစ်ပါတယ်)

(ကော်နယ်လီယပ်တယ်စီးတပ်)

■

www.burmeseclassic.com

www.burmeseclassic.com



## ဆရာတော် ဦးဥတ္တမဆိုတာ

'လူဟာ အခြေအနေတွေ ပြုသမျှခံတဲ့ သတ္တဝါမဟုတ် အခြေအနေတွေကသာ လူပြုသမျှခံရတဲ့ သတ္တဝါဖြစ်တယ်'

**(အစ္စရေလီ)**

ဆရာတော်ဦးဥတ္တမက ရဟန်းတော်ထဲမှာ နိုင်ငံရေးကို ပြည်သူတို့နဲ့တကွ တပ်ဦးက ချီတက်ခဲ့တဲ့ ရဟန်းပုဂ္ဂိုလ်ကျော်တစ်ဦးပဲ ဖြစ်ပါတယ်။ ကိုလိုနီခေတ် ဥရောပတိုက်သား နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲတွေမှာ ဆရာတော်ဟာ သူ့ရဲ့ပြောင်မြောက်တဲ့ ဆန့်ကျင်ရေး အကြောင်း၊ စာပေရေးသားမှုတို့နဲ့ ထိရောက်အောင် ပြောဆိုရေးသား တိုက်ပွဲဝင် ခဲ့ပါတယ်။ ရဟန်းလောကမှာ ဆရာတော်ဟာ ပထမဦးစွာ ထောင်ကျခဲ့တဲ့ ပုဂ္ဂိုလ်တစ်ဦးလဲ ဖြစ်ပါတယ်။ ထောင်ကျကာ ခံရပေမယ့် ဆရာတော်ဟာ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲတွေမှာ တစ်မျိုးသားလုံး သူ့ကျွန်ဘဝက လွတ်မြောက်ရေးအတွက် မိမိပြောလို ရေးလိုတဲ့ အကြောင်းအရာတွေကို ကြောက်ရွံ့တုန်လှုပ်တာ မရှိဘဲ ရှုပ်ရှုပ်ချုံချုံ ပြောဆိုရေးသားပြီး ဆက်လက်တိုက်ပွဲဝင်ခဲ့ပါတယ်။

ဆရာတော်ဟာ ဥရောပခရီးစဉ်တွေ ဖြစ်တဲ့ လန်ဒန်၊ ဂျာမနီ၊ ဂျပန် စတဲ့နိုင်ငံတွေက မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ကြွရောက်လာတဲ့အခါမှာလဲ မြန်မာပြည်သူတို့အတွက် အားတက်ဖွယ်ရာ ကောင်းတဲ့ မိန့်ခွန်းတွေပြောဆိုမှုနဲ့ ဆုံးမလေ့ရှိခဲ့ပါတယ်။

(သူတောင်းစားချင်း ခွက်စောင်းမတိုက်ကြနဲ့၊ နွားခမ်းပုံချင်း မီးမမှုတ်နဲ့၊ ထမင်းကြမ်းခဲကို ပစ်ချလိုက်သောအခါ ချစ်ခင်စွာ အတူ အိပ်နေသော ခွေးကလေးများကဲ့သို့ မဖြစ်ကြနဲ့။ အရွယ်ရှိစဉ်အခါ မိမိ၏ အရည်အချင်း ဝါသနာနှင့် နီးစပ်သော အလုပ်ဖြစ်စေ၊ အတတ်ဖြစ်စေ၊



နိုင်မြဲသောစိတ် နှင့် စွဲမြဲစွာအားထုတ်ချေက ငှင်းကိုမအောင်မြင်၊ မကြီးပွားအောင် မိုးသိကြားကပင် တားဆီး၍ ရနိုင်မည်မဟုတ်ကြောင်း) စသည်ဖြင့် ပြောဆိုလေ့ရှိခဲ့ပါတယ်။

အဲဒီစကားတွေကို လေ့လာကြည့်ရင် ဆရာတော်ဟာ မြန်မာပြည်သူတို့အပေါ် အဘယ်မျှလောက်ကိုပဲ မေတ္တာတရားကြီးမားပုံကို သိနိုင် ပါတယ်။ အဲဒီစကားတွေမှာ ဆရာတော်ရဲ့ ဓာတ်သွေး၊ ဓာတ်မာန် တို့ကိုလဲ ကွက်ကွက်ကွင်းကွင်း မြင်လာပါတယ်။ ဆရာတော်ရဲ့ ဗဟုသုတများလှပုံကိုလဲ သိရှိခွင့်ရလာပါတော့တယ်။ အဲဒီလောက် ကြီးမားလှတဲ့ ဆရာတော်ရဲ့ မြန်မာပြည်သူတွေအပေါ် ထားရှိခဲ့တဲ့ ကျေးဇူး တရားတွေကို နောင်လာနောင်သားတိုင်းအတွက် မှတ်တိုင်ကြီးတစ်ခု သဖွယ် သိရှိရပါတယ်။ ဆရာတော်ဟာ အင်္ဂလန်ပြည် လန်ဒန်မြို့ကို ရောက်ရှိခဲ့စဉ်က အဲဒီမြို့ရဲ့ ကြီးကျယ်ခမ်းနားပုံကို မျက်မြင်ဒိဋ္ဌ တွေ့မြင် ခဲ့ရပါတယ်။

(လန်ဒန်မြို့ကြီးသည် ကမ္ဘာပေါ်တွင် အကြီးဆုံး၊ လူအရေ အတွက် အများဆုံးဟူ၍ ဆိုကြလေသည်။ အလွန်ပင် ကြီးကျယ် ခမ်းနား၍ ကြီးမားလှပေတယ်။ မင်းနေပြည်နှင့်တူ၍ ရောင်းဝယ်ရေး၌ လည်း စည်ကားပြီးလျှင် အစစအရာရာတို့သည် လိုလေသေးမရှိ၊ တခြားလူများဖြစ်လျှင် အထူးအံ့သြကြ၍ များစွာပင် ချီးမွမ်းစကား ပြောကြ ပေမည်။ ဦးပဉ္ဇင်းမှာ အထူးဝမ်းမမြောက်လှပေ။ အကြောင်းမူ ကား ကျွန်သဘောက်ကဲ့သို့ နေရခြင်းအကြောင်းကြောင့်တည်း။)

ပြီးတော့ ဆရာတော်ဟာ လန်ဒန်မြို့၊ နေရှင်နယ်ပြတိုက်သို့ သွားရောက်လေ့လာခဲ့ပါတယ်။ အီတလီ၊ ဒပ်(ချ်)၊ ဂျာမနီ၊ ပြင်သစ်နှင့် အင်္ဂလိပ်ပန်းချီကျော်တွေရဲ့ ပန်းချီကားမျိုးစုံကို မြင်တွေ့ခဲ့ရပါတယ်။ ဒါကြောင့် ဆရာတော်ဟာ တိုင်းရေး၊ ပြည်ရေး၊ နိုင်ငံရေးတွေကို

www.burmeseclassic.com

www.burmeseclassic.com



ပို့မှ ဦးစားပေးလိုတဲ့ စိတ်သဘောထားကို အောက်ပါအတိုင်း ထုတ်ဖော်ရေးသားခဲ့ပါတယ်။

(ဤကဲ့သို့ ဗဟုသုတများဖွယ်ရာ၊ ကြည့်ရှုမှတ်သားစရာတို့သည် များစွာပင် ရှိလေသည်။ ဦးပဠင်းတို့ မြန်မာပြည်၌ နေထိုင်ကြသော ရဟန်းရှင်လူ၊ မိန်းမယောကျ်ား၊ လူကြီးလူငယ်၊ ကျောင်းသားအားလုံးတို့သည် ယခုအခါ တခြားအရာများထက် တိုင်းရေးပြည်ရေးကို များစွာ ကြားချင်၊ ဖတ်ချင်ကြလိမ့်မည်။ တိုင်းရေးပြည်ရေးအကြောင်းကို ဦးပဠင်းသည် သတင်းစာအပတ်တိုင်း၌ပင် ရေး၍ပေးချင်ပါ၏။ သို့သော်လည်း သတင်းစာ၌ ထည့်သွင်း၍ သင့်လျော်သည့်စကား၊ မသင့်လျော်သည့်စကားတို့လည်း များစွာပင် ရှိလေသည်။ ဦးပဠင်းက တိုင်းရေးပြည်ရေးအကြောင်းတို့ကို ရေး၍ပင် ပေးသော်ငြားလည်း သတင်းစာဆရာများက အကုန်အစင် ထည့်သွင်းမည်မဟုတ်။ ရှေးအခါက ဦးပဠင်းပေးသော ဆောင်းပါးတို့ကို အကုန်အစင် မထည့်သွင်းသောကြောင့် အချို့သောသတင်းစာ ဆရာများနှင့် စကားများခဲ့ရဖူးပြီ။ အချို့သော တိုင်းရေးပြည်ရေး စကားများကို ဦးပဠင်းမြန်မာပြည်သို့ ပြန်လာသောအခါမှ နားထောင်ပါမည့်အကြောင်း တောင်းပန်လိုက်ပါသည်။)

မြန်မာနိုင်ငံဟာ ကိုလိုနီခေတ်မှာ အချို့အချို့သော ပုဂ္ဂိုလ်တွေက အင်္ဂလိပ်တို့ရဲ့ အလိုကျကို ရေလာမြောင်းပေးလုပ်ပေးနေသူတွေပဲ များပြားပြီး မိမိတို့ရဲ့ ယဉ်ကျေးမှုနဲ့ အမျိုးသားဂုဏ်တွေကို အထင်အမြင်သေးပြီး အင်္ဂလိပ်တို့ရဲ့ အမူအရာ၊ အလေ့အထ၊ ယဉ်ကျေးမှုတို့ကို အမြတ်တနိုး အတုယူပြီး အထင်ကြီးလို့နေကြပြီး အင်္ဂလိပ်အရာရှိတွေကို သခင်လို့ ခေါ်တဲ့လူတွေလဲ အမြောက်အမြားလဲ ရှိခဲ့ပါတယ်။ ဒါမျိုးကဲ့သို့ အင်္ဂလိပ်အရာရှိတွေကို သခင်လို့ခေါ်ပြီး မိမိအမျိုးတွေက



ထွန်းသဘောသက်ရောက်တာကို မခံမရပ်နိုင်ဖြစ်တဲ့ ဆရာတော်က အောက်ပါစာကို ရဲရဲရင့် ရေးသားခဲ့ပါတယ်။

(သဘော်မထွက်မီ ကျောင်းသားအရွယ်လောက် ရှိသော အင်္ဂလိပ်ကလေးတို့သည် ဘောင်းဘီအစုတ်စုတ်၊ အင်္ကျီအစုတ်စုတ်ကို ကိုဝတ်၍ အချို့မှာ ဖိနပ်ရှိသော်လည်း၊ ခြေအိတ်လည်း၊ မရှိဘဲ လူနှစ်ဆယ်ကျော်လောက်တို့သည် သဘော် ပေါ်၌ရှိသော ခရီးသည်များထံ 'သခင်ပိုက်ဆံတစ်ပဲ၊ သခင်ပိုက်ဆံတစ်ပဲ' ဆိုပြီးလျှင် တောင်းကြလေသည်။ ပုလိပ်ဖမ်းမည် ကြောက်သောကြောင့် ပုလိပ်ကိုမြင်သော်လည်းကောင်း၊ ပုလိပ်လာသည်ကို မြင်သော်လည်းကောင်း ထွက်၍ ပြေးကြလေသည်။ ၆ နာရီထိုး၍ သဘော်ဥဩပေးသောအခါ သဘော်ပေါ်ရှိ ခရီးသည်တို့သည် လူကလေးများ ပိုက်ဆံလုကြယက်ကြသည်ကို ကြည့်လိုသော ဆန္ဒဖြင့်ပိုက်ဆံများကို ပစ်၍ပေးကြသောအခါ လူကလေးတို့သည် သူ့ထက်ငါရအောင် ပိုက်ဆံကို လုကြလေသည်။ ပုလိပ်များလာသော်လည်း မပြေးဘဲပိုက်ဆံများကိုသာ အတင်းရအောင် လုနေကြသည်။ ပုလိပ်များကလည်း ထိုကလေးတို့ကို မဖမ်းဘဲရယ်ပြီး ကြည့်၍သာနေလေသည်။) ဆရာတော်က ဥရောပနိုင်ငံတွေသို့ ဗဟုသုတတွေကို ရှာဖွေရင်းနဲ့ ဂျာမနီပြည် ဘာလင်မြို့တော်သို့ စက်တင်ဘာလမှာ ရောက်သွားခဲ့ပြန်ပါတယ်။ ဆရာတော်ကို အိန္ဒိယကျောင်းသားတွေနဲ့ သတင်းစာဆရာ အချို့က ပင့်ဖိတ်ပြီး သတ်သတ်လွတ် နေ့ဆွမ်းကျွေးခဲ့ပါတယ်။ ပြီးနောက်သူတို့သင်ကြားနေတဲ့ စက်ရုံအလုပ်ရုံတို့ကို သွားရောက် လေ့လာခဲ့သေးတယ်။ ညနေ ၄ နာရီအချိန်မှာ အိန္ဒိယကျောင်းသားတို့ရဲ့ ကလပ်အသင်းရုံးရှိရာ 'ဟောလန်စီ' အရပ်သို့ ကြွရောက်ခဲ့ပါတယ်။ အဲဒီအသင်းတိုက်က ပရိတ်သတ်တောင်းဆိုတာ

www.burmeseclassic.com



[illegible] ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒီသြဝါဒမှာ မျိုးချစ်စိတ်တို့ရဲ့ [illegible] အနှစ် ၅ခုဆို ဟောကြားခဲ့သေးတာကို ဆရာတော်ရဲ့ [illegible]ဆောင်းပါးမှာ ဖတ်ရပါတယ်။

(တိုင်းရေးပြည်ရေးကို ချစ်သည်ဆိုရာ၌ မိမိ၏ နိုင်ငံကို [illegible] ခွါရက်တဲ တိုင်းတစ်ပါးနိုင်ငံခြားသို့ မသွားမလာဘဲ မိမိနိုင်ငံ၌ အမြဲနေသောသူကို တိုင်းပြည်ချစ်သည်ဟုမခေါ်၊ ကျွန်သပေါက်ကဲ့သို့ ဖြစ်နေသော တိုင်းသူပြည်သားတို့ကို ကျွန်ဘဝမှ လွတ်မြောက်အောင် လုံ့လဝီရိယစိုက်၍ ကြိုးစားသောသူများကိုသာ တိုင်းပြည်ကို ချစ်သောသူဟူ၍ ခေါ်လေသည်။)

ဆရာတော်ဟာ သူအလွန်အားကျ ချီးကျူးခဲ့တဲ့နိုင်ငံမှာ နော်ဝေနိုင်ငံဖြစ်ပါတယ်။ အဘယ့်ကြောင့်ဆိုသော် နော်ဝေနိုင်ငံက ကိုယ်ပိုင်အုပ်ချုပ်ရေးနဲ့ ကိုယ့်ထီးကိုယ့်နန်း တည်ထောင်နိုင်တာကြောင့် ပဲဖြစ်ပါတယ်။ နော်ဝေနိုင်ငံသားတွေကိုလဲ ချီးကျူးအားကျ မိခဲ့ပါတယ်။ အဲဒီအခါ ဆရာတော်ဟာ အောက်ပါစာကို ရေးခဲ့ပါတယ်။

(နော်ဝေတစ်ပြည်လုံးတွင် လူပေါင်းအရေအတွက် ၂-သန်း ကျော်လောက်ရှိ၍ မိမိတို့ဘုရင်နဲ့ မိမိတို့နိုင်ငံ နေနိုင်ကြသည်ကို များစွာပင် ဝမ်းမြောက်ဖွယ်ကောင်းလေသည်။)

အနှစ်ချုပ်ဆိုရရင် ဆရာတော်ချမှတ်ခဲ့တဲ့ လမ်းစဉ်ဟာ ဒီနေ့မြန်မာပြည်သူပြည်သားတွေ ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်နဲ့ လွတ်လွတ်လပ်လပ် နေနိုင်တဲ့အခွင့်အရေးကြီးပဲ ဖြစ်ခဲ့ပါတော့တယ်။ အဲဒီလို လွတ်လပ်ပြီး ရာသက်ပန်နေထိုင်သွားနိုင်ရန် ဆက်လက်တာဝန် ထမ်းဆောင်ရမယ့် သူတွေကတော့ အမိမြေက သားသမီးကောင်း ရတနာတွေသာ မဟုတ်ပါလား။



* ဆရာတော် ရေးသားခဲ့တဲ့ စာတွေကို ပညာအလင်းမဂ္ဂဇင်းက ထုတ်နုတ်ရေးသားရတာပဲ ဖြစ်ပါတယ်။ "ဆင်ခြင် သတိရှိတာဟာ အမြော်အမြင်ဉာဏ်များရဲ့ သားဦးပဲ ဖြစ်တယ်"

(ဖစ်တာဟူးဗိုး)

(၅) နယ်ချဲ့ဗြိတိသျှဆိုတာ

မိမိစာတစ်ပုဒ်ဖတ်ဖူးပါတယ်။ ဒါဟာဗြိတိသျှအုပ်ချုပ်မှု ကာလအခြေအနေတုန်းပါ။

ဒီလိုပါ

'အောင်နိုင်မှုဟာ ကြီးကျယ်ခမ်းနားလှတယ်
ဒါပေမဲ့ ကြေးကြီးလှတယ်'

(ဗော်လတိုင်းဟာ)

## ဗြိတိသျှလက်အောက်ဘဝ ရခိုင်ပြည်

ရခိုင်ပြည်သူပြည်သားတို့ရဲ့ ဖက်ဆစ်တော်လှန်ရေးကဏ္ဍတွေနဲ့ ပြန်ဝင်လာတဲ့ ဗြိတိသျှအစိုးရ လက်အောက်က ရခိုင်ပြည်သူပြည်သားတွေပြီး ရခိုင်မျိုးချစ် တော်လှန်ရေးသမားတွေ၊ ဘယ်လောက်အနှိပ်စက်၊ အညှဉ်းအပန်းခံခဲ့ရပုံကို မော်ကွန်း တင်ထားတဲ့ ဖြစ်ရပ်တစ်ခုမှာတော့ ရခိုင်ဖက်ဆစ်တော်လှန်ရေး ပြောက်ကျား တပ်ကြီးကို အုပ်ချုပ်ပြီး အောင်ပွဲအမျိုးမျိုး ရယူနိုင်ခဲ့တဲ့ ရခိုင်ပြောက်ကျား ဗိုလ်ကြီးကြာလှအောင်ရဲ့ ပုံနဲ့တကွ ရခိုင်ပြည် တော်လှန်ရေး မျိုးချစ်တွေနဲ့ ရခိုင်အမျိုးသမီးတွေကို ဗြိတိသျှ အစိုးရရဲ့ သူတို့ရဲ့ ဩဇာခံတွေက ဘယ်လိုဘယ်ပုံနဲ့ ညှဉ်းပန်းနှိပ်စက် အနိုင်ကျင့်ခဲ့ပုံကို သရုပ်ဖော်ပြခဲ့တာပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အောက်ပါတို့က တချို့အကြောင်းအရာ ထုတ်နုတ်ချက်တွေပဲ ဖြစ်ပါတယ်။

"၁၉၄၃-၁၉၄၄၊ (၂)နှစ်တိုင် မဟာမိတ်တို့ဟာ သူတို့ရဲ့ စစ်တပ် တွေနဲ့ ရခိုင်ပြည်ကို ပြန်လည်သိမ်းပိုက်ရေးအတွက် အစွမ်းကုန် ကြိုးစားခဲ့ကြပါတယ်။ ဒါပေမဲ့ သူတို့တိုက်ခိုက်ကြိုးစားခဲ့မှုဟာ အချည်း နှီး ရယ်စရာသာဖြစ်တာကို ကမ္ဘာ့တစ်ခုလုံးက သိခဲ့ကြပါတယ်။ စစ်တကောင်းနဲ့ ရခိုင်ပြည်စပ်ကြားရှိ ဘူးသီးတောင်၊ မောင်တောစတဲ့ နယ်စပ်မြို့တွေကို မဟာမိတ်တွေက သိမ်းလိုက်၊ ဂျပန်က သိမ်းလိုက်သာ ဖြစ်လေခဲ့တော့တယ်။ ဗြိတိသျှတို့ကတော့ ပြည်သူပြည်သားတွေထံက အကူအညီမယူဘဲ လုံးဝမအောင်မြင်နိုင်တာကို သိရှိလာတော့တယ်။ ဒါကြောင့် ဗြိတိသျှတို့ဟာ ရခိုင်ပြည် ဖဆပလအဖွဲ့ (မြန်မာပြည် ဖဆပလအဖွဲ့နဲ့ ဆက်သွယ်ထားတယ်)ထံက မလွှဲသာဘဲ အကူအညီ တောင်းရရာ အဲဒီအဖွဲ့ခေါင်းဆောင်တဲ့ ပြောက်ကျား(၃၀၀၀)တို့ဟာ ၁၉၄၄-ခု၊ ဒီဇင်ဘာလမှာ ဂျပန်နောက်ပိုင်းက ပုန်ကန်ထကြွခဲ့လေတော့ တယ်။ ပြောက်ကျား တပ်သားတွေ ပုန်ကန်တိုက်ခိုက်တာ ကမ္ဘာက အထင်အရှားသိခဲ့ပါတယ်။ ရခိုင်သားတို့ရဲ့ သတ္တိဟာ ရဲရဲထွန်းလင်း တောက်ပြောင်လှပါတယ်။ ရခိုင်ပြည်ဟာ ဖက်ဆစ်ဂျပန်တို့ကို ဖြောင် ဆန့်ကျင် တိုက်ခိုက်ရာမှာတော့ မြန်မာ့သမိုင်းစဉ်မှာ အက္ခရာမတင်ဘဲ မကျန်ရစ်ကောင်းတဲ့ အရာသာဖြစ်ခဲ့ ရပါတော့တယ်။

"စစ်တွေရန်နိုင်ကို သိမ်းပိုက်လိုက်တာနဲ့ ချက်ချင်း ဗြိတိသျှ စစ်ဘက်ဆိုင်ရာ အဖွဲ့ဝင်တွေဖြစ်ကြတဲ့ မေဂျာဘရူးနဲ့ ကပ္ပတိန်အန်ဂါ တို့ဟာ ပြောက်ကျားတပ်သားတွေကို လက်နက်ချရမယ်လို့ တောင်းဆို လာကြတယ်။ ဗမာပြည်လုံးဆိုင်ရာ ဖက်ဆစ်ဆန့်ကျင် ရေး၊ ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ခေါင်းဆောင်က ပြောက်ကျားတပ်မကြီးဟာ



ဗြိတိသျှအစိုးရက လုံးဝလွတ်လပ်ခွင့် ပေးမယ်ဆိုတဲ့ကတိကြောင့် လက်နက်တွေကို ချအပ်ခဲ့ကြပါတယ်။ ဒါကြောင့် ဗြိတိသျှတို့ရဲ့ တကယ့် ရည်မှန်းချက်ဟာ တခြားဖြစ်လေခဲ့ပါတယ်။ နိုင်ငံရေးပြဿနာကို ဆွေးနွေးရန်နဲ့ ပြည်သူပြည်သားတို့ ပူးပေါင်းလိုဟန်နဲ့ ကာလကတ္တားမြို့ က စီ-အမ်-အေ ခေါ် စစ်အုပ်ချုပ်ရေး အဖွဲ့ဝင်တွေက ရခိုင်ပြည် တော်လှန်ရေး ခေါင်းဆောင်တွေကို ခေါ်ယူခဲ့တော့တယ်။ ဦးပညာသီဟ (ရခိုင်ပြည်ဖဆပလ ဩဝါဒစရိယ)၊ ဦးကြာလှအောင် (ပြောက်ကျား စစ်တပ်ဗိုလ်ချုပ်)၊ ကိုကျော်ဖြူ (ဖဆပလ အထွေထွေ အတွင်းရေးမှူး)၊ ကိုဦးဘောအစရှိတဲ့သူတို့တွေကို ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှာ စစ် လေယာဉ်ပျံနဲ့ ကာလကတ္တားသို့ တင်ဆောင်ယူသွားခဲ့ရာ ကာလကတ္တား သို့ရောက်ပြီး ခေါင်းဆောင်တွေက အကျယ်ချုပ်အဖြစ်သို့ ရောက်ရှိ နေတာကို သိရှိလာခဲ့ပါတော့တယ်။ လျှို့ဝှက်တဲ့စစ်ဌာနတစ်ခုမှာ (၂)လခွဲတိုင်တိုင် စောင့်ဆိုင်းနေခဲ့ရတယ်။ စစ်အုပ်ချုပ်ရေး အရာရှိ တစ်စုံတစ်ယောက်နဲ့မှ တစ်ကြိမ်တစ်ခါမှ မတွေ့နိုင်ခဲ့ကြပါဘူး။ အဲဒီ အချိန်အတွင်း ရခိုင်ပြည်မှာ ဗြိတိသျှတို့က မိမိတို့ရည်မှန်းချက် ပြီး မြောက်အောင် ကြိုးစားနေကြရလေတော့တယ်။

ဦးစိန္တာဟာ မိမိလက်အောက်ရှိ ပြောက်ကျားတွေရဲ့ လက်နက်တွေကို စစ်တွေမြို့က ကပ္ပတိန်အန်ဂါထံ ပေးအပ်ခဲ့ပါတယ်။ ဦးပညာသီဟနဲ့ အခြားခေါင်းဆောင်တွေကို ကာလကတ္တားသို့ ခေါ် ဆောင်သွားတဲ့အခါ ခေါင်းဆောင်အကြီးဆုံးဖြစ်တဲ့ ဦးစိန္တာကို ပြောက် ကျား တပ်သားအားလုံးကို ဦးစီးရန်နဲ့ ဖဆပလအဖွဲ့ကို ဦးဆောင်ရန် တာဝန်လွှဲအပ်ကြလေတော့တယ်။ ဗြိတိသျှစစ်အုပ်ချုပ်ရေးအဖွဲ့က ဦးစိန္တာကို ချက်ချင်းဖမ်းဆီးနိုင်ရန် ကြံစည်လေတော့တယ်။ ဒီ အကြောင်းကို ဦးစိန္တာ သိခဲ့တာကြောင့် ရှောင်တိမ်းနေလေတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ရှောင်တိမ်းနေလိုက်တာကြောင့် ဦးစိန္တာကို တွေ့ရာ သတင်းပို့ဖို့တဲ့ ဝရမ်းပြေးလို့ ကြေညာပြီး ဒီအခွင့်အရေးကို ဗြိတိသျှ စစ်အုပ်ချုပ်ရေးအဖွဲ့က ရရှိသွားလေခဲ့တော့တယ်။

ဦးစိန္တာဆိုတာ မူလဖဆပလအဖွဲ့ရဲ့ အမည်ဟောင်းဖြစ်တဲ့ ဗမာ့တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံးကြီးကို တည်ထောင်သူပဲ ဖြစ်ပါတယ်။ ဆရာတော်ဟာ ရခိုင်ပြည်က အထူးရှိသေကြတဲ့ နိုင်ငံရေး ခေါင်းဆောင်ကြီးပဲ ဖြစ်ပါတယ်။ ဦးပညာသီဟဟာလဲ ဦးစိန္တာရဲ့တပည့် ဖြစ်ပါတယ်။ ဦးပညာသီဟကို နိုင်ငံရေးသို့ ဆွဲဆောင်ခဲ့သူမှာလဲ ဦးစိန္တာဖြစ်ပါတယ်။ ဗြိတိသျှတို့လို နှင်ထုတ်ခဲ့တဲ့ ဖက်ဆစ်ဂျပန်ကို တိုက်ခဲ့တဲ့ မျိုးချစ်အာဇာနည် ဦးစိန္တာမှာလဲ ဝရမ်းပြေးဖြစ်ခဲ့ရတော့တယ်။ ရိုးရိုးသားသား လက်နက်ချအပ်ခဲ့ကြတဲ့ ရခိုင်တော်လှန်ရေး သမားတွေဟာ ဗြိတိသျှစစ်အုပ်ချုပ်ရေးအဖွဲ့ရဲ့ ယုတ်ယုတ်မာမာ ဖမ်းဆီးနှိပ်စက် ခံခဲ့ရမှုကိုလဲ တွေ့ကြရပြန်တော့တယ်။

"ကိုထွန်းစိန်ဟာ ရသေ့တောင်မြို့နယ်၊ ပြိုင်းတောင်ရွာက အသက် ၂၂ နှစ်အရွယ်ရှိတဲ့ လူငယ်တစ်ဦးပဲ ဖြစ်ပါတယ်။ ၁၉၄၂ ခုနှစ်ကပဲ ဦးပညာသီဟရဲ့ ကာကွယ်ရေးတပ်သို့ ဝင်ရောက်ပြီးတော့ နောက်ဆုတ်ပြေးတဲ့ ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့ပါတယ်။ ကာကွယ်ရေး အဖွဲ့လို ဂျပန်ကို တော်လှန်ဖို့အတွက် ပြောက်ကျားစစ်တပ်အဖြစ်သို့ ပြောင်းလဲလိုက်ပြီး ဂျပန်ကို တိုက်တဲ့အခါ သူဟာ စက်သေနက်ပစ် သူအနေနဲ့ အထူးထင်ရှားခဲ့ပါတယ်။ သူဟာ ရဲရင့်ပြီး ခွန်အားကြီးသူ တစ်ယောက် ဖြစ်ပါတယ်။ သူဟာ ဘရင်းဂန်း ခေါ် စက်သေနက်ကို မတ်တတ်ရပ်ကိုင်ဆောင်ပြီး ရန်သူတွေကို ပစ်ခတ်နိုင်ပါတယ်။ သူ တစ်ယောက်တည်းကြောင့်ပဲ ဂျပန်မော်တော်ဘုတ် (၁၀)စင်း နစ်မြုပ် ခဲ့ရပါတယ်။ ဂျပန်တွေကိုလဲ တစ်ယောက်တည်း သတ်ခဲ့ပါတယ်။



ပြောက်ကျားတွေ မေဂျာဘရှူးထံ လက်နက်ချအပ်စဉ်မှာ သူလဲ သူ့လက်နက်ကို ချအပ်ပါတယ်။ လက်နက်ပေးအပ်ခဲ့ပြီး အိမ်သို့ ပြန်ရောက်တာနဲ့ ချက်ချင်း ရသေ့တောင်ပုလိပ်များက ဖမ်းဆီးလိုက် ခဲ့ပါတယ်။ ပုလိပ်ဌာနမှာ သူ့ကိုလက်ထိပ်ခတ်ပြီး ရိုက်နှက်ကြပါတယ်။ သူ့ကိုဖမ်းဆီးစဉ်က ပုလိပ်တွေက သူ့အပေါ်မှာ အမှုတစ်စုံတစ်ရာမှ မတင်ပြရသေးပါဘူး။ ဒါပေမဲ့ နောက်မှသူတို့ရဲ့ ထုံးစံပြောဆိုလေ့ရှိတဲ့ အတိုင်း ဓားပြနဲ့အဆက်အသွယ် ရှိတယ်လို့ စွပ်စွဲပြောဆိုခဲ့ပါတယ်။ သူ့ကို စစ်တွေမြို့ ပုလိပ်ဌာနသို့ ပို့လိုက်ရာ တစ်စုံတစ်ခုမျှ မစဉ်းစားဘဲ (၁၀) လတိုင်တိုင် ချုပ်နှောင်ထားခဲ့တော့တယ်။

"မောင်လုံးဖြူဆိုသူမှာ အသက် ၃၄ ရှိတဲ့ လယ်သမား တစ်ဦးပါ။ သူက ဦးပညာသီဟရဲ့ ညွှန်ကြားချက်အရ လက်နက်ကို မေဂျာဘရှူးထံ အပ်ခဲ့ပြီးတော့ ၂-နှစ်ကျော်ခန့် ကွဲကွာနေခဲ့တဲ့ သူ့ရဲ့ မိဘတွေကို ကူညီစောင့်ရှောက်ဖို့ အိမ်သို့ ပြန်သွားခဲ့ပါတယ်။ အိမ်မှာ သူ့ရဲ့မိဘတွေအတွက် တဲဆောက်ဖို့ ဝါး၊ ဓနိတွေကို စုဆောင်းနေစဉ် ဗြိတိသျှစစ်အုပ်ချုပ်ရေး အဖွဲ့က ပုလိပ်တွေက သူ့ကို ဓားပြတွေနဲ့ ဆက်သွယ်တယ်လို့ စွပ်စွဲပြီး ဒီနောက်ဖမ်းဆီးပြီး ကျောက်တော် ပုလိပ်ဌာနသို့ ယူဆောင်ခဲ့ပါတယ်။ အဲဒီလို ခန္ဓာကိုယ်တစ်ခုလုံးကို လေထီးကြိုးနဲ့ ချည်နှောင်ထားခဲ့ကြလေတော့တယ်။ ပုလိပ်ဌာနသို့ ရောက်တဲ့အခါ လက်ထိတ်ခတ်ပြီးတော့ ခြေထောက်နဲ့ကန်ကျောက်ပြီး ခန္ဓာကိုယ်တစ်ခုလုံးကို တုတ်နဲ့ ရိုက်နှက်ကြလေတယ်။ သူ့ကို လက်ထိတ်ခတ်ခတ်ပြီး ခြေဖျားကို မြေမှာမထိစေဘဲ ဆွဲထားပြီး ရိုက်နှက်ကြ သေးတယ်။ အဲနောက် သူ့ကိုဝမ်းလျားမှောက်စေပြီး စစ်ဖိနပ်ကြီးနဲ့ နင်းခဲ့ တယ်။ ပါးစပ်၊ နှာခေါင်း၊ နားတွေက သွေးတွေ ယိုစီးလာပြီး တော့ လုံးဝ သတိမေ့သွားခဲ့ပါတယ်။ "ဖက်ဆစ်ဂျပန်ကို ခံချခဲ့တဲ့

www.burmeseclassic.com



ရခိုင်ပြောက်ကျားတွေကို ဗြိတိသျှအုပ်ချုပ်ရေးအဖွဲ့က လက်နက်ချခိုင်းပြီးနောက် ဖက်ဆစ်တို့နဲ့ တစ်သဝေမတိမ်း ရက်စက်ညှဉ်းပန်းခံရပုံမှာ တစ်သက်တာ မေ့နိုင်စရာ မရှိခဲ့ပါ။

ပြည်သူပြည်သားတို့က လက်နက်တွေကို အပ်လိုက်ကြပြီးတဲ့နောက် ဗြိတိသျှ စစ်အုပ်ချုပ်ရေးအဖွဲ့က စတင်ဖိနှိပ်ခဲ့တယ်။ နိုင်ငံ့ခေါင်းဆောင်တွေနဲ့ ပြောက်ကျားခေါင်းဆောင်တွေကိုပဲ ဖြစ်ပါတယ်။ ဂျပန်လက်ထက်က ပြစ်မှုကျူးလွန်တယ်လို့ စွပ်စွဲပြီး နိုင်ငံ့ခေါင်းဆောင်တွေကို လုပ်ဆောင်မှုပဲ ဖြစ်ပါတယ်။ ဂျပန်လက်ထက်က ပြစ်မှုကျူးလွန်တယ်လို့ စွပ်စွဲပြီး နိုင်ငံရေးပြောက်ကျား ခေါင်းဆောင်တိုင်းလိုလိုကို ကန့်သတ်ခွဲခြားတာ မရှိဘဲ ဖမ်းဆီးဖို့ဝရမ်း ထုတ်လေခဲ့ပါတယ်။

အဲဒီလူထဲက အချို့ကိုပုလိပ်တွေ ဖမ်းမိသွားကြပါတယ်။ ဒါပေမဲ့ အချို့ဟာ ဖမ်းဆီးခြင်းမှလွတ်အောင် ရှောင်တိမ်းခဲ့ကြရပါတယ်။

အရေးကြီးတဲ့ ဖက်ဆစ်ခေါင်းဆောင်တွေ၊ ရခိုင်ပြည် ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ ဗဟိုအမှုဆောင်တွေ၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ်၊ တောရွာ ဖဆပလဥက္ကဋ္ဌ၊ အတွင်းရေးမှူးစတဲ့ အမှုဆောင်တို့ကြားမှာ ဖမ်းဆီးခဲ့လေတော့တယ်။ ဖမ်းဆီးတာ ခံရသူတွေအနက် အချို့သူတို့ကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါတယ်။

ဦးမောင်နီ-ရခိုင်ပြည် ဖဆပလအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဝင်ကို ဂျပန်ခေတ်က လူသတ်မှုနဲ့ အိမ်ကို မီးရှို့မှုတွေ ကျူးလွန်ခဲ့တယ်လို့ စွပ်စွဲပြီး ဖမ်းဆီးထားခဲ့တယ်။ သူ့ကို (၆)လတိုင်တိုင် ချုပ်ထားခဲ့တယ်။ ဒါပေမဲ့ အမှုစစ်ဆေးတာ မပြုခဲ့သေးပါ။

ဦးစံထွန်းအောင်-ပေါက်တောမြို့နယ်၊ ဖဆပလ အဖွဲ့ ခေါင်းဆောင်လို့ ဂျပန်ခေတ်က လူသတ်မှုနဲ့ လက်နက်သိမ်းမှုနဲ့ စွပ်စွဲပြီး



ဖမ်းထားတာ (၂)လချုပ်ထားပြီး ဖြစ်ပါတယ်။ အမှုကို မစစ်ဆေးသေးပါဘူး။

ဦးကြာအောင် - ပေါက်တောအလယ် ကျွန်းတိုက်နယ် ဖဆပလ ဥက္ကဋ္ဌကို အမှုတစ်စုံတစ်ရာမရှိဘဲ ဂျပန်ခေတ်က ကတိဖျက်မှုနဲ့ ဖမ်းဆီးခဲ့ပါတယ်။ (၆) လတိုင်တိုင် မစစ်ဆေးဘဲ ချုပ်ထားပြီးမှ သူ့ကို ထောင်ဒဏ် တစ်နှစ်ခွဲ ချလိုက်တော့တယ်။

အောက်ပါတို့မှာ ဖမ်းဆီးတာခံရတဲ့ ပြောက်ကျား ခေါင်းဆောင်တွေ ဖြစ်ကြပါတယ်။ သူတို့မှာ-

ကြာနီအောင် - ပြောက်ကျားစစ်တပ်ရဲ့ ဒုတိယဗိုလ်ချုပ်ကို ဂျပန်ခေတ်က ခိုးမှုနဲ့ဖမ်းပြီး ပလက်ဝပုလိပ်ဌာနမှာ ချုပ်နှောင်ထားတာ (၃)လခန့် ကြာနေပြီ။ ဒါပေမဲ့ သူ့အမှုကို စစ်ဆေးတာ မပြုသေးပါ။

မောင်လှစိန် - ပြောက်ကျားတပ်သား (၃၀)ကို ခေါင်းဆောင်ပြီး မေဂျာဘရုန်းအတူ ဂျပန်တို့ကို တိုက်ခိုက်ခဲ့သူကိုတော့ ဂျပန်ခေတ်က လူကိုသေနတ်နဲ့ ပစ်မှုကြောင့် ဖမ်းဆီးပြီး အလုပ်ကြမ်းနဲ့ ထောင်ဒဏ် (၄)နှစ် ချလိုက်ခဲ့ပါတယ်။

ချစ်လှဖြူ - မဟာမိတ် စစ်တပ်ကို လေထီးနဲ့ဆင်းပြီး ကူညီခဲ့တဲ့ ပြောက်ကျားခေါင်းဆောင် တစ်ဦးဖြစ်သူကိုတော့ မတရားသဖြင့် လက်နက်ကိုင်ဆောင်မှုနဲ့ ဖမ်းဆီးပြီး အလုပ်ကြမ်းနဲ့ ထောင်ဒဏ် တစ်နှစ်ခွဲ ချလိုက်ပါတယ်။

ရွှေယ - မင်းပြားမြို့က ပြောက်ကျား (၆၀)ကို ခေါင်းဆောင်ပြီး ဗြိတိသျှနဲ့ အမေရိကန်စစ်တပ်နဲ့ အတူပူးပေါင်းတိုက်ခိုက်ခဲ့သူကိုတော့ ဖမ်းဆီးပြီး မစစ်ဆေးဘဲ (၁၁)လတိုင်တိုင် ချုပ်ထားခဲ့လေတော့တယ်။ ပြီးတော့ အဲဒီလို ချုပ်ထားစဉ် အထူးပဲ ရက်စက်စက်[illegible]နှက်ခဲ့သေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ မြေခွေးရဲ့ကောက်ကျစ်တဲ့နည်းမျိုးနဲ့ အစွမ်းကုန် ကောက်ကျစ်ညစ်ပတ်ပြီး ရခိုင်မျိုးချစ်တော်လှန်ရေးသမားတွေကို တစ်ဖက်လှန့် ပြောဆိုလက်နက်ချခိုင်းပြီးနောက်မှာ သူတို့အတွက် လုံးဝ လွတ်လပ်ရေးမပေးဘဲ အချုပ်ထောင်၊ ကြိုးစင်နဲ့ ညှဉ်းပန်း နှိပ်စက်မှုတို့သာ ပေးခဲ့ကြပါတော့တယ်လေ။

'လူသားတွေကို ကျော်လွှားနိုင်သူ။ (ဒါမှမဟုတ်) လူသား တွေကို ကျိုးနွံအောင် ချိုးနှိမ်နိုင်တဲ့သူဟာ လက်အောက်လူတွေရဲ့ မုန်းတီးတာကို မထီမဲ့မြင်ပြုရမယ်'

**(လော့ဒ်ဘိုင်ရွန်)**

■

(၆) **ဖက်ဆစ်တော်လှန်ရေးဆိုတာ**

ရဲစွမ်းသတ္တိရှိတဲ့သူဟာ ယုံကြည်ချက်ရှိတဲ့သူပဲ ဖြစ်တယ်၊

နောက်စာတစ်ပုဒ်လဲ ရှိပါသေးတယ်။ မိမိမှတ်မိသလောက် တင်ပြလိုက်ပါ။

**ရခိုင်မျိုးချစ်တွေ တော်လှန်ခဲ့စဉ်ကဆိုတာပဲ**

၁၉၄၂-ခုနှစ်ကပဲ ဖြစ်ပါတယ်။ ရခိုင်မျိုးချစ်လူငယ်တို့ဟာ ဒီပါရုံ၊ အမြင့်ကျွန်း၊ ကျောက်တန်းတို့ကို ဖြတ်ကျော်ပြီး မယုလမ်းမကြီး ကို သိမ်းပိုက်ခဲ့ကြပါတယ်။ မယုလမ်းမကြီးက ဆိပ်တိုက်ညောင်ပင် စခန်းမှာ ဗြိတိသျှတပ်နဲ့ ရင်ဆိုင်တိုက်ခါကြပါတယ်တဲ့။

ထရပ်ကားကြီးတွေနဲ့ ချီတက်လာကြတဲ့ ဗြိတိသျှစစ်သား တို့ဟာ လက်နက်အင်အားကြီးမားပေမယ့် စိတ်ဓာတ်ကျဆင်းနေတာ ကြောင့် နောက်ဆုတ်ထွက်ပြေးခဲ့ကြတာကို တွေ့ခဲ့ရပါတယ်။ ရခိုင်



မျိုးချစ်တပ်သားတို့ဟာ စစ်တွေမြို့ကို ဗြိတိသျှတို့လက်ထဲက အတင်း ပြန်ယူရန်အတွက် ရခိုင်စစ်ကြောင်းချီတက်လာခဲ့တဲ့ လွတ်လပ်ရေး တပ်မတော် ဗိုလ်မှူးရန်အောင်နဲ့အတူ လိုက်ပါလာကြပါတယ်။

စစ်တွေမြို့ရဲ့ အဝင်ဝတံခါးဖြစ်တဲ့ ဆိပ်တိုက်ညောင်ပင်စခန်းမှာ ခေတ္တအနားယူခဲ့ကြပါတယ်။ ဒီဆိပ်တိုက်ညောင်ပင်စခန်းဟာ ရှေးနှစ် ပေါင်း ၅၀၀-ကျော်လောက်က အကျာမြို့ရဲ့ ပင်လယ်ဆိပ်ကမ်းပဲ ဖြစ်ပါတယ်။ အာကျပ်တော်ကုန်းက လက်ဝဲသလုံးတော်စေတီရဲ့ အရိပ်အာဝါသကို ခိုလှုံခဲ့လျက်နဲ့နေခဲ့ကြတာ ဖြစ်ပါတယ်။

ဒီဆိပ်တိုက်ညောင်ပင်စခန်းမှာ နှစ်ပေါင်း ၁၀၀-ကျော်က ရခိုင်မျိုးချစ်ကြီးတွေ ဖြစ်တဲ့မင်းသားကြီး ဦးရွှေဘန်း၊ ဒေးဝန်ကြီး ဦးအောင်ကျော်ရွှီနဲ့ မြို့သူကြီး ဦးအောင်ကျော်ဇံတို့ဟာ ဗြိတိသျှကို တော်လှန်ရေး စီစဉ်ခဲ့တဲ့ လျှို့ဝှက်စခန်းတစ်ခုလဲ ဖြစ်ခဲ့တယ် ဆိုပါတယ်။

ရခိုင်မျိုးချစ်တပ်သားတွေဟာ စစ်တွေမြို့ကို အတင်းထိုး ဝင်မိကြရာ ဗြိတိသျှတပ် နောက်ဆွယ်တပ်တို့ဟာ ဖရိုဖရဲထွက်ပြေး ကြလေတော့တယ်။ ရခိုင်မျိုးချစ်တွေ၊ ဗမာ့လွတ်လပ်ရေး တပ်မတော် သားတွေက စစ်တွေကိုသိမ်းပိုက်ပြီးမှပဲ နီပွန်ရှေ့ပြေးတပ်သားတို့တွေ အ ဝင်လာကြတာကို တွေ့ရပါတော့တယ်။

ရခိုင်မျိုးချစ်လူငယ်တို့ ခုလိုတော်လှန်ခဲ့ကြတဲ့ အဖြစ်အပျက် တွေကို ရာဇဝင်မှာ များများကိုပဲ တွေ့လာရပါတော့တယ်။ ရခိုင်မြေဟာ အာဇာနည်တွေရဲ့ မြေဖြစ်တာကို ရာဇဝင်အဖြစ်အပျက်တွေက သက်သေထူလျက်ရှိသေးတယ်လဲ ဆိုပါတယ်။

ရှေးနှစ်ပေါင်းများစွာက ကဏ္ဍယနဒီခေါ် ကုလားတန်မြစ်ဖျားက ဆင်းသက်လာတဲ့ အစ္စနမင်းရဲ့သားတော် မာရယုမင်းသားဟာ ရက္ခပူရ

www.burmeseclassic.com

www.burmeseclassic.com



တိုင်း ဝေသာလီမြို့တော်ကို ဝင်ရောက်ဖြိုဖျက်နေတဲ့ လူသားစားတို့ရဲ့ ရန်စွယ်ကို ခုခံကာကွယ်ပြီး ရခိုင်မျိုးရိုးကို စောင့်ရှောက်ပေးခဲ့ရတာယ်လဲပဲ ဆိုခဲ့ကြပါတယ်။

ရာဇဝင်မှာ အာဇာနည်ဘုရင်မင်းဗာကြီးဟာ သတ္တိခဲရခိုင်အာဇာနည် မဟာကျော် ဆရာကြီးဦးမြဝါတို့နဲ့ ရခိုင်ပြည်ပိုင်ဆိုင်တဲ့ ဘင်္ဂါ ၁၂-မြို့ကို အထူးအင်အားကြီးမားတဲ့ မဂိုဘုရင် လက်ခုပ်တွင်းက ကာယ်ယူခဲ့ဖူးတယ်ပဲ မဟုတ်ပါလား။

ဘဝရှင် မင်းဖလောင်းကြီးဟာ အလွန်ပရိယာယ်များလှပြီး လက်နက်အင်အား ကြီးမားတဲ့ ပေါ်တူဂီတို့ရဲ့ ရန်ကို ရခိုင်ရေတပ်အင်အားနဲ့ ခုခံတိုက်ခိုက် အောင်မြင်ခဲ့ဖူးတယ်ပဲ မဟုတ်ပါလား။

မင်းခမောင်းကြီး၊ စာဆိုဥက္ကာပျံနဲ့ သက်မင်းကောင်းလှဖြူတို့ဟာ မြန်မာပြည်ကို တိုက်ခိုက်ဝင်ရောက်လာခဲ့တဲ့ ယိုးဒယားစစ်သည်တို့ကို တိုက်ထုတ်ခဲ့ဖူးတယ်ပဲ မဟုတ်ပါလား။ မတရား ကျူးကျော်စော်ကားဖိနှိပ်မှုမှန်သမျှကို ခုလိုပဲ ရခိုင်အာဇာနည်တွေ တော်လှန်ခဲ့ဖူးကြတာပဲ ဖြစ်ပါတော့တယ်။

ရခိုင်ပြည်ပျက်ကိန်းကြုံလို့ အကွဲကွဲအပြားပြား ဖြစ်နေတဲ့ အချိန်အခါမှာ ဘိုးတော်နယ်ချဲ့သမားတွေဟာ အတင်းဝင်ရောက်သိမ်းပိုက်ခဲ့ပါတယ်။ ရခိုင်ပြည်ကို အမျိုးမျိုးကြေမွအောင် ဖျက်ဆီးခဲ့ကြပါတယ်။ ရက္ခိုင်အာဇာနည် နန္ဒိသေနဗန္ဓုလာဘွဲ့ခံ ဗိုလ်မှူးချုပ် မျက်တောင်ရှည်နဲ့ ချင်းပုံလက်ရုံးပေါ်တို့ဟာ ကိုယ့်ပြည်ကိုယ့်လူမျိုးအတွက် အကြိမ်ကြိမ် တော်လှန်ခဲ့ကြဖူးလေခဲ့ပါတယ်ပဲ မဟုတ်ပါလား။

တစ်ကြိမ်တုန်းက ရခိုင်ပြည်အလုံးမှာ မိမိတို့လက်ဝယ်သို့ ပြန်လည်ရောက်ရှိခဲ့ဖူးပါတယ်။ ရခိုင်အမှန်နဲ့ တွေ့ကြုံရလေခဲ့ပါတယ်။



နောက်တော့ နယ်ချဲ့တစ်ဦးကို နှင်လိုလို့ မျိုးချစ်လူငယ်တို့ဟာ ကိုယ့်ပြည်ကို နယ်ချဲ့လက်က ပြန်လည်ရရှိလိုတဲ့ ဆန္ဒနဲ့ ဘင်္ဂလားနယ်တွင်းမှာ ရခိုင်မျိုးချစ် တော်လှန်ရေး အဖွဲ့ကို ဗြိတိသျှအကူအညီနဲ့ ဖွဲ့စည်းခဲ့ကြပါတယ်။ ရခိုင်ပြည်တွင်းသို့ ဗြိတိသျှတပ်တွေနဲ့အတူ ဝင်ရောက်ခဲ့ကြပါတော့တယ်။

မြောက်ဦးမြို့တော်ကို ပြန်လည်သိမ်းပိုက်စဉ်က ရခိုင်မျိုးချစ်လူငယ်တွေဟာ ရှေ့တန်းက ပါဝင်ခဲ့ကြပါတယ်။ ဒါပေမဲ့ နယ်ချဲ့မှန်သမျှဟာ အသွေးအရောင်ကွဲပြားစေကာမူလဲ စိတ်သဘောဆန္ဒမှာ တူညီတာပဲ ဖြစ်ပါတယ်။ ဗြိတိသျှနယ်ချဲ့သမားဟာ ရခိုင်မျိုးချစ်တို့ကို ပေးခဲ့တဲ့ ကတိကို အလွယ်တကူနဲ့ ဖောက်ဖျက်လိုက် ကြတော့တယ်။ ရခိုင်ပြည်ဟာ နယ်ချဲ့တစ်ဦးလက်က အခြားနယ်ချဲ့တစ်ဦးလက်သို့ ကူးပြောင်းခဲ့ရတော့တယ်ပဲ ဆိုပါတော့တယ်။

မျိုးချစ်အာဇာနည် မင်းသားကြီး ဦးရွှေဘန်း၊ ဒေဝနန်းကြီး ဦးအောင်ကျော်ရှိန်နဲ့ မြို့သူကြီး ဦးအောင်ကျော်ဇံတို့ ဦးဆောင်တဲ့ ဗြိတိသျှနယ်ချဲ့ တော်လှန်ရေး ရခိုင်အာဇာနည် မျိုးချစ်တပ်ဖွဲ့တွေဟာ ဗြိတိသျှအုပ်စိုးပြီးလို့ နှစ်နှစ်မျှမကြာခင်မှာ တစ်ပြည်လုံးက ထကြွခဲ့လေခဲ့ကြပါတော့တယ်။

အဲဒီလို လှုပ်ရှားမှုကြီးဟာ နှစ်အနည်းငယ်လောက် ငြိမ်းအေးသွားတယ်လို့ ထင်ရပေမယ့်လည်း ရခိုင်လူမျိုးတို့အနေနဲ့ လွတ်လပ်ရေးဆုံးရှုံးပြီး သူတစ်ပါးလက်အောက်သို့ ရောက်ရတဲ့အဖြစ်ကို ဘယ်လိုမှ လက်ခံနိုင်ခဲ့ကြတာ မဟုတ်ပါဘူး။

ဒီလိုနဲ့ ဗြိတိသျှအုပ်ချုပ်မှု လက်အောက်မှာ နှစ်ပေါင်းများစွာ ပြည်ရွာမငြိမ်မသက်ခဲ့တာက ငြိမ်းအေးစပြုလာသလိုလို့ တွေ့ရပြီး စီးပွားရေး တိုးတက်လာမှုတို့ကို မြင်ကြရလေ ခဲ့ပါတယ်လဲဆိုခဲ့

www.burmeseclassic.com



အဲဒါတယ်။

ရခိုင်လူမျိုးတို့ဟာ အင်္ဂလိပ်နဲ့ တွေ့ဆုံရတာနဲ့ အနောက်နိုင်ငံ ယဉ်ကျေးမှုတို့ကို ဦးစွာရရှိလာကြတယ်။ ဒါပေမဲ့ သူတစ်ပါးအောက် ကျွန်သဘောက်ဘဝကိုတော့ ဘယ်လိုမှ လက်သင့်ခံလို့ ရောင့်ရဲ တင်းတိမ်လို့ ရှိကြတာ မဟုတ်ခဲ့ပါ။

၁၈၇၀-ခုလောက်မှာ ဗိုလ်ဦးဖြူက တော်လှန်လို့၊ ၁၈၈၈-ခုမှာ ဗိုလ်မော်ဒ်ပိုင်နဲ့ ဗိုလ်တောတို့တော်လှန်ခဲ့တယ်။ ၁၈၉၀-ခုမှာ ဗိုလ်ကြာထွန်း၊ ဗိုလ်ရွှေလှနဲ့ ဗိုလ်လာဘျတို့ဟာ တော်လှန်ခဲ့ကြတယ်တဲ့။ အဲဒီလို ဆက်ကာဆင့်ကာ တော်လှန်ခဲ့ကြပါတယ်။ ၁၈၉၂-ခုနှစ်မှာ မယူမြစ်ရဲ့ မင်္ဂလာကြီးတောင်ကို အခြေပြုပြီး ချင်းဗိုလ်နဲ့ ဗိုလ်ဖော်အောင် တို့ဟာ လက်နက်ကိုင် တော်လှန်ရေးကြီးကို ဖန်တီးခဲ့ကြပြန်ပါတော့ တယ်။

ဒါပေမဲ့ ရခိုင်ပြည်နဲ့ ရခိုင်လူမျိုးတို့ရဲ့ လွတ်လပ်ရေးကို အသက်တမျှ ချစ်ခင်မြတ်နိုးကြတဲ့ ရခိုင်မျိုးချစ်အာဇာနည်တို့ရဲ့ လက်နက်ကိုင်တော်လှန်ရေး လမ်းစဉ်မှာ အခြေအနေအရ မအောင်မြင် ခဲ့တဲ့အတွက် စည်းရုံးမှု၊ ညီညွတ်မှုကို ရယူပြီးတော့ ဥပဒေအတွင်း ဆောင်ရွက်တဲ့ လမ်းစဉ်သို့ တစ်ဖန် ကူးပြောင်းခဲ့ ကြရပြန်ပါ တော့တယ်။

ဗြိတိသျှလက်အောက်သို့ အတူတူ ကျရောက်နေကြတဲ့ ရှမ်း၊ကရင်၊ ဗမာ၊ ကချင်၊ ချင်း၊ မွန်အစရှိတဲ့ ပြည်ထောင်စု မြန်မာနိုင်ငံ သား အားလုံးရဲ့ သွေးစည်းလှုပ်ရှားမှုကို ရခိုင်အမျိုးချစ် ကိုယ်တော် ဦးဥတ္တမက စတင်ပြီးစခဲ့တော့တယ်။

ရခိုင်မျိုးချစ်တွေဖြစ်တဲ့ ဦးမြဲအောင်၊ ဦးစိန်လှအောင်တို့ရဲ့ နိုင်ငံရေး စွမ်းဆောင်မှုကို မှတ်တမ်းတွေများစွာမှာ ဖတ်ရှုကြရပါတယ်။ စာရေး



ဆရာတစ်ဦးက ဦးစိန်လှအောင်ကို ရန်သူဖြစ်တဲ့ ဗြိတိသျှလက်ပါးစေ တို့က အဆိပ်ပင် ခတတိုက်ခဲ့ကြတယ်လို့ ရေးသားထားလေခဲ့ပါတယ်။

ဦးမြထွန်း၊ ဦးထွန်းအောင်၊ ဦးရွှေသာ၊ ဦးသာစံလှ၊ ဦးအောင်ထွန်း၊ ဦးစံရွှေဘုတို့ဟာလဲ ရခိုင်ခေါင်းဆောင်ကြီးတွေ ဖြစ်ခဲ့ကြပါတယ်။ ရခိုင်ပြည်အသင်း၊ လူငယ်နိုးကြားရေးအသင်း၊ ရခိုင်အမျိုးသား ဗွန်ဂရက်အသင်းကြီးတို့ဟာ ရခိုင်ပြည်က ဗြိတိသျှ ဆန့်ကျင်ရေး အဖွဲ့အစည်းတွေပဲ ဖြစ်ခဲ့ကြလေတော့တယ်။

ဆရာတော် ဦးစိန္တနဲ့ ဆရာတော် ဦးပညာသီဟတို့ရဲ့ ဦးဆောင်မှု တွေကို လူတိုင်းသိရှိထားပြီးသားပဲ ဖြစ်ခဲ့ပါတယ်။ ရခိုင်လူငယ်တို့ရဲ့ ဂျပန်တော်လှန်ရေး လှုပ်ရှားမှုတွေကို မှတ်တမ်းတင်ပြီး ထားသင့်ကြပါ တယ်။ ဒါကြောင့် လက်လှမ်းမီသလောက် အကျဉ်းမျှဖော်ပြလိုတယ် ဆိုပြီးတော့မှ ရခိုင်မျိုးချစ်တွေ စစ်တွေမြို့ကို အင်္ဂလိပ်လက်အောက်မှ ထယ်တင်ခဲ့တယ်။ ဂျပန်နဲ့ပူးပေါင်းပြီး ဗြိတိသျှနယ်ချဲ့ကို တော်လှန် ခဲ့ကြရာမှာ နယ်ချဲ့လက်ခုပ်တွင်းက လွတ်မြောက်သွားခဲ့တယ်လို့ ဆိုခဲ့ ပါတယ်။ ဖက်ဆစ်ကြီးဖဝါးအောက်သို့ သက်ဆင်းရတဲ့ အဖြစ်တွေ ဟာ အထူးကြေကွဲစရာကောင်းတဲ့ အဖြစ်ပဲဖြစ်ခဲ့ရပါတယ်။

နိုင်ငံရေးခေါင်းဆောင်တို့ဟာ ကိုယ့်ပြည်ကိုယ့်လူမျိုး လွတ်လပ် ရေးအတွက် နည်းလမ်းအမျိုးမျိုးကို အသုံးပြုခဲ့ကြပါတယ်။ ဒါကြောင့် တစ်ခါတစ်ရံ အမှားနဲ့တွေကြုံရပါတယ်။ တစ်ခါတစ်ရံမှာ အခြားနယ် ချဲ့တစ်ဦးနဲ့ ပေါင်းစည်းရတဲ့ လမ်းစဉ်ဟာ အလွန်မသေချာတဲ့လမ်းစဉ်၊ စွန့်စားရတဲ့ လမ်းစဉ်လဲ ဖြစ်ခဲ့ရပါတယ်။

အင်္ဂလိပ်တို့ဟာ နတ်မြစ်ကို ဖြတ်ကျော်ပြီး ဘင်္ဂလားသို့ ဆုတ်ခွာကြတဲ့ အချိန်အခါမှာ အနောက်တံခါးဝဖြစ်တဲ့ ဒေသတွေခရိုင် ဒီ တိုင်းရင်းသားခေါင်းဆောင်တွေက အုပ်ချုပ်လို့ ရှိခဲ့ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သီမှာ အင်္ဂလိပ်စစ်တပ်တွေ ထိုးဖောက်ဝင်ရောက်လာတာကို ခုခံနိုင်ပြီး နောက်တစ်ဖက်မှာ ဖက်ဆစ်တော်လှန်ရေးကို စီစဉ်ကြရ ခဲ့ပါတယ်လို့ ဆိုပါတယ်။

လက်နက်အပြည့်ဖြည့်ပြီး ကုလားတန်မြစ်ဖျားကို တိတ်တဆိတ် ခုတ်မောင်းသွားတဲ့ မော်တော်ဘုတ်နှစ်စင်းကို ဂျပန်စစ်တပ်တွေက သိမ်းပိုက်တာကို မကြာခင်မှာဘဲ တွေ့မြင်လိုက်ကြရပါတော့တယ်။ မယူမြစ် ကမ်းခြေသို့ တက်သွားကြတဲ့ ဗိုလ်လှထွန်းကျော်၊ ဗိုလ်နီထွန်း၊ ဗိုလ်သာထွန်းအောင်၊ ဗိုလ်ရွှေသာတို့ပဲ ဖြစ်ခဲ့ပါတယ်။

ကုလားတန်မြစ်ဖျားပလက်ဝနယ်ကို လက်ရသိမ်းပိုက်ကြတဲ့ ဦးကျော်မြ၊ ဦးမောင်နီ၊ ဗိုလ်စောဦး၊ ဦးထွန်းဝင်းနဲ့ ဗိုလ်ကြာလှအောင် တို့ပဲ ဖြစ်ကြပါတယ်။

မောင်းဆွဲစခန်းမှာ ဌာနချုပ်ဖွင့်လှစ်ကြတဲ့ ခရိုင်ခေါင်းဆောင် ဦးဘစိန်နဲ့ ခရိုင်မှူး ဦးစံတင်တို့ပဲ ဖြစ်ခဲ့ကြပါတယ်။

ပြတေားစခန်းမှာ လှုစုနေခဲ့ကြတဲ့သူဟာ ဆရာတော် ဦးပညာသီဟ တို့ပဲ ဖြစ်ကြပါတယ်။ တော်လှန်ရေးအတွက် လှုပ်ရှားနေကြတဲ့အခါ အထူးအရေးကြီး ပါဝင်သွေးစည်းနိုင်ခဲ့ကြပါတော့တယ်။

''ရဲရဲဝံ့ဝံ့ မလုပ်ဘဲနဲ့
ဘယ်သူမှ ကြီးမြတ်တဲ့အဆင့် တစ်ခုသို့
မရောက်နိုင် ''

(ပူဘလီလီလူစ်ဆေးရှုးစ်)



(၇) သဘောထားကြီးမားမှုတစ်ခု
လူ့အဖွဲ့အစည်းဆိုတာ လူအချင်းချင်း
ယုံကြည်စိတ်ချမှုမှာ တည်ဆောက်ထားတယ်။

## ရခိုင်တိုင်းရင်းသားတွေရဲ့ သမိုင်းမှတ်တိုင်သစ်တစ်ခု

မိမိဖတ်ဖူးတဲ့ စာတစ်ပုဒ်မှာလဲ ဒုတိယကမ္ဘာစစ်ပြီးကာလ မြန်မာ့လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်တဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ အပူတပြင်း လှုပ်ရှားနေချိန်ပဲဖြစ် ပါတယ်။ တနည်းအားဖြင့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းဟာ ပင်လုံညီလာခံကြီးကို ကျင်းပပြီးခါစ အချိန်မှာပဲ ရခိုင်တိုင်းရင်းသားခေါင်းဆောင်တို့ဟာ တိုင်းရင်းသားစည်းလုံးညီညွတ် ရေးအတွက် သမိုင်းမှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်ခဲ့ ကြတယ်လို့ ဆိုနိုင်ခဲ့ပါတယ်။

အဲဒါကတော့ ဒုတိယကမ္ဘာစစ်ပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည် ဝင်ရောက်လာတဲ့ ဗြိတိသျှအစိုးရရဲ့ စက္ကူဖြူစာတမ်းမှာ ရှမ်းပြည်အပါ အဝင် တောင်တန်းဒေသတွေကို မြန်မာပြည်မနဲ့ အဆိုပါဒေသတွေဟာ တစ်စည်းတစ်လုံးတည်း ပူးပေါင်းဖို့ တောင်တန်းသားတွေက ဆန္ဒမရှိ သရွေ့ အဲဒါ ဒေသတွေကို ဘုရင်ခံက သီးခြားအုပ်ချုပ်သွားတယ် လို့ ဖော်ပြထားပါတယ်။ စက္ကူဖြူစာတမ်းအရ ပြည်မနဲ့တောင်တန်း ခွဲခြား ထားတာဟာ ဗြိတိသျှတို့ရဲ့ သွေးခွဲအုပ်ချုပ်ရေးစနစ် (Divided and Rule Policy) ကို စွဲကိုင်ထားတာကို အထင်အရှား တွေ့နိုင် ခဲ့ကြပါတယ်တဲ့။

ရခိုင်တောင်တန်းနယ်ဟာလဲပဲ ဗြိတိသျှအစိုးရရဲ့ သွေးကွဲစည်းရုံး ကြောင့် ပြည်မနဲ့မပူးပေါင်းဘဲ အင်္ဂလိပ်လက်အောက်မှာသာ နေမလို

www.burmeseclassic.com



ဖြစ်လာခဲ့ပါတယ်။ အဲဒီသတင်းကို ဗိုလ်ကြာလှအောင် (ရခိုင်တိုင်း ဖက်ဆစ်တော်လှန်ရေး ပြောက်ကျားခေါင်းဆောင်)က ဗိုလ်ချုပ် အောင်ဆန်းထံ သတင်းပို့ရာ ဗိုလ်ချုပ်အောင်ဆန်းက "ရခိုင် ပြည်မနှင့် ရခိုင်တောင်တန်းနယ် မကွဲရအောင် ကြိုးစားဖို့ ခင်ဗျားတို့ ရခိုင်တွေ တာဝန်ပဲ"လို့ဆိုပြီး တာဝန်ပေးခဲ့ပါတယ်။

ဒါကြောင့် ဗိုလ်ကြာလှအောင်နဲ့ ဦးညိုထွန်း (ရခိုင်တိုင်းနိုင်ငံရေး ခေါင်းဆောင်) တို့ဟာ ရခိုင်တောင်တန်း နယ်သားတွေကို စည်းရုံးဖို့ရန် ၁၉၄၆ခုနှစ်၊ အောက်တိုဘာလက ဒီဇင်ဘာလအတွင်း ပလက်ဝနယ် မီးချောင်းတစ်လျှောက်က ကျေးရွာတွေသို့ တစ်ရွာဝင် တစ်ရွာထွက် လှည့်လည်ဟောပြောပြီး စည်းရုံးရေးခရီးထွက်ခဲ့ပါတော့တယ်။ ဦးညိုထွန်းဟာ ရခိုင်တိုင်းဖက်ဆစ် ဂျပန်တော်လှန်ရေးအတွက် အိန္ဒိယနိုင်ငံက ဦးသိန်းဖေမြင့်နဲ့အတူ စီစဉ်ညွှန်ကြားလုပ်ကိုင်ခဲ့ရသူ ရခိုင်တိုင်းရဲ့ နိုင်ငံရေးခေါင်းဆောင်ကြီးပဲ တစ်ဦးဖြစ်ပါတယ်။ ဗိုလ်ကြာလှအောင်ဟာ ဖက်ဆစ်ဂျပန်ကို တော်လှန်စဉ်က ပလက်ဝနယ်ကို အခြေစိုက် တော်လှန်ခဲ့သူပဲဖြစ်ပါတယ်။ ရခိုင်တိုင်းရင်းသားတို့ နဲ့အတူ သက်၊ မြို၊ ခမီးတိုင်းရင်းသားတွေနဲ့ တက်ညီလက်ညီ ပူးပေါင်းပြီး တော်လှန်ရေးကို ဦးဆောင်ခဲ့သူလဲ ဖြစ်ပါတယ်။ ဒါကြောင့် ဗိုလ်ကြာလှအောင်က ဟောပြောပွဲတွေမှာ-

"ပလက်ဝရှိ ရခိုင်တောင်တန်းနယ်သားတွေနဲ့ ရခိုင်တိုင်းရင်းသားတွေဟာ နယ်ချဲ့ကိုရော၊ ဖက်ဆစ်ကိုပါအတူတကွ သွေးမြေကျခံကာ တိုက်ခိုက်ခဲ့သူတွေ ဖြစ်ကြပါတယ်။ ယခုလွတ်လပ်ရေး ရတော့မယ်ဆိုမှ အင်္ဂလိပ်နဲ့ပူးပေါင်းပြီး ကျန်ခဲ့တော့မယ်လို့ သိရပါတယ်။ ရခိုင်တွေနဲ့ တန်းတူ စွန့်လွှတ်အနစ်နာခံခဲ့ကြပါလျက်နဲ့ ကျန်နေခဲ့မှာတို့ ဝမ်းနည်းပြီး ပလက်ဝနယ်က တိုင်းရင်းသားတိုင်းသိအောင် ပြောပြချင်လို့



အခုလို လာရတာပဲ ဖြစ်ပါတယ်"လို့ ဟောပြောခဲ့ပါတယ်။

ဒီနောက်ပိုင်းမှာတော့ ရခိုင်တောင်တန်းနယ် ဖဆပလ ပြန်လည်ဖွဲ့စည်းကြောင်း တောင်တန်းအရေးပိုင်ထံ အကြောင်းကြားစာ ရောက်ရှိလာခဲ့ပါတယ်။ ဒါ့ပြင် ရခိုင်တောင်တန်းအနှံ့ လူထုအစည်းအဝေးတွေ ပြုလုပ်ကြပြီး တောင်တန်းနယ်သား ကိုယ်စားလှယ်တွေ လက်မှတ်ရေးထိုးထားတဲ့ "ရခိုင်တောင်တန်းနယ်သားများသည် မကြာမီကိုယ်ပိုင်အုပ်ချုပ်ရေး ရရှိတော့မည်၊ မြန်မာပြည်မနှင့် ပူးပေါင်းလိုသောဆန္ဒရှိကြောင်း"တောင်းဆိုစာကို တောင်တန်းနယ်အရေးပိုင်ထံ တင်ပြလာခဲ့ပါတယ်။ ချင်း၊ ရခိုင်၊ ဗမာချစ်ကြည်ရေး ညီလာခံကြီးကို ဝလက်ဝမြို့မှာ ၁၉၄၇ခုနှစ်၊ မတ်လ ၂၈ ရက်နေ့က ၃၀ရက်နေ့အထိ သုံးရက်တိုင်တိုင် ကျင်းပခဲ့ပါတယ်။ အဲဒီညီလာခံကြီးမှာ ရခိုင်တောင်တန်းနယ်သားတွေသာမက ရဲတပ်ဖွဲ့နဲ့ အစိုးရအမှုထမ်းများ ပါဝင်ပြီး ရခိုင်တောင်တန်းနယ်ကို မြန်မာပြည်မနဲ့ ပူးပေါင်းရန်"အထိ တောင်းဆိုခဲ့ကြတယ်။

ဒီလိုနဲ့ ဗြိတိသျှနယ်ချဲ့တို့ရဲ့ သွေးခွဲမှုကို ချေဖျက်နိုင်ခဲ့ကြပါတယ်။ ရခိုင်တောင်တန်းနယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဘောင်အတွင်းက မခွဲထွက်သွားရအောင် ရခိုင်တိုင်းရင်းသားတို့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရခိုင်တိုင်းရင်းသားတို့ အနေနဲ့ ပြည်ထောင်စုကြီး တစ်စည်းတစ်လုံးတည်း လွတ်လပ်ရေးရအောင် တစ်တပ်တစ်အား တစ်ခန်းတစ်ကဏ္ဍက ဆောင်ရွက်နိုင်ခဲ့ကြတယ်လို့ ဆိုပါတယ်။

"အသေးအဖွဲ့ရှိသေလေးစား ဂါရဝအမှုတွေဟာ ဘဝကိုချိုမြစေတယ်၊ ကြီးမားတဲ့ ရှိသေလေးစားမှုတွေဟာ ဘဝကိုမွှမ်းမြတ်စေတယ်"

(ဘိုနီ)

www.burmeseclassic.com

www.burmeseclassic.com



## (၈) ရခိုင်တော်လှန်ရေးသမိုင်း

" နိုင်ငံရေးသမားတစ်ဦးရဲ့ အသည်းနှလုံးဟာ
သူ့ရဲ့ခေါင်းထဲမှာ အမြဲရှိနေတယ် "
(နပိုလီယံ)

နောက်ဆောင်းပါးတစ်ပုဒ်လဲ ရှိပါသေးတယ်။
မိမိဖတ်မှတ်မိခဲ့တာပါ။ ဒါဟာ..ရခိုင်ပြည်တော်လှန်ရေးတဲ့

၁၆ ကြိမ်မြောက် ၁၉၁၆ ခု၊ မတ်လ ၂၇ ရက်နေ့
ရေသားချက်ပါတော်လှန်ရေး-တဲ့

ဒီနေ့ (၁၆)ကြိမ်မြောက် တော်လှန်ရေးနေ့ကြီးအတွက် ပြည်ထောင်စု တစ်ဝန်းလုံး သတိရကြရန် ဖြစ်ပါတယ်။ ဂျပန် တော်လှန်ရေးကို သရုပ်ဖော်ရာမှာ ရခိုင်အမျိုးသားတို့ရဲ့ တော်လှန်ခဲ့ကြပုံကို သီးသီးခြားခြား ဖော်ပြခဲ့ရာ အချို့ချို့သော ပုဂ္ဂိုလ်တွေက အမြင်ကျဉ်းတယ်၊ လူမျိုးရေး စိတ်ဓာတ်ဆန်တယ် စွပ်စွဲကြမယ်ဖြစ်ပေမယ့်လဲ တော်လှန်ရေးနှင့် ပတ်သက်ပြီး ရခိုင်အမျိုးသားတို့ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ပုံကို ဖော်မပြက မဖြစ်လို့ဖော်ပြတာ စိတ်ထားမြင့်မြတ်တဲ့ မြန်မာ့အမျိုးသား မျိုးချစ်ပုဂ္ဂိုလ်တွေတော့ ဒီလာ ထင်ကြမှာ မဟုတ်ပါဘူး ဆိုပါတယ်။

### ရခိုင်မျိုးချစ်တော်လှန်ရေးသမားများမှာ

မြန်မာ့ရာဇဝင်မှာ တော်လှန်ကြတဲ့ ဗမာ့မျိုးချစ်တွေကဲ့သို့ ရခိုင်ရာဇဝင်မှာလဲ မိမိတိုင်းပြည်နဲ့ မိမိတို့လူမျိုးတို့အတွက် တော်လှန်ခဲ့ကြပါတယ်။

ဘုရင်မင်းဗာကြီး၊ မဟာပညာကျော်တို့ရဲ့ စွမ်းရည်သတ္တိမှာ အနောက်ဘင်္ဂလား ၁၂ မြို့ကို စိုးပိုင်လာတဲ့ သူရတန်ဘုရင်ကို တော်လှန်ခဲ့ဝဲ ဖြစ်ပါတယ်။ အဲဒီနည်းအတူ ဘုရင့်နောင်၊ တပင်ရွှေထီးတို့ ရခိုင်ပြည်သို့ ကျူးကျော်ခဲ့စဉ်ကလဲ မင်းဗာကြီး၊ မင်းဖလောင်းနဲ့ အပေါင်းပါ မဟာပညာကျော်တို့ကတန်ပြန် တော်လှန်ခဲ့ကြတာပဲ ဖြစ်ပါတယ်။



### ရခိုင်ရေတပ်သားတို့ရဲ့ တန်ပြန်စွမ်းရည်မှာ

ဗိုလ်မှူးချုပ် မျက်တောင်ရှည်၊ လက်ရုံးပေါ်၊ ဗိုလ်ချင်းပျံ၊ ခေါ်လုံး၊ ငခွက်ပေါက်၊ ကျွဲတစ်ကောင်နိုင် စတဲ့ ပုဂ္ဂိုလ်တို့ဟာ ရခိုင်တော်လှန်ရေးသမားတွေ အဖြစ် မှတ်တမ်းတွေမှာ အထင်အရှားရှိနေခဲ့ပါတယ်။ အဲဒီပုဂ္ဂိုလ်တို့ဟာ မဟာလူမျိုးကြီးဝါဒဖြစ်တဲ့ ကြီးနိုင်ငယ်ညှင်း ဖိနှိပ်ကျူးကျော်တာကို ချေမှုန်းတွန်းလှန်ခဲ့ကြသူတွေ ဖြစ်ပါတယ်။

### အင်္ဂလိပ်ကိုတော်လှန်ခဲ့ပုံမှာ

အင်္ဂလိပ်နယ်ချဲ့သမားတို့ အိန္ဒိယက ရခိုင်သို့ ချီတက်တိုက်ခိုက်စဉ် ရခိုင်သူရဲကောင်းတို့ အနေနဲ့ ဒေးဝန်ကြီး ဦးအောင်ကျော်ရွှေ၊ တောင်ဗားကြီး ဦးရွှေဘန်းတို့ရဲ့ တော်လှန်ခဲ့ပုံတို့ဟာ ရာဇဝင်မှတ်တမ်းတင်သာနောင်သားတို့ အမှတ်တရဖြစ်စေဖို့ရာ သူတို့ လက်မောင်းကို ဖောက်ပြီး ရရှိလာတဲ့ သွေးတွေနဲ့ စာတမ်းကြီးတွေ ရေးထိုးတော်လှန်ခဲ့ကြသူတွေပဲ ဖြစ်ပါတယ်။

ခင်းလောင်း မောင်ဖော်အောင်၊ ဦးလာဘတို့ရဲ့ မြင့်မြတ်တဲ့ တော်လှန်ရေး စိတ်ဓာတ်တွေကလဲ အခုတိုင် ရခိုင်နယ်ဘက်မှာ ပြေးမသေအောင်ကိုပဲ ရှိနေခဲ့ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂလိပ်ကို တော်လှန်ခဲ့သူတွေ

...မှာ အင်အားချင်းမမျှလို့ ဗြိတိသျှအင်္ဂလိပ်လက်အောက် ကျ
...ဘောက်ဘဝနဲ့ ရောက်ခဲ့စဉ်ကလဲ အင်္ဂလိပ်တို့ရဲ့ အပြုအမူကို ဘယ်
...နည်းနဲ့ တော်လှန်ရမလဲဆိုတဲ့ အမြင်အာရုံနဲ့ ဗြိတိသျှနယ်ချဲ့ကို စတင်ပြီး
တော်လှန်ခဲ့သူမှာ စစ်တွေမြို့ ရှမရပ်က ဦးဥတ္တမပဲဖြစ်ပါတယ်။ ဗမာ့
လွတ်လပ်ရေး လင်းရောင်ခြည်ကို စတင်ပေးခဲ့သူမှာလဲ ဦးဥတ္တမပဲ
ဖြစ်ပါတယ်။ တော်လှန်ရေးမှတ်တမ်း ရာဇဝင်ကို ရေးကြတဲ့အခါ
ဦးဥတ္တမလိုပုဂ္ဂိုလ်မျိုးကို မပါရှိ မထည့်သွင်းက မဖြစ်နိုင်တာပဲဖြစ်ပါတယ်။

## သိကြသေးရဲ့လားတဲ့

ဆရာ ဦးအောင်ထွန်းဦး၊ ဦးပညာသီဟ၊ ဦးစိန္တာ၊ ဒို့လက်ရုံး
ဦးစံရွှေ၊ ဦးဘစံ၊ ဦးညိုထွန်း၊ ဦးကျော်မြ၊ ဘုံပေါက်သာကျော်တို့
အနေနဲ့ ဗမာ့တော်လှန်ရေးသမားတွေ ဖြစ်ခဲ့ကြပါတယ်။ သခင်
လေးမောင်၊ သခင်မြ၊ သခင်စိုးတို့နဲ့ ပူးပေါင်းပြီး တော်လှန်ခဲ့ကြတာမှာ
အထင်ကရပဲ ဖြစ်ခဲ့ကြပါတယ် ဆိုခဲ့ပါတယ်။

၁၃၀၀ ပြည့်နှစ် အရေးတော်ပုံမှာတော့ ရခိုင်ကျောင်းသားတွေ
ရှေ့တန်းက ခေါင်းဆောင်ပြီး တိုက်ခိုက်ခဲ့ကြတာကို ကွယ်လွန်သူ
ဗိုလ်ချုပ်အောင်ဆန်းနဲ့ မြန်မာ့တော်လှန်ရေး ခေါင်းဆောင်တွေလဲ
အသိပဲဖြစ်ပါတယ်။ အင်္ဂလိပ်တွေတိုက်တဲ့ အခန်းမှာ ရခိုင်ပြည်ရဲ့
တော်လှန်ရေး ပုဂ္ဂိုလ်တို့မပါရင် မပြီးခဲ့ပါ။ ဒါကို ယနေ့
ဒီပုဂ္ဂိုလ်တွေအတွက် သတိရနေကြရမှာ မလွဲပါဘူး။

၁၉၄၂ ခုနှစ်၊ ဩဂုတ်လအတွင်းက တက်ဘုန်းကြီး သိန်းဖေ
(ယနေ့ သိန်းဖေမြင့်)၊ သခင်စိုး၊ ဗိုလ်တင်ရွှေ၊ ဗိုလ်တင်မြတို့ အင်္ဂလိပ်
ခံချတွန်းလှန်ရေးနဲ့ ပတ်သက်ပြီး စစ်တွေခရိုင် မင်းပြားမြို့ အနောက်



ဘက် ထီးနန်းမှာ အထပ်ထပ်ဆွေးနွေးပြီးမှ တော်လှန်ရေးအတွက် စီမံ ကိန်းချခဲ့ကြတာ ဖြစ်ပါတယ်။

## မမေ့အပ်တဲ့ သာဓကမှာ

မြန်မာနဲ့ ရခိုင်တို့ကို မလိမ့်တပတ်နဲ့ အပိုင်စီးခဲ့တဲ့ ဂျပန်ဖက်ဆစ်တို့ရဲ့ ဘေးရန်ကို ဘယ်လိုတော်လှန်ရမှာလဲလို့ ကြိုးစား ဆောင်ရွက်ရာမှာ တော်လှန်ရေးအစ ရခိုင်ကပဲဖြစ်ပါတယ်လို့ ဆိုပါတယ်။

တက်ဘုန်းကြီး သိန်းဖေမြင့်၊ ဗိုလ်တင်ရွှေတို့ကို ကုလားတန်မြစ်ရိုးတန်းတစ်လျှောက်ကနေ ဆောင်ကြဉ်းပြီး ပို့လိုက်သူတွေမှာ ရခိုင်မျိုးချစ်တော်လှန်ရေးသမားတွေရဲ့ သက်စွန့်ကြိုးပမ်းမှုပဲ ဖြစ်တာကို မမေ့အပ်တဲ့ သာဓကတစ်ခုပဲ ဖြစ်ပါတယ်။

## အင်္ဂလိပ်တပ် ၁၃၆

အင်္ဂလိပ်တပ်မဟာ အမှတ် ၁၃၆ နဲ့ ဆက်သွယ်ပြီး ပြတေားစခန်း၊ ဓောင်းဆွဲစခန်း၊ ရပ်ဝစခန်းတို့တွေမှာ ရခိုင်တော်လှန်ရေးသမား တွေရဲ့ တကယ့်အခြေခံစခန်းတွေနဲ့ စစ်သင်တန်းတက်ရန် စခန်းမှူး မွေးထုတ်ရာတွေပဲ ဖြစ်ပါတယ်။ ရခိုင်လူငယ်တွေကို အင်္ဂလိပ် နယ်ပယ်အတွင်းသို့ ဒီကုလားတန်မြစ်က ပုန်းလျှိုးပုန်းဝှက် ပို့ဆောင်ခဲ့ကြရပါတယ်။

## လေထီးအစ ရခိုင်တော်လှန်ရေးက

၁၉၄၄ ခုနှစ်လယ်လောက်မှာ ဂျပန်ကို စတင်တော်လှန်ရေး နဲ့ ...သက်ပြီး မြန်မာပြည်တွင်းသို့ လေထီးနဲ့ဆင်းလာခဲ့ကြသူ တွေထဲမှာ ရခိုင်အမျိုးသား တော်လှန်ရေးသမားတွေတို့ပဲ ပါဝင်ခဲ့ကြတယ် ဆိုပါက ...နိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ညီထွန်း၊ ဗိုလ်ကြီး ကြာလှအောင်၊ ဗိုလ်ထိပ်တင်မောင်၊ ဗိုလ်အောင်ထူး၊ ဗိုလ်စံသာကျော်၊ ဗိုလ်စောဦး၊ ဗိုလ်သာကျော် အစရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဦးပညာသီဟ၊ ဦးစိန္တာ၊ ဦးကျော်မြ၊ ဦးဘစံ၊ ဦးမောင်နီ၊ ဘုံအောင်ကာက်သာကျော်။ ဦးထွန်းဝင်း၊ ဦးထွန်းလှိုင်တို့ရဲ့ ကြိုးပမ်းမှုတွေပြီး ဖက်ဆစ်ဂျပန်တော်လှန်ရေးတွေမှာ ရှေ့တန်းက ထမ်းဆောင်ခဲ့ကြသူ တွေပဲ ဖြစ်ကြပါတယ်။

အင်္ဂလိပ်တပ်မှ အမှတ် ၁၃၆ ကရူးကပွတ်နှိတို့နဲ့ ခြသေ့်အမည်ခံ ပုဂ္ဂိုလ်တွေ ကြိုးကြိုးစားစား ပူးတွဲပြီး ဂျပန်ကို တော်လှန်ခဲ့ကြပါ တယ်။ အသေးစိတ်ရာဇဝင် ရေးရမယ်ဆိုရင် အချုပ်အခြာအာဏာပိုင် ဗမာ့လွတ်လပ်ရေး အသက်မသေသရွေ့ ကျန်ရှိနေကြတဲ့ အဆိုပါပုဂ္ဂိုလ် တွေရဲ့ အမွေအနှစ်ပါဝင်နေတယ်လို့ ဆိုခဲ့ပြောခဲ့ပါက ဘယ်သူမှ မေ့ပျောက်နိုင်ကြလိမ့်မယ် မဟုတ်ပါလို့ ဆိုခဲ့ပါတယ်။

ပြည်ထောင်စုကြီး တည်မြဲရေး ပြည်ထောင်စုစိတ်ဓာတ် ပြင်းပြ ရေးတို့မှာ ကျပ်ပြည့်တင်းပြည့်ရှိကြတဲ့ ရခိုင်မျိုးချစ်တွေ အဲဒီပုဂ္ဂိုလ် တို့တွေ ကို ဤနေ့ဒီခါသာ မမေ့အပ်ကြပါ ဆိုတာ သတင်းစာက ရေးသားဖော်ကျူး သမှုပြုလိုက်ခဲ့တယ်လို့ ဆိုခဲ့ပါတယ်။

"သတ္တိကပဲ ဘဝကို လမ်းညွှန်နိုင်တယ်"

(အေဗရာဟင်လင်ကွန်း)

## (၉) ရခိုင်ပြည်နယ်တောင်းခဲ့တယ်ဆိုတာ

တစ်စုံတစ်ရာကို သင်လိုချင်ပါက တောင်းပါ၊ သင့်ကို ပေးလိမ့် မယ်။ တံခါးကို ခေါက်ပါက သင့်ကိုဖွင့်ပေးလိမ့်မယ်။

(ဘိဘယ်)



ဒါတွေဟာ မိမိဖတ်ဖူးတဲ့ မြန်မာ့နိုင်ငံရေး (၁၉၅၈-၁၉၆၂) ထဲက အကြောင်းအရာထဲက အကြောင်းအရာတစ်ချို့ပါ။ မိမိတင်ပြ တတ်သလို ဖော်ထုတ်လိုက်ရတာပဲ ဖြစ်ပါတယ်။ အဲဒီမှာ-

## ရခိုင်၊ မွန်နဲ့ ချင်းပြည်နယ် တောင်းဆိုမှု

ပြည်နယ်ပေါ်ပေါက်လာရတာ

ဒုတိယကမ္ဘာစစ်ပြီး နောက်ပိုင်းမှာ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးနဲ့ ပတ်သက်ပြီး ဗြိတိသျှအစိုးရရဲ့ သဘောထားကို ဖော်ပြထားတဲ့ စက္ကူဖြူစာတမ်းကို ၁၉၅၄ ခုနှစ်မေလ ၁၇ ရက်နေ့မှာ ဗြိတိသျှ အစိုးရက ထုတ်ပြန်ကြေညာခဲ့ပါတယ်။ စက္ကူဖြူစာတမ်းအရ မြန်မာ ပြည်မကို လွတ်လပ်ရေးပေးတဲ့တိုင်အောင် မြန်မာနိုင်ငံကို သိမ်းပိုက်စဉ် ကပဲ မြန်မာပြည်မနဲ့ တစ်သီးတခြားစီ ခွဲခြားအုပ်ချုပ်ခဲ့တဲ့ တောင်တန်း ဒေသတွေကို ချန်ထားမယ်ဆိုတဲ့ ဗြိတိသျှတို့ရဲ့သဘောထားမှာ ထင်ရှား နေခဲ့ပါတယ်။

မြန်မာ့လွတ်လပ်ရေး တိုက်ပွဲကို ဦးဆောင်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်း နဲ့ ဖဆပလခေါင်းဆောင်တို့ကတော့ တောင်တန်းဒေသတွေကို မြန်မာ ပြည်မနဲ့အတူ လွတ်လပ်ရေးရစေလိုတဲ့ ဆန္ဒရှိကြပါတယ်။ ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့မှာ ရွှေတိဂုံစေတီ အလယ်ပစ္စယံမှာ ကျင်းပတဲ့ ဖဆပလအဖွဲ့ရဲ့ ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ ညီလာခံကြီးမှာ ဒီးဒုတ်ဦးဘချို တင်သွင်းတဲ့ "တိုင်းရင်းသား လူနည်းစုအရေး" အဆိုမှာ-

"လွတ်လပ်တဲ့ ဗမာပြည်သစ်ကို တည်ထောင်ရာမှာ တိုင်းရင်းသား လူနည်းစု၊ လူများစု၊ အားလုံးသဘောတူတဲ့နည်းနဲ့ လွတ်လပ်စွာ တည်ထောင်ရန် ကျွန်တော်တို့က သဘောတူကြောင်း ကတိပေးပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်'' ဆိုပြီး တိုင်းရင်းသား လူနည်းစုတွေနဲ့အတူ လွတ်လပ်တဲ့ မြန်မာနိုင်ငံကို တည်ထောင်ဖွဲ့စည်းလိုတာ အတိအလင်းဖော်ပြထားပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းကလဲ လန်ဒန်ဆွေးနွေးပွဲမှာ တောင်တန်းဒေသတွေကို မြန်မာပြည်မနဲ့အတူ လွတ်လပ်ရေးပေးရန် ဘုရင်ခံရဲ့ အမှုဆောင်(ဝန်ကြီး) အဖွဲ့မှာ တောင်တန်းဒေသက ကိုယ်စားလှယ်တွေ ပါဝင်ခွင့်ပေးဖို့ အရေးဆိုထားပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အရေးဆိုမှုကြောင့် အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုတဲ့အခါမှာ ဗြိတိသျှအစိုးရနဲ့ မြန်မာကိုယ်စားလှယ်တွေဟာ နယ်ခြားဒေသတွေနဲ့ ဝန်ကြီးတွေ အုပ်ချုပ်တဲ့ မြန်မာနိုင်ငံကို အဲဒီဒေသတွေမှာ နေထိုင်သူတွေရဲ့ လွတ်လပ်တဲ့ သဘောတူညီချက်နဲ့ ဆောလျင်စွာ ပေါင်းစည်းရေးကို လိုလားတယ် ဆိုတဲ့အချက် ပါဝင်ခဲ့ပါတယ်။

အောင်ဆန်း-အက်တလီစာချုပ်အရပဲ ဝန်ကြီးအဖွဲ့အုပ်ချုပ်တဲ့ မြန်မာပြည်မနဲ့ နယ်ခြားဒေသတို့ ပေါင်းစည်းရေးနဲ့ ပတ်သက်ပြီး အဲဒီဒေသတွေမှာ နေထိုင်တဲ့သူတွေက မိမိတို့ထင်မြင်ချက်တွေကို ထုတ်ဖော်ပြောဆိုနိုင်ရေးအတွက် အထူးညီလာခံကျင်းပရန်နဲ့ မြန်မာပြည်နဲ့ နယ်ခြားဒေသပေါင်းစည်းနိုင်ဖို့ အကောင်းဆုံးသော နည်းစနစ်ရှာဖွေနိုင်ဖို့ တောင်တန်းဒေသ စုံစမ်းရေးအဖွဲ့ ဖွဲ့စည်းရေးဆိုင်ရာ ကိစ္စတွေကို ဗြိတိသျှအစိုးရနဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့တို့ သဘောတူညီမှု ရခဲ့ပါတယ်လို့ ဆိုပါတယ်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဖဆပလခေါင်းဆောင်တွေဟာ ပင်လုံညီလာခံသို့ တက်ရောက်ပြီး မြန်မာပြည်မနဲ့ပေါင်းစည်းရေးနဲ့ ပတ်သက်ပြီး တောင်တန်းဒေသတွေရဲ့ ဆန္ဒသဘောထားကို ရယူခဲ့ပါတယ်။ ဖေဖော်ဝါရီ ၁၂ ရက်နေ့မှာ



ကျင်းပတဲ့ညီလာခံမှာ ရှမ်း၊ ကချင်နဲ့ ချင်းတို့ဟာ ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် ပူးပေါင်းပါဝင်ဖွဲ့စည်းဖို့ သဘောတူညီခဲ့ကြပါတယ်။ ဒါပေမဲ့ ရှမ်းနဲ့ကချင်တို့က ပြည်နယ်အလိုရှိတာ အတိအလင်း တောင်းဆိုခဲ့ကြပါတယ်။ ချင်းတိုင်းရင်းသားတို့က အထူးခရိုင် ဒါမှမဟုတ် အထူးတိုင်းအဖြစ် သတ်မှတ်ပေးဖို့ တင်ပြကြပါတယ်လို့ ဆိုပါတယ်။

အဲဒီလိုနဲ့ ပင်လုံညီလာခံ ကျင်းပပြီးတဲ့နောက်ပိုင်းမှာ ရီး (စ်) ဝီလျံ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ တောင်တန်းစုံစမ်းရေးအဖွဲ့ဟာ လူတို့ရဲ့ သဘောထားကို စုံစမ်းလေ့လာခဲ့ပါတယ်။ အဲဒီနောက် တောင်တန်းဒေသ စုံစမ်းရေးအဖွဲ့ရဲ့ အစီရင်ခံစာကို ၁၉၄၇ ခုနှစ် ဧပြီလမှာ ထုတ်ပြန်ခဲ့ကြပါတယ်။ အဲဒီလို အစီရင်ခံစာမှာ မြန်မာနိုင်ငံကို ပြည်ထောင်စု မြန်မာနိုင်ငံအဖြစ် တည်ထောင်ရန်၊ ရှမ်းပြည်နဲ့ကချင်တောင်တန်းတွေဟာ ဒါဟာပြည်ထောင်စုအတွင်း ပြည်နယ်တွေအဖြစ် ပါဝင်ရန်၊ ကရင်နီနယ်တွေလဲ ပြည်နယ် တစ်နယ်အဖြစ်ပါဝင်လိုက ပါဝင်ရန်၊ ချင်းတောင်တန်းနဲ့ ပြင်ဦးလွင် ခရိုင်တို့လဲ မြန်မာပြည်မနဲ့ ပူးပေါင်းလိုက ပူးပေါင်းရန် အကြံပြုပါတယ်။

၁၉၄၇ ခုနှစ် ဧပြီလအတွင်းမှာပဲ နိုင်ငံတစ်ဝန်း တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲတွေကို ကျင်းပခဲ့ရာ အမတ်နေရာအများစု ဖဆပလအဖွဲ့က ရရှိခဲ့ပါတယ်။

၁၉၄၇ ခုနှစ် မေလမှာ ဖဆပလအဖွဲ့ချုပ်ရဲ့ ပဏာမညီလာခံကို ရန်ကုန်မြို့က ဂျူဗလီဟောမှာ ကျင်းပခဲ့ပါတယ်။ အဲဒီညီလာခံက ဦး ကော်မတီရဲ့နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်း တာဝန်ပေးခဲ့ပါတယ်။ ဖဆပလက ပြုစုတဲ့ အခြေခံဥပဒေ

www.burmeseclassic.com

www.burmeseclassic.com



မူကြမ်းက "ပြည်ထောင်စုမြန်မာနိုင်ငံခေါ်တွင်မယ့် လွတ်လပ်ဖို့ အချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံ"တည်ထောင်ရန် ရည်ရွယ် ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကလဲ "လူမျိုးကြီးတစ်မျိုးထဲ ဆိုတဲ့ နိုင်ငံမျိုးတော့ တည်ထောင်လို့ မဖြစ်ဘူး၊ ပြည်ထောင်စုသဘောမျိုးဘဲ ဖြစ်ရမှာဘဲ" လို့ မိန့်ကြားခဲ့ပါတယ်။ ဒါကြောင့် ဖဆပလက ပြုစုတဲ့ အခြေခံဥပဒေမှာ ပြည်ထောင်စုမြန်မာနိုင်ငံမှ ပါဝင်ဖွဲ့စည်းမယ့် "ပြည်နယ်"တွေ သတ်မှတ်ဖွဲ့စည်းဖို့ လိုအပ်လာတယ်။

ဖဆပလက ပြုစုတဲ့ အခြေခံဥပဒေမှာ ပြည်နယ်အမျိုးအစား သုံးမျိုးသတ်မှတ်ခဲ့ပါတယ်။ အဲဒီ ပြည်ထောင်စုပြည်နယ်၊ ကိုယ်ပိုင် ပြည်ထောင်စုဝင် ပြည်နယ်ဖြစ်ထိုက်တဲ့ ဂုဏ်အင်္ဂါရပ်တွေကိုလဲ သတ်မှတ်ပေးခဲ့ပါတယ်။ အဲဒီအင်္ဂါရပ်တွေမှာ-

၁။ ပထဝီအနေအထားအရ နယ်နိမိတ် အထင်အရှားရှိတာ
၂။ မြန်မာစကားနဲ့မတူတဲ့ ဘာသာစကားတစ်မျိုးတည်ရတာ
၃။ ယဉ်ကျေးမှုတစ်မျိုးတည်းရတာ
၄။ ရာဇဝင်အစဉ်အလာတမျိုးတည်းရှိတဲ့ လူစုရှိတာ
၅။ စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးနဲ့ စီးပွားရေး လုံလောက်မှု တွေရှိတဲ့ လူစုရှိတာ
၆။ လူဦးရေအတော်အတန်ရှိတာ
၇။ ပြည်ထောင်စုအဖွဲ့ဝင် သီးခြားဒေသတစ်ခုအဖြစ်နဲ့ မိမိရဲ့ကိုယ်ပိုင် ထင်ရှားချက်အတိုင်း နေလိုတဲ့ ဆန္ဒရှိတာ တို့ပဲ ဖြစ်ပါတယ်။

ဖဆပလက ပြုစုတဲ့ အခြေခံဥပဒေမှာ မည်သည့်လူမျိုးစု မည်သည့် ပြည်နယ်အဆင့်အတန်းကို ပေးမယ်လို့ ဖော်ပြမထားသေး လဲ ရှမ်းအမျိုးသားတို့ကို ပြည်ထောင်စုပြည်နယ် အဆင့်အတန်းပေး



ရည်ရွယ်ခဲ့ပါတယ်။ ကချင်နဲ့ကရင်နီတို့မှာ စီးပွားရေးအခြေအနေအရ ဖူလုံမှုမရှိတာကြောင့် ကိုယ်ပိုင်အုပ်ချုပ်ရ ပြည်နယ်အဆင့်အတန်းပေးဖို့ ရည်ရွယ်ဟန်တူပါတယ်။ လူမျိုးစုပြည်နယ် အဆင့်အတန်းကိုတော့ ချင်း အမျိုးသားတို့ကို ပေးရန် ရည်ရွယ်ခဲ့ပါတယ်။ ဒါပေမဲ့လဲ ချင်း အမျိုးသားတို့က ပြည်နယ်ပေးရန် တောင်းဆိုမှုရှိခဲ့ကြပါတယ်။

ကိုယ်ပိုင်ယဉ်ကျေးမှုနဲ့ ကိုယ်ပိုင်ဘာသာစကားရှိပြီး သင့်တင့်တဲ့ လူဦးရေရှိတဲ့ ကရင်အမျိုးသားတို့မှာလဲ လူနည်းစုဆိုင်ရာ အထူးအခွင့် အရေးတွေ ရရှိထိုက်တယ်လို့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဖဆပလခေါင်း ဆောင်တွေက အသိအမှတ်ပြုခဲ့ကြပါတယ်။

'ဖဆပလပဏာမညီလာခံမှာ ဗိုလ်ချုပ်အောင်ဆန်းမှာ ရခိုင်အမျိုး သားအရေးနဲ့ ပတ်သက်ပြီး ပြောဆိုခဲ့တာ မရှိပါဘူး။ မွန်အမျိုး သားတို့အရေးနဲ့ ပတ်သက်လို့တော့ ဗိုလ်ချုပ်အောင်ဆန်းက

မွန်လူမျိုး ကိစ္စဆိုရင်တော့ သူတို့မှာ အခုလူမျိုးရေး လူနည်းစု အဖြစ်နဲ့မွန်စာပေးမွန်ကျောင်းတွေ ကိစ္စတွေကလွဲရင်

တခြားနစ်နာချက်တွေ မရှိပါဘူး။ မွန်ရယ်၊ ဗမာရယ်ခွဲခြားပြီး

ကရင်လို သဘောထားသလို ထားစေချင် လို့တော့ မဖြစ်နိုင်ဘူး' မိန့်ကြားခဲ့ပါတယ်။ ဒီလိုနဲ့ ဖဆပလပဏာမညီလာခံမှာ ရခိုင်နဲ့မွန် အမျိုးသားတွေအတွက် ပြည်နယ်ပေးရေးကိစ္စကို အတိအကျ ဆုံးဖြတ်ခဲ့ ပေမယ့်လဲ ၁၉၄၇ ခုနှစ် အခြေခံဥပဒေပုဒ်မ ၁၉၉ မှာ ပြည်နယ်သစ်နဲ့ ပေါင်းလျှဉ်းပြီး အောက်ပါအတိုင်း ပြဋ္ဌာန်းထားခဲ့ပါတယ်။

ပါလီမန်ဟာ ပြည်နယ်သစ်ကလိုက်နာရမယ့် စည်းကမ်းချက်တွေ ပါဝင်တဲ့ အက်ဥပဒေနဲ့ ပြည်နယ်သစ်တစ်ခုကပြည်ထောင်စုမြန်မာနိုင်ငံ အတွင်းသို့ ခွင့်ပြုနိုင်တယ်။ အဲဒီသတ်မှတ်ချက်တွေမှာ အဲဒီပြည်နယ် ပါလီမန်သို့ ကိုယ်စားလှယ်အမတ်ဦးရေ ဘယ်၍ဘယ်မျှ

www.burmeseclassic.com



ရွေးကောက်တင်မြှောက်နိုင်တယ် ဆိုတဲ့အချက်လဲ ပါဝင်ရမယ်။

အခြေခံဥပဒေပုဒ်မ ၂၀၀ မှာတော့-

(က) ပြည်ထောင်စုအဖွဲ့ဝင်တစ်ခု တည်ထောင်ဖွဲ့စည်းတာ။

(ခ) ပြည်ထောင်စု အဖွဲ့ဝင်တစ်ခုခုရဲ့ အကျယ်အဝန်းက တိုးချဲ့တာ။

(ဂ) ပြည်ထောင်စု အဖွဲ့ဝင်တစ်ခုခုရဲ့ အကျယ်အဝန်းကို လျှော့တာ။

(ဃ) ပြည်ထောင်စု အဖွဲ့ဝင်တစ်ခုခုရဲ့ နယ်နိမိတ်တွေပြောင်းလဲတာတို့ကို အဲဒီလိုနယ်နိမိတ် ပြုပြင်တာခံရတဲ့ ပြည်နယ်တိုင်းရဲ့ ကောင်စီက သဘောတူညီပါက ပါလီမန်ဟာ အက်ဥပဒေနဲ့ပြုပြီးပြဋ္ဌာန်းနိုင်တယ်။ ဒါ့ပြင် အဲဒီလို သဘောတူညီချက်ရရှိပါက ပါလီမန်ဟာ လိုအပ်တာ သို့တည်းမဟုတ် သင့်လျော်တာလို့ ထင်မြင်ယူဆတဲ့ ထပ်ဖြည့်ပြဋ္ဌာန်းချက်၊ အကြောင်းသင့် ပြဋ္ဌာန်းချက်နဲ့ နှိုင်းညှိပြဋ္ဌာန်းချက်တွေကို ပြုနိုင်တယ်" ဆိုပြီး ဖော်ပြထားခဲ့ပါတယ်။ ဒီပုဒ်မတွေအရ၊ ပြည်နယ်တောင်းဆိုခွင့်ကို အခြေခံဥပဒေက ခွင့်ပြုထားတယ်လို့ ဆိုထားခဲ့ပါတယ်။ လွတ်လပ်ရေး ရပြီးနောက်ပိုင်းမှ ပုဒ်မတွေကို ထောက်ပြပြီး ရခိုင်နဲ့မွန်ပြည်နယ်တွေ တောင်းခံလာတာ ဖြစ်ပါတယ်။

## ရခိုင်ပြည်နယ်တောင်းဆိုခြင်း

ရခိုင်ပြည်နယ်တောင်းဆိုမှုဟာ ၁၉၃၀ ပြည့်နှစ်ကကို ပေါ်ပေါက်ခဲ့တယ်လို့ အဆိုရှိပါတယ်။ ၁၉၃၀ ပြည့်နှစ် လန်ဒန်မျက်နှာစုံညီ



အစည်းအဝေးသို့ တက်ရောကဖို့ မြန်မာကိုယ်စားလှယ်တွေနဲ့ ရခိုင်ကိုယ်စားလှယ်တွေ သွားရောက်စဉ်က ရခိုင်ကိုယ်စားလှယ်တွေက လန်ဒန်မျက်နှာစုံညီ အစည်းအဝေးက ရခိုင်ကို မြန်မာနိုင်ငံနဲ့တွဲမထားဘဲ သီးခြားတစ်နယ်ပေးဖို့ တောင်းခံဖို့ရာ အစီအစဉ်ရှိခဲ့ပါတယ်။ ဒါပေမဲ့ မြန်မာခေါင်းဆောင်တွေဖြစ်ကြတဲ့ ဦးချစ်လှိုင်နဲ့ ဦးဘဘောတို့က လက်ရှိအခြေအနေမှာ ရခိုင်ပြည်နယ်ကို သီးခြားခွဲတောင်းပါက မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးကိစ္စဟာ တစ်မျိုးတစ်မည်ဖြစ်သွားနိုင်တယ်။ အဲလိုမျိုး ထိုက်သင့်ကြောင်း တောင်းပန်တာကြောင့် ရခိုင်ခေါင်းဆောင်တွေက လန်ဒန်မျက်နှာစုံညီအစည်းအဝေးမှာ မတင်သွင်းခဲ့လို့ အဆိုရှိပါတယ်။

၁၉၃၇ ခုနှစ် ဗြ ဋ္ဌာနအုပ်ချုပ်ရေး ပေါ်ပေါက်လာချိန်မှာတော့ ဒီဥက္ကဋ္ဌက ဥပဒေပြုလွှတ်တော်မှာ ရခိုင်အမတ်ဖြစ်တဲ့ အမျိုးသားကျောင်းဆရာကြီး ဦးထွန်းအောင်က ရခိုင်ဒေသကို ရန်ကုန်မြို့က လှမ်းအုပ်ချုပ်ယ်ဆိုရင် ရခိုင်ဒေသရဲ့ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး စီးပွားရေးတို့မှာ တိုးတက်ဖွယ်မရှိတာကြောင့် ရခိုင်ကို ပြည်နယ် [illegible]နယ်အဖြစ် (အော်တော်နော်မီ) ပေးသင့်တယ်လို့ ရခိုင်တိုင်းမှာ [illegible]ဆော်ခဲ့တယ်လို့ အဆိုရှိခဲ့ပါတယ်။

## လွတ်လပ်ရေးမရမီ ရခိုင်ပြည်နယ်တောင်းဆိုချက်အကြောင်း

မြန်မာနိုင်ငံအစိုးရ အတွင်းဝန်ချုပ်ထံက မြန်မာနိုင်ငံဆိုင်ရာ ဝန်ကြီး [illegible] ၁၉၄၇ ခုနှစ် မေလ ၁၆ ရက်နေ့စွဲနဲ့ ပေးပို့တဲ့ သံကြိုးစာမှာ [illegible]တော်ရ

လန်ဒန်မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသော ကိုယ်စားလှယ်တွေမှာ ဦးထွန်းအောင်ကျော်နဲ့ မစ္စမေအောင် (ဒေါ် [illegible]) ဖြစ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



၂။ ပြည်ထောင်စုမြန်မာနိုင်ငံတော် (ပါလီမန်) ဒုတိယပြည်သူ့လွှတ်တော် ညီလာခံ မှတ်တမ်း၊ အတွဲ ၅၊ အစည်းအဝေးအမှတ် ၆၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၅၈၊ စာ ၂၄၀။ နောင်ကိုးကား ဒုတိယပြည်သူ့လွှတ်တော်၊ ၅/၆ လို့ညွှန်းမယ်။ ဝတ်လုံတော် ဦးလှထွန်းဖြူနဲ့ ရန်ကုန်မြို့က ထင်ရှားတဲ့ ရခိုင်ခေါင်းဆောင်အချို့ဟာ အာရကန်နစ်စတန် ရခိုင်ပြည် တောင်းဆိုရေးအတွက် အစည်းအဝေး ကျင်းပဖို့ရာ စိုင်းပြင်းနေကြတယ်လို့ သတင်းပါရှိခဲ့ပါတယ်။

၁၉၄၇ ခုနှစ် မေလအတွင်း ဂျူပလီဟောမှာ ကျင်းပခဲ့တဲ့ ဖဆပလပဏာမညီလာခံမှာ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်တဲ့ ဆပ်ကော်မ က ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြမ်းကို အပြီးသတ်ရေးဆွဲအတည် မပြုမီ ရခိုင်တိုင်းက ပြည်နယ်အဆင့်အတန်းကို ရထိုက်တဲ့ဂုဏ်အင် ရပ်တွေနဲ့ ပြည့်စုံတဲ့ တိုင်းတစ်ခုဖြစ်တဲ့ အခြေခံဥပဒေကြမ်းမှာ ထည့် သွင်းပေးပါဖို့ရာ ဦးအောင်ဇံဝေ အပါအဝင် ရခိုင်အမတ်တွေက တောင်း ဆိုခဲ့ကြပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းက လွှတ်လပ်ရေးကြေညာ နေ့ရက်ကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့ကို နောက်ဆုံးထား တိုင်းပြည်သို့ ကြေညာရန် ကတိပေးထားပြီးဖြစ်လို့ နှောင့်နှေးကြန့်ကြာ ကို မလိုလားအပ်တာက တစ်ကြောင်း၊ တောင်တန်းဒေသနဲ့ အပေးအ ပြုလုပ်ရာမှာ အချိန်များစွာကြာသကဲ့သို့ အချိန်မီမပြီးနိုင်ခဲ့တာကြော လူမျိုးအချင်းချင်း ညီညွတ်မှုမရှိကြဆိုတဲ့ ထင်မြင်ချက်နဲ့ ပြည်ပပယော ဝင်ရောက်လာမှာကို မလိုလားအပ်တာကတစ်ကြောင်း၊ လွှတ်လပ် ပန်းတိုင်သို့ ချီတက်ရာမှာ အမတ်တွေက အလျှော့ပေးခဲ့ကြပါတယ် ရခိုင်အမတ်တွေရဲ့ တောင်းဆိုချက်ကို လောလောဆယ်လက်မခံနိုင် တိုင်အောင် မူတစ်ခုအနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းက လက်ခံခဲ့ပါတယ် အခြေခံဥပဒေကြမ်းကို အတည်ပြုတဲ့အခါ ပြည်နယ်သစ်ဝင်ခွင့်ပြု



နဲ့ပတ်သက်ပြီး ပုဒ်မ ၁၉၉ ကို ထည့်သွင်းခဲ့ပါတယ်။

**ဖဆပလပဏာမညီလာခံနောက်ပိုင်း**
**ရခိုင်ပြည်နယ်တောင်းဆိုချက် အကြောင်း**

ဖဆပလ ပဏာမညီလာခံကျင်းပပြီးနောက်ပိုင်း ၁၉၄၇ ခုနှစ် ဇွန်လ ၅ ရက်နေ့မှာ ရခိုင်အမျိုးသားအစည်းအဝေးကို ရန်ကုန်မြို့ လသုခကျောင်းတိုက်မှာ ကျင်းပခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ ဥက္ကဋ္ဌအဖြစ် ဆရာတော် ဦးသာဂရက ဆောင်ရွက်ပြီး အကျိုးဆောင်အဖြစ် ဦးစောဖော်အောင်က ဆောင်ရွက်ခဲ့ပါတယ်။ အစည်းအဝေးသို့ ဦးရန်ထွန်း၊ အစိုးရအမှုထမ်းသမဂ္ဂဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်၊ ဝတ်လုံ ဦးလှထွန်းဖြူနဲ့ရဟန်း ၁၀၀ မျှတက်ရောက်ခဲ့ကြပါတယ်။ အစည်းအဝေးမှာ ဦးဘိုးဦးက အဆိုတစ်ရပ်တင်သွင်းခဲ့ပါတယ်။ ဦးဘိုးဦး တင်သွင်းတဲ့အဆိုမှာ–

ရခိုင်ပြည်အရေးကို ဗမာအစိုးရ ဂရုမစိုက်တဲ့အပြင် ရခိုင်ပြည်ထူထောင်ရေးဟာ ဗမာပြည်ထူထောင်ရေးနဲ့ ခွဲခြားပြီး ရခိုင်ပြည်ကို မိမိတို့ကိုယ်တိုင်ထူထောင်မှ ကြီးပွားမယ်လို့ ယုံကြည်တာကြောင့် ရန္တပိုစာချုပ်အရ ရခိုင်ပြည်ကို လွှတ်လပ်တဲ့ သီးခြားအုပ်ချုပ်ရေးပေးရန် ဗြိတိသျှအစိုးရကို လေးလေးနက်နက် တောင်းဆိုခဲ့တယ် ဆိုတာပဲဖြစ်ပါတယ်။ အဲဒီအဆိုကို အများသဘောတူ ထောက်ခံကြပါတယ်။ အဲဒီလိုနဲ့ လွှတ်လပ်ရေးမရရှိမီ ဗြိတိသျှအုပ်ချုပ်ရေးအောက်မှာ ရှိစဉ်ကိုကပဲ ရခိုင်အမျိုးသားတို့ဟာ ရခိုင်ဒေသကို သီးခြားအုပ်ချုပ်ခွင့်ရရန် ဆန္ဒရှိနေတာပဲလို့ ဆိုနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## စစ်တွေမြို့ လူထုအစည်းအဝေးက ရခိုင်ပြည်နယ်တောင်းဆိုမှုမှာ

ရန်ကုန်မြို့ရှိ ရခိုင်အမျိုးသားတွေ အစည်းအဝေးက ရခိုင်ဒေသကို သီးခြားအုပ်ချုပ်ရေးပေးဖို့ရာ တောင်းဆိုပြီးတဲ့နောက် သုံးရက်ခန့်အကြာ ၁၉၄၇ ခုနှစ် ဖွန်လ ၈ ရက်နေ့မှာ စစ်တွေမြို့ ပြည်လုံးချမ်းသာဘုရား ရင်ပြင်မှာ လူထုအစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပြန်ပါတယ်။ အစည်း အဝေးသို့ အမတ်လောင်း ဦးရွှေသာ၊ ဦးသာဘန်း၊ ဆရာတော်ဦးပညာ သီဟနဲ့ မြို့သူမြို့သားတွေ တက်ရောက်ခဲ့ကြပါတယ်။ အဲဒီအစည်း အဝေးမှာ ဖဆပလကအတည်ပြုပြဋ္ဌာန်းလိုက်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေ ခံမူကြမ်းနဲ့ စပ်လျဉ်းပြီး ဆွေးနွေးညှိနှိုင်းဖို့ ခေါ်ယူလိုက်တဲ့ အစည်း အဝေးဖြစ်ပါတယ်။ အစည်းအဝေးမှာ ဦးသာဘန်းက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ အခမ်းအနားမှူးအဖြစ် ဦးမောင်စိန်က ဆောင်ရွက်ခဲ့တယ်။

အခမ်းအနားမှူး ဦးမောင်စိန်က လွတ်လပ်တဲ့အချုပ်အခြာအာဏာ ပိုင် သမ္မတမြန်မာနိုင်ငံမှာ ပါဝင်ဖွဲ့စည်းမယ့် ပြည်နယ်တွေ ကိုစနစ် ဗဟိုဦးစီးစနစ်ကျင့်သုံးမယ့် ဗမာပြည်မက အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စ ရပ်တွေကို ရှင်းလင်းတင်ပြခဲ့ပါတယ်။ ရခိုင်ဖဆပလအဖွဲ့ခေါင်းဆောင် ဦးပညာသီဟကလဲ တိုင်းပြည်ပြုလွှတ်တော်မှာ ရခိုင်ဖဆပလအမတ် တွေက ဦးစိန်ညိုထွန်းနဲ့ ဦးရွှေဘော်တို့ရဲ့ အကြံဉာဏ်ကို ရယူပြီး ရခိုင်ပြည်နယ်အကျိုးအတွက် ဆောင်ရွက်နေကြပုံကို တင်ပြခဲ့ပါတယ်။

အစည်းအဝေးက အောက်ပါအဆိုသုံးရပ်ကို အတည်ပြုဆုံးဖြတ်ခဲ့ ပါတယ်။ အဲဒီအဆိုတွေမှာ

၁။ လွတ်လပ်တဲ့ မြန်မာနိုင်ငံအတွင်း ရခိုင်ဒေသကို ကိုယ်ပိုင်အုပ်ချုပ်ရေး အပြည့်အဝပေးရန်။

၂။ ကျောက်ဖြူ၊ သံတွဲနယ်သားတွေအားလုံး အထက် ပါအဆိုကို သဘောတူထောက်ခံရန်။

၃။ ရခိုင်ပြည် လွတ်လပ်ရေးအဖွဲ့ကော်မတီ (Arakan Freedom League Committee) ဖွဲ့စည်းရန် ဆိုတာပဲ ဖြစ်ပါတယ်။ အဲဒီအစည်းအဝေးက ရခိုင်ပြည်လွတ်လပ်ရေးအဖွဲ့ကို ဦးရွှေဘော်က ဥက္ကဋ္ဌ၊ ဦးမောင်စိန်က အကျိုးဆောင်အတွင်းရေးမှူး၊ ဦးကျော်ဇံ၊ အကျိုးဆောင်ငွေထိန်း ဦးသာနိုးအောင်၊ ဦးထွန်းလှတို့နဲ့ အများသဘောတူ ဖွဲ့စည်းလိုက်ပါတယ်။

## ရခိုင်တိုင်းဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်မှု စုံစမ်းရေးကော်မရှင် ဖွဲ့စည်းမှုမှာ

လွတ်လပ်ရေးရရှိပြီး နောက်မှာတော့ ရခိုင်အမျိုးသားတို့ဟာ ရခိုင်တိုင်းကို ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန် ဖဆပလအစိုးရထံ တောင်းဆို မှုတွေ ရှိခဲ့တယ်လို့ ယူဆရတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံတော် အစိုးရက ၁၉၄၈ ခုနှစ် မေလ ၉ ရက်နေ့မှာ ဝန်ကြီးဦးညိုထွန်း ခေါင်းဆောင်တဲ့ ရခိုင်တိုင်းဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်မှု စုံစမ်းရေး ကော်မရှင်ကို ဖွဲ့စည်းစုံစမ်းခဲ့တာကြောင့်ပဲ ဖြစ်ပါတယ်။

ဝန်ကြီးဦးညိုထွန်းခေါင်းဆောင်တဲ့ ရခိုင်တိုင်းဒေသအလိုက် ကိုယ် ပိုင်အုပ်ချုပ်မှု စုံစမ်းရေးကော်မရှင်က ကြားဖြတ်အစီအရင်ခံစာကို တင် သွင်းခဲ့ပါတယ်။ အဲဒီကြားဖြတ်အစီရင်ခံစာမှာ ဖော်ပြပါရှိတဲ့ အဓိက အကြံပေးထောက်ခံချက်တွေမှာ အရှေ့ပါကစ္စတန်မှာ မြန်မာသံငယ်ရုံး ဖွင့်လှစ်ရာ၊ စစ်တွေမှာ ပါကစ္စတန်သံငယ်ရုံးတွေ ဖွင့်လှစ်တာတွေ ပြုလုပ်ပြီး ပါကစ္စတန်ဘက်က ရခိုင်တိုင်းအတွင်းသို့ တိတ်တဆိတ် ဝင်ရောက်လာသူတွေကို စနစ်တကျ တားဆီးပိတ်ပင်ရန်၊ တောင်းကျွန်း တွေကို ဆတက်ထမ်းပိုးဟုံးပြီး နှိပ်ကွပ်ရန်၊ ရခိုင်တိုင်းရဲ့ အခြေအနေနဲ့

www.burmeseclassic.com



လျော်ညီတဲ့ အရာရှိတွေ ခန့်ထားရန်၊ အစိုးရဝန်ထမ်းနဲ့ ပတ်သက်ပြီး လာဘ်ပေးလာဘ်ယူမှုကိစ္စကို ထိထိရောက်ရောက် အရေးယူရန်၊ ပြည်သူ့ငြိမ်ဝပ်ပိပြားရေး(ထိန်းသိမ်းစောင့်ရှောက်မှု) အက်ဥပဒေပုဒ်မ ၅ အရ ဖမ်းဆီးချုပ်နှောင်ထားသူတွေရဲ့ အမှုတွေကို အမြန်ဆုံးပြန်လည်စစ်ဆေးပြီး လွှတ်သင့်သူတွေကို အမြန်ဆုံးပြန်လွှတ်ပေးရန် စတဲ့အချက်တွေ ပါဝင်ခဲ့ပါတယ်။

**ရခိုင်တိုင်းမှာ ဒေသဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ ဖွဲ့ပေးရန်အဆိုမှာ**

လွတ်လပ်ရေးရရှိပြီးတဲ့နောက်ပိုင်း ၁၉၄၈ ခုနှစ်၊စက်တင်ဘာလ ၁ ရက်နေ့မှာကျင်းပတဲ့ မြန်မာနိုင်ငံတော် တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) ဆင့်မညီလာခံမှာ ဦးသာထွန်း (ကျောက်ဖြူကျေးလက်မြောက်ပိုင်း) အမတ်ကရခိုင်တိုင်းနဲ့ ပတ်သက်ပြီး အဆိုတစ်ရပ် တင်သွင်းခဲ့ပြန်ပါတယ်။ သူ့ရဲ့အဆိုကတော့ ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အပိုင်း ၄၊ ပုဒ်မ ၉၁ မှာ ဖော်ပြထားတဲ့အတိုင်း ဒေသဆိုင်ရာကိုယ်စားလှယ် အဖွဲ့ဖွဲ့စည်းတာကို ဆောလျင်လျင် ဖွဲ့စည်းပေးရန်နဲ့ အဲဒီကိုယ်စားလှယ်အဖွဲ့ရဲ့ အုပ်ချုပ်ရေးကိစ္စ၊ ယဉ်ကျေးမှုကိစ္စ၊ စီးပွားရေးကိစ္စတွေမှာ ရရှိမယ့် အခွင့်အရေးတွေ၊ အာဏာတွေနဲ့ တာဝန်ဝတ္တရားတွေကိုလဲ အဲဒီအဖွဲ့နဲ့ ပြည်ထောင်စုအစိုးရတို့ရဲ့ဆက်ဆံရေးတွေတို့ကိုလဲပဲ သတ်မှတ်ပေးမယ့် ကော်မတီအဖွဲ့ဖွဲ့စည်း လွှဲအပ်ဖို့အစိုးရကို အဲဒီပါလီမန်က တောက်ခံပါတယ်လို့ဆိုခဲ့ပါတယ်။ ဦးသာထွန်းက ရခိုင်တိုင်းမှာ အုပ်ချုပ်ရေး ခက်ခဲမှု၊ စီးပွားရေး ခက်ခဲမှု၊ လမ်းပန်း ဆက်သွယ်ရေးခက်ခဲမှုတွေနဲ့ ရင်ဆိုင်နေရတာကြောင့် အဲဒီအဆိုကို တင်သွင်းရတာဖြစ်ကြောင်း လွှတ်တော်မှာ ရှင်းလင်းတင်ပြခဲ့ပါတယ်။



ဦးသာထွန်းရဲ့အဆိုကို ဗိုလ်ဘစော (ကျောက်ဖြူကျေးလက်မြောက်ပိုင်း) အမတ်က ထောက်ခံခဲ့ပါတယ်။ ဗိုလ်ဘစောက ဦးသာထွန်းရဲ့အဆိုကို မိမိအဘယ်ကြောင့် ထောက်ခံရတာကို ဆွေးနွေးတင်ပြရာတော့… ထောက်ခံရတဲ့အကြောင်းမှာ ရခိုင်ပြည်အုပ်ချုပ်မှု လွယ်ကူရန်နဲ့ ရခိုင်ပြည်ဟာ အဘက်ဘက်မှာ တိုးတက်ကြီးပွားစေရေးအတွက်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရခိုင်အမတ်တွေကို အထင်မမှားစေရအောင် ဥက္ကဋ္ဌကြီးကတစ်ဆင့် အမတ်တွေကို ကျွန်တော်တောင်းပန်ပါရစေ။ ယခု ကျွန်တော်တို့ရဲ့ အစိုးရဟာ အုပ်ချုပ်ရေးမှာ အထူးအရေးကြီးတဲ့ အချိန်မှာ ရခိုင်အမတ်တွေဟာ ရခိုင်ပြည်နယ်အတွက် သီးခြားနယ် တောင်းဆိုနေပြီလို့ ရခိုင်အမတ်တွေကို အထင်မမှားကြပါနဲ့။ ယခု ကျွန်တော်တို့တောင်းဆိုတဲ့ကိစ္စဟာ ရခိုင်ပြည်နယ်ကို မြန်မာပြည်က ခွဲထွက်ပြီး သီးခြားနယ်မြေအဖြစ် နေလိုတဲ့ တောင်းဆိုချက်အတိုင်း မဟုတ်ပါဘူးလို့ ဆိုခဲ့ပါတယ်။

ဗိုလ်ဘစောကပဲ ဆက်လက်ရှင်းပြရာမှာ ဦးသာထွန်းရဲ့အဆိုမှာ အသစ်အဆန်းဟုတ်ကြောင်း၊ အဲဒီကိစ္စနဲ့ စပ်လျဉ်းပြီး ရခိုင်ကိုယ်စားလှယ်တွေက ပထမအကြိမ် တိုင်းပြည်ပြုလွှတ်တော်မကျင်းပမီ ဖဆပလအထားမညီလာခံကျင်းပစဉ်က ကွယ်လွန်သူခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်ပင်ခဲ့တာ၊ ပြီးနိုင်ငံတော်ရှေ့နေချုပ်၊ ပြီးနိုင်ငံတော်ဝန်ကြီးချုပ်နတို့နဲ့လဲပဲ တိုင်ပင်ဆွေးနွေးခဲ့တာ၊ ပြီးခေါင်းဆောင်ကြီးတွေက ရခိုင်ပြည်နယ်အတွက် အစိုးရက တစ်ခုခုသတ်မှတ်ပေးလိမ့်မယ်လို့ ပြောဆိုတာ၊ ဒီကိစ္စမျိုး ဒီအချိန်မှာမှ ပေါ်ပေါက်လာရတာဟာလဲ အဲဒီတို့ရခိုင်ပြည် မှာ အုပ်ချုပ်ရေးအခက်အခဲ၊ စီးပွားရေးအခက်အခဲတို့အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတာကြောင့်ပဲ ဖြစ်တာကို ဗိုလ်ဘစောက ပြောကြားခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုဗိုလ်ဘစောရဲ့ ပြောကြားချက်နဲ့ ပတ်သက်ပြီး နိုင်ငံတော်ရှေ့နေချုပ် ဦးချန်ထွန်းက လွှတ်တော်မှာ ရှင်းလင်းတင်ပြခဲ့ပါတယ်။ ဦးချန်ထွန်းက ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကိုအတည်ပြုပြီး မကြာမီမှာဘဲ ရခိုင်အမတ်အချို့နဲ့ ရခိုင်လူကြီးတွေ မိမိနဲ့လာရောက်တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ရခိုင်အမတ်အချို့နဲ့ ရခိုင်လူကြီးတွေ ဝန်ကြီးချုပ်နဲ့ တွေ့ဆုံဆွေးနွေးခဲ့တာမှာလဲ မှန်ကန်တယ်။ ရခိုင်အမတ်တွေ ညွှန်ပြထားတဲ့ ပုဒ်မ ၉၁ ဟာ ဖဆပလပဏာမညီလာခံကတည်းက ဗိုလ်ချုပ်နဲ့တကွ အဲဒီတုန်းက ဦးဆောင်တဲ့ ပုဂ္ဂိုလ်တွေစိတ်ထဲမှာ ရည်ညွှန်းထားတဲ့ ရည်ညွှန်းချက်ကြောင့် ပုဒ်မ ၉၁ ကို ထည့်သွင်းခဲ့တာဖြစ်တာ၊ အဲဒီတုန်းက ရည်ရွယ်ချက်မှာ လူမျိုးစုလွှတ်တော်အတွက် မြန်မာပြည်မနဲ့ သက်ဆိုင်ရင် မြန်မာပြည်မကို ဒေသအလိုက် လွှတ်လွှတ်လပ်လပ် အုပ်ချုပ်ခွင့်ပေးဖို့ ရည်ရွယ်တဲ့အတိုင်း ဒေသအလိုက် ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတွေကတစ်ဆင့် ရွေးကောက်တင်မြှောက်ဖို့ ဖြစ်တာကို ဦးချန်ထွန်းက ရှင်းပြခဲ့ပါတယ်။

ဦးချန်ထွန်းကပဲ ဆက်လက်တင်ပြရာမှာ မိမိအနေနဲ့ ဒီမိုကရေစီစနစ်အရ တိုင်းသူပြည်သားတွေ အခွင့်အရေးတွေရသင့်တာကို ယုံကြည်ပါတယ်လို့ ဆိုခဲ့ပါတယ်။ ဒေသအလိုက် လွှတ်လွှတ်လပ်လပ် အုပ်ချုပ်ပိုင်ခွင့်နဲ့ ပတ်သက်ပြီး မည်သည့်မူနဲ့ လုပ်ဆောင်မှာကို အုပ်ချုပ်ရေးက ပုဂ္ဂိုလ်တွေနဲ့ တိုင်ပင်ပြီး မိမိစဉ်းစားကူညီမှာဖြစ်တာ၊ ရခိုင်အမတ်တွေနဲ့ လူကြီးတွေကို ပြောကြားခဲ့တာလို့ ဦးချန်ထွန်းက ရှင်းပြခဲ့ပါတယ်။ ဦးချန်ထွန်းက မိမိအနေနဲ့ နောက်ပိုင်းမှာ အုပ်ချုပ်ရေးပိုင်းမှာ အာဏာကို ဖြန့်ပြီးသုံးတဲ့နည်းကို သုံးသင့်မသင့် စဉ်းစားလာရတဲ့အကြောင်းရင်း တွေကိုလဲ အောက်ပါအတိုင်းဆွေးနွေး တင်ပြခဲ့ပါတယ်။

…အဲဒီအတောအတွင်းမှာ၊ တိုင်းပြည်မငြိမ်ဆိပ်မှုတွေက



တဖြည်းဖြည်းတစစ တိုးပွားလာတာ တွေ့ရတယ်။ နောက်တစ်ကြောင်းကလဲ ယခု ဒုတိယကမ္ဘာစစ်ကြီးဖြစ်တဲ့အခါမှာ၊ ရခိုင်နယ်နဲ့တကွ ဗမာပြည်တစ်ပြည်လုံး စစ်ဒဏ်မထိတဲ့နေရာရယ်လို့ မကျန်ခဲ့သလောက် ဖြစ်လို့၊ မြန်မာပြည်မှာ ယခုလောင်စာနဲ့ ပြာပဲကျန်ခဲ့တယ်လို့ ပြောနေသလိုဘဲ၊ နေရေး၊ ထိုင်ရေး၊ စီးပွားရေးဘက်က၊ ကစင့်ကလျားဖြစ်နေတာကိုလဲ တွေ့ရပါတယ်။ အဲဒီအခါမျိုးမှာ၊ ဒီအကြောင်းနှစ်ကြောင်းကို ထောက်ထားပြီး၊ လောလောဆယ်အုပ်ချုပ်ရေးကို (decentralize) လုပ်တယ်ဆိုတာ၊ အာဏာကိုဖြန့်ပြီး သုံးတဲ့နည်းဟာ ကောင်းမလား၊ အရာရောက်မလား၊ တိုင်းပြည်ပြန်လည်ထူထောင်တဲ့ ကိစ္စမှာ ထိရောက်နိုင်မလား၊ ဒါမှမဟုတ် အစိုးရလက်ထဲမှာ အာဏာထားပြီးတော့ မြန်မြန်လုပ်နိုင်တဲ့ ကိစ္စမျိုး၊ သဘောမျိုးနဲ့လုပ်တာက ပိုမိုခရီးရောက်မလား ဆိုတာကို ကျွန်တော့်စိတ်ထဲ တော်တော်ဘဲ ဝေခွဲမရအောင် ဖြစ်နေပါတယ်။ ဖြစ်ပြီးတဲ့နောက်၊ စဉ်းစားတိုင်ပင်ပြီး နောက်ဆုံးကျွန်တော့်စိတ်ထဲမှာ ပေါ်ပေါက်လာတာက၊ ယခုအခိုက်အတန့်အားဖြင့်ဆိုရင် ဒီလို အာဏာကိုဖြန့်ပြီးတော့၊ နယ်တွေမှာ အစခပ်သိမ်းမှာ အုပ်ချုပ်နည်းဟာ ပြန်လည်ထူထောင်ရေးနဲ့ တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးမှာ ခရီးရောက်နိုင်ဖို့ရာအတွက် အနှောင့်အယှက် ဖြစ်စရာခဲ့ပါတယ်။ ဒီတော့ ဒီတိုင်းပြည်ပြန်လည် ထူထောင်ရေးနဲ့ ငြိမ်ဝပ်ပိပြားရေးအလုပ်ကို အားကြိုးမာန်တက် လုပ်နေရတဲ့အခိုက်အတန့်မှာ၊ ဒီလိုအာဏာကို ဖြန့်ပြီးတော့၊ ဒေသအလိုက်သုံးတာထက်၊ ဗဟိုအစိုးရကအာဏာ လက်ကိုင်ထားပြီး၊ အဲဒီအရပ်က ပုဂ္ဂိုလ်တွေနဲ့ တိုင်ပင်ပြီး လုပ်သွားရင် ပိုမိုခရီးရောက်နိုင်မယ်လို့ အယူရှိတဲ့အတွက် ဒီကိစ္စကို ဆက်လက်မဆောင်ရွက်ခဲ့တာပဲ ဖြစ်ပါတယ်..\'

ဦးချန်ထွန်းရဲ့ ပြောကြားချက်အရ လက်ရှိမြန်မာနိုင်ငံရဲ့ အခြေ

www.burmeseclassic.com

www.burmeseclassic.com



အနေပေါ် မူတည်ပြီး အာဏာကို ဒေသအလိုက် ဖြန့်ဝေသုံးစွဲတာထက် ဗဟိုအစိုးရလက်ထဲမှာသာ ထားရှိတာက ပိုမိုသင့်လျော်တာလို့ သူ့အနေနဲ့ သဘောထားတာလို့ ဆိုနိုင်ပါတယ်။

ဦးသာထွန်းရဲ့အဆိုနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဌာနဝန်ကြီး ဦးကျော်ငြိမ်းက လွှတ်တော်သို့ ပြန်လည်ရှင်းလင်းတင်ပြရာမှာ ရခိုင်ပြည်အုပ်ချုပ်ရေးမှာ အခက်အခဲတွေ ရှိနေခဲ့တာ၊ အရာရှိ ကောင်းကောင်း မရှိတာ၊ မြန်မာပြည်မှာရှိနေတဲ့ ရခိုင်အမျိုးသားအရာရှိတွေကို ရခိုင်သို့ ပို့ပေမယ့် မသွားလိုတာ၊ မြန်မာနိုင်ငံမှာ ကျင့်သုံးနေတဲ့ အုပ်ချုပ်ရေးစနစ်မှာလဲ မှားယွင်းနေတာ၊ ဒီအုပ်ချုပ်ပုံစနစ်ကို ဒီမိုကရေစီနည်းအနေနဲ့ ဆောင်ရွက်သင့်တာ၊ စင်စစ်အာဏာကို လူထုကိုယ်စားလှယ် လက်ထဲမှာ ထားသင့်တာ၊ ဒါမျိုးကဲ့သို့မဟုတ်ဘဲ နိုင်ငံမှာ အာဏာတွေကို အုပ်ချုပ်ရေးအရာရှိ အဆင့်ဆင့်တွေ လွှဲအပ်နေတာကြောင့် စနစ်အရ မှားယွင်းနေတာ၊ မှားယွင်းတဲ့ စနစ်ကို ပြင်ဆင်ဖို့ လိုအပ်တာကို ဦးကျော်ငြိမ်းက တင်ပြခဲ့ပါတယ်။

ပြီး ဦးကျော်ငြိမ်းကပဲ ဆက်လက်ပြီး နိုင်ငံတော်အစိုးရအနေနဲ့ အုပ်ချုပ် ပုံစနစ်ကို ဒီမိုကရေစီအနေနဲ့ ဆောင်ရွက်နိုင်ဖို့ရာ ဥပဒေကြမ်းရေးဆွဲ နေပြီဖြစ်တာကြောင့် ရခိုင်အမတ်တွေ ကြုံတွေ့နေရတဲ့ အခက်အခဲတွေ ပပျောက်သွားလိမ့်မယ်ပဲ ဖြစ်တာ၊ ဒါကြောင့် ဦးသာထွန်းကို မိမိအဆိုကို ပြန်လည်ရုပ်သိမ်းပေးဖို့ တိုက်တွန်းလိုကြောင်း ပြောခဲ့ပါတယ်။ နောက်ဆုံးမှာ ဦးကျော်ငြိမ်းရဲ့ ရှင်းပြချက်ကို ဦးသာထွန်းက ကျေနပ်တာကြောင့် အဲဒီအဆိုကို ပြန်လည် ရုပ်သိမ်းသွားခဲ့ပါတယ်။

အဲဒီလို လွှတ်လပ်ရေးရရှိပြီးနောက်ပိုင်း အခြေခံဥပဒေပုဒ်မ ၉၁ ကို ထောက်ပြပြီး ရခိုင်တိုင်းမှာ ဒေသဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ ဖွဲ့စည်းအုပ်ချုပ်ခွင့်ပြုဖို့ ရခိုင်အမတ်တစ်ဦးရဲ့ အဆိုပြုချက်ကိုတော့ အဲဒီအခါက ဖဆပလအစိုးရက ခွင့်မပြုခဲ့ပါ။ ဖဆပလ အစိုးရအနေနဲ့ အုပ်ချုပ်ပုံစနစ်ကို ဒီမိုကရေစီနည်းအနေနဲ့ ဆောင်ရွက်ပေးသွားဖို့သာ အစီအစဉ်ရှိတော့တယ်လို့ ဆိုနိုင်ခဲ့ပါတယ်။



## ကျောက်ဖြူအမတ် ဦးရွှေနီရဲ့ ရခိုင်ပြည်နယ် တောင်းဆိုမှုမှာ

တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) ဆဋ္ဌမညီလာခံမှာပဲ ဦးရွှေနီ (ကျောက်ဖြူ ကျေးလက်တောင်ပိုင်း) အမတ်က ရခိုင်တိုင်းက အချို့မြို့နယ်တွေမှာ မြန်မာပြည်မှာကဲ့သို့ ကြေးနန်းဆက်သွယ်ပေးရန်နဲ့ ကြေးနန်း မဆက်သွယ်နိုင်တဲ့မြို့တွေမှာ ဝိုင်ယာလက်တွေ အမြန်ဆုံး ဆက်သွယ်ပေးနိုင်ဖို့ အဆိုတင်သွင်းရင်းက ရခိုင်တိုင်းကို ပြည်နယ် ပေးသင့်တာလဲ လွှတ်တော်မှာ ပြောကြားခဲ့ပါတယ်။ ဦးရွှေနီက လွှတ်တော်သို့ တင်ပြရာမှာတော့–

"ဒီအဆိုကို ပယ်ချမယ်လို့ဆိုရင် ရခိုင်ပြည်နဲ့ မဆက်သွယ်ဘူး၊ မလိုတော့ဘူးဆိုရာ ရောက်နေတာကြောင့် Autonomous State ပေးခဲ့ပဲ ရှိပါတော့တယ်"

ရခိုင်ပြည် အခြေအနေအရ ရာဇဝင်၊ ပထဝီဝင်၊ ဒေသန္တရ သဘာဝအလျောက် ဖြစ်ပျက်နေတဲ့အကြောင်းတွေကို ထောက်ရှုလို့ရှိရင်၊ ရခိုင်ပြည်ဟာ Autonomous State ရနိုင်တဲ့ အကြောင်းတွေ အများကြီး ရှိပါတယ်။ ဒါပေမဲ့ ဗိုလ်ချုပ်နဲ့တကွ အခြားကျဆုံးခဲ့တဲ့ ခေါင်းဆောင်ကြီးတွေကိုထောက်ပြီး ကျွန်တော်တို့လဲ မလိုချင်ဘူး။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာက ကဲ့ရဲ့မှာစိုးလို့ပါ။ တိုင်းပြည်မှာ ဗမာနဲ့ရခိုင်ဘာသာ အယူဝါဒချင်း တူပြီး စကားပြောတာကလေး နည်းနည်း ကြမ်းကြမ်းတမ်းတမ်း ပြောတတ်တာ ရှိပါတယ်။ စကား ပြောတဲ့နေရာမှာ ကြောင်ပဲပြောတတ်ပါတယ်။ ဒီလိုမြန်မာနဲ့ ရခိုင် အရင်းအနှီးဆုံး

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းသင်းခဲ့တာဟာ ယခုမှသာမဟုတ်ဘဲ၊ ရာဇဝင် အဆက်ဆက်က ပေါင်းသင်းလာတာကို ပြန်ကြည့်ရင် ကောင်းကောင်း ကြီးသိနိုင်ပါတယ်…' ဆိုပြီး ရခိုင်ပြည်နယ်ရသင့်ပေမယ့် မကောင်းဆိုတာကို ရှင်းလင်းတင်ပြခဲ့ပါတယ်။

**သီးခြားပြည်နယ်ကိစ္စနဲ့ ပတ်သက်ပြီး နိုင်ငံတော်အစိုးရရဲ့သဘောထားမှာ**

ရခိုင်အမတ်အချို့က ရခိုင်ပြည်နယ်နဲ့စပ်လျဉ်းပြီး လွှတ်တော်တွင်း ပြောဆိုမှုတွေ ရှိလာတာကြောင့် ၁၉၈၄ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့မှာ ကျင်းပတဲ့ တိုင်းပြည်ပြုလွှတ်တော် ဆွေးနွေးပွဲမှာ ဝန်ကြီးချုပ် ဦးနုဟာ လူနည်းစုပြဿနာနဲ့ ပတ်သက်ပြီး မိန့်ခွန်းပြောကြားခဲ့ပါတယ်။ ဒီလိုပြောကြားခဲ့မှာ သခင်နုက သီးခြားပြည်နယ်ကိစ္စနဲ့ စပ်လျဉ်းပြီး နိုင်ငံတော်အစိုးရရဲ့ သဘောထားကိုလဲ ထည့်သွင်း ပြောကြားခဲ့ပါတယ်။ ဝန်ကြီးချုပ်ဦးနုက–

"ရှမ်း၊ ချင်း၊ ကချင်၊ ကရင်နီ၊ ကရင်၊ မွန်စတဲ့ လူနည်းစု တွေ နေကြတဲ့အနက် ရှမ်း၊ ချင်း၊ ကချင်၊ ကရင်နီ အမျိုးသားတွေမှာ ကိုယ့်သီးခြားပြည်နယ်နဲ့ ကိုယ်ရှိနေကြပါပြီ။ ထိုနည်းအတူ မွန်၊ ရခိုင်၊ ကရင်အမျိုးသားတို့ကလဲ သီးခြားပြည်နယ်တွေများ အလိုရှိနေတဲ့ ဆန္ဒတွေရှိ နေကြောင်းကို ကျွန်တော်တို့ သိရှိကြရပါတယ်။ သီးခြားပြည်နယ်ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ရဲ့ သဘောထားကို အမတ်မင်းတွေကို အတိအလင်း အစီရင်ခံလိုပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ဟာ လူဦးရေဘက်မှာ အထူးနည်းတဲ့အတွက် စီးပွားရေးအရအနေနဲ့ပဲ ဖြစ်ဖြစ်၊ ကာကွယ်ရေးအရအနေနဲ့ပဲဖြစ်ဖြစ် ပြည်ထောင်စုကို အစိတ်စိတ် အမွှာမွှာ ခွဲပစ်လို့ကို မရပါဘူး။



အခုန်အတိုင်း အစီရင်ခံရရင် ပြည်ထောင်စုကြီးကို နောက်ထပ် ခွဲခြမ်းပေးဖို့ မပြောထားနဲ့ အခုရှိရင်းစွဲဖြစ်နေတဲ့ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်နီပြည်နယ်ဆိုတဲ့ ခွဲခြမ်းမှုကိုပင် ကျွန်တော်တို့ရဲ့ တစ်ကိုယ်တည်း သဘောထားကိုပြောရရင်၊ ရာခိုင်နှုန်းပြည့် သဘော မတူပါဘူး။ ကျွန်တော့်သဘောထားကတော့ အဲဒီလို ခွဲခြမ်းမယ့်အစား၊ ရှမ်းအမျိုးသားတွေပဲဖြစ်ဖြစ်၊ ကရင်အမျိုးသားတွေပဲဖြစ်ဖြစ်၊ ချင်း အမျိုးသားတွေပဲဖြစ်ဖြစ်၊ ကရင်နီအမျိုးသားတွေပဲဖြစ်ဖြစ် ပြည်ထောင်စု ကြီးကို တက်ပြီး အုပ်စိုးတာကို ကျွန်တော်က ပိုပြီးသဘောကျပါသေး တယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့ပြည်ထောင်စုက ယနေ့ အရေးတကြီး လိုလားနေတဲ့အရာဟာ ခွဲခြားမှုမဟုတ်ဘဲ၊ စည်းလုံးမှုပဲ ဖြစ်နေလို့ပါပဲ"

ဆိုပြီး ပြည်နယ်ထပ်မံပေးရေးကိစ္စနဲ့ ပတ်သက်ပြီး မိမိရဲ့ သဘောထားကို ထုတ်ဖော်ခဲ့ပါတယ်။ ပြီးဦးနုကပဲ ဆက်လက်ပြီး မွန်၊ ရခိုင်၊ ကရင်တို့ရဲ့ သီးခြားပြည်နယ် ပြဿနာကို မိမိတို့ဖြေရှင်းဖို့ရာ ဘယ်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားတာကို ပြောကြားရာမှာတော့–

"ယခု မွန်၊ ရခိုင်၊ ကရင်တို့ရဲ့ သီးခြားပြည်နယ်တွေ ကိစ္စမှာလဲ ကျွန်တော်တို့ရဲ့ သဘောထားဟာ အတည့်အလင်း ရှင်းပြီးသားပဲ ဖြစ်သေတဲ့ အနာတက် ဆေးချက်မရှိဘူးလို့ ဆိုတဲ့စကားအရ သီးခြား ပြည်နယ် ငန်းဘမ်းနေတဲ့အချိန်အခါမှာ၊ အဲဒီပြဿနာကို ဒီလိုပဲ ထားဖို့ မဖြစ်နိုင်ပါ။ အဲဒါတို့ကို ဖြေရှင်းပေးဖို့အတွက် နည်းလမ်းတွေ ရှာဖွေပေးဖို့ရန်မှာ ခေါင်းဆောင်တွေရဲ့ တာဝန်ပဲဖြစ်ပါတယ်။ အဲဒီ တာဝန်ဝတ္တရားတွေအတိုင်း အစိုးရအဖွဲ့ဟာ ဒေသိုင်ရာ ခေါင်းဆောင် အသီးသီးနဲ့တိုင်ပင်ပြီး အဲဒီပါ သီးခြား ပြည်နယ်ပြဿနာကို ဒီမိုကရေစီနည်းနဲ့ ဖြေရှင်းပေးနိုင်မယ့် နည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



လမ်းကောင်းတွေ ရှာဖွေပေးဖို့ကို၊ တိုင်းရင်းသား ကိုယ်စားလှယ်ပေါင်း စုံပါဝင်တဲ့အဖွဲ့ တစ်ခုကို မနေ့ကဘဲ ခန့်ထားပြီးဖြစ်ပါတယ်။ ဒီအဖွဲ့ဟာဖြင့် ပြည်ထောင်စုကြီးရဲ့ စည်းလုံးမှု၊ တိုင်းရင်းသား ချစ်ကြည်မှု၊ တစ်ဦး အကြောင်းကို တစ်ဦး ပိုမိုနားလည်မှုတို့ကို မပျက်ပြားစေဘဲ၊ မွန်၊ ရခိုင်၊ ကရင်အမျိုးသားတွေရဲ့ ကျေနပ်မှုကို ဒီမိုကရေစီနည်းအနေနဲ့ ဖြေရှင်းနိုင်မယ့် နည်းကောင်းလမ်းကောင်းတွေ ကို အမြန်ဆုံး ရှာဖွေပေးနိုင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်လျက် ရှိပါတယ်။ အထူးစုံစမ်းရှာဖွေပေးရန်လဲ ကျွန်တော် အထူးတိုက်တွန်း လိုပါတယ်''

လို့ ထည့်သွင်းပြောကြားခဲ့ပါတယ်။ သခင်နုရဲ့ မိန့်ခွန်းအရ သ… အနေနဲ့ မွန်၊ ကရင်တို့ရဲ့ သီးခြားပြည်နယ်တောင်းဆိုမှုကို မလိုလား… မယ့်လဲ အဲဒီကိစ္စကို လျစ်လျူရှုမထားဘဲ ဒီမိုကရေစီနည်းနဲ့ ဖြေရှင်း… သွားဖို့ ရည်ရွယ်ထားတာလို့ ဆိုခဲ့ပါတယ်။

သခင်နုကပဲ ဆက်လက်ပြီး တိုင်းရင်းသားအချင်းချင်း ချစ်ခင်… ယုံကြည်မှု လိုအပ်တာကို အောက်ပါအတိုင်း ပြောကြားခဲ့ပါတယ်…

''ချင်း၊ ကချင်၊ ကရင်၊ ရှမ်း၊ ကရင်နီ၊ မွန်၊ ရခိုင်အစရှိ… သီးခြားပြည်နယ်တွေ ဘယ်လောက်ပင်ခွဲခြားပေးပေး၊ တိုင်းရင်းသ… အချင်းချင်းမှာ ချစ်ခင်မှု၊ ယုံကြည်မှုတို့သာ မရှိခဲ့ကြပါရင် … သီးခြား ပြည်နယ်ပေးထားတာတွေဟာ အလဟဿ ဖြစ်ကြရော…

အဲဒီတော့ လက်ရှိလူမျိုးရေးပြဿနာတွေ ဖြေရှင်းဖို့အတွ… သီးခြားပြည်နယ်တွေ ခွဲဝေပေးရေးထက် တစ်ဦးနဲ့တစ်ဦး ချစ်ကြည်… ယုံကြည်စိတ်ချရေးတွေကို ရရှိအောင် အသီးသီး ကြိုးစား… လေးနက်စွာ တိုက်တွန်းလိုက်ပါတယ်''

သခင်နုက လက်ရှိလူမျိုးရေးပြဿနာ ဖြေရှင်းရေးမှာ သီးခြား…



နယ်ပေးရေးထက် တိုင်းရင်းသားအချင်းချင်း တစ်ဦးနဲ့တစ်ဦး ချစ်ကြည်ရေး၊ ယုံကြည်စိတ်ချရေးက ပိုပြီးအရေးပါတာကို အလေးပေးပြောကြားခဲ့ပါတယ်။

## ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် စုံစမ်းရေးကော်မရှင်ဖွဲ့စည်းမှု

ဝန်ကြီးချုပ် သခင်နုဟာ မိမိရဲ့ ကတိအတိုင်း ၁၉၄၈ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် စုံစမ်းရေးကော်မရှင်အဖွဲ့ကို ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီအဖွဲ့က နိုင်ငံတော်တရားဝန်ကြီးချုပ် အဂ္ဂမဟာ သရေစည်သူ ဆာဘဦးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပြည်နယ်တွေက ကိုယ်စားလှယ်တစ်ဦးကျစီအပြင် ကရင်အမျိုးသား ကိုယ်စားလှယ် ခြောက်ဦး၊ မွန်အမျိုးသားကိုယ်စားလှယ်ခြောက်ဦး၊ ရခိုင်အမျိုးသား ကိုယ်စားလှယ် ခြောက်ဦး၊ ဗမာအမျိုးသားကိုယ်စားလှယ် ခြောက်ဦးတို့ ပါဝင်ခဲ့ကြပါတယ်။ အဖွဲ့ဝင်အချို့ကို သက်တမ်းမကုန်မီ အကြောင်း အမျိုးမျိုးကြောင့် လဲလှယ်ခဲ့ရပါတယ်။ အဲဒီစုံစမ်းရေးအဖွဲ့က ဆောင်ရွက်ဖို့ သတ်မှတ်ထားတဲ့ လုပ်ငန်းတွေမှာ–

''(က) ကရင်၊ မွန်၊ ရခိုင်တိုင်းရင်းသားတွေရဲ့ ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရလိုတဲ့ဆန္ဒတွေကို စုံစမ်းရန်။

(ခ) တကယ်လို့ အဲဒီဆန္ဒတွေ အခြေခံဥပဒေရဲ့ သဘောတွေနဲ့ အကျုံးဝင်ပြီးဖြစ်ရင်၊ အဲဒီဆန္ဒတွေကို အမြန်ဆုံး ဖြည့် ဆည်းနိုင်မယ့် နည်းလမ်းတွေကို ရေးဆွဲတင်ပြရန်။

(ဂ) တကယ်လို့ အဲဒီဆန္ဒတွေကို အခြေခံဥပဒေရဲ့သဘောတွေ နဲ့ အကျုံးမဝင်ခဲ့သော၊ အဲဒီလို အခက်အခဲတွေကို

www.burmeseclassic.com

www.burmeseclassic.com



ကျော်လွှန်အောင် ဆောင်ရွက်နိုင်မယ့် နည်းလမ်းတွေကို ရှာဖွေရန်။

(ဃ) အထက်ပါ ရှာဖွေလို့ တွေ့နိုင်တဲ့ နည်းလမ်းတွေကို၊ ဒီမိုကရေစီ စနစ်အရ၊ အမြန်ဆုံးထမြောက်အောင် ဖန်တီးနိုင်မယ့် လုပ်ငန်းအစီအစဉ်တွေကို ရေးဆွဲတင်ပြရန်'' တို့ပဲ ဖြစ်ပါတယ်။

ဝန်ကြီးချုပ် သခင်နုဟာ ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့မှာ ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် စုံစမ်းရေးကော်မရှင် အဖွဲ့ဝင်တွေနဲ့ တွေ့ဆုံပြီး မိန့်ခွန်းပြောကြားခဲ့ပါတယ်။ အဲဒီလို မိန့်ခွန်းပြောကြားရာမှာ သခင်နုက မွန်၊ ကရင်နဲ့ ရခိုင်အမျိုးသားတွေရဲ့ တရားသဖြင့် လိုလားချက်တွေကို ဖြည့်ဆည်းပေးနိုင်မယ့် နည်းလမ်းတွေကို ရှာဖွေပေးဖို့ တိုက်တွန်းခဲ့ပါတယ်။ သခင်နုကပဲ ဆက်လက်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးရဲ့ အခြေခံအုပ်မြစ်မှာ တိုင်းရင်းသားအားလုံးရဲ့ ကျေနပ်နှစ်သိမ့်မှုရရှိရေးပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားအားလုံး ကျေနပ်မှုရှိသရွေ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို သိကြားမင်းသော်မှ ဖျက်လို့မရကြောင်း ပြောကြားခဲ့ပါတယ်။

ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် စုံစမ်းရေးကော်မရှင်ဟာ သူတို့ရဲ့လုပ်ငန်းတွေကို လွယ်လွယ်ကူကူ ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ငယ်သုံးဖွဲ့ကို ထပ်မံဖွဲ့စည်းခဲ့ပါတယ်။ ကရင်အမျိုးသားဆိုင်ရာ အဖွဲ့ငယ်၊ မွန်အမျိုးသားဆိုင်ရာအဖွဲ့ငယ်၊ ဗမာအမျိုးသားဆိုင်ရာအဖွဲ့ငယ် တွေပဲ ဖြစ်ကြပါတယ်။ အဖွဲ့ငယ်တိုင်းမှာ ပြည်နယ်ကိုယ်စားလှယ်တစ်ဦး ဗမာအမျိုးသား ကိုယ်စားလှယ်သုံးဦးနဲ့ သက်ဆိုင်ရာ အမျိုးသား ကိုယ်စားလှယ်တွေအဖြစ် မိမိတို့ဆန္ဒအရ ရေးသားချက်စာတမ်းတွေကို တင်ပြကြတယ်။ အဖွဲ့ငယ်ဝင် ဗမာအမျိုးသား ကိုယ်စားလှယ်တွေ



လဲ သက်ဆိုင်ရာအမျိုးသား ကိုယ်စားလှယ်တွေ တင်သွင်းတဲ့ ရေးသားချက် စာတမ်းတွေကို ပြန်လည်ဖြေကြားတဲ့ စာတမ်းတွေ တင်ပြခဲ့ကြပါတယ်။

**ရခိုင်အမျိုးသားဆိုင်ရာ အဖွဲ့ဝင်လေးဦးရဲ့ လိုလားချက်စာတမ်းမှာ**

ရခိုင်အမျိုးသားဆိုင်ရာ အဖွဲ့ငယ်တွေဖြစ်ကြတဲ့ ဦးကျော်ရင်၊ ဦးထွန်းအောင်၊ ဦးသာထွန်းနဲ့ အက်စ်အာမက်တို့ဟာ မိမိတို့ရဲ့ လိုလားချက်စာတမ်းကို ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့မှာ တင်သွင်းခဲ့ကြပါတယ်။ ရခိုင်အမျိုးသားဆိုင်ရာ အဖွဲ့ဝင် လေးဦးရဲ့ လိုလားချက်အနှစ်ချုပ်မှာတော့-

(၁) ရခိုင်ဝန်ကြီးတစ်ဦးခန့်အပ်ရန် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့ ဥပဒေတစ်ရပ် ထည့်သွင်းရန်။

(၂ ရခိုင်ဝန်ကြီးကို ကူညီရန်အလို့ငှာ ရခိုင်ကောင်စီတစ်ရပ် ဖွဲ့စည်းရန်အတွက် ဥပဒေတစ်ရပ် ထည့်သွင်းရန်။

(၃) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ ၁၂၁အရ၊ ရခိုင်ဒေသနဲ့ ပတ်သက်တဲ့ အမှုကိစ္စအဝဝကို ရခိုင်လူထုဆန္ဒနဲ့ အညီ ရခိုင်ဝန်ကြီးနဲ့ ရခိုင်ကောင်စီတို့က ထိထိ ရောက်ရောက် ဆောင်ရွက်နိုင်ရန် ဥပဒေစည်းကမ်းတွေ သတ်မှတ်ပေးရန်။

(၄) ၅ နှစ်ကုန်ဆုံးတဲ့အခါမှာ ဒီစီမံချက်တွေကို သူတို့ရဲ့ လုပ်ငန်းအကျိုးအပြစ်ပေါ် မူတည်ပြီး ရခိုင်လူထုဆန္ဒနဲ့အညီ ပြန်လည်စစ်ဆေး ပြင်ဆင်ရတာ၊ ဒါမှမဟုတ် အဆုံးသတ် အတည်ပြုလိုပါက ပြုလုပ်စေရမယ်ဆိုတာတွေပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဦးရွှေဘော်ရဲ့ လိုလားချက်စာတမ်းမှာ–**

ဒေသအလိုက်စုံစမ်းရေး ကော်မရှင်မှာ ရခိုင်ကိုယ်စားလှယ်တစ်ဦး အဖြစ် ပါဝင်သူ ဦးရွှေဘော်ကတော့ ရခိုင်တိုင်းကို ပြည်ထောင်စုဝင် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တွေကဲ့သို့ ပြည်နယ်တစ်ခုအဖြစ်နဲ့ တည်ထောင်ပေးဖို့ အကြံပေးခဲ့ပါတယ်။ ဦးရွှေဘော်က ဦးကျော်ရင်တို့ တင်သွင်းတဲ့ စာတမ်းဟာ ရခိုင်ပြည်သူလူထု ဆန္ဒနဲ့မကိုက်ညီလို့ ဟုဆိုပြီး အကြောင်းပြခဲ့ပါတယ်။ ဦးရွှေဘော်ရဲ့ အကြံပေးစာတမ်းက ရခိုင်တိုင်းရင်းသားတွေရဲ့ လိုလားချက်တချို့ကို ဘင်ပြထားပါတယ်။ အဲဒီ လိုလားချက်အချို့ကတော့–

(၁) ရခိုင်တိုင်းရဲ့ သဘာဝရင်းမြစ်တွေကို အသုံးချရန်နဲ့ စက်မှု လုပ်ငန်းတွေ တိုးတက်အောင် ဆောင်ရွက်ရန်။

(၂) ရခိုင်တိုင်းရဲ့ ရေလမ်း၊ ကုန်းလမ်းနဲ့ မီးရထားလမ်းတွေကို တိုးတက်အောင် ပြုလုပ်ပေးရန်။

(၃) အဆင့်မြင့်စက်မှုပညာရပ်တွေ အပါအဝင် ပညာရေးစနစ် ကို တိုးမြှင့်ရန်။

(၄) ပြည်သူ့ကျန်းမာရေးနဲ့ ဆေးကုသခွင့်တွေ တိုးတက်အောင် ဆောင်ရွက်ပေးရန်။

(၅) စိုက်ပျိုးရေးနဲ့ ရေလုပ်ငန်းတွေကို တိုးတက်အောင် ဆောင် ရွက်ပေးရန်။

(၆) ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ အနောက်မြောက်ဖက် နယ်စပ် ဒေသမှာ နယ်နိမိတ်ပြဿနာပေါ်ပေါက်ပါက ငြိမ်ဝပ်ပိပြား ရေးကို ဆောင်ရွက်နိုင်ရန်နဲ့ ပြည်တွင်းလုံခြုံရေးအတွက် အမြဲတမ်းတပ်မတော်မှာ ရခိုင်တပ်ရင်း ၁ ရင်း ဒါမှ မဟုတ် ၂ ရင်းတို့ကို ထားရှိရန်။



(၇) စစ်တကောင်းခရိုင် ဗိုလ်မင်းထောင်နဲ့ အဝကျွန်းတို့မှာ နေ ထိုင်လို့ရှိကြတဲ့ ရခိုင်လူမျိုးတွေကို ရခိုင်တိုင်းရှိ သင့် တော်ရာဒေသတွေမှာ ပြန်လည်နေရာချထားနိုင်တဲ့ အခွင့် အာဏာပေးရန်။

(၈) ဥပဒေပြုအာဏာနဲ့ အခွန်ကောက်ခံရေးအာဏာတွေ အပ် နှင်းရန်။

(၉) ရခိုင်တိုင်းနဲ့ပတ်သက်တဲ့ ကိစ္စအဝဝမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝပေးရန်

တို့ပဲ ဖြစ်ကြပါတယ်။ ဒီလိုနဲ့ ရခိုင်ရေးရာနဲ့ ပတ်သက်ပြီး ဒေသ အလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ကော်မရှင်ထံ တင်ပြရာမှာ ရခိုင်တိုင်းရင်းသားတွေရဲ့ သဘောထားမှာ နှစ်မျိုးကွဲပြားလို့နေခဲ့ပါတယ်။ ရခိုင်ရေးရာဝန်ကြီး တစ်ဦးနဲ့ ရခိုင်ရေးရာကောင်စီတစ်ခု အလိုရှိတဲ့ သဘောထားနဲ့ ရခိုင်တိုင်းကို ရခိုင်တို့အတွက်ကို ပြည်နယ်ပေးရန် ဆိုလားတဲ့ သဘောထားတို့ပဲ ဖြစ်ကြပါတယ်။

**ရခိုင်ကိုယ်စားလှယ်တွေရဲ့ စာတမ်းတွေနဲ့ ပတ်သက်ပြီး ဗမာကိုယ်စားလှယ်တွေရဲ့ အကြံပေးစာတမ်းမှာ**

ရခိုင်ကိုယ်စားလှယ်တွေ တင်သွင်းတဲ့ စာတမ်းတွေနဲ့ ပတ် သက်ပြီး ဦးချန်ထွန်း၊ ဗိုလ်ခင်မောင်ကလေး၊ သခင်စံရွှေ၊ ဦးမြ၊ ဦးဘကျန်း၊ ဦးအုံးခင်တို့ ပါဝင်တဲ့ ဗမာကိုယ်စားလှယ်တွေကလဲ သူတို့ရဲ့ သဘောထားနဲ့အကြံပေးစာတမ်းကို ကော်မရှင်ထံ တင်သွင်း ခဲ့ပါတယ်။ ဦးရွှေဘော်ရဲ့ အကြံပေးချက်ဖြစ်တဲ့ ရခိုင်တိုင်းကို ပြည်ထောင်စုဝင်ပြည်နယ်တစ်ခုအဖြစ် တည်ထောင်ပေးဖို့နဲ့ ပတ် သက်ပြီး ဗမာကိုယ်စားလှယ်တွေက ရခိုင်တိုင်းကို မြန်မာပြည်မ

www.burmeseclassic.com



အလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတဲ့ တိုင်းကြီးတစ်ခုအဖြစ် ပြုလုပ်နိုင်တာ၊ အဲဒီလိုကဲ့သို့သော တိုင်းကြီးမှာ ပြည်နယ်တွေသို့ ပေးအပ်တဲ့ အာဏာတွေထက်ပဲ ပိုမိုကျယ်ဝန်းမှာဖြစ်တာ၊ ဥပဒေပြုအာဏာနဲ့အခွန်ကောက်မှုအာဏာတွေမှာ ကိုယ်ပိုင်အုပ်ချုပ်မှုရှိတဲ့ တိုင်းကြီးတွေသာ ရှိလိမ့်မယ်ဖြစ်တာ၊ စစ်တပ်ဖွဲ့စည်းရေးအာဏာမှာ ပြည်ထောင်စုပါလီမန်မှသာ တည်ရှိရမှာ ဖြစ်တာကို အကြံပေးတင်ပြထားကြပါတယ်။

ရခိုင်ရေးရာဝန်ကြီးနဲ့ ရခိုင်ရေးရာကောင်စီ ထားရှိရေးကိစ္စနဲ့ ပတ်သက်ပြီး မြန်မာကိုယ်စားလှယ်တွေရဲ့ သဘောထားမှာ အမှန်တကယ်ထိထိရောက်ရောက် လုပ်ကိုင်ရာမှာ ရခိုင်ရေးရာကောင်စီက ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ရေးသဘောအရ ဖွဲ့စည်းတဲ့တိုင်း ကောင်စီလောက် ခရီးရောက်မယ်မဟုတ်လို့ ယူဆတာ၊ ရေးရာဝန်ကြီးနဲ့အုပ်ချုပ်တဲ့စနစ်မှာ အမှန်ကတော့ ဒီမိုကရေစီဝါဒနဲ့ ကိုက်ညီတယ်လို့ မဆိုနိုင်တာ၊ ဝန်ကြီးတစ်ဦးတည်းရဲ့ သဘောနဲ့သာ သက်ဆိုင်ရာဒေသတစ်ခုလုံးရဲ့ နေ့စဉ်လုပ်ငန်းအုပ်ချုပ်ရေးတွေကို လုပ်ဆောင်သွားရတာ၊ ရေးရာဝန်ကြီးအပေါ် အဲဒီဒေသက နိုင်ငံသားတွေဟာ သူတို့ရဲ့ကိုယ်စားလှယ်တွေ သြဇာအာဏာမရှိတာ၊ အခြေခံဥပဒေအရ ပါလီမန်အမတ်တွေ ဖွဲ့ထားတဲ့ 'ရေးရာကောင်စီ'က အကြံပေးနိုင်တဲ့ အခွင့်အရေးသာပဲရှိတာ၊ ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတဲ့ တိုင်းမှာတော့ 'ရေးရာဝန်ကြီး'အစား ပြည်သူ့ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားတဲ့ တိုင်းကောင်စီက နေ့စဉ်အုပ်ချုပ်မှုကိစ္စကို လက်ကိုင်ထားပြီး ဆောင်ရွက်သွားမယ်ဆိုတာတွေကို မြန်မာကိုယ်စားလှယ်တွေက သူတို့ရဲ့ သဘောထားတွေကို တင်ပြထားကြပါတယ်။

ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် စုံစမ်းရေးကော်မရှင်ဟာ လေးနှစ်ကြာလောက် စုံစမ်းလေ့လာပြီးတဲ့နောက် ၁၉၅၂ ခုနှစ်မှာ အစီရင်ခံစာကို တင်သွင်းနိုင်ခဲ့ပါတယ်။ အစီရင်ခံစာမှာ ကရင်ကိစ္စ၊ ရခိုင်ကိစ္စနဲ့ ပတ်သက်လို့သာ အစီရင်ခံစာပါခဲ့ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ရခိုင်ကိစ္စနဲ့ ပတ်သက်ပြီး မတင်သွင်းနိုင်ပါ ကော်မရှင်က ရခိုင်ကိစ္စနဲ့ ပတ်သက်ပြီး နောင်သင့်တော်တဲ့အချိန်မှာ နောက်ထပ်စုံစမ်းစစ်ဆေးရေး အဖွဲ့တစ်ဖွဲ့ကို စုံစမ်းအစီရင်ခံဖို့ သင့်တယ်လို့ အစိုးရထံ သီးခြားစာရေးသားပြီး ထောက်ခံထားခဲ့ပါတယ်။ ကော်မရှင်ရဲ့ အစီရင်ခံစာမှာပါရှိတဲ့ ထောက်ခံချက်တွေကို အစိုးရက စစ်ဆေးကြည့်ရှုပြီးတဲ့နောက် လက်ခံခဲ့ပါတယ်။

## ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးရဲ့အက်ဥပဒေကြမ်းအကြောင်း (၁၉၄၉)

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ၁၉၄၈ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှာ ကျင်းပတဲ့ တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) ဆဋ္ဌမအကြိမ် ညီလာခံမှာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ငြိမ်းက ရခိုင်အမတ်တွေ ကြုံတွေ့နေရတဲ့ အခက်အခဲတွေ ပပျောက်သွားရေးအတွက် အုပ်ချုပ်ပုံစနစ်ကို ဒီမိုကရေစီနည်းနဲ့ ဆောင်ရွက်နိုင်ဖို့ ဥပဒေကြမ်းရေးဆွဲနေပြီ ဖြစ်တာကို ပြောကြားခဲ့တာနဲ့အညီပဲ ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်နေ့မှာ ကျင်းပတဲ့ မြန်မာနိုင်ငံတော် တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) အစည်းအဝေးမှာ တရားဌာနဝန်ကြီး ဦးဗဂျမ်းက ၁၉၄၉ ခုနှစ် ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး အက်ဥပဒေကြမ်းကို တင်သွင်းခဲ့ပါတယ်။ အဲဒီ ဥပဒေကြမ်းကို ဝန်ကြီးချုပ် သခင်နုက ထောက်ခံဆွေးနွေးရာမှာကတော့-

…ဒါဥပဒေရဲ့ ရည်ရွယ်ချက်နဲ့ မူသဘောမှာ အခြေခံ ဥပဒေပုဒ်မ ၂၁၁ မှာ ပြဋ္ဌာန်းထားတဲ့ ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်မှု အခွင့်အရေးပေးအပ်ရန် ရည်ရွယ်ချက်နဲ့ပဲ တထပ်တည်းကိုက်ညီပါတယ်။ ဒီလို

www.burmeseclassic.com

www.burmeseclassic.com



ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်မှု အခွင့်အရေးနဲ့ အာဏာတွေကို ပြည်နယ်အထိ ခွဲဝေပေးထားတာကြောင့် ဒီမိုကရေစီဝါဒနဲ့ ကိုက်ညီရုံမျှမက၊ လူနည်းစုတွေကိုလဲ နိုင်ငံသားတိုင်း ခံစားရမယ့် တူညီတဲ့ အခွင့်အလမ်း အဆင့်အတန်းတွေကို ရရှိစေနိုင်ပါတယ်။

အမှန်မှာ ဒီဥပဒေကြမ်းမှာပါတဲ့ ရည်ရွယ်ချက်တွေအတိုင်း စနစ်တကျ ဆောင်ရွက်သွားမယ်ဆိုရင် လူနည်းစုပြဿနာနဲ့တကွ လူမျိုးစုပြဿနာပါ ဖြေရှင်းပြီးဖြစ်ပါလိမ့်မယ်။ လူနည်းစုတစ်စုအတွက်ဖြစ်ဖြစ်၊ လူမျိုးစုတစ်စုအတွက်ဖြစ်ဖြစ်၊ အထူးပြဋ္ဌာန်းချက်တွေ၊ အထူး ဥပဒေတွေနဲ့ စီမံရတာမျိုးဟာ နိုင်ငံရေးဆေးမီးတိုသာဖြစ်ပါတယ်။ အဲလို ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ရေး ဖန်တီးတည်ထောင်တာမှာ အခိုက်အတန့် နိုင်ငံရေးအရ တည်ထွင်တဲ့ ဆေးမီးတိုမျိုး မဟုတ်ဘဲ၊ လက်တွေ့ လုပ်ဆောင်ရာမှာ ထာဝရအကျိုးသက်ရောက်စေမယ့် လက်သုံးနည်းမှန်ပဲ ဖြစ်တယ်။ သက်ဆိုင်ရာဒေသမှာရှိတဲ့ ပုဂ္ဂိုလ်ဝိုင်းဟာ၊ အဲဒီဒေသနဲ့ ပတ်သက်သမျှ ကိစ္စအဝဝတို့မှာ ကိုယ်ထိလက်ရောက်ပါဝင်ပြီး သဘော ပေးနိုင်တာ၊ လှုံ့ဆော်နိုင်တာ၊ ဆောင်ရွက်နိုင်တာ စတဲ့ အခွင့်အရေး တွေကို ရရှိလိမ့်မယ်လို့ ဆိုခဲ့ပါတယ်။

ဒါမှသာပဲ ကိုယ်ပိုင်အုပ်ချုပ်ရေးကို လက်ဆုပ်လက်ကိုင် ပိုင်ပိုင် နိုင်နိုင်ရတဲ့ ဒီမိုကရေစီစနစ် အစစ်အမှန်ဖြစ်မယ်ဆိုပြီး ပြောကြားခဲ့ပါ တယ်။ ဝန်ကြီးချုပ်ရဲ့ မိန့်ခွန်းအရ ဖဆပလအစိုးရရဲ့ သဘောထားမှာ လူမျိုးစုပြဿနာဖြေရှင်းရာမှာ အခြေခံဥပဒေပုဒ်မ ၉၁ နဲ့အညီ ဒေသ အလိုက် ကိုယ်ပိုင်အုပ်ချုပ်မှု အခွင့်အရေးပေးဖို့သာ ဆုံးဖြတ်ထားတာ ပြည်နယ်သစ်ပေးဖို့ရာ မရည်ရွယ်တာ လေ့လာသိရှိရပါတယ်။



**ပေါ်ပေါက်လာတဲ့ ရခိုင်တိုင်းဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်မှု စုံစမ်းရေးကော်မရှင်ဟာ**

ဖဆပလအစိုးရဟာ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး အက်ဥပဒေကြမ်းကို အတည်ပြုပြီးတဲ့နောက်ပိုင်းမှာ ရခိုင်တိုင်းဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်မှု စုံစမ်းရေး ကော်မရှင်တစ်ရပ်ကို ၁၉၅၀ ပြည့်နှစ် ဇူလိုင်လ ၂၆ ရက်နေ့မှာ ဖွဲ့စည်းစုံစမ်းစေခဲ့ပြန်ပါတယ်။ အဲဒီအဖွဲ့မှာ ရခိုင်တိုင်းမင်းကြီးကီလီက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါတယ်။ အဲဒီ အဖွဲ့ရဲ့ အစီအရင်ခံစာနဲ့ ပတ်သက်ပြီး တရားဝင် ထုတ်ပြန်ကြေညာတာ တော့ မရှိခဲ့ပါဘူး။

**ရခိုင်ပြည်လုံးဆိုင်ရာ ညီလာခံသဘင်နဲ့ ရခိုင်ပြည်နယ်တောင်းဆိုမှုမှာ**

ဖဆပလအစိုးရက ရခိုင်တိုင်းကို ဒေသအလိုက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ပေးရေးအတွက် နည်းလမ်းရှာဖွေနေစဉ်မှာပဲ ရခိုင်ပြည်နယ်ရဲ့ တောင်းဆိုမှုတစ်ရပ်က ပေါ်ပေါက်လာခဲ့ပြန်ပါတယ်။ ၁၉၅၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ ရခိုင်ပြည်လုံးဆိုင်ရာ ညီလာခံသဘင်ကြီးကို စစ်တွေမြို့ ဝက်ပါကွင်းမှာ ကျင်းပခဲ့ပါတယ်။ ညီလာခံသို့ ကျောက်ဖြူ၊ သံတွဲနဲ့ စစ်တွေခရိုင်တို့ရဲ့ မြို့နယ်အသီးသီးက ကိုယ်စားလှယ်တွေနဲ့ ရဟန်းသံဃာတော်တို့တွေ တက်ရောက်ခဲ့ကြပါတယ်။

ညီလာခံမှာသဘာပတိ ဦးရွှေသော်က မိန့်ခွန်းပြောကြားရာမှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း သဘာဝအလျောက် သီးခြား ပြည်နယ်တစ်ခုဖြစ်နေတဲ့ ရခိုင်ဒေသကို ပြည်နယ်ဆိုပြီး အသိအမှတ် မပြုပဲနဲ့ ပြည်နယ်ဆိုပြီး သီးခြားမရှိတဲ့ ဆလုံ၊ နာဂ၊ ကေါရခါး၊ တပြားတွေနဲ့ တန်းတူထားရှိတာကို ရခိုင်တစ်မျိုးသားလုံးက သည်းခံ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ့အာဏာ ရရှိတာကို၊ ရခိုင်ပါလီမန်အမတ်တွေက ပါလီမန်မှာ အရေးဆိုတာ ကြောင့် ခုလုနည်းစု ရေးရာ ဝန်ကြီးလက်အောက်က ရခိုင်တစ်မျိုးသားလုံး လွှတ်မြောက်ပြီးဖြစ်ခဲ့တာ သိရတာပါ၊ ထည့်သွင်းပြောကြားခဲ့ပါတယ်။ အဲဒီညီလာခံမှာပဲ ကျောက်ဖြူမြို့က ကိုယ်စားလှယ် ဦးဘိုးလှူက ရခိုင်တိုင်းကို ပြည်နယ်ပေးရေးနဲ့ပတ်သက်ပြီး အဆိုတစ်ရပ်တင်သွင်းခဲ့ပြန်ပါ တယ်။ ဦးဘိုးလှူ တင်သွင်းတဲ့အဆိုမှာ–

ရခိုင်ပြည် ဒေသန္တရအခြေအနေအရ၊ ရခိုင်ပြည် တိုးတက် စည်ပင်သာယာရေးကို ထူထောင်ပြုပြင်နိုင်ဖို့ရာ ပြည်ထောင်စု မြန်မာ နိုင်ငံတော်ရဲ့ အပါအဝင်အဖြစ်နဲ့ ရခိုင်ပြည်–ပြည်နယ်အုပ်ချုပ်ရေး ရရှိတယ်လို့ ညီလာခံကြီးက ယုံကြည်ပါတယ်။

ဒီကိစ္စနဲ့စပ်လျဉ်းပြီး အကောင်အထည်ဖော်ဖို့အတွက် ကော်မရှင် အဖွဲ့တစ်ဖွဲ့ကို အလျင်အမြန် ဖွဲ့စည်းပေးရန် ပြည်ထောင်စု မြန်မာနိုင်ငံ တော်အစိုးရလို့ ဒီညီလာခံကြီးက တောင်းဆိုပါတယ်ဆိုတာပဲ ဖြစ်ပါတယ်။ ဦးဘိုးလှူက သူတင်သွင်းတဲ့အဆိုနဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြရာ မှာတော့ မိမိတို့ဟာ မြန်မာပြည်မနဲ့ အဆက်အသွယ်ကို ရပ်စဲပြီး အိန္ဒိယနိုင်ငံက ပါကစ္စတန်ကဲ့သို့ တသီးတခြား ပြတ်ပြတ်သားသားနေ လိုလို့ တောင်းဆိုတာမဟုတ်ကြောင်း၊ ပုဂ္ဂိုလ်အချို့က အာရကန် နိစတန်ဆိုတဲ့ စကားလုံးကိုသုံးစွဲပြီး ရခိုင်–ဗမာ တစ်မျိုးတစ်မည် အထင်မှားအောင် လှည့်ဖြားပြီး ဝါဒဖြန့်နေတာကို ကြားသိ ရပါတယ်။ မိမိတို့ဟာ ရှမ်း၊ ကချင်၊ ကရင်၊ ကယားစတဲ့ ပြည်နယ် သားတွေ ထက်သာလွန်တဲ့ အဆင့်အတန်းမျိုးကို ရနိုင်တဲ့ အခြေအနေ ရှိလို့ ပြည်နယ် တောင်းဆိုတာသာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

စစ်တွေမြို့၊ ရခိုင်ပြည်ဆိုင်ရာ ညီလာခံသဘင်က ရခိုင်ပြည်နယ် တောင်းဆိုတာနဲ့ စပ်လျဉ်းပြီး ရခိုင်ပါလီမန်အမတ် ဦးဘဖြူက လွှတ်



တော်မှာ မေးမြန်းခဲ့ပါတယ်။ ၁၉၅၃ ခုနှစ်၊ မတ်လ ၁၀ နေ့မှာ ကျင်းပတဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ ကျောက်ဖြူမြောက်ပိုင်း အမတ် ဦးဘဖြူက ရခိုင်ပြည်၊ စစ်တွေမြို့မှာ ဇန်နဝါရီလ ၇ ရက်၊ ၈ ရက်နဲ့ ၉ ရက်နေ့တွေမှာ ကျင်းပခဲ့တဲ့ ရခိုင်ပြည်လုံးဆိုင်ရာ ညီလာခံရဲ့ ဆုံးဖြတ်ချက်အမှတ် ၁၆ မှာ ရခိုင်ပြည် သီးခြားအုပ်ချုပ်ခွင့် ရလိုကြောင်း တောင်းဆိုတာကို အစိုးရ သိပါသလားလို့ မေးမြန်းတော့ အစိုးရကသိရှိတယ်လို့ ဖြေကြားခဲ့ပါတယ်။ ဦးဘဖြူကပဲ ဆက်လက်ပြီး ၁၉၅၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ စစ်တွေမြို့ကို ဝန်ကြီးချုပ် ရောက်ရှိစဉ် ရခိုင်ပြည်ကမှ ခေါင်းဆောင်အချို့က ရခိုင်ပြည်နယ် သီးခြား ပြည်နယ်အုပ်ချုပ်ခွင့် ရလိုကြောင်းတောင်းဆိုတာကို အစိုးရသိပါသလားလို့ မေးမြန်းရာ အစိုးရက သိရှိကြောင်းဖြေ ကြားခဲ့ပါတယ်။ ဦးဘဖြူက ဆက်လက်ပြီး အဲဒီမေးခွန်းနှစ်ရပ်နဲ့ ပတ်သက်ပြီး အစိုးရက မည်သည့် အချိန်အခါမှာ ဆုံးဖြတ်ပြန်ကြား နိုင်မလဲလို့ မေးမြန်းရာမှာ အစိုးရက အဲဒီကိစ္စကို လေ့လာလျက်ရှိတာကို ဖြေကြားခဲ့ပါတယ်။

အဲဒါနဲ့ ရခိုင်အမျိုးသားတွေဟာ ပါလီမန်ပြင်ပကနဲ့၊ ပါလီမန် အတွင်းကတို့ ရခိုင်ပြည်နယ်ရရှိရေးအတွက် တောင်းဆိုမှုကို ဖဆပလ အစိုးရက ယတိပြတ် အဖြေမပေးဘဲ လေ့လာနေဆဲပင်ဖြစ်တာ တဲ့ပြန် ပြောဆိုခဲ့တာကို တောက်ရှုပြီး ဖဆပလအစိုးရရဲ့ ပြည်နယ်သစ်တွေ ပေးရေးနဲ့ပတ်သက်ပြီး ရခိုင်ပြည်နယ်အပေါ် သဘောထားမှာ အပြောင်း အလဲ မရှိသေးဘူးလို့ ဆိုနိုင်ခဲ့ပါတယ်။

## လွှတ်တော်တွင်းက ရခိုင်ပြည်နယ်ရရှိရေး ကြိုးပမ်းမှုတွေ

ရခိုင်တိုင်းကို ပြည်နယ်ပေးရေးနဲ့ပတ်သက်ပြီး ဖဆပလ အစိုးရ

www.burmeseclassic.com

www.burmeseclassic.com



သဘောထား မပြောင်းလဲပေမယ့် ရခိုင်အမျိုးသားတို့ဟာ သွေးအေး သွားတာမရှိဘဲ ပြည်နယ်ရရှိရေးအတွက် ဆက်လက်ကြိုးပမ်းခဲ့ကြပါတယ်။ ၁၉၅၄ ခုနှစ်၊ မတ်လ ၃ ရက်နေ့မှာကျင်းပတဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ ရသေ့တောင်အမတ် ဦးဘစိန်က ရခိုင်ပြည်နယ် အုပ်ချုပ်ရေးကို ရခိုင်အမျိုးသားတွေလက်သို့ လွှဲအပ်ရေးနဲ့ပတ်သက်ပြီး မေးခွန်း မေးမြန်းခဲ့ပါတယ်။ ဦးဘစိန်က ရခိုင်ပြည် တိုင်းရင်းသားတွေ တောင်းဆိုနေတဲ့ ပြည်နယ်အုပ်ချုပ်ရေးကို မည်သည့်အချိန်အခါမှာ လွှဲအပ်ပေးမယ့်အကြောင်းနဲ့စပ်လျဉ်းပြီး ၁၉၅၃ ခုနှစ်၊ ဩဂုတ်လ ပြည်သူ့လွှတ်တော် ပါလီမန်အစည်းအဝေးက ကြယ်ပွင့်ပြ မေးခွန်းအမှတ် ၁၉၄(က)နဲ့ (ခ)ကို နိုင်ငံတော် ဝန်ကြီးချုပ်က ရခိုင်အမျိုးသားတွေရဲ့ အကျိုး၊ ပြည်ထောင်စုရဲ့ အကျိုးနှစ်ရပ်စလုံးအတွက် ရှေးရှုပြီး သင့်လျော် မယ့် ဆောင်ရွက်မှုပြုလုပ်နိုင်ဖို့ရာ လေ့လာဆဲရှိတယ်လို့ ဖြေဆိုခဲ့တယ်၊ ယနေ့အချိန်အထိ နိုင်ငံတော်အစိုးရက မည်ကဲ့သို့ ဆောင်ရွက်နေတာကို ဖော်ပြပေးရန် မေးမြန်းခဲ့တယ်။ ဦးဘစိန်ရဲ့မေးခွန်းနဲ့ပတ်သက်ပြီး ပါလီမန် အတွင်းဝန် ဦးသာထွန်းက လေ့လာဆဲဖြစ်လို့ အခြေအနေ ထူးခြားတာ မရှိသေးပါလို့ ပြန်လည်ပြောကြားခဲ့ပါတယ်။

နိုင်ငံတော်အစိုးရရဲ့ ဖြေကြားချက်နဲ့ပတ်သက်ပြီး ရခိုင်အမျိုးသားတွေ ဟာ စိတ်ပျက်အားလျော့တာမရှိဘဲ ဆက်လက်ပြီး ရခိုင်ပြည်နယ် ရရှိရေးအတွက် ပါလီမန်တွင်းက တောင်းဆိုခဲ့ကြပါတယ်။ ပါလီမန် မှာ ရသေ့တောင်အမတ် ဦးဘစိန်က ရခိုင်ပြည်နယ်အုပ်ချုပ်ရေး ရခိုင်အမျိုးသားတွေလက်သို့ လွှဲအပ်ရေးနဲ့ပတ်သက်ပြီး မေးခွန်းမေးမြန်း ပြီးနောက် ငါးလခန့်အကြာမှာ ရခိုင်အမတ်တစ်ဦးဖြစ်သူ ဦးလှထွန်းဖြူ ကလဲ ပါလီမန်မှာ ရခိုင်ပြည်နယ်အရေးနဲ့စပ်လျဉ်းပြီး အဆိုတစ်ရပ် တင်သွင်းခဲ့ပြန်ပါတယ်။ ၁၉၅၄ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့



ကျင်းပတဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ ဦးလှထွန်းဖြူတင်သွင်း ခဲ့တဲ့ အဆိုမှာတော့-

ရခိုင်ပြည်၊ ရခိုင်တိုင်းရင်းသားတို့ကို ဗမာပြည်မကြီးသားတွေနဲ့ တန်းတူ အခွင့်အရေးပေးရေးနဲ့စပ်လျဉ်းပြီး အရေးယူဆောင်ရွက်နိုင်ဖို့ရာ အတွက် အောက်ပါပုဂ္ဂိုလ်တွေပါဝင်တဲ့ ရခိုင်ပြည် စုံစမ်းရေး ကော်မရှင် အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပေးဖို့ရာပြောဆိုပြီး အစိုးရကို ဒီလွှတ်တော်က တိုက်တွန်းတယ်ဆိုပြီးမှ။

၁။ လက်ရှိ ရခိုင်တိုင်းမင်းကြီး ဦးစိုးတင် ဥက္ကဋ္ဌ။

၂။ ရခိုင် ဖဆပလအမတ် ဦးထွန်းဝင်း။

၃။ ရခိုင် ဖဆပလအမတ် ဦးရွှေကြိုင်။

၄။ ရခိုင်ပြည်ပါလီမန်အမတ်တွေအဖွဲ့ ဦးဘမြိုင်။

၅။ ရခိုင်ပြည်ပါလီမန်အမတ်တွေအဖွဲ့ ဦးမောင်စိန်။

၆။ ရခိုင်တိုင်း ဗမကမှ ကိုယ်စားလှယ်တစ်ဦး။

၇။ ရခိုင်တိုင်း ရမကမှ ကိုယ်စားလှယ်တစ်ဦး။

၈။ ရခိုင်ပြည် တိုင်းရင်းသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ် တစ်ဦး။

၉။ စုစ်တွေခရိုင်ဝန်၊ အတွင်းရေးမှူး

ဆိုတာတို့ပဲ ဖြစ်ပါတယ်။

ဦးလှထွန်းဖြူရဲ့ အဆိုနဲ့စပ်လျဉ်းပြီး ဝန်ကြီး သခင်ကျော်ထွန်းက အဲဒီအဆိုကို လွှတ်တော်မှာ ဆွေးနွေးသင့်မသင့် လွှတ်တော်ဥက္ကဋ္ဌထံ အဆုံးအဖြတ် ရယူလိုကြောင်း တောင်းခံခဲ့ပါတယ်။ သခင်ကျော်ထွန်းက လွှတ်တော် မှာ တင်ပြရာမှာ ဦးလှထွန်းဖြူရဲ့ အဆိုမှာ 'ရခိုင်ပြည်' ဆိုတဲ့ စကားလုံး ပါရှိနေတာ၊ အဲဒီစကားလုံးနဲ့ ပတ်သက်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအခန်း ၁ မှာပါရှိတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအပိုဒ်နဲ့ အခန်း

www.burmeseclassic.com

www.burmeseclassic.com



၉ မှာပါရှိတဲ့ ပြည်နယ်တွေနဲ့ ပတ်သက်ပြီး ဖော်ပြတဲ့အပိုင်းတွေမှာ 'ရခိုင်ပြည်'ဆိုတဲ့ စကားလုံးမပါရှိတာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ အတိအလင်းဖော်ပြထားတဲ့ ဥပဒေအချက်အလက်တွေမှာလဲ ဘယ်လိုနေရာမှာမှ 'ရခိုင်ပြည်' ဆိုတဲ့ စကားလုံးမပါရှိတာ၊ ဒါကြောင့်ပဲ အဆိုရှင် တင်သွင်းထားတဲ့အဆိုကို ယနေ့လွှတ်တော်မှာ လက်ခံဆွေးနွေးမှုဟာ အစဉ်အလာတစ်ရပ်အဖြစ်နဲ့ အခြေခံဥပဒေမှာ မပါရှိတဲ့ကိစ္စတစ်ရပ်ကို လွှတ်တော်က လက်ခံဆွေးနွေးတဲ့သဘောမျိုး သက်ရောက်သွားမှာကို စိုးရိမ်တာကြောင့် ဥက္ကဋ္ဌရဲ့ အဆုံးအဖြတ်ကို တောင်းခံပါကြောင်း သခင်ကျော်ထွန်းက တင်ပြခဲ့ပါတယ်။

သခင်ကျော်ထွန်းရဲ့တင်ပြချက်နဲ့ ပတ်သက်ပြီး လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ အင်္ဂလိပ်နယ်ချဲ့လက်အောက်သို့ ရောက်ရှိတဲ့နေ့ကစပြီး 'ရခိုင်ပြည်'ဆိုတဲ့ စကားကို ရိုးရိုးသာမန် သုံးစွဲသော်လဲ အစိုးရရုံးသုံးစကားမဟုတ်တာ၊ ရခိုင်တိုင်းလို့သာ သုံးစွဲတာ၊ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းမှာလဲ 'ရခိုင်ပြည်'ဆိုပြီး သီးခြားဖော်ပြခဲ့တာ မရှိဘဲ ရခိုင်တိုင်းဆိုပြီးသာ တိုင်းကြီးခုနစ်တိုင်းမှာ ထည့်သွင်းထားတာ ဖြစ်တာ၊ ဦးလှထွန်းဖြူရဲ့ အဆိုမှာ 'ရခိုင်ပြည်' ဆိုပြီး ပါရှိတာကြောင့် အစိုးရဲ့အနေနဲ့ ရခိုင်တိုင်း လို့ဆိုရင် အချိန်မရွေး ဆွေးနွေး စဉ်းစားဖို့ရှိပါတယ်။ 'ရခိုင်ပြည်' ဆိုပြီး ဥပဒေအရ ရုံးသုံးဘာသာရပ် မရှိတာကြောင့် အဆိုကို ဆွေးနွေးခွင့် မပြုနိုင်တာ ဆုံးဖြတ်ခဲ့ပါတယ်။

ဝန်ကြီးသခင်ကျော်ထွန်းနဲ့ လွှတ်တော်ဥက္ကဋ္ဌတို့ရဲ့ စကားရပ်တွေအရ ဖဆပလအစိုးရအနေနဲ့ ရခိုင်အမျိုးသားတွေရဲ့ အရေးနဲ့စပ်လျဉ်းပြီး စကားလုံးအသုံးအနှုန်းကစပြီး အလေးဂရုပြုတာ၊ ရခိုင်တိုင်းကို တိုင်းကြီးတစ်ခုအနေနဲ့သာ အသိအမှတ်ပြုထားတာ၊ ပြည်နယ်ပေးရန် ရည်ရွယ်





ချက်မရှိသေးတာလို့သာ ,ဆိုနိုင်ပါတော့တယ်။

**၁၉၅၆ ခုနှစ်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပြင်ဆင်ချက်) ဥပဒေကြမ်းအကြောင်းမှာ**

ဖဆပလအစိုးရက ပြည်နယ်သစ်ပေးရေးနဲ့ ပတ်သက်ပြီး မိမိတို့ရဲ့ မူလသဘောထားအတိုင်း အခိုင်အမာရပ်တည်ခဲ့ပေမယ့် ရခိုင်အမတ် အချို့ဟာ ရခိုင်ပြည်နယ်ရရှိရေးအတွက် ပါလီမန်အတွင်းက ဆက်လက်ပြီး ကြိုးပမ်းခဲ့ပါတယ်။ ၁၉၅၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ နေ့မှာ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးကနေ ဦးဘမြိုင် (ရမ်းဗြဲ) အမတ်က ရခိုင်ပြည်နယ်ပေးရေးနဲ့ စပ်လျဉ်းပြီး ၁၉၅၆ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (ပြင်ဆင်ချက်) ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခဲ့ပါတယ်။

ဦးဘမြိုင်က မိမိရဲ့အဆိုကို တင်သွင်းရင်းနဲ့ ရခိုင်ပြည်နယ် အဘယ့်ကြောင့် ပေးသင့်တာ လွှတ်တော်သို့ ရှင်းပြရာမှာ…

"…ယခု ရခိုင်တိုင်းလို့ခေါ်တဲ့ဒေသဟာ ပထမ ကျွန်တော် အစီအရင်ခံခဲ့တဲ့အတိုင်း၊ ဟိုနောက်တုံးက ရခိုင်ပြည်ရယ်လို့ တည်ရှိပါတယ် တည်ရှိတဲ့အတိုင်း ပထဝီအရ ဘာမှပြောင်းလဲတာမရှိပါဘူး။

…ဒီဒေသမှာပါတဲ့ လူမျိုးတွေဟာ ရခိုင်လူမျိုးရယ်လို့ တစ်မျိုးပဲ ရှိပါတယ်။ စီးပွားရေးအရဆိုရင် ပြည်နယ်ဖွဲ့စည်းနိုင်တဲ့ အရည်အချင်းရှိပါတယ်။ ဒီအချက် ၃ ချက်ကိုမူတည်ပြီး စဉ်းစားခဲ့ရင် ရခိုင်တိုင်းလို့ခေါ်တဲ့ဒေသဟာ ရခိုင်ပြည်နယ်ဖွဲ့စည်းဖို့ ဘာမှခဲယဉ်းစရာ အကြောင်းမရှိဘူးလို့ ယူဆပါတယ်။

ရခိုင်ပြည်နယ် ဖွဲ့စည်းပေးဖို့ဆိုတာ ပြည်မကြီးကနေပြီး သီးတခြား တည်ထောင်ပေးဖို့ တောင်းဆိုတာမဟုတ်ပါဘူး၊ ခဏ

www.burmeseclassic.com



ခေါင်းဆောင်လူအများက ပြောကြပါတယ်။ ခင်ဗျားတို့ပြည်နယ်ကို ဘာဖြစ်လို့လိုချင်သလဲ၊ ဘာဖြစ်လို့ခွဲထွက်ချင်သလဲ၊ ဒီကိစ္စဟာ အဓိပ္ပာယ်ရှင်း ရှင်းရှိလှတ်သားနဲ့ ကျွန်တော်တို့ရခိုင်တွေက ဗမာတွေကို မုန်းပြီးတော့ ခွဲထွက်ချင်တယ်ဆိုတာ တယ်ပြီးတော့ သဘာဝမကျပါဘူးလို့ ကျွန်တော် အစီရင်ခံချင်ပါတယ်''

ဒီမိုကရေစီသဘောအနေနဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ကိစ္စကို အခြားပြည်နယ်ဖွဲ့စည်းပြီးတဲ့ ပြည်နယ်တွေမှာ ကိုယ့်ဒေသမှာရှိတဲ့ ကိစ္စတွေကို ကိုယ်ဆောင်ရွက် လိုတဲ့ဆန္ဒသာ ဖြစ်ပါတယ်ဆိုတာကို ကျွန်တော်အစီအရင်ခံလိုပါတယ်'' ဆိုတာ ပြောကြားခဲ့ပါတယ်။ ဦးဘမြိုင်ကပဲ ဆက်လက်တင်ပြရာမှာ မိမိနိုင်ငံက အခြေခံဥပဒေအရ ပြည်နယ်တွေ စုပေါင်းတည်ထောင် ထားတဲ့ ပြည်ထောင်စုနိုင်ငံဖြစ်တာ၊ ကမ္ဘာပေါ်မှာ အင်အားတစ်နေ့ တစ်ခြား တိုးတက်လာတဲ့ တိုင်းပြည်တွေကို ကြည့်ပါက ဗဟိုအစိုးရက ကြီးကိုင်အုပ်ချုပ်တာထက် ပြည်နယ်အသီးသီးကို မိမိတို့ ဆန္ဒရှိတဲ့အတိုင်း ကိုယ်ပိုင်ဖန်တီးနိုင်တဲ့ အခွင့်အရေးပေးထားတဲ့ ပြည်ထောင်စု စနစ်ကသာလို့ပဲ ကောင်းမွန်တာကိုတွေ့ရှိရတာ၊ မိမိတို့က ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးပြိုကွဲမယ့် အရေးကို မလိုလားတာ၊ ပြည်ထောင်စုက ခွဲမထွက်လိုတာ၊ ဦးဘမြိုင်က လွှတ်တော်မှာ ရှင်းလင်းတင်ပြခဲ့ပါတယ်။ နိဂုံးချုပ်အနေနဲ့ ဦးဘမြိုင်က မိမိ အဘယ့်ကြောင့် အခြေခံဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို တင်သွင်းရတာလဲဆိုတာကို ရှင်းပြရာမှာတော့…

…ပြည်နယ်လိုလာတဲ့အတိုင်း ပြည်နယ်ရမှသာပဲ ရခိုင်နဲ့ ရခိုင်လူမျိုးတို့ တိုးတက်ကြီးပွားလာကြမယ်။ ရခိုင်ပြည်ပြဿနာကို ကြည့်မယ်ဆိုရင် ဗဟိုအစိုးရက ကြိုးကိုင်ပြီး အုပ်ချုပ်ပါတယ်၊



ကိုလိုနီစနစ်အရ အုပ်ချုပ်နေသလိုပဲ ဖြစ်နေပါတယ်။ ဗဟိုမှာရှိတဲ့ လူတွေဟာ ရခိုင်ပြည်ကောင်းရာကောင်းကြောင်းကို ဆောင်ရွက်လို့ မဖြစ်ပါဘူး။ ကိုလိုနီစနစ်ဟာ တနေ့တခြား တိုးပွားလာရင် တနေ့ကျ ရခိုင်ပြည်ကြီးမှာ ရခိုင်လူမျိုးဟာ ပပျောက်စရာရှိတယ်လို့ စိုးရိမ်ရတဲ့ အတွက်၊ ပြည်နယ်ကို ရခိုင်လူမျိုးက လိုချင်တယ်။ ဒါကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို တင်သွင်းရတာ ဖြစ်ပါတယ်ဆိုပြီး ပြောကြားခဲ့ပါတယ်။

အခြေခံဥပဒေ (ပြင်ဆင်ချက်) ဥပဒေကြမ်းနဲ့ ပတ်သက်ပြီး လွှတ်တော်တွင်း ဆွေးနွေးမှုတွေမှာတော့-

ဦးဘမြိုင်တင်သွင်းတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပြင်ဆင်ချက်) ဥပဒေကြမ်းနဲ့ ပတ်သက်ပြီး မစ္စတာအဘူ(ရ်)ဘောရှော(ရ်) (ဘူးသီးတောင်) အမတ်က ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ပါတယ်။ မစ္စတာအဘူ(ရ်)ဘောရှော(ရ်)က ကန့်ကွက်ပြောကြားရာမှာ-

…ယခုဗမာပြည်မှာ ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေးကို အကောင်အထည်ဖော်နေပြီ ဖြစ်တဲ့အတွက် ရခိုင်တိုင်းမှာလဲ ဒီအုပ်ချုပ်ရေးဟာ အကောင်အထည်ဖော်ဖို့ သိပ်ကြာတော့မှာ မဟုတ်ပါဘူး။ အဲဒီတော့ ဒီအုပ်ချုပ်ရေးအရဆိုရင် အစိုးရရဲ့အာဏာကို ပြည်သူလူထုကို အပ်နှင်းမှာပဲ။ ဒီလိုအာဏာရတဲ့အခါ ကိုယ့်ကံကြမ္မာကို ကိုယ်ဖန်တီးနိုင်ကြမှာဘဲ။ ပြည်နယ်ရမှ ကိုယ့်ကံကြမ္မာကို ကိုယ်ဖန်တီးနိုင်မယ်ဆိုတဲ့စကားကိုတော့ မကြားချင်ပါဘူး။ ရခိုင်ပြည်နယ်ဆိုတဲ့ စကားကို ကျွန်တော်နည်းနည်းမှ မကြားချင်ပါဘူး။ ပြည်နယ်ရဲ့ အခွင့်အရေးဟာ ကန့်သတ်ပြီးသား ဖြစ်ပါတယ်။ ကန့်သတ်ထားတဲ့ နယ်နိမိတ်ကို ကျော်လွန်ပြီးတော့ ဘာမှမလုပ်နိုင်ပါဘူး။ ပြည်မနဲ့ ပူးပေါင်းနေရင် အများအရာရာ တိုးတက်နိုင်မယ်ဆိုတာကို ကျွန်တော်တို့သိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်နယ်ဆိုတဲ့ ရေကန်ထဲမှာ ကျွန်တော်တို့အနေနဲ့ မနေချင်ပါဘူး။ သမုဒ္ဒရာနဲ့တူတဲ့ ပြည်မကြီးနဲ့သာ ပူးပေါင်းနေချင်တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ တကယ်လို့သာ အစိုးရက ပြည်နယ်အုပ်ချုပ်ရေး ပေးလိုက်ရင် လူမျိုးရေးအဓိကရုဏ်းဖြစ်လာမှာ ကေန်မုချပဲဆိုပြီး ပြောကြားခဲ့ပါတယ်။ မစ္စတာအဘူ(ရ်)ဘော့ရှော(ရ်)အနေနဲ့ ရခိုင်ပြည်နယ်အလို မရှိတာ၊ ရခိုင်တိုင်းမှာ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး အကောင်အထည် ဖော်ပေးရေးကိုသာ လိုလားတာကို ပြောကြားခဲ့ပါတယ်။ မစ္စတာအဘူ(ရ်)ဘော့ရှော(ရ်)ကပဲ တကယ်လို့သာ အစိုးရက ရခိုင်တိုင်းကို ပြည်နယ်ပေးမယ်ဆိုရင် မောင်းတော ဘူးသီးတောင်နယ်ကို ရခိုင်ပြည်နယ်အတွင်း မထည့်သွင်းဘဲ သီးခြားခရိုင်တစ်ခုအဖြစ် ပြည်မလက်အောက်မှာထားပေးဖို့ မေတ္တာရပ်ခံပြီး ပြောကြားခဲ့ပါတယ်။

မန်းထွန်းရင် (မအူပင်မြောက်ပိုင်း) အမတ်ကတော့ ဦးဘမြိုင်ရဲ့ ၁၉၅၆ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပြင်ဆင်ချက်) ဥပဒေကြမ်းကို ထောက်ခံဆွေးနွေးခဲ့ပါတယ်။ မန်းထွန်းရင်က ရခိုင်ဒေသရဲ့ ရာဇဝင် အထောက်အထားအရရယ်၊ ပြီးတော့ ပထဝီအနေအထားအရရယ်၊ ဗမာလူမျိုးနဲ့ ရခိုင်လူမျိုးတွေရဲ့ အယူအဆ ဓလေ့ထုံးစံ ကွဲပြားခြားနားမှု အရတို့တွေ၊ ပြီးရခိုင်ပြည်သူတွေရဲ့ အကျိုး ပြည်ထောင်စုရဲ့ အကျိုး၊ နိုင်ငံတော်အစိုးရရဲ့အကျိုးကို ရှေးရှုပြီး ရခိုင်ပြည်နယ် အမြန်ဆုံးဖွဲ့စည်း ပေးသင့်တာကို ထောက်ခံပြော ကြားခဲ့ပါတယ်။

ဦးဘမြိုင်တင်သွင်းတဲ့ အခြေခံဥပဒေ (ပြင်ဆင်ချက်) ဥပဒေကြမ်းနဲ့ ပတ်သက်ပြီး အစိုးရအဖွဲ့ဝင်ဝန်ကြီး ဗိုလ်ခင်မောင်ကလေးကလည်း ပါဝင်ဆွေးနွေးခဲ့ပါတယ်။ ဝန်ကြီးဗိုလ်ခင်မောင်ကလေးရဲ့ ဗိုလ်ချုပ်အောင်ဆန်းမကျဆုံးမီ ၁၉၄၇ ခုနှစ်က ရခိုင်တိုင်းရှိ ရခိုင်အမျိုးသား



အရေးနဲ့ပတ်သက်ပြီး ဘယ်သို့ဆောင်ရွက်ပေးရမှာကို စဉ်းစားခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းက ရခိုင်တိုင်းက ရခိုင်တိုင်းပြည်ပြုအမတ်တွေနဲ့ ရခိုင်အမျိုးသားအားလုံးကို ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်ကဲ့သို့ ပြည်နယ်မျိုး အလိုရှိမရှိ၊ ပြည်မကြီးမှာ တိုင်းတစ်ခုအနေနဲ့ နေလိုမနေလို ဆိုတာကို မိမိကြိုက်နှစ်သက်ရာ လုပ်ဆောင်နိုင်တယ်လို့ ပြောကြားခဲ့ပါတယ်။ အဲဒါကို ရခိုင်ခေါင်းဆောင်တွေဖြစ်ကြတဲ့ မျိုးချစ်ကျော်ဦးနဲ့ ဦးညာသီဟတို့က ပြည်နယ်သီးခြားယူတာနဲ့ ရခိုင် အမျိုးသားတွေ အတွက် အကျိုးမရှိလို့ ယူဆပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေး ဆွဲစဉ်က တိုင်းတစ်ခုအနေနဲ့ နေဖို့ရာ တညီတညွတ်တည်း ထောက်ခံ ကြတာဖြစ်တာ ဗိုလ်ခင်မောင်ကလေးက ဆွေးနွေးတင်ပြ ခဲ့ပါတယ်။

ဗိုလ်ခင်မောင်ကလေးကပဲ ဆက်လက်ပြီး ပြည်နယ်ကိစ္စနဲ့ ဆက်နွယ်ပြီး ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပသင့်ကြောင်း ရှင်းလင်းတင်ပြ ရာမှာတော့–

…အင်္ဂလိပ်လိုတော့ plebiscite လို့ ခေါ်ပါတယ်၊ မြန်မာလိုတော့ အများဆန္ဒကိုယူပြီး ပြည်နယ်ကိစ္စကို သတ်မှတ်တဲ့ကိစ္စ၊ ဒီကိစ္စဟာ ရခိုင်တိုင်းမှာ ရှိတဲ့လူတွေထဲက များများမဟုတ်ပါဘူး။ ... ၁ ပုံလောက်တ သဘောတူပါတယ်လို့ လက်မှတ်ထိုးရင် ... သမ္မတကြီးက အဲဒီရခိုင်တိုင်းကို ပြည်နယ်ပေးသင့်၊ မပေးသင့် ဆုံးဖြတ်ရန်အတွက် plebiscite ခေါ်တဲ့ ကိစ္စလုပ်ရန် ကော်မရှင်တစ်ခုခန့်ရမယ်၊ ဒီကိစ္စဟာ ဘာမှဆူပူစရာ မလိုပါဘူး၊ တစ်ယောက်တစ်ယောက် အနာဂတ်ထား ပြောနေစရာမလိုပါဘူး၊ ဒါက ဒီမိုကရေစီနည်းမှာ လွယ်လွယ်ကလေးရနိုင်ပါတယ်ဆိုပြီး ပြောကြားခဲ့ပါတယ်။ ဗိုလ်ခင်မောင်ကလေးကပဲ ဆက်လက်ပြီး ပြောကြားရာမှာ ရွေးကောက်ပွဲကျင်းပရန် နှစ်လခန့်သာ **ကျန်ရှိတော့တာ၊** ရွေးကောက်ပွဲမှာ

www.burmeseclassic.com



ရခိုင်ပြည်နယ် ရယူလိုတဲ့ ရခိုင်အမျိုးသားေ အနေနဲ့ ဖဆပလကို မပေးဘဲ အခြေခံဥပဒေ (ပြင်ဆင်ချက်) ဥပဒေကြမ်းတင်သွင်းတဲ့ ပုဂ္ဂိုလ်တွေကိုသာ မဲပေးတာ၊ ပြည်နယ်အလိုရှိတာ ဆန္ဒဖော်ပြရာမှာ မငြင်းနိုင်တဲ့အချက် ဖြစ်တာ၊ ဥပဒေကြမ်းကိုတင်သွင်းရင် လွှတ်တော်တွင်း တစ်ဦးနဲ့တစ်ဦး အခြေအတင်ပြောတာနဲ့ ရခိုင်နဲ့ဗမာသွေးကွဲနိုင်တယ်။ ဗိုလ်ခင်မောင်ကလေးက ဦးဘမြိုင်တင်သွင်းတဲ့ အဆိုကို မိမိအဘယ်ကြောင့် ကန့်ကွက်လိုကြောင်းတင်ပြရာမှာ…

…အချင်းချင်းအေးအေးဆေးဆေးနဲ့ ဖြေရှင်းနိုင်မယ့် ကိစ္စတစ်ခုကို အထူးသဖြင့် မြန်မာနဲ့ရခိုင်ကိစ္စထက် ပိုအရေးကြီးတာက ရခိုင်တိုင်းမှာရှိတဲ့ ရခိုင်အမျိုးသားအချင်းချင်း သွေးကွဲမယ့်ကိစ္စကို ဒီလွှတ်တော်မှာ မပြောဘဲ၊ မနှစ်မြို့ဖွယ် ကိစ္စတွေဖြစ်လာမှာ စိုးတဲ့အတွက် ဒီပြည်နယ်ကိစ္စဟာ အမတ်မင်းတွေ ပြောသကဲ့သို့ ရခိုင်တိုင်းသူပြည်သားအားလုံးက လိုချင်သေးတယ်လို့ မယူဆတဲ့အတွက် ကျွန်တော်တို့ဟာ အာဏာကို ထိန်းသိမ်းနေတဲ့ ဒရဝမ်တွေအနေနဲ့ လူထုသဘောမတူရင် ဘယ်နည်းနဲ့မှ ခွဲဝေပေးရန် အခွင့်အရေးမရှိတဲ့အတွက် ဒီပြည်နယ်ဥပဒေကြမ်းကို ပြည်ထောင်စုသားတစ်ယောက်အနေနဲ့ ပြင်းပြင်းထန်ထန် ကန့်ကွက်ပါတယ်လို့ ဆိုပြီး ပြောကြားခဲ့ပါတယ်။

အစိုးရအဖွဲ့ဝင် ဝန်ကြီးဦးတင်ကလဲ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်တဲ့ကိစ္စဟာ အထူးအရေးပါတာ၊ အခြေခံဥပဒေကို အလွယ်တကူ ပြင်လို့မရအောင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၀၉ (၂) နဲ့ (၃) မှာ အတိအလင်း ဖော်ပြထားတာ အမတ်များတွေက ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို လေးစားပါမယ်လို့ ကျမ်းသစ္စာ ကျိန်ဆိုထားရတာကို ထောက်ရှုပြီး အခြေခံဥပဒေ ပြင်ဆင်တဲ့အခါ အထူးသတိထားဖို့ လိုအပ်ကြတာကို ရှင်းလင်းပြော



ကြားခဲ့ပါတယ်။ အဲဒီနောက် အဆိုတင်သွင်းသူ ဦးဘမြိုင်က ဥပဒေကြမ်းနဲ့ ပတ်သက်ပြီး ဆွေးနွေးလိုတဲ့အမတ်တွေ ကျန်ရှိနေသေးလို့ အချိန်ပိုပေးဖို့ မေတ္တာရပ်ခံပါတယ်။ ဝန်ကြီးဦးတင်က အစိုးရအနေနဲ့ အချိန်ပိုမပေးနိုင် တာကို ပြန်လည်ဖြေကြားတဲ့အခါ အတိုက်အခံအမတ်တွေက မကျေနပ် တာပြောဆိုပြီး လွှတ်တော်က ထွက်ခွာသွားခဲ့ကြပါတယ်။ ဒီလိုနဲ့ ၉၅၆ ခုနှစ်မှာ ရခိုင်အမတ်အချို့ လွှတ်တော်တွင်းက ရခိုင်ပြည်နယ်တောင်းဆိုရေးကြိုးပမ်းချက်မှာ မအောင်မြင်ခဲ့ပါဘူး။ ဒါပေမဲ့ လွှတ်တော်မှာ ရခိုင်ပြည်ပေးရေးအတွက် အခြေခံဥပဒေ (ပြင်ဆင်ချက်) ဥပဒေကြမ်း အဆိုတင်သွင်းခွင့် ရရှိခဲ့တာမှာတော့ ထူးခြားတာလို့ ဆိုနိုင်ပါတယ်။

## ဦးလှထွန်းဖြူရဲ့ လွှတ်တော်တွင်းက ရခိုင်ပြည်နယ်တောင်းဆိုမှုမှာ

ဦးဘမြိုင်ရဲ့ ရခိုင်ပြည်နယ်ဖွဲ့စည်းရေးအတွက် အခြေခံဥပဒေ (ပြင်ဆင်ချက်) ဥပဒေကြမ်းအဆို အရေးနိမ့်သွားပြီးတဲ့နောက်ပိုင်းမှာ ရခိုင်အမတ်အချို့ဟာ အခါအခွင့်သင့် း လွှတ်တော်က ရခိုင်ပြည်နယ် ရရှိရေးကို တောင်းဆိုခဲ့ကြပါတယ်။ ၁၉၅၇ ခုနှစ် မတ်လ ၇ ရက်နေ့မှာ ကျင်းပတဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာလဲ ဦးလှထွန်းဖြူ (မြို့ဟောင်း) အမတ်က ရခိုင်ပြည်နယ်ရရှိရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးတင်ပြပြန်ပါတယ်။ ဦးလှထွန်းဖြူက ရခိုင်ပြည်နယ် တောင်းဆိုရမှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ပါရှိတဲ့အတိုင်း တောင်းဆိုတာသာဖြစ်တာ၊ ရခိုင်ပြည်နယ် တောင်းဆိုရာမှာ ဗမာနဲ့ရခိုင်သွေးကွဲအောင် မိမိတို့က လုပ်ဆောင်နေတာလို့ ဝန်ကြီးချုပ်က စွပ်စွဲတာမှာ မဟုတ်မှန်တာ၊ ရွေးကောက်ပွဲမှာ ပြည်နယ်ရယူရေးမှုနဲ့ ရွေးကောက်ပွဲဝင်တဲ့ ရခိုင်တိုင်းရင်းသား ညီညွတ်ရေးအဖွဲ့(ရတည)က

www.burmeseclassic.com



မရှိတဲ့အခြေအနေကိုမူတည်ပြီး ဦးလှထွန်းဖြူက ပြောကြားခဲ့ပါတယ်။

**ပြည်နယ်ပေးရေးနဲ့ ပတ်သက်ပြီး ဝန်ကြီးချုပ်ဦးနုရဲ့သဘောထားမှာ**

ဦးလှထွန်းဖြူရဲ့ ပြောပြချက်နဲ့ စပ်လျဉ်းပြီး ဝန်ကြီးချုပ်ဦးနုက ပြန်လည်ရှင်းလင်းတင်ပြရာမှာ ရခိုင်ဒေသကို မိမိတို့အဘယ်ကြောင့် ပြည်နယ်မပေးလိုတာကို ထည့်သွင်းရှင်းလင်းခဲ့ပါတယ်။ ဦးနုက…

ရခိုင်ပြည်ကို ပြည်နယ်အဖြစ်နဲ့ ကျွန်တော်တို့က မပေးဘူး ဆိုတဲ့ဥစ္စာဟာ ရခိုင်လူမျိုးတွေကို မုန်းလို့မဟုတ်ဘူး ဆိုတာကို ရှေးဦး ပဌမအနေနဲ့ အစီအရင်ခံပါရစေ၊ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်အမှန် အတိုင်းပြောရရင် ပြည်နယ်ဆိုတဲ့ဥစ္စာဟာ ကောင်းတဲ့ဥစ္စာမဟုတ်ပါဘူး။ ပြည်နယ်ကို ရှေးဦးပဌမ ကျွန်တော်တို့ တိုင်းပြုပြည်ပြု လွှတ်တော်မှာ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ် အစရှိတဲ့ပြည်နယ်တွေ ကို ပေးစဉ်အခါတုန်းက ကျွန်တော့်မိန့်ခွန်းတွေကို ပြန်ကြည့်ပါ။

…အဲဒီလိုပြည်နယ်တွေ ပေးရတယ်ဆိုတာဟာ ကျွန်တော်တို့က သဘောကျလွန်းလို့ ဒီပြည်နယ်တွေကို ကျွန်တော်တို့က အင်မတန်ပေး ချင်လွန်းလို့ ပေးရတာမဟုတ်ဘူးဆိုတာ ကျွန်တော်ပြောထားခဲ့တဲ့ မိန့်ခွန်းတွေ အဆင့်ဆင့်ရှိပါတယ်။ ဒါတွေဟာ ကျွန်တော်ဖုံးကွယ်လို့ မရပါဘူး။ ဘာဖြစ်လို့လဲဆိုရင် အမှန်စင်စစ်က ကျွန်တော်တို့ကြိုက်တာ က ဗမာပြည်လို ဧီးသီးလောက်ရှိတဲ့ နိုင်ငံကလေးတစ်နိုင်ငံဟာ ဒီလို ပြည်နယ်တွေ ခွဲထွက်ဖို့ မလိုဘူးလို့ ယုံကြည်ပါတယ်လို့ ဆိုပြီး အတိအလင်းမိန့်ကြားခဲ့ပါတယ်။ ဦးနုရဲ့ပြောကြားချက်အရ သူတို့အစိုးရ အနေနဲ့ နောက်ထပ်ပြည်နယ်ပေးလိုတဲ့ ဆန္ဒမရှိလို့ ဆိုနိုင်ပါတယ်။ ဦးနုကပဲ ဆက်လက်ပြီး မိမိတို့အဘယ့်ကြောင့် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်ပေးခဲ့ရတာကို လွှတ်တော်မှာ ရှင်းပြ



ရာမှာတော့…

…ဒီပြည်နယ်ဆိုတာမှာ ဥပမာပုံဆိုရရင် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ယခုဆိုရင် ကရင်ပြည်နယ်အစ ရှိသဖြင့် ဒီလိုပေးလိုက်ရတာဟာ ကျွန်တော်ကိုယ်တိုင်က ဒီလိုပြည်နယ် စနစ်ဟာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအတွက် အကျိုးအရှိဆုံး နဲ့ အကောင်းဆုံးစနစ်လို့ ယုံကြည်လို့ ပေးလိုက်ရတာ မဟုတ်ပါဘူး။ အချိန်အခါတုန်းက ဖြစ်ပေါ်လာတဲ့ ဒီလိုအခြေအနေအရ၊ ပတ်ဝန်း ကျင် အခြေအနေအရ မရှောင်လွှဲသာလို့ ကျွန်တော်တို့ သဘောတူ တယ်ဆိုတာ ကျွန်တော်အစီရင်ခံနေတာ ဖြစ်ပါတယ်… လို့ဆိုပြီး ပြောကြားခဲ့ပါတယ်။

ဝန်ကြီးချုပ်ဦးနုက ပြည်နယ်ပေးတာမှာ နိုင်ငံအတွက် အကျိုးမရှိ တာကိုလဲ အောက်ပါအတိုင်း မိန့်ကြားခဲ့ပါတယ်။

…ဒီလိုပြည်နယ်တွေကို အသီးသီး အသက အသက ခွဲပေးတာ ကောင်းတယ်၊ မကောင်းဘူးဆိုတာ စဉ်းစားကြည့်၊ ယခုဥပမာပုံဆိုရင် ရှမ်းပြည်နယ်ရှိတယ်၊ ရှမ်းပြည်နယ်မှာ ပအိုဝ့်တွေက ရှမ်းပြည်နယ် က သူတို့အတွက် ပြည်နယ်ပေးရမယ်ဆိုတာ ဆူဆူပူပူပြုလုပ်နေ တယ်။ အဲဒါကောင်းသလား၊ ဒါဟာ ပြည်နယ်က ဂယက်ရိုက်တဲ့ သာ၊ နောက်တော်တော်ကြာဒီလိုပဲ အခုတော့ ဒီစနစ်ဟာ မကောင်း ဆိုပြီး ကျွန်တော်တို့လုပ်နိုင်တဲ့နည်းနဲ့ ဟိုမှာသူပုန်ထနေတဲ့ လူတွေကို နှင်းရတယ်။ တကယ်လို့ ကျွန်တော်တို့က မလုပ်နိုင်ဘဲ လက်လွှတ် ရင် ပအိုဝ့်တွေကို ပအိုဝ့်ပြည်နယ်ဆိုပြီး ရှမ်းပြည်နယ်ထဲက ခွဲပေး လိုက်ရင် ဘာဖြစ်မလဲ။ ပြည်နယ်ဂယက်ဟာ ဘယ်လောက် ထိရိုက်မလဲ။ ကချင်ပြည်နယ်ဆိုရင်လဲ Non-Kachins ရှိတယ်။ ကချင်မဟုတ်တဲ့လူတွေက ရှမ်းပြည်နယ်မှာလဲ ဒီလို

www.burmeseclassic.com

www.burmeseclassic.com



ပေးရင် ကျွန်တော်တို့ကိုလဲ ပြည်နယ်ပေး၊ ယခုတွင်ကပြောတဲ့ ကချင် မဟုတ် တဲ့သူတွေက ခွဲပေးပါလို့ပြောမယ်။ ဒီလိုပေးရင် တစ်ခါလာ ဦးမယ်၊ ဘာဖြစ်မလဲ၊ ကရင်ပြည်နယ်က ကရင်တွေလဲ ရှိတယ်၊ ကရင်မဟုတ်တဲ့ လူတွေလည်း ရှိတယ်၊ ဒီတော့ ကရင်မဟုတ်တဲ့လူတွေ က သူတို့ကို ကရင်ပြည်နယ်ထဲမှာ မထားပါနဲ့ ခွဲပေးပါလို့ တစ်ခါ လာဦးမယ်၊ အဲဒီလိုပေးပြီး ဘာဖြစ်မလဲ၊ ရခိုင်ကလဲ လာမယ်။

…ဗမာပြည်မှာ ရှိတာက လူသန်းပေါင်း ၂၀ ရှိတယ်။ အဲဒီသန်း ပေါင်း ၂၀ က ပြည်နယ်ကလေးတွေကို အစိတ်စိတ်အမွှာမွှာ ခွဲလိုက်ရင် ဘယ်လိုဖြစ်မလဲဆိုပြီး ကျွန်တော်တို့ယုံကြည်ချက်ကြောင့် မပေးတာ။

ဝန်ကြီးချုပ်ဦးနုက၊ ရှမ်းအမျိုးသားထဲက သမ္မတ၊ ဝန်ကြီးချုပ် အဖြစ် မြန်မာနိုင်ငံကို အုပ်ချုပ်နိုင်တယ်။ မိမိတို့အနေနဲ့ ကန့်ကွက်ရန် မရှိတာဆိုတယ်၊ အလားတူပဲ ရခိုင်အမျိုးသားထဲက သမ္မတအဖြစ်နဲ့ အလှည့်ကျ အုပ်ချုပ်နိုင်တယ်။ အလွန်ကျဉ်းမြောင်းတဲ့ ပြည်နယ်ကို မတောင်းဘဲ ဦးကျော်မင်း၊ ဦးလှထွန်းဖြူတို့အဖွဲ့က တစ်နိုင်ငံလုံးရဲ့ ထောက်ခံချက် ရမယ်ဆိုရင် ဝန်ကြီးချုပ်၊ ဝန်ကြီးဖြစ်လာနိုင်တယ်လို့ ဆက်လက်တင်ပြ ပါတယ်။ နိဂုံးချုပ်အနေနဲ့ ဦးနုက လွှတ်တော်ကို တင်ပြရာမှာ

…ကျွန်တော်ပြောတာက အိမ်တစ်အိမ်ဆောက်ပြီးရင် အိမ်ခန်း ကလေးတွေ သေးသေးသေးသေး မဖွဲ့ချင်ပါနဲ့ ဒီလိုခွဲခြင်းအားဖြင့် အင်အားမရှိတဲ့အပြင်၊ အားလျော့ခြင်းသာ ဖြစ်ပါတယ်။ အဲဒီလို ခွဲပြီး တစ်အိမ်လုံးဘာမှအားမရှိတော့ဘဲ ချစ်တီးလက်အပ်ရတဲ့ အခြေအနေမျိုး မဖြစ်ရအောင် ကျွန်တော်ပြောနေရခြင်းဖြစ်ပါတယ်။ ဒါကြောင့်ပြည်နယ် မပေးချင်ဘူး ဆိုတာက အမှန်အတိုင်းအစီအရင်ခံရရင် ရခိုင်တွေကို မုန်းလို့မဟုတ်ပါဘူး။ ဖိနှိပ်ချင်လို့ မဟုတ်ပါဘူး။ ရခိုင်တွေလဲ တစ်နေ့ ာ သမ္မတတို့၊ ဝန်ကြီးချုပ်တို့၊ ဝန်ကြီးတို့ဖြစ်မှာဘဲ။ ယခုလဲ ဖြစ်သ လောက် ဖြစ်နေပါတယ်။ ဒါကို ဘယ်သူမှမငြင်းနိုင်ပါဘူး ဟူ၍ ပြောကြားခဲ့ပါတယ်။ ဦးနုရဲ့ပြောကြားချက်အရ ဖဆပလအစိုးရရဲ့ ပြည်နယ်ပေးရေးနဲ့ ပတ်သက်ပြီး သဘောထားဟာ ယခင်က ပြည်နယ် ပေးရတာမှာ အခြေအနေအရ ပေးရတာသာဖြစ်တာ၊ နောက်ထပ် ပြည်နယ်မပေးလိုတော့တာ ထင်ရှားနေပါတော့တယ်လေ။



## လူမျိုးပေါင်းစုံဆွေးနွေးပွဲနဲ့ ရခိုင်ပြည်တောင်းဆိုမှုအကြောင်း

ရခိုင်အမျိုးသားတွေဟာ ပြည်နယ်တောင်းဆိုမှုကို လွှတ်တော်ပြင်ပ ကလဲ လုပ်ဆောင်ခဲ့ကြပါတယ်။ ၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့က ၂၉ ရက်နေ့အထိ ရန်ကုန်မြို့တော်ခန်းမမှာ လူမျိုးပေါင်းစုံ ဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့တယ်။ ဒီဆွေးနွေးပွဲသို့ ရခိုင်၊ ရှမ်း၊ ဗမာ၊ ကချင်၊ ချင်း၊ ပအိုဝ့်အမျိုးသားနဲ့ ပမညတမှကိုယ်စားလှယ်တွေ တက်ရောက်ခဲ့ပါတယ်။ လူမျိုးပေါင်းစုံ တွေ့ဆုံဆွေးနွေးပွဲမှာ ရခိုင် အမျိုးသား ဦးကျော်မင်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့် မိန့်ခွန်းပြောကြားခဲ့တယ်။ ဦးကျော်မင်းက လူမျိုးပေါင်းစုံတွေ့ဆုံ ဆွေးနွေးပွဲ အကြောင်းအရင်းကို ရှင်းလင်းပြောကြားရာမှာ…

မြန်မာနိုင်ငံဟာ လွတ်လပ်တဲ့နိုင်ငံအဖြစ် ရောက်လာတဲ့ဒီဘက်ပိုင်း မှာ၊ ပင်လုံညီလာခံက ချမှတ်ပြဋ္ဌာန်းခဲ့ကြတဲ့ အချက်တွေနဲ့ ဘယ် လောက်ကွဲပြားခြားနားလာသလဲ ဆိုတော့ အခုလောလော ဆယ်ဆယ် တိတိကျကျတိုင်းထွာပြီး မပြနိုင်ပေမယ့် လူမျိုးစုတိုင်း အတွင်းမှာ မကျေမနပ် မပြေမလည်ဖြစ်ရတဲ့ ပြဿနာအမျိုးမျိုးတွေ ပေါ်ပေါက် လာတယ် ဆိုတာကတော့ မြန်မာ တစ်နိုင်ငံလုံးတွင်မက တစ်ကမ္ဘာလုံး ကပဲ အသိဖြစ်တယ်လို့ ကျွန်တော်ထင်ပါတယ်။ အမြင့်ဆုံး ဖြစ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြည်ထောင်စုကြီးက ခွဲထွက်ရေးအသံကိုပင် ကြားလာရပြီး၊ အနိမ့်ဆုံးဖြစ်တဲ့ ပြည်နယ်အတွင်း လူမျိုးစုတွေအတွင်းမှာ ဝင်ရောက် သွေးခွဲမှု မပြုရေးဆိုတဲ့အသံတွေကို ကြားလာရပါတယ်...

အခုအခါမှာ လူမျိုးစုအသီးသီးတွေထဲမှာလဲ ပွင့်ပွင့်လင်းလင်း ဒိုးဒိုးခေါက်ခေါက်နဲ့ ပြောဆိုတင်ပြတာ၊ အချင်းချင်းညှိနှိုင်းအကြံဉာဏ်ယူတာစတာမလုပ်ကြတော့ဘဲ မြသလိုလိုဖြစ်လာပြီး၊ မိမိတို့ဘာသာ တသီးတခြားစီ ကြိုးပမ်းလာတာကို တွေ့ရပါတယ်။ အဲဒီ နိမိတ်လက္ခဏာဟာမဟုတ်တော့ဘူးလို့ ကျွန်တော်ယုံကြည်ပါတယ်။ တနည်းအားဖြင့် ပင်လုံ စိတ်ဓာတ်ကျဆင်းကွယ်ပျောက်ပြီး စည်းလုံးညီညွတ်မှု လျော့ရဲလာတာ ကို ပြတယ်လို့ ကျွန်တော်တို့ ထင်ပါတယ်...ဆိုပြီး ပြောကြားခဲ့ပါတယ်။ ဦးကျော်မင်းကပဲ ဆက်လက်ပြီး လူမျိုးပေါင်းစုံဆွေးနွေးပွဲ တစ်ရပ် အမှန်တကယ်လိုအပ်နေပြီဖြစ်တာ၊ အားလုံးစုပေါင်းဆွေးနွေး၊ စုပေါင်းဆုံးဖြတ်၊ စုပေါင်းလုပ်ဆောင်မှုနဲ့သာပဲ အကျိုးရှိမယ်လို့ ယုံကြည်တာကြောင့် ဆွေးနွေးပွဲကြီးကို စီစဉ်ကျင်းပရတာဖြစ်တာကို ထည့်သွင်း ပြောကြားခဲ့ပါတယ်။

လူမျိုးပေါင်းစုံ တွေ့ဆုံဆွေးနွေးပွဲမှာ ရခိုင်အမျိုးသားတွေက ရခိုင်တိုင်းရင်းသားပေါင်းစုံရဲ့ အခြေအနေနဲ့ မကျေနပ်မှုကို တင်ပြခဲ့တယ်။ ဒီလိုတင်ပြရာမှာ ရခိုင်တိုင်းအနေနဲ့ ပြည်နယ်တစ်နယ်အဖြစ် သတ်မှတ်ဖို့ လိုအပ်တဲ့ အင်္ဂါရပ်တွေ ပြည့်ပြည့်စုံစုံရှိနေတာ၊ ရသင့်ရထိုက်တဲ့ပြည်နယ်တောင်းဆိုတာကို ဖဆပလအစိုးရက နည်းအမျိုးမျိုးနဲ့ ငြင်းပယ်နေတာ မတရားတာ၊ ပြည်ထောင်စုအတွင်း လူမျိုးစုတစ်ရပ်က မကျေမနပ် ဖြစ်နေသမျှကာလပတ်လုံး အမျိုးသားစည်းလုံးညီညွတ်ရေး ရရှိနိုင်မယ် မဟုတ်တာတို့ ပါဝင်ပါတယ်။ အဲဒီထင်မြင်ချက်မှာပဲ ရခိုင်ပြည်ရဲ့ ပြဿနာအရပ်ရပ်နဲ့ ရခိုင်တိုင်းရင်းသားပေါင်းစုံရဲ့ ဆန္ဒအရပ်ရပ်ကို



ဆွေးနွေးပွဲသို့ တက်ရောက်လာကြတဲ့ ပြည်မကခေါင်းဆောင်တွေ၊ လူနည်းစုခေါင်းဆောင်တွေက ပါဝင်ဖြေရှင်းပေးဝါရန်လဲ ပန်ကြားခဲ့ပါတယ်။ တိုင်းရင်းသားပေါင်းစုံ ဆွေးနွေးပွဲနောက်ဆုံးနေ့မှာ လူမျိုးပေါင်းစုံ အမြဲတမ်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းလိုက်ပြီး ပင်လုံစိတ်ဓာတ် ပြန်လည်ထိန်းသိမ်းရေး၊ လူမျိုးပေါင်းစုံ သွေးစည်းညီညွတ်ရေး၊ ပြည်တွင်းစစ်ကို ငြိမ်းချမ်းတဲ့နည်းနဲ့ ရပ်စဲရေးဆိုတဲ့ အချက်သုံးချက် ပါဝင်တဲ့ ပန်ကြားလွှာကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အစိုးရပိုင်းက လူမျိုးပေါင်းစုံ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့တာ သဝဏ်လွှာပေးပို့တာတို့ မရှိခဲ့ပါဘူး။

အတိုက်အခံပါတီဖြစ်တဲ့ ပ မ ည တ ကတော့ ပြည်နယ်သစ်ဖွဲ့စည်းရေးကို ထောက်ခံခဲ့ပါတယ်။ ၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့မှာ ကျင်းပတဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ ပမညတ အမတ်ဦးသိန်းဖေမြင့်(ဘုတလင်)က လူမျိုးစုတိုင်း ပြည်နယ်ရသင့်တာ ထောက်ခံပြောကြားခဲ့ပါတယ်။ ရခိုင်ပြည်နယ်ပေးရေးနဲ့ ပတ်သက်ပြီး ဦးသိန်းဖေမြင့်က ပြောကြားရာမှာတော့...

ရခိုင်ဟာ ဗမာတွေနဲ့ ဘာသာစကားတူပါတယ်။ သို့ပေမယ့် ဘာသာစကားတူတယ် သာဆိုရပါတယ်။ ဗမာပြောလဲ ရခိုင်နားမလည်သလို ရခိုင်ပြောလဲ ဗမာနားမလည်ပါဘူး။ ဒီအချက်အပြင် ကျွန်တော်တို့နဲ့ ရာဇဝင်အဆက်ဆက်က ကွဲနေတဲ့ ပထဝီဒေသအနေနဲ့ ခြားနားနေရတဲ့ အချက်တွေကြောင့် သူတို့ဟာ လူမျိုးစုတစ်စုလို့ သတ်မှတ်နိုင်ပါတယ်။ ဒီလို ကွဲပြားချက်ကို မေ့လို့ မဖြစ်ပါဘူး ဆိုပြီး ရခိုင်ပြည်နယ်ပေးသင့်တာကို ဦးသိန်းဖေမြင့်က ပြောကြားခဲ့ပါတယ်။

**ရတည အမတ်ဦးလှထွန်းဖြူ လွှတ်တော်အတွင်းမှာ ရခိုင်ပြည်နယ်**

www.burmeseclassic.com

www.burmeseclassic.com



## ရရှိရေး ကြိုးပမ်းမှုမှာတော့

ရခိုင်ပြည်နယ်ရရှိရေးအတွက် အစဉ်တစိုက် ကြိုးပမ်းခဲ့တဲ့ ရတည အမတ်ဦးလှထွန်းဖြူဟာ ၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှာ ကျင်းပတဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ ရခိုင်ပြည်နယ်ပေးသင့်တာကို ထပ်မံပြောကြားခဲ့ပါတယ်။ ဦးလှထွန်းဖြူက…

ရခိုင်ပြည်ရဲ့ စည်းလုံးညီညွတ်ရေးဟာ အခြားမှာရှာလို့ မရပါဘူး။ ဆေးနည်းက ဘယ်မှာလဲ ဝေးဝေးမှာ မရှာရပါဘူး။

စည်းလုံးညီညွတ်ရေးမှာ ရခိုင်ပြည်နယ်ပေါ်မှာ နံပါတ် ၁ ဆေးနည်းဟာ ပြည်နယ်ပါလို့ ပြောခဲ့ချင်ပါတယ် ဆိုပြီး တင်ပြခဲ့ပါတယ်။

## ၁၉၅၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပြင်ဆင်ချက်) ဥပဒေကြမ်းမှာတော့

ရတညအမတ် ဦးလှထွန်းဖြူဟာ ၁၉၅၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှာ ကျင်းပတဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ အင်္ဂလိပ်မြန်မာနှစ်ဘာသာနဲ့ ရေးဆွဲထားတဲ့ ၁၉၅၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပြင်ဆင်ချက်) ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အဆိုပြုခဲ့ပါတယ်။ ဦးလှထွန်းဖြူက စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲခရိုင်သူခရိုင်သားတွေကို ရခိုင်ပြည်နယ်အုပ်ချုပ်ရေးကို လိုလားတာကြောင့်ရယ်၊ ရခိုင်ပြည်သူပြည်သားတွေက မိမိတို့ဒေသကို ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်တွေကဲ့သို့ ပြည်နယ်တစ်နယ်အဖြစ် သတ်မှတ်ပေးဖို့ရာ လားတာကတစ်ကြောင်းရယ်သလို၊ ရခိုင်ပြည်နယ်ကို ဖွဲ့စည်းတည်ထောင်ပေးလိုက်ပါက ရခိုင်ဒေသသာမက ပြည်မကြီးမှာလဲ အင်အားတောင့်တင်းလာရန် အကြောင်းရှိတာကြောင့် အဲဒီအဆိုကို တင်သွင်းရတာဖြစ်တာ အကျယ်တဝင့် ရှင်းလင်း



တင်ပြခဲ့ပါတယ်။

ဦးလှထွန်းဖြူကပဲ ဆက်လက်ပြီး ရခိုင်ပြည်နယ်ရရှိရေးကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ထောက်ခံခဲ့ကြောင်း ပြောဆိုရာ ဝန်ကြီးဦးဘစောက ဦးလှထွန်းဖြူလုပ်ကြံပြောဆိုတာသာ ဖြစ်ကြောင်း ချေပပြောဆိုခဲ့ပါတယ်။ ဦးဖော်သင် (ပုဏ္ဏားကျွန်း) အမတ်က ဦးလှထွန်းဖြူရဲ့ တင်ပြချက်ကို ထောက်ခံပြောဆိုရာမှာ ဗိုလ်ချုပ်အောင်ဆန်းက စစ်တွေကြက်ကိုင်းတန်ရှာ အစည်းအဝေးမှာ ပြည်နယ်ရထိုက်တဲ့အချက်လေးချက်ကို အတိအလင်း ပြောဆိုခဲ့တာကို ထည့်သွင်းပြောကြားခဲ့ပါတယ်။ ဝန်ကြီးဦးဘစောကတော့ ရခိုင်ပြည်နယ်ပေးရေးနဲ့ ပတ်သက်ပြီး ဗိုလ်ချုပ်အောင်ဆန်းက မည်သည့်အချိန်ကမှ မပြောခဲ့ကြောင်း ပြန်လည်ချေပခဲ့ပါတယ်။

## ၁၉၅၈ ခုနှစ် အခြေခံဥပဒေ (ပြင်ဆင်ချက်) ဥပဒေကြမ်းနဲ့ ပတ်သက်ပြီး လွှတ်တော်တွင်း အခြေအတင် ဆွေးနွေးမှုတွေမှာ

ဦးလှထွန်းဖြူရဲ့ ၁၉၅၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပြင်ဆင်ချက်) ဥပဒေကြမ်းကို ဆွေးနွေးဖို့အဆိုနဲ့ ပတ်သက်ပြီး ဦးကျော်မင်း (စစ်တွေ) အမတ်က ဆွေးနွေးရာမှာ…

ရခိုင်ပြည်နယ်ဖွဲ့စည်းပေးပါလို့ ယခုလို တောင်းဆိုတာဟာ သဘာဝကျတဲ့ တောင်းဆိုချက်သာဖြစ်ပါတယ်ဆိုတာကို ကျွန်တော်ထပ်ပြီး အစီအရင်ခံလိုပါတယ်။ ဒီလိုပြည်နယ်တစ်နယ် ဖွဲ့စည်းပေးရန် တောင်းဆိုတာဟာ သဘာဝမကျ၊ နည်းလမ်းမကျဘူးလို့ ပြောဆိုနိုင်စရာ ဘယ်လိုအကြောင်းမှမရှိပါ။ ရခိုင်ပြည်နယ်တနယ် ဖွဲ့စည်းပေးဖို့ရာမှာ ရခိုင်လူမျိုးတိုင်းက အလွန်တောင့်တနေတယ်ဆိုတာ သဘာဝအတိုင်းပဲ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဖွဲ့စည်းပေးဖို့ရာ တောင်းဆိုမှုဟာ ပြည်ထောင်

www.burmeseclassic.com



စုနိုင်ငံနဲ့ အနည်းငယ်မှ ဆန့်ကျင်တာ မရှိပါဘူး ဆိုပြီး ပြောကြားခဲ့ပါတယ်။

ပြီးဦးကျော်မင်းကပဲ ဆက်လက်ပြီး ဖဆပလအဖွဲ့ဝင် ရခိုင်လူမျိုးအချို့က ရတညအဖွဲ့ဟာ ရခိုင်ဒေသကို ပြည်နယ်ဖွဲ့စည်းပေးရန် တောင်းဆိုတာနဲ့ ပြည်ထောင်စုကြီးပြိုကွဲသွားအောင် ပြုလုပ်နေတာလို့ မဟုတ်မမှန် ဝါဒဖြန့်နေတာဆိုတာ၊ ရတညအဖွဲ့ဟာ ရခိုင်ဒေသကို ပြည်ထောင်စုက ခွဲထွက်ပြီး သီးသန့်နိုင်ငံထူထောင်ဖို့ တောင်းဆိုနေတာမဟုတ်တာ အတိအလင်းပြောကြားလိုတယ်။ ပြည်နယ်တောင်းဆိုတာဟာ ပြည်ထောင်စုကြီးပြိုကွဲသွားနိုင်တာဆိုတဲ့ အကြောင်းပြချက်နဲ့ ပတ်သက်ပြီး ရှမ်း၊ ကချင်၊ ကယား၊ ကရင်အမျိုးသားတို့ကို ပြည်နယ်အသီးသီး ဖွဲ့စည်းပေးခဲ့ကြပေမယ့် ပြည်ထောင်စုမြန်မာနိုင်ငံ ပြိုကွဲသွားပါသလားလို့ မေးလိုတယ်လို့ ဦးကျော်မင်းက ဆွေးနွေးတင်ပြခဲ့ပါတယ်။

ဦးလှထွန်းဖြူရဲ့ အဆိုနဲ့ပတ်သက်ပြီး မစ္စတာအဘူခိုင် (မောင်းတောတောင်ပိုင်း)အမတ်အလဲ ပါဝင်ဆွေးနွေးခဲ့ပါတယ်။ မစ္စတာအဘူခိုင်က ဦးလှထွန်းဖြူရဲ့အဆိုကို မိမိအဘယ်ကြောင့် ကန့်ကွက်ကြောင်း ပြောကြားရာမှာတော့ . . .

ကျွန်တော်တို့ ခရိုင်သုံးခုမှာရှိနေတဲ့ ရခိုင်အမျိုးသားတွေနဲ့ အခြားတိုင်းရင်းသားတွေဟာ ဗမာပြည်မက ဗမာလူမျိုးတွေနဲ့ အခြားတိုင်းရင်းသားတို့ထက် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအရေး စတာတွေမှာ ရာဇဝင်အရဖြစ်စေ၊ လက်ရှိအခြေအနေအရဖြစ်စေ၊ အဆင့်အတန်းမနိမ့်ပါဘူး။ လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရဆိုရင် ကျွန်တော်တို့ဟာ ပြည်ထောင်စုအတွင်း ပြည်မမှာ ဗမာလူမျိုးတို့နဲ့ တန်းတူအခွင့်အရေး၊ တန်းတူခံစားခွင့် ရရှိလျက်ရှိနေပါတယ်။ နယ်ချဲ့ အစိုးရလက်ထက်ကလဲ ဒီအဆင့်အတန်း၊ တန်းတူဘဝနဲ့ပဲ နေခဲ့ကြရပါတယ်။ ဒီတော့ ပြည်နယ်



အုပ်ချုပ်ရေးကို ယူလိုက်ရင် ကျွန်တော်တို့ဟာ အခွင့်ထူးခံ၊ ကျေးဇူးစားလူမျိုးငယ်တမျိုးဖြစ်သွားပြီး၊ ပြည်မရှိ ဗမာလူမျိုးတို့ထက် အဆင့်အတန်းနိမ့်ကျပြီးတော့ သူတို့ထံမှာ လက်ဝါးဖြန့်တောင်းရမယ့်ဘဝသို့ ရောက်သွားမှာဖြစ်တဲ့အတွက် ဂုဏ်ငယ်သွားစရာရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ ဘယ်နည်းနဲ့မှ ကျွန်တော်တို့ ဒီဘဝအခြေအနေသို့ အရောက်မခံနိုင်ပါ၊ ဗမာတစ်ကျပ်၊ ရခိုင်တစ်ကျပ် အခြေအနေတန်းတူ၊ အခွင့်အရေးတန်းတူဘဝမှာသာ နေလိုပါတယ် ဆိုပြီးပြောကြားခဲ့ပါတယ်။ မစ္စတာအဘူခိုင်အပဲ ဆက်လက်ပြီး ရခိုင်ပြည်နယ် ဖွဲ့စည်းတည်ထောင်တာနဲ့ ပြည်ထောင်စုရဲ့ အင်အားတိုးတက်ဖွယ်ရာ ရှိတယ်ဆိုတဲ့ အကြောင်းပြချက်ကို မိမိတို့လက်မခံနိုင်တာ၊ ပြည်မနဲ့တန်းတူ ပြည်မထဲမှာ ပါဝင်နေရာက ပြည်နယ်တစ်ခုအဖြစ် ဖွဲ့စည်းလိုက်ရင် ဆက်ဆံရေး အခြေအနေပြောင်းသွားနိုင်တယ်။ ဆက်ဆံမှုအမြဲတမ်း ပြေပြစ်နေရင် ကောင်းမွန်ပေမယ့် မပြေပြစ်ပါက ပြည်ထောင်စုအင်အားကို ထိခိုက်နိုင်တယ်။ မိမိတို့အားလုံး ဥမကွဲသိုက်မပျက် နေကြပါက လူထုတစ်ရပ်လုံးနဲ့ ပြည်ထောင်စုအတွက် ပိုမိုအကျိုးရှိစေနိုင်တယ်လို့ ဦးလှထွန်းဖြူရဲ့ ၁၉၅၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (ပြင်ဆင်ချက်) ဥပဒေကြမ်းကို ကန့်ကွက်ပါတယ်လို့ မစ္စတာအဘူခိုင်က ပြောကြားခဲ့ပါတယ်။

ဦးလှထွန်းဖြူရဲ့ အဆိုနဲ့ပတ်သက်ပြီး ဦးလုံးဖြူ(မာန်အောင်)အမတ်ကလဲ ပါဝင်ဆွေးနွေးခဲ့ပါတယ်။ ဦးလုံးဖြူက ဆွေးနွေးတင်ပြရာမှာ ၁၉၅၆ ခုနှစ် ရွေးကောက်ပွဲကျင်းပစဉ်က ရခိုင်ပြည်နယ်ရယူရေး ကြွေးကြော်သံနဲ့ ရွေးကောက်ပွဲဝင်ခဲ့တဲ့ ရတညအဖွဲ့ဟာ အမတ်နေရာ သုံးပုံတစ်ပုံသာ ရရှိတာကိုထောက်ပြီး ရခိုင်လူထုက ပြည်နယ်လိုလားတယ်၊ မလိုလားတာကို သိရှိနိုင်တာ တင်ပြပါတယ်။ ဆက်လက်ပြီး

www.burmeseclassic.com



ဦးလုံးဖြူကပဲ…

ရခိုင်တိုင်းမှာ ဝတီ ၄ ရပ် ရှိပါတယ်။ ဓညဝတီဆိုတာ စစ်တွေခရိုင်ဖြစ်ပါတယ်။ ဒွာရာဝတီဆိုတာ သံတွဲခရိုင်ဖြစ်ပါတယ်။ ရမ္မာဝတီဆိုတာက ရမ်းဗြဲဖြစ်ပါတယ်။ မေဃဝတီဆိုတာ မာန်အောင်ဖြစ်ပါတယ်။ ရခိုင်တိုင်းမှာ ဒီလို ဝတီ ၄ ရပ် ရှိတဲ့အတွက် ဒီနေ့ဗဟိုအစိုးရက မြို့ဟောင်းအမတ်မင်း ဦးလှထွန်းဖြူတောင်းတဲ့အတိုင်း ပြည်နယ်ပေးရင် မေဃဝတီဆိုတဲ့ မာန်အောင်လူထုကလဲ ဝတီတစ်ခုရထားတဲ့အတွက် မာန်အောင်ကို မေဃဝတီအုပ်ချုပ်ရေးပေးပါဆိုပြီး တောင်းပါလိမ့်မယ်။ ရမ္မာဝတီဖြစ်တဲ့ ရမ်းဗြဲကလဲ ဝတီတစ်ခုရထားတဲ့အတွက် ရခိုင်ပြည်နယ်ထဲမှာ အပါအဝင်ဖြစ်တဲ့ ရမ္မာဝတီအုပ်ချုပ်ရေးဆိုပြီး တောင်းပါလိမ့်မယ်။ သံတွဲခရိုင်ကလဲ ဝတီတစ်ခုရထားတဲ့အတွက် ဒွါရဝတီအုပ်ချုပ်ရေးဆိုပြီး တောင်းပါလိမ့်မယ်။ အဲဒီလို အစိတ်စိတ်အမွှာမွှာ ကွဲပြားမှာကို ကျွန်တော်မလိုလားပါ။ တကယ်တန်း ရခိုင်လူထုကို သာတူညီမျှ ကျောသားရင်သားမခွဲဘဲ မေတ္တာထားရင် ပြည်မကြီးနဲ့ တန်းတူအခွင့်အရေးတွေကိုသာ လိုလားပါတယ်။ ရခိုင်လူထုဆထက်ထမ်းပိုး တိုးတက်မှုကိုသာ ရှေ့ရှုပြီး ရခိုင်လူထုက လိုလားတဲ့ အခွင့်အရေးကိစ္စအဝဝကို ပြည်မကြီးက ပေးပါ။ ပြည်နယ်ကို လုံးဝမလိုလားပါဆိုပြီး ဦးလုံးထွန်းဖြူရဲ့အဆိုကို ကန့်ကွက် ပြောကြား ခဲ့ပါတယ်။

ဦးလှထွန်းဖြူရဲ့ ရခိုင်ပြည်နယ် သတ်မှတ်ပေးရေး အဆိုကို ဒေါက်တာဦးဧမောင်(ပြည်)အမတ်ကလဲ ပမညတ ခေါင်းဆောင်တစ်ဦးအနေနဲ့ ပါဝင်ဆွေးနွေးခဲ့ပါသေးတယ်။

ဒေါက်တာ ဦးဧမောင်က…

တချိန်တုံးက ကျွန်တော်ဟာလဲ ပြည်နယ်ပေးတာကို အတော်



မနှစ်သက်တဲ့ လူတစ်ယောက်ပါဘဲ။ အဲဒီအခါတုန်းက ပြည်နယ်ခွဲခဲ့ရင် ပြည်ထောင်စုကြီး ပျက်စီးရမယ်လို့ ယူဆခဲ့ပါတယ်။ ယခုတော့ ဒီအယူအဆကို ပြောင်းလိုက်ရပါပြီ။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်ပြည်နယ်တွေကို ကြည့်တော့ ပြည်နယ်ရတာကြောင့် ကရင်ပြည်နယ်ဆိုရင် အင်မတန်တိုးတက်နေတယ်၊ ပညာရေးကြီးပွား လာတယ်၊ အစစအရာရာပါပဲ ဆိုပြီးတင်ပြသွားပြီး ဦးလှထွန်းဖြူ တင်သွင်းတဲ့ ဥပဒေကြမ်းကို သူက ထောက်ခံတာကို ပြောကြားခဲ့ပါတယ်။

ဦးလှထွန်းဖြူ တင်သွင်းတဲ့ ရခိုင်ပြည်နယ် သတ်မှတ်ပေးရေး အဆိုနဲ့ပတ်သက်ပြီး သံတွဲနယ်သားတွေရဲ့ သဘောထားကို ဦးကျော်တင် (သံတွဲမြောက်ပိုင်း) အမတ်က လွှတ်တော်မှာ အောက်ပါအတိုင်း ရှင်းလင်းတင်ပြခဲ့ပါတယ်။

ကျွန်တော်နားလည်တာက ပြည်နယ်ကို ရခိုင်ပြည်မှာရှိတဲ့ လူထုအားလုံးက ထောက်ခံရင်ရမယ်ဆိုတာ ယုံကြည်ပါတယ်။ တကယ်လို့ရခဲ့ရင်တောင် ကျွန်တော်တို့သံတွဲကတော့ ယခုကတည်းက မပါချင်တဲ့အကြောင်းပြောလိုပါတယ်။ ဒီပြည်နယ်ထဲမှာ မပါပါရစေနဲ့ ကျွန်တော်က ပြည်နယ်လုပ်တာကို ကပ်ဖဲ့လုပ်ပြီး ပြောတာမဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ ယုံကြည်မှုကို ကျွန်တော်ပြောတာပါ။

ဆက်ဆံမှုအနေနဲ့လဲ ရခိုင်မှာရှိတဲ့ ဆိပ်ကမ်းဆိုရင် သူတို့ဆိပ်ကမ်းက ၆ ခုလောက်ရှိတယ်။ အဲဒီလိုအကြောင်းတွေပြပြီး ကျွန်တော်တို့ကလဲ သံတွဲပြည်နယ်ကို တောင်းရပါမယ်။ ကျွန်တော်တို့ အဲဒီလို တောင်းရတာက သူတို့နှိပ်စက်တဲ့ အကြောင်းကိုသိလို့ပြောတာပါ ယခုထက်ထိ အောက်သားဆိုတဲ့စကား။ မာန်အောင်ကျွန်းသားဆိုတဲ့ စကားလုံးဟာ အခုအထိ သုံးနေပါတယ်။

ဒါကြောင့်ကျွန်တော်တို့ဟာ အဲဒီဆရာကြီးတွေရဲ့ ပြည်နယ်ထဲမှာ

www.burmeseclassic.com



မပါချင်ဘူး။ ကျွန်တော်တို့ပြည်နယ် မလိုလားပါဘူး။ ကျွန်တော့်ကို လူထုက မှာလိုက်တာက ပြည်နယ်မယူခဲ့ပါနဲ့၊ ပြည်နယ်ကို ယူမယ့်အစား ရေမရှိတဲ့ချောင်းထဲ ဆင်းပြီးသေပါရစေ(ရခိုင်လိုပြောတယ်)။ အဲဒီလိုမှာလိုက်ပါတယ်။ ဒါကြောင့်ကျွန်တော်က ဦးလှထွန်းဖြူ တင်သွင်းတဲ့ ဥပဒေကြမ်းကို လေးလေးနက်နက် ကန့်ကွက်ပါတယ်။

ဦးလှထွန်းဖြူ တင်သွင်းတဲ့ ဥပဒေကြမ်းကို အစိုးရအဖွဲ့ဝင်ဝန်ကြီး ဦးဘစောကလဲ ကန့်ကွက်ပြောဆိုလိုက်တယ်။ ဝန်ကြီးဦးဘစောက မိမိဟာ ၁၉၄၂–၁၉၄၃ ခုနှစ် ဂျပန်တော်လှန်ရေးကိစ္စကို ကလကတ္တားမှာ ဆောင်ရွက်နေစဉ်ကာလမှာပဲ ရခိုင်ဒေသရဲ့ အနာဂတ်အရေးနဲ့ပတ်သက်ပြီး ဦးသိန်းဖေမြင့်နဲ့ တွေ့ဆုံဆွေးနွေးခဲ့ဖူးတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးရတဲ့အခါ နေမှုထိုင်မှု အစစအရာရာ တိုးတက်အောင် ရခိုင်အုပ်ချုပ်ရေး သီးခြားယူရင် ကောင်းမလားလို့ ဦးသိန်းဖေမြင့်ကို တိုင်ပင်ခဲ့တယ်။ ဦးသိန်းဖေမြင့်က ရခိုင်တိုင်းမှာ ရာဇဝင်အရ၊ ပထဝီအနေအထားအရ သီးခြားရှိတာကြောင့် ရခိုင်လူမျိုးတွေအနေနဲ့ သီးခြားအုပ်ချုပ်ရေးတောင်းခွင့်ရှိတယ်။ ဒါကြောင့်ရခိုင်လူမျိုးတွေဟာ ဗမာတွေနဲ့ ဒိုးတူပေါင်ဖက် မြန်မာနိုင်ငံရဲ့ ကောင်းကျိုးဆိုးကျိုးကို ဖန်တီးတဲ့ပုဂ္ဂိုလ်တွေဖြစ်တာကြောင့် ရခိုင်လူမျိုးတွေဟာ သီးခြားရသင့်တဲ့ အခွင့်အရေးရှိပေမယ့် အဲဒီအခွင့်အရေးကို ယူခြင်းဖြင့် ယခုကဲ့သို့ ပူးပေါင်းနေတာလောက် အကျိုးမရှိနိုင်၊ မတိုးတက်နိုင်လို့ ပြောခဲ့တာကို ဦးဘစောက ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဦးဘစောကပဲ ဆက်လက်ပြီးပြောကြားရာမှာ ၁၉၄၆–၁၉၄၇ ခုနှစ် မြန်မာ့လွတ်လပ်ရေးမရမီ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲနေစဉ် ရတည အဖွဲ့ရဲ့ ဥက္ကဋ္ဌဖြစ်ခဲ့ဖူးတဲ့ ပါလီမန်အမတ် ဦးဘမြိုင်နဲ့ တွေ့ဆုံပြီး ရခိုင်တိုင်းရဲ့ တိုးတက်ရေးကို ပြုလုပ်နိုင်အောင်



ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြမ်းမှာ ဘယ်လိုရေးဆွဲရင် ကောင်းမလဲကို တိုင်ပင်ခဲ့တယ်။ ဒီလိုတိုင်ပင်ရာမှာ ဦးဘမြိုင်က ဦးသိန်းဖေမြင့် ပြောတဲ့နည်းတူ ပြောခဲ့ဖူးတာကို ဦးဘစောက လွှတ်တော်မှာ ပြောကြားခဲ့ပါတယ်။

ဦးဘစောကပဲ ဆက်လက်ပြောကြားရာမှာ ၁၉၄၆–၁၉၄၇ ခုနှစ်က ရခိုင်ဖဆပလအမတ်တွေနဲ့ ရန်ကုန်ရှိ ရခိုင်ပညာတတ်ပုဂ္ဂိုလ်တွေပါဝင်တဲ့ ဆွေးနွေးပွဲကို အမတ်ဦးကျော်မင်းအိမ်မှာ ပြုလုပ်ခဲ့တာ၊ အဲဒီဆွေးနွေးပွဲမှာ ရှမ်း၊ ကချင်၊ ကရင်လူမျိုးတွေက ပြည်နယ်တောင်းနေပြီဖြစ်တာ၊ မိမိတို့ ရခိုင်အမျိုးသားတွေအဖို့ လက်ရှိအနေအထားအတိုင်းနေရကောင်းလား ဒါမှမဟုတ် လက်ရှိအနေအထားထက် ပိုကောင်းတဲ့ အုပ်ချုပ်ရေးရရှိအောင် ဘယ်ကဲ့သို့ ဆောင်ရွက်ရ ကောင်းလဲဆိုတာကို တိုင်ပင်ခဲ့တယ်။ အဲဒီတုန်းက အမတ်ဦးကျော်မင်းက ပြည်နယ်ယူရင် ရခိုင်တိုင်းမှာ ဘဏ္ဍာငွေမရှိတာ၊ ဘဏ္ဍာငွေမရှိရင် ဘယ်လိုကိစ္စကိုမှ ဆောင်ရွက်နိုင်ပါလို့ ပြောကြားခဲ့တာကို ဦးဘစောက လွှတ်တော်မှာ ရှင်းလင်းတင်ပြခဲ့ပါတယ်။

နိဂုံးချုပ်အနေနဲ့ ဦးဘစောက မိမိအဘယ်ကြောင့်ဦးလှထွန်းဖြူ တင်သွင်းတဲ့အဆိုကို ကန့်ကွက်ရကြောင်း ပြောကြားရာမှာတော့–

ကျွန်တော်တို့ဟာ ဖဆပလခေါင်းဆောင်ကြီးဖြစ်တဲ့ ဝန်ကြီးချုပ်ဦးနုတို့ ဦးကျော်ငြိမ်းတို့၊ ဦးဗဆွေတို့နဲ့လဲ တိုင်ပင်ပါသေးတယ်။ ကျွန်တော်တို့ရဲ့ အခြေအနေက ဒီလိုဖြစ်နေပြီ။ ဒီဝန်ကြီးတွေကလဲ စေတနာကောင်းနဲ့ ပြောတာထက် ဒီလိုပြည်နယ် ယူခြင်းအားဖြင့် ပြည်မနဲ့အခွင့်အရေး တန်းတူယူထားပါတယ်။ ပြည်နယ်ယူတာက အခွင့်အရေးပိုမရနိုင်ဘူး။ ဒီအတွက် ရခိုင်တိုင်းတိုးတက်မှု ကိစ္စအရပ်ကို ပြည်မကတာဝန်ခံပြီး ပြည်မအတွင်းမှာရှိတဲ့ တိုင်းအသီးသီးအကျိုးခံစားရသလို ဥပမာတနင်္သာရီတိုင်းက အကျိုးခံစားရသလို၊

www.burmeseclassic.com

www.burmeseclassic.com



ရခိုင်တိုင်းက အကျိုးခံစားခွင့်ရှိတာ ကောင်း ါတယ်။

ဒါကြောင့် ပြည်မအတွင်း တိုင်းတစ်ခုအနေနဲ့ နေတာဟာ အကောင်းဆုံးပဲလို့ ယုံကြည်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ပြည်နယ်ကိစ္စပေါ်ပေါက်လာတဲ့အခါမှာ ကျွန်တော်တို့ရဲ့ ယုံကြည်ချက်ကတော့ ပြည်နယ်ယူလိုက်ပြီးတော့ ရခိုင်တိုင်းရဲ့ တိုးတက်မှုကို လုံးဝ ကျွန်တော်တို့ မဖန်တီးနိုင်ပါဘူး၊ ပြည်မရဲ့အခွင့်အရေးဖြင့်သာ ရခိုင်တိုင်း တိုးတက်နိုင်တယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့်အဆိုကို ကန့်ကွက်ရတာ ဖြစ်ပါတယ်လို့ဆိုပြီး ဦးဘစောက ရခိုင်ပြည်နယ်မယူလိုတာ တင်ပြခဲ့ပါတယ်။ တစ်ဆက်တည်းမှာပဲ ဦးဘစောက လက်ရှိကမ္ဘာ့ အခြေအနေကို ကြည့်ပါက အီဂျစ်နဲ့ ဆီးရီးယားနိုင်ငံတို့ပူးပေါင်းပြီး သမ္မတနိုင်ငံတစ်ခုတည်ထောင်နေပြီဖြစ်တာ၊ အခြားနိုင်ငံငယ်လေးတွေလဲ ပူးပေါင်းဖို့ စိုင်းပြင်းနေကြပြီဖြစ်တာ၊ ဒီအခြေအနေမျိုးမှာ မိမိတို့နိုင်ငံက ခွဲခွဲခြားခြားနေကြမယ်ဆိုပါက မြန်မာတစ်နိုင်ငံလုံး ကျွန်ပြန်ဖြစ်နိုင်တာကြောင့် ဦးလှထွန်းဖြူတင်သွင်းတဲ့အဆိုကို လေးလေးနက်နက် ကန့်ကွက်ပါကြောင်း ပြောကြားခဲ့ပါတယ်။

ဦးလှထွန်းဖြူတင်သွင်းတဲ့ ၁၉၅၈ ခုနှစ် အခြေခံဥပဒေ (ပြင်ဆင်ချက်) ဥပဒေကြမ်းနဲ့ ပတ်သက်ပြီး အစိုးရအဖွဲ့ဝင်ဝန်ကြီး ဦးခင်မောင်လတ်ကလဲ ပါဝင်ဆွေးနွေးခဲ့ပါတယ်။ ဝန်ကြီးဦးခင်မောင်လတ်က ဆွေးနွေးတင်ပြရာမှာ ဥပဒေကြမ်းတင်သွင်းတဲ့ ဦးလှထွန်းဖြူညွှန်ပြတဲ့ ရခိုင်တိုင်းအနေနဲ့ ပြည်နယ်ဖြစ်ထိုက်တဲ့ အင်္ဂါရပ်တွေနဲ့ ပြည့်စုံနေတဲ့ အချက်နဲ့ ပတ်သက်ပြီး အဓိကထားချေပ ပြောဆိုခဲ့ပါတယ်။ ဦးခင်မောင်လတ်က ဆွေးနွေးတင်ပြရာမှာ မြန်မာနိုင်ငံမှာ သီးခြားရာဇဝင်ရှိတဲ့ နယ်ပယ်တွေ အများအပြားရှိတာ၊ ဥပမာအနေနဲ့ ပြည်၊ တောင်ငူ၊ အင်းဝစတဲ့ နယ်တွေမှာ ရာဇဝင်အရ ကိုယ့်မင်းကိုယ့်ချင်းနဲ့ နေခဲ့ရတာ



သူတို့ကို ပြည်နယ်ပေးလို့ မဖြစ်နိုင်တာ၊ စကားအရကြည့်ပါကလဲ အသံထွက်ကလွဲရင် ရခိုင်နဲ့ဗမာခွဲခြားမရတာ၊ ဗမာက သုံးနေတဲ့စာပေကို သာ ရခိုင်အမျိုးသားတွေ သုံးစွဲနေတာ၊ ကိုးကွယ်တဲ့ဘာသာအရလဲ ရခိုင်အများစုက ဗုဒ္ဓဘာသာကို ကိုးကွယ်ကြတာကို တွေ့ရတာ၊ ဆဉ်ကျေးမှုအရ ကြည့်ပါကလဲ ယနေ့ရခိုင်အမျိုးသားတွေက အဝတ်အစားဝလေ့ထုံးစံမှာ အချို့အဝတ်အစားကလွဲပြီး အားလုံးဗမာနဲ့ အတူတူပဲဖြစ်တာ… စီးပွားရေးအနေနဲ့လဲ ပြည်နယ်တစ်ခု သတ်မှတ်ပေးလိုက်ဘာကြောင့်အကျိုးကျေးဇူးထူးမရှိနိုင်တာ ဝန်ကြီးဦးခင်မောင်လတ်ကပဲ အချုပ်ပြောဆိုခဲ့ပါတယ်။ ပြီးဝန်ကြီးဦးခင်မောင်လတ်ကပဲ တိုင်းရင်းသား ညီးလုံးရေးဟာ ဘယ်လောက်အရေးကြီးကြောင်းနဲ့ စပ်လျဉ်းပြီး…

တိုင်းပြည်ပြုလွှတ်တော်က ရေးဆွဲလိုက်တဲ့ ပါတီပေါင်းစုံ၊ ရခိုင်အမျိုးသားပေါင်းစုံအ အဝင် တချိန်ကရေးဆွဲတဲ့အခါက ဥပဒေကို လေ့လာကြည့်ရင် ဘယ်လိုညွှန်ကြားထားတယ်ဆိုတာ ပေါ်လွင်ပါလိမ့်မယ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတစ်ခုလုံးကို ကြည့်လိုက်ရင် ပြည်ထောင်စုတစ်ခုလုံးရဲ့ တည်မြဲရေး၊ ပြည် ထောင်စုတစ်ခုလုံးရဲ့ စည်းလုံးရေးကို ရည်ညွှန်းထားတယ်ဆိုတာ ထင်ရှားပါတယ်။ ပြည်ထောင်စုတစ်ခုလုံးမှာ နိုင်ငံခြားအနေနဲ့ ကြည့်ရင် တစ်မျိုးတစ်ခုတည်း ရှိရမယ်၊ One Citizenship ပြည်ထောင်စုအတွင်းမှာ သမ္မတတစ်ယောက်တည်း ရှိရမယ်။ ဝန်ကြီးချုပ်တစ်ယောက်လဲ ရှိရမယ်။ ပြည်ထောင်စုအတွင်းမှာလဲ ကိစ္စအဝဝကို စီမံခန့်ခွဲဖို့၊ ဥပဒေပြုဖို့အတွက် ပါလီမန်လွှတ်တော် ရှိရမယ်။ ပါလီမန်လွှတ်တော်ထဲမှာ မြန်မာတွေချည်း မရှိရဘူး။ တိုင်းရင်းသားလူမျိုးပေါင်းစုံ ရှိရမယ်။ ဒီလို အချက်အလက်တွေကို တခုခြင်းခြင်း ဝေဖန်ဆန်းစစ် ကြည့်မယ်ဆိုရင် ဘာကိုညွှန်ကြားထားသလဲ ဆိုရင် ဘာပဲဖြစ်ဖြစ် ပြည်ထောင်စုကြီး တစ်ခုလုံးတည်မြဲရေး၊ ပြည်

www.burmeseclassic.com



ထောင်စုကြီးတခုလုံးရဲ့ စည်းရုန်းရေးဖြစ်ဖို့ဆိုတာကို ရည်ညွှန်းထားတာကို တွေ့ရပါတယ်။ ဒီရည်ညွှန်းချက်ကို အကြောင်းမလုံလောက်ဘဲ မူ ၄ ချက်နဲ့ မကိုက်ညီဘဲ အတင်းအဓမ္မ ဖွတ်အတင်းလုပ်လိုက်ပါက ဒီရည်ညွှန်းချက်ကို ကျွန်တော်တို့ ဖီလာကန့်လန့်လုပ်ရာကျမယ်။ ဒီရည်ညွှန်းချက်ကို မေ့ပျောက်ရာကျမယ်။ တိုက်ဖျက်ရာကျမယ်ဆိုတာကို ကျွန်တော်တို့ သတိပြုဖို့လိုပါတယ်ဆိုပြီး ပြောကြားခဲ့ပါတယ်။

ဦးလှထွန်းဖြူရဲ့ အဆိုနဲ့ပတ်သက်ပြီး အမတ်အသီးသီးက ဆွေးနွေးကြပြီးတဲ့နောက် လွှတ်တော်ရဲ့ ဆန္ဒကိုရယူရာမှာ အဆိုအရေးနိမ့်ခဲ့ပါတယ်။ ဒီလိုနဲ့ ၁၉၅၈ ခုနှစ်မှာ ရခိုင်အမတ်အချို့ရဲ့ လွှတ်တော်တွင်းက ရခိုင်ပြည်နယ်ရရှိရေး ကြိုးပမ်းမှုမှာ အရေးနိမ့်ခဲ့ရပြန်ပါတယ်။ တကယ်က ၁၉၅၈ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ဖဆပလအစိုးရဟာ မိမိတို့ရဲ့ ပြည်နယ်သာ မပေးရေးဆိုတဲ့ သဘောထားနဲ့အညီ ခိုင်ခိုင်မာမာ ရပ်တည်ခဲ့တာလို့ ဆိုနိုင်ပါတယ်။

## ဖဆပလအကွဲအပြဲနဲ့ ရခိုင်ပြည်နယ်တောင်းဆိုချက်မှာ

ရခိုင်အမျိုးသားတွေရဲ့ ရခိုင်ပြည်နယ်ရရှိရေး မျှော်လင့်ချက်မှာ အလှမ်းဝေးနေရာက ၁၉၅၈ ခုနှစ်၊ ဧပြီလမှာ ရုတ်တရက်အခြေအနေ ပြောင်းလဲသွားခဲ့ပါတယ်။ အာဏာရ ဖဆပလအတွင်း နုတင်နဲ့ ဆွေငြိမ်းအုပ်စုဆိုပြီး အကွဲအပြဲပေါ်ပေါက်လာခဲ့ရာက ရခိုင်အမျိုးသားတွေရဲ့ ပြည်နယ်ရရှိရေး ကြိုးပမ်းချက်မှာ အလားအလာကောင်းမွန်လာခဲ့သည်။ ဆွေငြိမ်းအုပ်စုက နုတင်အုပ်စုကို ပါလီမန်မှာ အယုံအကြည်မရှိ အဆိုတင်သွင်းပြီး ဖြုတ်ချဖို့ရာ ကြိုးပမ်းခဲ့ရာ နှစ်ဖက်အုပ်စုက ပါလီမန်မှာ ထောက်ခံမဲရရှိရေးအတွက် ပါလီမန်အမတ်တွေကို အပြိုင်အဆိုင် စည်းရုံးခဲ့ကြရပါတယ်။ ဒီအခြေအနေကို ရခိုင်အမတ်တွေက အခွင့်



ကောင်းယူပြီး သူတို့ရဲ့ ပြည်နယ်ရယူရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်ဖို့ရာ အခွင့်အလမ်းပေါ်ပေါက်လာခဲ့တော့တယ်။

အမတ်ခြောက်နေရာရရှိထားတဲ့ ရတညအဖွဲ့ဟာ နုတင်အုပ်စုနဲ့ရော ဆွေငြိမ်းအုပ်စုနဲ့ပါ တွေ့ဆုံဆွေးနွေးခဲ့ပါတော့တယ်။ ဖဆပလကွဲပြီးတဲ့နောက် နုတင်အုပ်စုက ပေါ်လစီလေးရပ်ကို ထုတ်ပြန်ကြေညာခဲ့ရာ အောက်ပါ အချက်အလက်တွေ ပါဝင်ခဲ့ပါတယ်။ အဲဒါတိုတွေမှာ-

၁။ နိုင်ငံခြားရေးဝါဒနဲ့ ပတ်သက်ပြီး လက်ရှိဝါဒကိုမပြောင်းလွဲဘဲ တသွေမတိမ်း ကျင့်သုံးမယ်။

၂။ ကမ္ဘာအေးညီလာခံမှာ ပြောကြားခဲ့တဲ့ စကားကြီး ၃ ခွန်းအတိုင်း ပြည်တွင်းငြိမ်းချမ်းရေးကို ဆက်လက်အကောင်အထည်ဖော်မည်။

၃။ ဒီမိုကရေစီ အခွင့်အရေး ပြည့်ပြည့်ဝဝရရှိစေရမယ်။

၄။ ပြည်နယ်တွေရဲ့ တရားသဖြင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ရစေဖို့ရာ အာမခံပါမယ် ဆိုတာပဲဖြစ်ပါတယ်။ နုတင်အုပ်စုရဲ့ ပေါ်လစီလေးရပ်ဟာ ပမညတရဲ့သဘောထားနဲ့ ကိုက်ညီတာကြောင့် ပမညတ ဒန်ကြီးချုပ်ဦးနုရဲ့ အစိုးရအဖွဲ့ကို ထောက်ခံကြောင်း ၁၉၅၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့မှာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။

ပမညတရဲ့ ထောက်ခံမှုကို နုတင်အုပ်စုရရှိပြီးတဲ့နောက် ဆွေငြိမ်းအုပ်စုရော နုတင်အုပ်စုပါ မိမိတို့ကိုထောက်ခံဖို့ရာ ရတညအဖွဲ့ကို စည်းရုံးခဲ့ပါတယ်။ ရတညအဖွဲ့ကလဲ ရခိုင်တိုင်းကို ပြည်နယ်ပေးရန် သဘောတူတဲ့အဖွဲ့ကို ထောက်ခံမှုဖြစ်တာ ဈေးဆစ်ခဲ့ပါတယ်။ ဆွေငြိမ်းအုပ်စုက ရခိုင်ပြည်နယ်ပေးရေးကို မထောက်ခံဘဲ ချင်းနေရာ ကောင်စီကဲ့သို့သော ကောင်စီတစ်ခုဖွဲ့စည်းပေးမယ်လို့ ပြောကြားခဲ့ပါတယ်။ နုတင်အုပ်စုကတော့ ရခိုင်လူထုကြီးတစ်ရပ်လုံးကသာ

www.burmeseclassic.com

www.burmeseclassic.com



ပြည်နယ်အလိုရှိတဲ့အကြောင်း ပြသခဲ့ရင် ပြည်နယ်ပေးမယ်လို့ ရတည အဖွဲ့ကို ကတိပေးခဲ့ပါတယ်။ နုတင်အုပ်စုရဲ့ သဘောထားမှာ မိမိတို့ လိုလားချက်နဲ့ ပိုပြီးနီးစပ်တာကြောင့် ရတညအဖွဲ့ဟာ နုတင်အုပ်စု ကို ထောက်ခံဖို့ရာ ဆုံးဖြတ်ခဲ့ပါတယ်။

ဆွေငြိမ်းအုပ်စုခေါင်းဆောင် ဦးဗဆွေက ၁၉၅၈ ခုနှစ်၊ ဇွန်လ ၉ ရက်၊ တနင်္လာနေ့မှာကျင်းပတဲ့ ပြည်သူ့အစည်းအဝေးမှာ ဦးနုအစိုးရ အပေါ် အယုံအကြည်မရှိအဆို တင်သွင်းခဲ့ပါတယ်။ ဦးဗဆွေက အဆို တင်သွင်းရာမှာ

ပြည်နယ်ကိစ္စတွေနဲ့ ပတ်သက်လို့ရှိရင် ဦးနုဟာ ၁၉၅၇ ခုနှစ်၊ အစည်းအဝေးမှာ ရခိုင်ပြည်နယ်ပေးရေးကို အပြင်းအထန် ကန့်ကွက်ခဲ့ပါ တယ်။ အဲဒီနောက် ၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ အစွင်းမှာ ကျင်းပခဲ့တဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးပွဲမှာ ရခိုင်ပြည်နယ် ရရှိရေးအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ချက် ဥပဒေ ကြမ်းကို မြို့ဟောင်းအမတ် ဦးလှထွန်းဖြူတင်သွင်း တဲ့အခါမှာ ဦးနုဟာ ရခိုင်ပြည်နယ်ပေးရေးကို အပြင်းအထန် ကန့်ကွက်ခဲ့ပါတယ်။ ၁၉၅ ခုနှစ်၊ ဧပြီလ ၈ ရက် မော်လမြိုင်မှာ ရာမညအဖွဲ့က ဦးနု ဂုဏ်ပြုပွဲလုပ်တဲ့အခါ ပြည်နယ်ပေးရေးကို မိမိအနေနဲ့ လုံးဝလက်မခံ ကြောင်း ထပ်လောင်းပြောကြားခဲ့ပါတယ်။ အဲဒီလို အထပ်ထပ် အခါ ပြည်နယ်ပေးရေးကိစ္စနဲ့ ပတ်သက်လို့ မိမိရဲ့ သဘောထား ပြတ်ပြတ်သားသား ပြောကြားခဲ့ပေမယ့် ယခုအခါမှာ မိမိအာဏာတည် မြဲရေးအတွက် ရခိုင်အမတ်တွေကို ရခိုင်ပြည်နယ်ဗန်းပြပြီး အထင်အ မဲဆွယ်ခဲ့ပါတယ်။ (ဩဘာသံများ)

ဒါကြောင့် ရှေ့စကား နောက်စကားမညီ ယခုစာကလေးကြေ ယခုဆီထမင်းဆိုသလို အပြောတစ်မျိုးအလုပ်တစ်မျိုးနဲ့ ပလောင်းပလဲ

လှတဲ့ ဦးနုခေါင်းဆောင်တဲ့အစိုးရအဖွဲ့ကို အယုံအကြည်မရှိကြောင်း အဆိုကို ကျွန်တော်ဟာ လွှတ်တော်မှာ တင်ပြရတာဖြစ်ပါတယ် ဆိုပြီးတော့ ပြည်နယ်ပေးရေးနဲ့ ပတ်သက်ပြီး ဦးနုဟာ သဘောထားပြောင်းလဲသွား တာ၊ မိမိအာဏာတည်မြဲမှုအတွက် ရခိုင်အမတ်တွေကို ရခိုင်ပြည်နယ် ဗန်းပြပြီး အထင်အရှားမဲဆွယ်ခဲ့ကြောင်း စွပ်စွဲပြောကြားခဲ့ပါတယ်။

ဦးဗဆွေရဲ့ စွပ်စွဲပြောကြားချက်နဲ့ ပတ်သက်ပြီး ဦးနုက ပြန်လည် ချေပပြောဆိုရာမှာတော့

ပြည်နယ်ကိစ္စနဲ့ ပတ်သက်ပြီး ပြောသွားပါတယ်။ ရခိုင်ပြည်နယ် ပေးဖို့ ဘယ်သူကဖြင့် ဘယ်နေရာမှာ ဘယ်လိုပြောတယ်၊ ဘယ်နေရာ မှာဖြင့် ဘယ်လိုပြောခဲ့တယ်စသည်ဖြင့် ဒီလိုပြောသွားခဲ့ပါတယ်။ ကျွန်တော်အတိအလင်းပြောပါရစေ။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ပြည်နယ်ကို မူအားဖြင့် ဒီနေ့အထိ ကျွန်တော်ကန့်ကွက်တယ်။ ပြည်နယ်ပေးတာ ကောင်းတယ်လို့ ကျွန်တော်စိတ်ထဲမှာ မယူဆပါဘူး။ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးဟာ အမှန်စင်စစ်ဆိုရင်တော့ အားလုံးလူနည်းစုတွေ ရော၊ လူများစုတွေရော အားလုံးရွေးကောက်တင်မြှောက်လိုက်တဲ့ အဲသည်ထဲကနေပြီး အများဆုံးရတဲ့လူက အုပ်ချုပ်၊ အဲသည်အုပ်ချုပ်တဲ့ လူဟာ ရှမ်းပဲဖြစ်ဖြစ်၊ ကချင်ပဲဖြစ်ဖြစ်၊ ရခိုင်ပဲဖြစ်ဖြစ်၊ မွန်ပဲဖြစ်ဖြစ်၊ ဖြစ်ချင်တဲ့လူ ဖြစ်ပါစေ၊ ကျန်တဲ့လူတွေက ဝန်ကြီးချုပ်ကို အစိုးရအနေနဲ့ လိုက်နာရမယ်၊ အဲသည်းခံ့ကို ကျွန်တော်ယုံကြည်ပါတယ်။ ဒါပေမဲ့ ဘယ်လိုဖြစ်သလဲဆိုရင်ငါး ည်ပြည်နယ်နဲ့ ပတ်သက်ပြီး ကျွန်တော်ပေး ထားတဲ့ ကတိကို ကျွန်ရှင်းပြောပါရစေ။ ကျွန်တော့်ကို လာပြီးမပြော ဘူးမဟုတ်ဘူး။ ပြောပါ၏ ည်။ ရတညအဖွဲ့က ပုဂ္ဂိုလ်တွေက ပြောပါ တယ်။ ခင်ဗျားတို့အစိုးရကို ထောက်ခံရမယ်၊ ပြည်နယ်ကိစ္စက ဘယ် လိုလဲ၊ ပြည်နယ်ကိစ္စက ဘယ်လိုလဲဆိုရင် ကျွန်တော်အနေနဲ့ ပြည်နယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို မူအားအနေနဲ့ မယုံကြည်ဘူး၊ ဒါပေမဲ့လဲ အစိုးရဆိုတာဟာ တခုရှိတယ်။ အဝိရောဓနဲ့ တိုင်းသူပြည်သားလူများစုရဲ့ လိုအင်ဆန္ဒကို မဆန့်ကျင်ရဘူး၊ ဆန့်ကျင်တဲ့ပုဂ္ဂိုလ်ဟာ ဒီအဖွဲ့မှ အစိုးရမဖြစ်နိုင်ဘူး။ ဒါကြောင့်ခင်ဗျားတို့ ပြည်နယ်လိုချင်တယ်ဆိုရင် ရခိုင်တိုင်းတစ်တိုင်းလုံးမှာ ရှိတဲ့ပုဂ္ဂိုလ်တွေက ရခိုင်တိုင်းသူတိုင်းသားတွေက ကျွန်တော်တို့ဟာ ပြည်နယ်ကို လိုချင်ပါတယ်ဆိုတာရဲ့ ဆန္ဒကို ပြင်းပြင်းပြပြနဲ့ ပြပါ။ အဲဒီလို ပြင်းပြင်းပြပြနဲ့ ပြတာကို ဟုတ်တယ်လို့ဆိုတာကို ကျွန်တော်ယုံကြည်တဲ့နေ့မှာ ခင်ဗျားတို့ဆန္ဒကို လိုက်လျောတဲ့အနေနဲ့ ပြည်နယ်ရအောင် လုပ်ယူပါလို့ ဒီအတိုင်းပြောခဲ့ပါတယ်။ ကျွန်တော်လိမ်တာ မဟုတ်ပါဘူးဆိုပြီး ပြောကြားခဲ့ပါတယ်။ ဦးနုကပဲဆက်လက်ပြီး သူ့အနေနဲ့ ရခိုင်ပြည်နဲ့ပတ်သက်ပြီး ကတိမပေးမီ နှစ်ရက်သုံးရက်ခန့်က ဦးကျော်ငြိမ်းကို မိမိ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ပြောပြခဲ့တာ၊ ဦးကျော်ငြိမ်းက ပြည်နယ်နဲ့ ပတ်သက်တဲ့ ကိစ္စရပ်တွေဟာ ပြုပြင်လို့ရတဲ့ကိစ္စတွေဖြစ်တာ၊ ပြောလိုက်ရင် မကောင်းဘူးလားဆိုပြီး ပြန်ပြောတာ၊ မိမိကကြောင်း၊ ပြည်နယ်သူနယ်သားတွေက ပြင်းပြင်းပြပြဆန္ဒပြပြီး ယုံကြည်ကြောင်းကို ပြလျှင်ပေးမယ်ဆိုတာကို ဦးကျော်ငြိမ်းကိုပြောခဲ့တာ၊ ဦးကျော်ငြိမ်းကို ပြောကြားတဲ့အတိုင်း ဦးကျော်မင်းတို့ကိုလဲပြောပြရာသူ အဲဒါကို ယုံကြည်တာကြောင့် မိမိကို ထောက်ခံတာဖြစ်ကြောင်း၊ အဲဒီကတိကလွဲပြီး မည်သည့်ကတိကိုမှ မပေးခဲ့တာ ဦးနုကလွှတ်တော်မှာ ရှင်းလင်းပြခဲ့ပါတယ်။ ယခု

ဦးဗဆွေတင်သွင်းတဲ့ အယုံအကြည်မရှိ အဆိုနဲ့ပတ်သက်ပြီးလွှတ်တော်မှာ မဲခွဲတဲ့အခါ နု-တင်အုပ်စု၊ ၂ ပမညတနဲ့ ရတညတို့ရဲ့ထောက်ခံမှုနဲ့ အနိုင်ရရှိသွားခဲ့ပါတယ်။ ဒါပေမဲ့ သန့်ရှင်းဖဆပလအစိုးရလက်ထက်မှာ ရခိုင်ပြည်နယ်ပေးရေးကိစ္စကို အကောင်အထည်



ဖော်နိုင်ခဲ့တာ မရှိပါ။ သန့်ရှင်းဖဆပလ အာဏာရတဲ့ကာလအတွင်းနိုင်ငံရေး အခြေအနေ တင်းမာလာရာ ၁၉၅၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့မှာ ဝန်ကြီးချုပ်ဦးနုဟာ အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းနိုင်ရန်အတွက် ဗိုလ်ချုပ်ကြီးနေဝင်းကို အာဏာလွှဲပြောင်းပေးခဲ့ပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ အိမ်စောင့်အစိုးရက ကြီးမှူးကျင်းပတဲ့ ၁၉၆၀ ပြည့်နှစ် လွှတ်တော်ရွေးကောက်ပွဲမှာ ဦးနုခေါင်းဆောင်တဲ့ သန့်ရှင်းဖဆပလဟာ အပြတ်အသတ်အနိုင်ရရှိသဖြင့် ဦးနုအာဏာပြန်လည်ရရှိခဲ့ပါတယ်။ ရွေးကောက်ပွဲအပြီးမှာ သန့်ရှင်းဖဆပလကို အမည်ပြောင်းလိုက်တဲ့ ပထစ (ပြည်ထောင်စုပါတီ) အစိုးရလက်ထက်မှာ ရခိုင်နဲ့ မွန်ပြည်နယ်တောင်းဆိုတဲ့ ပြဿနာပြန်လည်ပေါ်ပေါက်လာခဲ့ပြန်ပါတယ်။

**ပထစအစိုးရရဲ့ပြည်နယ်နဲ့ ပတ်သက်တဲ့သဘောထားမှာ**

ပထစအစိုးရလက်ထက် ၁၉၆၀ ပြည့်နှစ်၊ ဧပြီလ ၅ ရက်နေ့မှာကျင်းပတဲ့ တတိယပါလီမန်ဆိုင်ရာ ပြည်သူ့လွှတ်တော် ပထမညီလာခံမှာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက မိန့်ခွန်းပြောကြားရာ ပြည်နယ်ပေးရေးနဲ့ ပတ်သက်ပြီး ပြည်ထောင်စု ပါတီအစိုးရရဲ့ သဘောထားကို ခုလိုထည့်သွင်းပြောကြားခဲ့ပါတယ်။ ဦးနုက…

သက်ဆိုင်ရာတိုင်းရင်းသားတွေရဲ့ စိတ်ထဲမှာ၊ ပြည်နယ်လိုချင်တဲ့ဆန္ဒတကယ် နှစ်နှစ်ကာကာရှိကြတယ်ဆိုရင်၊ ရခိုင်ပြည်နယ်နဲ့ မွန်ပြည်နယ်ကို စီမံပေးပါမယ်လို့ ကျွန်တော်တို့က ကတိပေးဖူးပါတယ်။ ဒီကရေစီနဲ့အညီငှင်း၊ ဒေသတွင်းနေထိုင်ကြတဲ့ ပြည်သူလူထုတွေကအေးအေးချမ်းချမ်း၊ ချစ်ချစ်ခင်ခင်၊ ပျော်ပျော်ရွှင်ရွှင်၊ အတူတကွဖြစ်စေမဲ့

www.burmeseclassic.com

www.burmeseclassic.com



နည်းနဲ့အညီငှင်း၊ သက်ဆိုင်ရာ ပြည်သူလူထုရဲ့ တကယ့်ဆန္ဒကို သိရအောင်ပြုလုပ်ပြီးတဲ့နောက် သိရတဲ့အချက်ကို မူတည်ပြီး၊ ကတိအတိုင်း အစောဆုံး စီမံဆောင်ရွက်ပေးပါ့မယ်၊ သက်ဆိုင်ရာ လူထုရဲ့ဆန္ဒကို သိရအောင် ပြုရမဲ့ကိစ္စမှာ ပြုံပြုနည်းနဲ့ ပတ်သက်ပြီး၊ ကျွန်တော်တို့ဟာ သက်ဆိုင်ရာ ခေါင်းဆောင်တွေနဲ့ တိုင်ပင်ပါ့မယ်ဆိုပြီး မိန့်ကြားခဲ့တယ်။ ဒီညွှန်ကြားချက်မှာ ပထစအစိုးရရဲ့ ပြည်နယ်ပေးရေး သဘောထားပဲ ဖြစ်ပါတယ်။ ဝန်ကြီးချုပ်ဦးနုရဲ့ မိန့်ကြားချက်မှာ ပြည်နယ်ပေးရေး ကိစ္စမှာ ပထစအစိုးရက သက်ဆိုင်ရာပြည်သူလူထုရဲ့ ဆန္ဒအမှန်ကို သိရှိအောင်ပြုလုပ်မယ်။ အဲဒီပြုလုပ်ရာမှာလဲ ပြုံပြုနည်းနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာ ခေါင်းဆောင်တွေနဲ့ တိုင်ပင်ပြီးမှ ပြုလုပ်မယ်လို့ ဆိုလိုတာပဲ ဖြစ်ပါတယ်။

## ပထစအစိုးရရဲ့ ပြည်နယ်ပေးရေးသဘောထားအပေါ် အတိုက်အခံ ခေါင်းဆောင်ရဲ့ ဝေဖန်ချက်မှာ

ဝန်ကြီးချုပ်ဦးနုရဲ့ ပြည်နယ်ပေးရေးနဲ့ ပတ်သက်တဲ့ မိန့်ခွန်းနဲ့ ပတ်သက်ပြီး ၁၉၆၀ ပြည့်နှစ်၊ ဧပြီလ ၈ ရက်နေ့မှာ ကျင်းပတဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ အတိုက်အခံခေါင်းဆောင် သခင်သာခင်က ဝေဖန်ပြောကြားခဲ့ပါတယ်။ သခင်သာခင် ပြောကြားရာမှာ ပြည်နယ်ကိစ္စနဲ့ ပတ်သက်ပြီး မိမိတို့ဖဆပလအဖွဲ့ချုပ်ရဲ့ သဘောထားကို အကြိမ်ကြိမ်ကြေညာခဲ့ပြီး ဖြစ်တာ၊ ပြည်နယ်ပေးလိုက်လို့ ပြည်ထောင်စု စိတ်ဓာတ်ပိုမိုခိုင်မြဲလာမယ်ဆိုရင် အားရကျေနပ်စရာပဲ ဖြစ်တာ၊ ဒါမှမဟုတ်ပါက ပြည်နယ်ပေးလိုက်ပြီးနောက်ပိုင်း ပြည်ထောင်စုစိတ်ဓာတ် များလျော့ပါးပြီး သီးခြားစိတ်၊ ခွဲထွက်လိုတဲ့ဆန္ဒမျိုး ပေါ်ပေါက်လာမယ် ဆိုရင် ပြည်ထောင်စုကြီး ပျက်စီးဖို့ဖန်တီးတာနဲ့ အတူတူပဲဖြစ်တာ



သခင်သာခင်က မိန့်ကြားခဲ့ပါတယ်။

သခင်သာခင်ကပဲဆက်လက်ပြီး မိမိတို့ဖြစ်စေလိုတဲ့မှာ ပြည်နယ် ပေးလိုက်တာဟာ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးကို အထောက် အပံ့ပြုရမယ်၊ သက်ဆိုင်ရာပြည်နယ်အတွင်းရှိ လူမျိုးစုအသီးသီးရဲ့ အခြေအနေတွေ တိုးတက်မှုရှိရမယ်၊ ဒါမှသာ ပြည်နယ်ပေးတာဟာ အကျိုးကျေးဇူး ဖြစ်ထွန်းနိုင်မယ်လို့ မိမိတို့ကယူဆတာ၊ ဒီကနေ့ခေတ်မှာ နိုင်ငံအသီးသီးမှာ မိမိတို့အားကိုမိမိတို့ ပိုမိုဖြည့်တင်းနိုင်ဖို့ရာအတွက် နိုင်ငံအချင်းချင်းစုပေါင်းပြီး ပြည်နယ်က ပြည်ကြီးဖြစ်အောင် ကြိုးစားနေ ရတဲ့အခြေအနေပဲဖြစ်ပါတယ်။ နိုင်ငံတကာက မိမိတို့အားကို ကြီးထွား အောင်ပြုလုပ်နေတဲ့အချိန်မှာမြန်မာနိုင်ငံက ခေတ်နောက်ပြန်ဆွဲသလို မိမိတို့အင်အားကို မိမိတို့ခွဲစိတ်နေကြမယ်ဆိုပါက အချိန်အခါ၊ အခြေ အနေနဲ့ မဆီလျော်လို့ မိမိတို့ယူဆပါကြောင်းကို သခင်သာခင်က ဆွေးနွေးပြောကြားခဲ့ပါတယ်။

ပြီးသခင်သာခင်ကပဲ ပြည်နယ်ပေးရေးပြဿနာကို ဘယ်လိုဖြေရှင်း သင့်တာကို ဖဆပလရဲ့သဘောထားနဲ့ ပတ်သက်ပြီး တင်ပြရာမှာတော့

မွန်အမျိုးသားတွေ၊ ရခိုင်အမျိုးသားတွေဟာ စင်စစ်ဗမာအမျိုးသား တွေနဲ့ ယဉ်ကျေးမှုအစဉ်အလာချင်း၊ လူမျိုးချင်း၊ ရောထွေးယှက်နေတဲ့ သွေးတူသားတူတွေပဲ ဖြစ်ကြပါတယ်။ ဒီလူမျိုးစုတွေရဲ့ ယဉ်ကျေးမှု အစဉ်အလာတွေကို ထိန်းသိမ်းကာကွယ်ပြီး လူမျိုးစုတစ်လျှောက် တိုးတက်မှု အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်တဲ့ မွန်ရေးရာကောင်စီတို့၊ ရခိုင်ရေးရာကောင်စီတို့ ဖွဲ့စည်းပေးပြီး၊ ဒီပြဿနာဟာ ပြေလည်သွားနိုင် စရာ ရှိပါတယ်။ ရွေးအခါကဆိုရင် ကျွန်တော်တို့ပြည်ထောင်စုအသင်းနဲ့ သဲ ချို့ယွင်းချက်တွေ ရှိခဲ့တဲ့အတွက် ယခုလိုမကျေနပ်မှုတွေကို အကြောင်းပြုပြီး ပြည်နယ်ကိစ္စတွေ ပေါ်ပေါက်ခဲ့ရတယ်လို့ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့ ယူဆပါတယ်။

ဒါကြောင့်၊ ခုအခါမှာ ပြည်ထောင်စုအစိုးရအနေနဲ့လဲ လူမျိုးစုတွေအပေါ်မှာ ထားရှိတဲ့ဝါဒလမ်းစဉ်တွေကို ပြုပြင်သွားမယ်၊ လူမျိုးစုအသီးသီးကလဲ ပြည်ထောင်စုအစိုးရနဲ့ ရင်းရင်းနှီးနှီး ပူးပေါင်းဆောင်ရွက်သွားကြမယ်ဆိုရင် ပြည်နယ်ပြဿနာဟာ အလိုလိုအေးချမ်းသွားလိမ့်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်ဆိုပြီး ပြောကြားသွားခဲ့ပါတယ်။ သခင်သာခင်ရဲ့ ပြောကြားချက်အရ ဖဆပလရဲ့ပြည်နယ်ပေးရေးသဘောထားမှာ ဖဆပလအဖွဲ့နှစ်ခြမ်း မကွဲမီကာလကအတိုင်းပဲဖြစ်တယ်။ ပြောင်းလဲမှုမရှိဘူး။ ဖဆပလဟာ ပြည်နယ်သစ်ပေးရေးကို လက်မခံဘာ၊ မွန်ရေးရာကောင်စီနဲ့ ရခိုင်ရေးရာကောင်စီမျိုးသာ ဖွဲ့စည်းပေးလိုတဲ့ ဆန္ဒသာရှိတယ်လို့ ဆိုနိုင်ပါတယ်။

သခင်သာခင်ဟာ ဝန်ကြီးချုပ်ဦးနုရဲ့ ပြည်နယ်ပေးရေး သဘောထား ပြောင်းလဲခဲ့ပုံကိုပါ ဝေဖန်ဆွေးနွေးသွားခဲ့ပါတယ်။ သခင်သာခင်က ဝန်ကြီးချုပ်ဦးနုကိုယ်တိုင်က ပြည်နယ်ပေးရေးကိစ္စနဲ့ ပတ်သက်ပြီး သူကိုယ်တိုင်လုံးဝ ယုံကြည်မှုမရှိတာကို လွှတ်တော်တွင်း ရခိုင်အမတ်မင်းတွေကို ပြန်ကြားရာနဲ့ပြီးတော့ ၁၉၅၈ ခုနှစ်၊ ဧပြီလအတွင်းက ကျင်းပတဲ့ မော်လမြိုင်မွန်ရေးရာ ညီလာခံပွဲမှာ မိန့်ခွန်းပြောကြားရာမှာ အတိအလင်း ထုတ်ဖော်ပြောဆိုခဲ့တာ၊ ဝန်ကြီးချုပ်ဦးနုအနေနဲ့ ပြည်နယ်ပေးရေးကိစ္စမှာ တိုင်းသိပြည်သိ ခါးခါးသီးသီး ငြင်းပယ်ပြီးခါမှ ယခုသူတို့ကိုယ်တိုင် မယုံကြည်တဲ့ကိစ္စကို ပြန်ဖော်တာမှာ ရွေးကောက်ပွဲမှာ ကတိလွှန်ခဲ့မိတာကြောင့် မိမိသိက္ခာထိန်းတဲ့အနေနဲ့ ပြည်နယ်ကိစ္စကို ရှေ့တန်းတင်တာ၊ ဖြစ်မလားလို့ မိမိတို့သံသယဖြစ်ရတာလို့ သခင်သာခင်က ဝေဖန်ခဲ့ပါတယ်။



## နိုင်ငံတော်အစိုးရ အကြံပေးအဖွဲ့ ဖွဲ့စည်းတာ

ဝန်ကြီးချုပ်ဦးနုဟာ မွန်ပြည်နယ်နဲ့ ရခိုင်ပြည်နယ် အကောင်အထည်ဖော်ရေးနဲ့ ပတ်သက်ပြီး အစိုးရကို အကြံပေးဖို့ရာ နိုင်ငံတော်သမ္မတဟောင်း ဒေါက်တာဦးဘဦး ခေါင်းဆောင်တဲ့ နိုင်ငံတော်အစိုးရအတိုင်ပင်ခံ အကြံပေးငါးဦးအဖွဲ့သို့ ၁၉၆၀ ပြည့်နှစ်၊ ဧပြီလ ၂၉ ရက်နေ့မှာ လွှဲအပ်ခဲ့ပါတယ်။ အဲဒီလိုတာဝန်ပေးအပ်တဲ့အတိုင်း အကြံပေးတဲ့အတိုင်း ၁၉၆၀ ပြည့်နှစ်၊ မေလ ၆ ရက်နေ့ကစပြီး ရန်ကုန်မြို့မှာ နေထိုင်ကြတဲ့ ရခိုင်အမျိုးသား ခေါင်းဆောင်ကြီးတွေ၊ ကုန်သည်တွေ၊ နိုင်ငံရေးသမားတွေ၊ သက်ဆိုင်ရာအသင်းအဖွဲ့ ကိုယ်စားလှယ်တွေနဲ့ ကျောင်းသားတွေပါမကျန် ဖိတ်ကြားပြီး တိုင်ပင်နှီးနှောခဲ့ပါတယ်။

ရန်ကုန်မြို့ရှိ ရခိုင်အမျိုးသားတွေနဲ့ တွေ့ဆုံဆွေးနွေးရာမှာ အကြံပေးအဖွဲ့ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်လူကြီးတွေက ရခိုင်လူမျိုးတွေကို ပြည်နယ်ရထိုက်တာမရထိုက်တာဆိုတဲ့ ပြဿနာမပေါ်ပေါက်ကြောင်း၊ ရခိုင်လူမျိုးတွေက ပြည်နယ်လိုလားပါတယ်လို့ ဆန္ဒရှိပါရင် သူတို့ကို ပြည်ထောင်စုအစိုးရက ပြည်နယ်ပေးဖို့ရာ ဆုံးဖြတ်ထားတာနဲ့၊ ယခုပေါ်ပေါက်နေတဲ့ ပြဿနာမှာ ရခိုင်လူထုအများစုရဲ့ဆန္ဒကို အကောင်းဆုံးနည်းနဲ့ ဘယ်လို စုံစမ်းမေးမြန်းကြဖို့သာ ဖြစ်တာ၊ အဲဒီပြဿနာကို ဖြေရှင်းနိုင်ဖို့ရာ အတွက် အကြံဉာဏ်ပေးကြပါဖို့ရာ တိုက်တွန်းကြောင်း ပြောဆိုခဲ့ပါတယ်။

အစိုးရအတိုင်ပင်ခံ အကြံပေးအဖွဲ့သို့ မိမိတို့သဘောထားတွေကို တင်ပြကြရာမှာ ရခိုင်အမျိုးသားတွေရဲ့ အယူအဆအမျိုးမျိုးတွေ ကွဲပြားကြပါတယ်။ တရားဝန်ကြီးဟောင်း ဦးသာကျော်နဲ့ အငြိမ်းစားအိုင်စီအက်စ် ဦးစိန်ညိုထွန်းတို့က ရခိုင်ပြည်နယ် အကောင်အထည်ဖော်ရာမှာ လူထုဆန္ဒခံယူသင့်တာကို တင်ပြကြပါတယ်။

ရတာညခေါင်းဆောင် အမတ်ဦးလှထွန်းဖြူကတော့ ရခိုင်ပြည်နယ်

www.burmeseclassic.com

www.burmeseclassic.com



ကို ရခိုင်လူထုက အမှန်တကယ်အလိုမရှိတဲ့ အချက်ကို မဲဆန္ဒယူရန် မလိုတာနဲ့၊ ပြီးခဲ့တဲ့ ပါလီမန်ရွေးကောက်ပွဲမှာ မဲပေးပုံကို ကြည့်တာနဲ့ သိသာထင်ရှားနေပြီဖြစ်တာကို တင်ပြခဲ့ပါတယ်။

ရာထူးဝန်အဖွဲ့ဝင် ဦးအောင်ဇံဝေကတော့ ရခိုင်ပြည်နယ်နဲ့ပတ်သက်ပြီး မဲဆန္ဒယူရမယ်ဆိုရင် ဝါရားမျှတပြီး လွတ်လပ်တဲ့ မဲဆန္ဒပေးနိုင်စေဖို့ရာ ကြီးကြပ်ရေးအဖွဲ့ တစ်ဖွဲ့ဖွဲ့စည်းလုပ်ဆောင်ဖို့ရာ လိုအပ်မှာဖြစ်တာကို တင်ပြအကြံပေးခဲ့ပါတယ်။

ဦးဘစိန် ( အမျိုးသားစီမံကိန်းဌာန အတွင်းဝန်)က ရခိုင်ပြည်နယ် ပေးပါက သံတွဲခရိုင်၊ စစ်တွေခရိုင် စတာမျိုး မခွဲဘဲ အားလုံးကို ပေးစေလိုတယ်၊ လူထုဆန္ဒခံယူပါက အမိကရုဏ်းဖြစ်နိုင်စရာ အကြောင်းရှိတာကို တင်ပြခဲ့ပါတယ်။

တက္ကသိုလ်လူငယ်အဖွဲ့ ကိုယ်စားလှယ်ကိုမောင်ဦးကျော်နဲ့ ကိုရဲအောင်တို့ကလဲ လူထုဆန္ဒမယူဘဲ ပြည်နယ်ပေးသင့်တာနဲ့၊ ရခိုင်ပြည်နယ်ရယူနိုင်တဲ့ အင်္ဂါရပ်တွေ ပြည့်စုံနေတာနဲ့၊ ပြည်နယ်ပေးရာမှာ ဆန္ဒယူ ဖူးတဲ့ အစဉ်အလာမရှိပါဆိုတာ ပြောကြားခဲ့ပါတယ်။

ရခိုင်တက္ကသိုလ် ရိုဟင်ဂျာအသင်းက ကိုယ်စားလှယ်ကိုတထွန်းနဲ့ တော့ ရှာအလာမ်တို့ကို အကြံပေးအဖွဲ့က မေးမြန်းရာမှာ သူတို့က ရခိုင်လူမျိုးနဲ့ ဗမာလူမျိုးတို့မှာ ဘာသာစာပေ၊ ဝတ်ပုံစားပုံယဉ်ကျေးမှု အစစအရာရာမှာ တူညီနေတာကတစ်ကြောင်း၊ ရခိုင်တိုင်းရဲ့ ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေးစတာတို့မှာ အထူးပဲနောက်ကျလှတာက တစ်ကြောင်းကြောင့် ပြည်နယ်ပေးရ အုပ်ချုပ်နိုင်မှာမဟုတ်တာ၊ ရခိုင်အမျိုးသားနဲ့ ရိုဟင်ဂျာအမျိုးသားတို့ မသင့်မတင့်ဖြစ်မှာကို စိုးရိမ်ပါတယ်လို့ တင်ပြခဲ့ပါတယ်။

ရန်ကုန်တက္ကသိုလ် မြန်မာစာကထိက ဦးကျော်ရင်ကတော့ မဲဆန္ဒ



ကောက်ယူပြီး ပြည်နယ်ပေးသင့်တာ အကြံပေးခဲ့ပါတယ်။

ဝန်ကြီးဦးဘစောကလဲ လွှတ်တော်အမတ်တစ်ဦးအနေနဲ့ သူ့ရဲ့ သဘောထားကို တင်ပြရာမှာ ရခိုင်ပြည်နယ်တိစ္စနဲ့ ပတ်သက်ပြီး လူထုဆန္ဒခံယူသင့်တာ၊ မိမိဟာ ရွေးကောက်ပွဲမှာ ရခိုင်ပြည်နယ်ပေးမယ်လို့ မဲမတောင်းခဲ့တာ၊ ရွေးကောက်ပွဲမှာ ရခိုင်ပြည်နယ်ရယူရေး ကြွေးကြော်သံနဲ့ ရတဲ့အမတ်တွေ အနိုင်ရရှိတာယ်ဆိုတာဟာ မမှန်ကန်တာကို အကြံပေးအဖွဲ့ကို တင်ပြခဲ့ပါတယ်။

ရခိုင်ပြည်နယ်ပေးရေးအတွက် နိုင်ငံတော်အစိုးရ အကြံပေးအဖွဲ့က ရန်ကုန်မြို့က ရခိုင်အမျိုးသားတွေရဲ့ သဘောထားကို မေးမြန်းနေစဉ်မှာ ပဲ ၁၉၆၀ ပြည့်နှစ်၊ မေလ ၃၁ ရက်နေ့မှာ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုဟာ နိုင်ငံတော်အစိုးရရဲ့ သဘောထားကို တင်ပြခဲ့ပါတယ်။ ဦးနုက ရခိုင်ပြည်နယ်ကိစ္စနဲ့ ပတ်သက်ပြီး ပုဂ္ဂိုလ်အချို့စိတ်ထဲမှာ အစိုးရအနေနဲ့ ပေးထားတဲ့ကတိ တည်ပါ့မလားလို့ သံသယဖြစ်နေတာကို သူသိရှိထားတာကို ပြောကြားခဲ့ပါတယ်။ ဦးနုကပဲ ဆက်လက်ပြောကြားရာမှာ

(၁) ပြည်နယ်လိုချင်တယ်လို့ သူတို့ဆိုင်ရာဒေသတွေက ဆန္ဒပြရင် ပေးပါ့မယ်လို့ ပြောခဲ့တဲ့ကတိဟာ တည်ပါတယ်၊ ဘယ်သူမှ ဖျက်လို့မရဘူးဆိုတာ တိတိလင်းလင်း ကြေညာခဲ့ပါတယ်။

(၂) အဲဒီလူထုဆန္ဒ ဘယ်လိုပြရင်ကောင်းမယ်ဆိုတာကို ဆန္ဒပြပွဲ လုပ်ပေးမယ်လို့ တိတိလင်းလင်း ကြေညာပါတယ်··။

(၃) ဆန္ဒပြပွဲဟာ လွတ်လပ်ပြီးတရားမျှတတဲ့ ဆန္ဒပြပွဲဖြစ်ရပါစေ့ လို့ ကြေညာပါတယ် ဆိုပြီး ထည့်သွင်းပြောကြားခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံတော်အစိုးရအကြံပေးအဖွဲ့နဲ့ ရန်ကုန်ရှိကျောက်ဖြူနဲ့သံတွဲ ဇာတိသားတို့ တွေ့ရဲ့ တွေ့ဆုံမေးမြန်းချက်မှာ

ရခိုင်ပြည်နယ်ပေးရေးနဲ့ စပ်လျဉ်းပြီး နိုင်ငံတော်အစိုးရအကြံပေးအဖွဲ့ဟာ ရန်ကုန်မြို့သို့ ရောက်ရှိနေတဲ့ ကျောက်ဖြူသားတွေကိုလဲ တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ အဲဒီလိုမေးမြန်းရာမှာ ဗိုလ်ဘတင်က လူထုဆန္ဒအရဆိုရင် ၅၁ ရာနှုန်းမယူဘဲ ၇၅ ရာနှုန်းရမှ ပြည်နယ်ပေးသင့်တယ်လို့ အကြံပေးခဲ့ပါတယ်။ ဒေါက်တာထွန်းလှအောင်ကလဲ ပြည်နယ်ပေးမယ့်ဘက်က ပေးတဲ့တိုင် ယူတဲ့ဘက်က မယူသင့်တာ၊ ယူလိုက်ရင် ပင်လုံကွန်ဖရင့်ရဲ့ ညီညွတ်မှုကို ပျက်ပြားစေနိုင်တယ်လို့ အကြံပြုခဲ့ပါတယ်။

နိုင်ငံတော်အစိုးရ အကြံပေးအဖွဲ့က ရန်ကုန်မြို့ရှိ သံတွဲခရိုင်အသင်း ဥက္ကဋ္ဌဦးကျော်ခင်ကို မေးမြန်းရာမှာတော့ ဦးကျော်ခင်က ရခိုင်ပြည်နယ်ပေးပါက စိုးရိမ်ဖွယ်ရာရှိပြီး ရခိုင်လူထု နစ်နာဖွယ်ရာတွေကို အကျယ်တဝင့်ပြောကြားပြီး ရခိုင်ပြည်နယ်မပေးသင့်တာကို ကန့်ကွက်ပြောဆိုခဲ့ပါတယ်။

ဒီလိုနဲ့ ရခိုင်ပြည်နယ်ပေးရေးကိစ္စနဲ့ ပတ်သက်ပြီး ရန်ကုန်မြို့ရှိ ရခိုင်အမျိုးသားတွေက နိုင်ငံတော်အစိုးရအကြံပေးအဖွဲ့ထံ မိမိတို့ရဲ့ သဘောထားတွေကို လာရောက်တင်ပြရာမှာ အယူအဆအမျိုးမျိုး ကွဲပြားမှုတွေရှိခဲ့ကြပါတယ်။ ရခိုင်အမျိုးသားအချို့က ပြည်နယ်ပေးရာမှာ လူထုဆန္ဒခံယူပွဲ ပြုလုပ်သင့်တယ်လို့ ယူဆပြီး အချို့က မပြုလုပ်သင့်ဘူးလို့ ယူဆကြပါတယ်။ အချို့က ပြည်နယ်ရယူလိုပြီး အချို့ကပြည်နယ် မယူလိုပါဘူး။ ရခိုင်တိုင်းမှာ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲခရိုင်ဆိုပြီး ခရိုင်သုံးခုရှိတဲ့အနက် ကျောက်ဖြူနဲ့ သံတွဲခရိုင်က ပုဂ္ဂိုလ်အချို့က ပြည်နယ်မယူလိုတဲ့ သဘောထားရှိကြပါတယ်ဆိုပါတယ်။



## ရခိုင်ပြည်နယ်ပေးရေးနဲ့ပတ်သက်ပြီး ပထစအစိုးရရဲ့ဆောင်ရွက်မှုတွေအပေါ် ဝေဖန်ချက်မှာ

ရခိုင်ပြည်နယ်ပေးရေးနဲ့ စပ်လျဉ်းပြီး ရခိုင်အမျိုးသားတွေရဲ့ သဘောထား အမျိုးမျိုးကွဲပြားနေစဉ်မှာပဲ ပထစအစိုးရရဲ့ ရခိုင်ပြည်နယ်ပေးရေးနဲ့ ပတ်သက်တဲ့ စီစဉ်ဆောင်ရွက်မှုတွေအပေါ် ဝေဖန်ချက်တွေပေါ်ထွက်လာခဲ့ပါတယ်။ စစ်တွေခရိုင် ဖဆပလအဖွဲ့က လူထုဆန္ဒခံယူပြီးမှ ပြည်နယ်ပေးမယ်ဆိုတာကို လုံးဝလက်မခံတာနဲ့၊ ပထစအစိုးရဟာ ရခိုင်ပြည်နယ်အမှန်ပေးလိုက ပါလီမန်သို့တိုက်ရိုက်ဥပဒေကြမ်းတင်သွင်းနိုင်ပါလျက်နဲ့ နည်းပရိယာယ်အမျိုးမျိုးနဲ့ ရခိုင်အချင်းချင်းသေင့်မတင့်ဖြစ်လာစေဖို့ရာ ဖန်တီးနေတာဖြစ်တာလို့ ဝန်ကြီးချုပ်ဦးနုကို သံသယဖြစ်မိတာကို ဝေဖန်ခဲ့ပါတယ်။

ရတညအဖွဲ့ကလဲ ၁၉၆၀ ပြည့်နှစ်၊ ဇွန်လ ၂၂ ရက်နေ့မှာ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပြီး ရခိုင်ပြည်နယ်ပေးရေးအပေါ် မိမိတို့ပါတီရဲ့ သဘောထားကို တင်ပြခဲ့ပါတယ်။ အဲဒီလိုတင်ပြရာမှာ ရခိုင်ပြည် နယ်ပေးမယ်ဆိုတဲ့မှုကို ပထစအဖွဲ့ရဲ့ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု ကိုယ်တိုင်က သဘောတူလက်ခံထားတာကို အားလုံးအသိပဲဖြစ်တာ၊ ယခုပြည်နယ်ပေးသင့် မပေးသင့်ကိုသာ မူတည်စစ်ဆေးနေတာ၊ ထိုတို့ကို လွှဲအပ်ထားတဲ့ တာဝန်ဝတ္တရားထက် ပိုမိုဆောင်ရွက်နေတာဖြစ်လို့ တရားလို့ ယူဆကြောင်း၊ အကြံပေးအဖွဲ့ရှေ့မှောက်မှာ ရခိုင်အမျိုးသားတွေရဲ့ ရခိုင်ပြည်နယ်မလိုလားကြောင်း ထွက်ဆိုချက်တွေကို အစိုးရအသံလွှင့်ဌာနက အကြိမ်ကြိမ်အသံလွှင့်ပြတာ၊ သတင်းစာအသီးသီးမှာ ဖော်ပြပေးတာတို့မှာ ရခိုင်အမျိုးသားတွေကို စိတ်ဝမ်းကွဲပြားစေမှုကို ဖန်တီးရာရောက်တာ ရတညအဖွဲ့က ဝေဖန်ပြခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ရခိုင်ပြည်နယ်လိုလားတဲ့ ထောက်ခံပွဲကျင်း အကြောင်း

ရတညအဖွဲ့က ဦးဆောင်ပြီး ရခိုင်ပြည်နယ်ရရှိရေးအတွက် ကြိုးပမ်းနေစဉ်မှာပဲ ပထစအစိုးရကို ဖိအားပေးတဲ့အနေနဲ့ ရခိုင်ပြည်နယ်လိုလားတဲ့ ထောက်ခံပွဲတစ်ရပ်ကို ၁၉၆၀ ပြည့်နှစ်၊ ဇူလိုင်လ ၃ ရက်နေ့မှာ ရန်ကုန်မြို့ ဂန္ဓီခန်းမဆောင်မှာ ကျင်းပခဲ့ပါတယ်။ ထောက်ခံပွဲကို ရခိုင်လူငယ်တွေအဖွဲ့က ကြီးမှူးကျင်းပခဲ့ပါတယ်။ ထောက်ခံပွဲသို့ ရခိုင်သံဃာတော်အပါး ၂၀၀ ကျော် အပါအဝင် ရခိုင်အမျိုးသား၊ အမျိုးသမီးပရိသတ် ၁၀၀၀ ခန့် တက်ရောက်ခဲ့ကြပါတယ်။ ဒါ့အပြင် ရခိုင်သောတုဇနသံဃာ့အဖွဲ့က ခေါင်းဆောင်တွေ၊ ရတညခေါင်းဆောင်၊ ရခိုင်အမတ်ဦးကျော်မင်း၊ မြို့ဟောင်းအမတ် ဦးလှထွန်းဖြူ၊ လူငယ်တပ်ဦးဥက္ကဋ္ဌ ကိုစိန်လှတို့လဲ တက်ရောက်ခဲ့ကြပါတယ်။

ထောက်ခံပွဲမှာ ရခိုင်ပြည်သောတုဇနသံဃာ့အဖွဲ့က ဦးဓမ္မဒိန္နက ပြည်နယ်ရရှိရေးအတွက် မိမိတို့ရခိုင်သောတုဇနသံဃာ့အဖွဲ့က ပါဝင်တိုက်ပွဲဝင်မှာဖြစ်တာ ပြောကြားခဲ့ပါတယ်။ ရတညအမတ် ဦးကျော်မင်းကလဲ ရခိုင်ပြည်နယ်ရဲ့ ကံကြမ္မာဟာ ရခိုင်လူငယ်တွေအပေါ်မှာ မူတည်ပြီးတော့ မိမိဟာ လူငယ်တွေကိုပဲ အားကိုးတာ၊ မိမိတို့ဟာ ဒီမိုကရေစီနည်းအရ ရေစုန်ရေဆန်လိုက်လံ တောင်းခံခဲ့ပေမယ့် တကယ်လို့ နောက်ဆုံးမှာ ပြည်နယ်မရရှိခဲ့ရင် ချတန်ချကြရလိမ့်မယ် ဖြစ်တာ ပြောကြားခဲ့ပါသည်။ ဒီနောက်ရခိုင်ပြည်နယ် လိုလားတဲ့ ထောက်ခံပွဲရဲ့ အစည်းအဝေးပွဲကြီးက ရခိုင်ပြည်နယ် ရရှိရေးကို ထောက်ခံတာ၊ ပြီးရခိုင်ပြည်နယ် ပေးမယ်ဆိုတဲ့ ကတိကြောင့် ပြီးခဲ့တဲ့ရွေးကောက်ပွဲမှာ သန့်ရှင်းဖဆပလ အမတ်လောင်းတွေနဲ့ ရတညအမတ်လောင်းတို့တွေ အရွေးခံခဲ့ရတာက ထင်ရှားနေပြီဖြစ်တာကြောင့် ရခိုင်ပြည်နယ်ပေးသင့်မပေးသင့် နောက်ထပ် လူထုမဲဆန္ဒတောင်းယူဖို့ရာ မလိုတာနဲ့



ရခိုင်အမျိုးသားစည်းလုံး ညီညွတ်ရေး တည်ဆောက်ဖို့ရာ အဆိုတွေကို တင်သွင်းဆုံးဖြတ်ခဲ့ပါတယ်။

## ပြည်နယ်တောင်းတဲ့အပေါ် စောစံဖိုးသင်ရဲ့အမြင်မှာ

ရခိုင်ပြည်နယ် အကောင်အထည်ဖော်ရေးနဲ့ ပတ်သက်ပြီး ပထစအစိုးရနဲ့ ရခိုင်အမျိုးသားတို့ညှိနှိုင်းနေစဉ်မှာပဲ ပြည်နယ်တောင်းတာဟာ ဘာမှားယွင်းပါသတွေ၊ တစ်ချိန်က ကရင်ပြည်နယ်တောင်းမရလို့ လက်နက်ကိုင် တော်လှန်ပြီးလို့အလင်းဝင်ရောက်ခဲ့သူ ပညာရေးဝန်ကြီးဟောင်း စောစံ ဖိုးသင်က ၁၉၆၀ ပြည့်နှစ်၊ ဇူလိုင်လ ၄ ရက်နေ့မှာ သတင်းထောက်တွေနဲ့ တွေ့ဆုံရှင်းလင်းခဲ့ပါတယ်။ စောစံဖိုးသင်က မိမိတို့တစ်ချိန်က ကရင်ပြည်နယ်တောင်း ိတာဟာ အလွန်မှားယွင်းခဲ့တာ၊ ပြည်နယ်ယူတာဟာ လူထုအကျိုးမရှိဘဲ လူအနည်းငယ်ခန့်သာ အကျိုးရှိတာ၊ ပြည်နယ်တောင်းတဲ့ကိစ္စဟာ အလွန်အရေးကြီးတဲ့ ကိစ္စဖြစ်ရပ်တာကို စောစံဖိုးသင်က ရှင်းလင်းပြောကြားခဲ့ပါတယ်။

ပြီးစောစံဖိုးသင်ကပဲ ဆက်လက်ပြောကြားရာမှာ ဒီနေ့မြန်မာနိုင်ငံမှာ လူတိုင်းငြိမ်းချမ်းရေး လိုလားနေချိန်မှာ ဇူလိုင်လ ၃ ရက်နေ့က ရခိုင်ပြည်ခေါင်းဆောင်တွေက ရခိုင်ပြည်တောင်းမရရင် "ချမယ်" လို့ ပြောသံကြားရတာကြောင့် စိတ်မကောင်းကြောင်း၊ မြန်မာနိုင်ငံရှိလူမျိုးအသီးသီးက ပြည်နယ်ခွဲခြမ်းတောင်းဆိုတာဟာ အလွန်ဆိုးရွားတာ၊ ပြည်မရဲ့အုပ်ချုပ်မှုကို ခံယူပြီးရသမျှကို ညီရင်းအစ်ကိုပမာ အတူနေထိုင်စားသောက်ခြင်းတာသာ ကောင်းပါတယ်၊ မိမိတို့ဟာ ကရင်ပြည်နယ်ရပြီးဖြစ်လို့ အခြားသူတွေ ပြည်နယ်မရအောင် ပြောတာမဟုတ်တာ၊ ပြည်နယ်ရတာဟာ အများအတွက်မကောင်းလို့သာ ပြောရတာဖြစ်တာကို စောစံဖိုးသင်က ရှင်းလင်းတင်ပြခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရခိုင်ပြည်နယ်မပေးရင် “ချမယ်”လို့ ရခိုင်ခေါင်းဆောင်တစ်ဦးက ပြောကြားတာနဲ့ ပတ်သက်ပြီး ဝန်ကြီးချုပ်ဦးနုကလဲ ဝေဖန်ပြောကြားခဲ့ပါတယ်။ ဦးနုက

ကျွန်တော်တို့က သဘောထားကြီးရမယ်၊ သီးခံရမယ်၊ ခြေသုတ်ပုဆိုးမြွေစွယ် ကျိုးလိုနေရမယ်လို့ ချမှတ်ထားပြန်တော့ တာဝန်မဲ့ပြောသူတွေက ပြောလာပြန်တယ်။ ဦးကျော်မင်းလိုလူကတောင် ရခိုင်ပြည်နယ်ပေးရင်ပေး၊ မပေးရင်ချမယ်လို့ဆိုတာ အတင်းစာမှာ ဘတ်လိုက်ရပါတယ်။ ယခင် ၁၀ နှစ် ၁၀ မိုးတုန်းက ရခိုင်ပြည်နယ်မပေးဘူးလို့ အတိအလင်း ပြောခဲ့တုန်းက တုတ်တုတ်မှမလှုပ်ရဲကြဘူး။ ပေးမယ်လို့ ယခုပြောတဲ့အခါမှာတော့ “ချတန်ချမယ်”လို့ ပြောရဲတဲ့ အာဂသတ္တိကို ချီးကျူးပါတယ် ဆိုပြီးဝေဖန်ခဲ့ပါတယ်။

## ရခိုင်ပြည်နယ်ရယူရေးနဲ့ ကော်မတီဖွဲ့စည်းမှု

ရခိုင်ပြည်နယ်တောင်းဆိုရာမှာ ရခိုင်အမျိုးသားတွေ စည်းလုံးညီညွတ်မှု ရရှိရန်လိုအပ်တယ်လို့ ယူဆခဲ့တာ ရခိုင်ခေါင်းဆောင်တွေ ရခိုင်ပြည်နယ်ရယူရေး ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ကြတယ်။ အဲဒီကော်မတီမှာ ရတည်၊ ရခိုင်ပြည်အမျိုးသားညီညွတ်ရေး တပ်ပေါင်းစု (ရမညတ)၊ သံဃာ့သမဂ္ဂ၊ ရခိုင်တိုင်းရင်းသား လူငယ်အဖွဲ့၊ ဒီမိုကရေစီပါတီတို့က ကိုယ်စားလှယ်တွေ ပါဝင်ကြပါတယ်။ ရခိုင်ပြည်နယ်ရရှိရေး ပူးတွဲကော်မတီက “ပြည်သူ့အင်အားနဲ့ ပြည်နယ်အရယူကြစို့”ဆိုတဲ့ခေါင်းစဉ်နဲ့ ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့တယ်။ အဲဒီကြေညာချက်မှာ ကော်မတီရဲ့လက်ငင်း ရည်ရွယ်ချက်မှာ ဒီနေ့ ရခိုင်ပြည်သူပြည်သားတွေအဖို့ အရေးတကြီးနဲ့ အလှတပြင်းလိုအပ်နေတဲ့ ရခိုင်ပြည်နယ်ရရှိရေးကို တရားတဲ့နည်းလမ်းနဲ့ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ဖို့ရာနဲ့ အမျိုးသားညီညွတ်ရေးကို တည်ဆောက်ဖို့ရာ ဖြစ်တာလို့ ဖော်ပြထားခဲ့ပါတယ်။



ရခိုင်ပြည်နယ် ရယူရေးကော်မတီရဲ့ လုပ်ငန်းစဉ်တွေမှာ ရခိုင်ပြည်မှာ ဖြစ်ပေါ်နေတဲ့ ရခိုင်အချင်းချင်း သံသယဖြစ်မှုတွေနဲ့ ရခိုင်ပြည်တွင်းက အခြားတိုင်းရင်းသားလူမျိုးစုတွေရဲ့ အခွင့်အရေးတွေကို ခိုင်မာတိကျစွာ သတ်မှတ်ဖြေရှင်းကာကွယ်ပေးတာနဲ့ ပြေလည်စေဖို့ရာ၊ ရခိုင်လူထုတစ်ရပ်လုံးက ရခိုင်ပြည်နယ်ရရှိရေး လှုပ်ရှားမှုမှာ တက်တက်ကြွကြွ ပါဝင်လာအောင် စည်းရုံးလှုံ့ဆော်ဖို့ရာ၊ ငြိမ်းအစိုးရအကြံပေးအဖွဲ့ ရခိုင်ပြည်သို့ စုံစမ်းဖို့ရာ လာရောက်ချိန်မှာ ရခိုင်ပြည်နယ်လိုလားတဲ့ ဆန္ဒပြပွဲကြီးတွေကို တစ်ပြည်လုံးကျယ်ပြန့်အောင် ပြုလုပ်မှုနဲ့ ဆန္ဒကောက်ယူတဲ့နည်းကို အသုံးမပြုရဘဲ ပြည်နယ်ရရှိရေးကို ဆောင်ရွက်ဖို့ရာစတဲ့အချက်အလက်တွေ ပါဝင်ခဲ့ပါတယ်။

## နိုင်ငံတော်အစိုးရ အကြံပေးအဖွဲ့ သံတွဲမှာစုံစမ်းလေ့လာမှုမှာ

နိုင်ငံတော်အစိုးရ အကြံပေးအဖွဲ့ဟာ ရခိုင်ပြည်နယ်ပေးရေးကိစ္စနဲ့ ပတ်သက်ပြီး ရန်ကုန်မြို့မှာ ရခိုင်အမျိုးသားတွေကို ခေါ်ယူတွေ့ဆုံပြီးတဲ့နောက် ၁၉၆၀ ပြည့်နှစ်၊ ဩဂုတ်လမှာ ရခိုင်တိုင်းသို့ သွားရောက်လေ့လာခဲ့ကြပါတယ်။ ၁၉၆၀ ပြည့်နှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှာ အကြံပေးအဖွဲ့ဟာ သံတွဲမြို့သို့ရောက်ရှိခဲ့ကြပါတယ်။ အကြံပေးအဖွဲ့ဟာ သံတွဲမြို့ရှိအသင်းအဖွဲ့ ကိုယ်စားလှယ်တွေနဲ့ မြို့မိမြို့ဖတွေကို ခေါ်ပြီး ပြည်နယ်ကိစ္စကို တွေ့ဆုံမေးမြန်းခဲ့ကြပါတယ်။ ဒီလိုတွေ့ဆုံမေးမြန်းရာမှာ ဝထစနဲ့ ဖဆပလအဖွဲ့ဝင်တွေက ရခိုင်ပြည်နယ်အုပ်ချုပ်ရေးကို ထားတာ၊ တကယ်လို့ မဲဆန္ဒရွေးပွဲနဲ့ ပြုလုပ်ဆုံးဖြတ်မယ်ဆိုပါက ခရိုင်အလိုက် သီးခြားခွဲပြီး ဆန္ဒမဲရွေးပွဲပြုလုပ်သင့်တာ တင်ပြကြပါတယ်။

www.burmeseclassic.com



ရတာည၊ ရမညတနဲ့ ဒီမိုကရေစီပါတီဝင်တွေကတော့ လူထုဆန္ဒမဲရ ဘဲ ရခိုင်တိုင်းမှာ ရတာညအမတ်အများဆုံး အရွေးခံရတာကိုကြည့်ပြီး ပြည်နယ်ပေးသင့်တာကို တင်ပြခဲ့ကြပါတယ်။ မြို့မိမြို့ဖတွေကတော့ ပြည်နယ် မလိုလားတာကို တင်ပြခဲ့ကြပါတယ်ဆိုပါတယ်။

## ရခိုင်ပြည်နယ်အလုပ်သမားပါတီရဲ့ သဘောထားမှာ

ရခိုင်ပြည်နယ်ထူထောင်ရေးနဲ့ ပတ်သက်ပြီး ဗမာပြည် အလုပ်သမားပါတီလက်အောက်က ရခိုင်ပြည်နယ်' အလုပ်သမား ပါတီကလဲ သူတို့ရဲ့သဘောထားကို ၁၉၆၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့မှာ ရန်ကုန်မြို့မှာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ရခိုင်ပြည်နယ် အလုပ်သမား ပါတီရဲ့ သဘောထားကြေညာချက်မှာ သမိုင်းအစဉ်အလာ ယဉ်ကျေးမှုဓလေ့ထုံးစံအရရယ်၊ ပထဝီအနေအထား အရရယ်၊ ပြီးစီးပွားရေးနဲ့ လူမှုရေးအရရယ်၊ သီးခြားတည်ရှိပြီး လူများစုရဲ့ ဆန္ဒနဲ့အညီ ပြည်နယ်တည်ထောင်တာဟာ လူတန်းစားတစ်တန်းစားက တစ်တန်းစားကိုရယ်၊ လူမျိုးတစ်မျိုးက တစ်မျိုးကိုရယ်၊ ညဉ်းပန်းနှိပ်စက် တာ ကင်းခဲ့ရင် လွတ်လွတ်လပ်လပ် ပြည်နယ်ထူထောင်ခွင့် ရှိရမယ် ဆိုတဲ့ သဘောထားကို ခိုင်ခိုင်မြဲမြဲချမှတ်ထားတာနဲ့၊ အာဏာလက်ရှိ ပထစအစိုးရရဲ့ အကြံပေးအဖွဲ့က ရခိုင်ပြည်နယ်ပေးသင့် မပေးသင့် စုံစမ်းစစ်ဆေးနေတာကိုလဲ မူအနေနဲ့ ကန့်ကွက်ပါခဲ့တယ်။ အမျိုးသားကွဲ ဖရင့်တစ်ရပ်ကျင်းပပြီး အဲဒီကွန်ဖရင့်က လူတန်းစားအလိုက် အခွင့် အရေးတွေ၊ လူမျိုးစုအလိုက် အခွင့်အရေးတွေ၊ ဒေသအလိုက်အခွင့် အရေးတွေ၊ သတ်မှတ်အာမခံချက်တွေ ပြဋ္ဌာန်းပြီး အဲဒီအခွင့်အရေးတွေ ကို အခြေခံထားတဲ့ ရခိုင်ပြည်နယ်ဖွဲ့စည်းရေး ဥပဒေမူကြမ်းကိုရေးဆွဲပြီး ပင်လုံစာချုပ်ကဲ့သို့ စုပေါင်းလက်မှတ်ရေးထိုးကြေညာဖို့ရာ၊ ရခိုင်ပြည်သူ



လူထုရဲ့ ဆန္ဒနဲ့အညီ ရခိုင်ပြည်နယ်ကို သတ်မှတ်ပြဋ္ဌာန်းထားတဲ့မူတွေ ဥပဒေတွေအရ ထူထောင်ကြေညာဖို့ရာတို့ပဲ ဖြစ်ကြပါတယ်။

## မွန်နဲ့ရခိုင်ပြည်နယ်ကိစ္စအပေါ် ပထစအစိုးရသဘောထားခံနှစ်ချက်မှာ

မိမိရေးပြခဲ့တာဟာ ရခိုင်နဲ့ပတ်သက်တာပါ။

ဒါပေမဲ့ ဖြစ်စဉ်မှာ မွန်နဲ့ပါပတ်သက်နေလို့ ခုလိုဖော်ပြထားခဲ့ရ တာပါ။

မိမိဖော်ပြလိုရင်းက ရခိုင်ပြည်နယ်ကိစ္စပဲ ဖြစ်ပါတယ်ဆိုတာပါ။

ရခိုင်ပြည်နယ်ရယူရေးနဲ့ ပတ်သက်ပြီး ရခိုင်တိုင်းရင်းသား အချင်း ချင်း သဘောထားကွဲပြားနေကြတာ၊ အချို့သောရခိုင်ခေါင်းဆောင်တွေ က ပြည်နယ်ပေးရေးနဲ့ ပတ်သက်ပြီး ပထစအစိုးရရဲ့ လုပ်ဆောင်ချက် တွေကို သံသယရှိလာတာတွေကြောင့် ၁၉၆၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့မှာ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ဝန်ကြီး ချုပ်ဦးနုက မွန်နဲ့ရခိုင်ပြည်နယ်နဲ့ စပ်လျဉ်းတဲ့ ပထစအစိုးရရဲ့ သဘော ထားခံနှစ်ချက်ကို လွှတ်တော်မှာ ကြေညာခဲ့ပါတယ်။ ပထစအစိုးရရဲ့ သဘောထားခံနှစ်ချက်မှာတော့-

(၁) သက်ဆိုင်ရာဒေသရှိ လူထုက ပြည်နယ်လိုချင်တယ်ဆိုရင် မွန်ပြည်နယ်နဲ့ရခိုင်ပြည်နယ်ကို ပေးပါ့မယ်။

(၂) သက်ဆိုင်ရာဒေသက လူထုရဲ့ဆန္ဒကို အကောင်းဆုံးဘယ် နည်းနဲ့ယူရမယ်ဆိုတာ သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေနဲ့ တိုင်ပင်ပြီး အစိုးရ အတိုင်ပင်ခံအဖွဲ့က အစိုးရကို အကြံပေးရမယ်၊ အတိုင်ပင်ခံအဖွဲ့က ပေးတဲ့ အကြံကိုရရင် သက်ဆိုင်ရာဒေသက လူထုရဲ့ဆန္ဒကို အစိုးရကရယူ ပေးမယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီနေရာမှာ တစ်ခုကိုထပ်ပြီးရှင်းပါစေ။ အစိုးရအတိုင်ပင်ခံအဖွဲ့က မှန်နဲ့ရခိုင်ပြည်နယ်ပေးသင့် မပေးသင့်ကိစ္စအတွက် အစိုးရကို အကြံပေးဖို့ရာမဟုတ်၊ သက်ဆိုင်ရာဒေသက လူထုရဲ့ဆန္ဒကို အကောင်းဆုံးဘယ် နည်းနဲ့ယူရမယ်ဆိုတာကိုသာ အကြံပေးဖို့ရာဖြစ်တယ်။ ဒီအကြံကို စောနိုင်သမျှ စောစောပေးဖို့ရာ အစိုးရက တိုက်တွန်းပေးမယ်။

(၃) မွန်နဲ့ရခိုင်ပြည်နယ် ကိစ္စနဲ့ပတ်သက်ပြီး အတိုင်ပင်ခံအဖွဲ့နဲ့ သွားရောက်ဆွေးနွေးကြတဲ့ ပြည်ထောင်စုအဖွဲ့ဝင် မဟုတ်တဲ့ပုဂ္ဂိုလ်တွေဟာ သက်ဆိုင်ရာဒေသရှိ လူထုရဲ့ဆန္ဒကို အကောင်းဘယ်နည်းနဲ့ ယူနိုင်မယ်ဆိုတာကိုလဲ ပြောနိုင်တယ်။ မွန်နဲ့ရခိုင်ပြည်နယ်ပေးသင့် မပေးသင့် ဆိုတာကိုလဲ လွတ်လွတ်လပ်လပ် ပြောနိုင်ပါတယ်။

(၄) ဒါပေမဲ့ ပြည်ထောင်စုအဖွဲ့ဝင်တွေ ဖြစ်ကြတဲ့ သက်ဆိုင်ရာဒေသရှိ အမျိုးသားတွေကတော့၊ အတိုင်ပင်ခံအဖွဲ့နဲ့ ဆွေးနွေးတဲ့အခါ သက်ဆိုင်ရာဒေသက လူထုရဲ့ဆန္ဒကို အကောင်းဆုံးဘယ်နည်းနဲ့ ယူသင့်တယ်ဆိုတဲ့အချက်ကိုသာ ဆွေးနွေးပြီး မွန်နဲ့ရခိုင် ပြည်နယ်ပေးသင့် မပေးသင့်ဆိုတဲ့ကိစ္စကို အတိုင်ပင်ခံအဖွဲ့နဲ့ မဆွေးနွေးအောင် တားမြစ်ပေးမယ်။

(၅) ပြည်ထောင်စုအဖွဲ့ဝင်တွေ ဖြစ်ကြတဲ့ သက်ဆိုင်ရာဒေသရှိ အမျိုးသားတွေဟာ မွန်နဲ့ရခိုင်ပြည်နယ် ယူသင့်မယူသင့်ဆိုတဲ့ ကိစ္စကို သက်ဆိုင်ရာဒေသရှိ လူထုနဲ့လွတ်လွတ်လပ်လပ် ဆွေးနွေးနိုင်တယ်။ လွတ်လွတ်လပ်လပ် ဟောပြောနိုင်တယ်။

(၆) တကယ်လို့ သက်ဆိုင်ရာဒေသရှိ လူထုက ပြည်နယ်လိုချင်တယ်လို့ ဆုံးဖြတ်တဲ့အတွက် မွန်နဲ့ရခိုင်ပြည်နယ်ပေးဖို့ကိစ္စ လွှတ်တော်ထဲမှာ ဆွေးနွေးရင် ပြည်ထောင်စုအဖွဲ့ဝင်တွေ ဖြစ်ကြတဲ့ သက်ဆိုင်ရာဒေသက အမတ်တွေဟာ မိမိတို့ကြိုက်သလို လွတ်လွတ်လပ်လပ်



ဆွေးနွေးနိုင်တယ်။ မဲပေးရန်ကိစ္စပေါ်လာရင်လဲ မိမိတို့ရဲ့မဲကို လွတ်လွတ်လပ်လပ် ပေးနိုင်တယ်။

(၇) တကယ်လို့ သက်ဆိုင်ရာဒေသက၊ လူထုက ပြည်နယ်လိုချင်တယ်လို့ဆုံးဖြတ်တဲ့အတွက် မွန်နဲ့ရခိုင်ပြည်နယ်ပေးဖို့ကိစ္စ လွှတ်တော်ထဲမှာ ပေါ်ပေါက်လာရင် ပြည်ထောင်စုအဖွဲ့ရဲ့ သက်ဆိုင်ရာဒေသက အမတ်တွေဟာ မိမိတို့ကြိုက်သလို လွတ်လွတ်လပ်လပ် ဆွေးနွေးနိုင်တယ်။ မဲပေးရန်ကိစ္စပေါ်လာရင်လဲ မိမိတို့ရဲ့မဲကို လွတ်လွတ်လပ်လပ် ပေးနိုင်တယ်ဆိုတာပဲ ဖြစ်ပါတယ်။

**ဝန်ကြီးချုပ်ဦးနုရဲ့မိန့်ခွန်းနဲ့ ပတ်သက်ပြီး လွှတ်တော်တွင်း ဆွေးနွေးမှုတွေ**

ဝန်ကြီးချုပ်ဦးနုရဲ့ မိန့်ခွန်းနဲ့ပတ်သက်ပြီး ၁၉၆၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့မှာ ကျင်းပတဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ အတိုက်အခံခေါင်းဆောင် သခင်သာခင်က ဆွေးနွေးခဲ့ပါတယ်။ အဲဒီလို ဆွေးနွေးရာမှာ သခင်သာခင်က ပြည်နယ်ပေးရေးကိစ္စကို ထည့်သွင်း ဆွေးနွေးခဲ့ပါတယ်။ သခင်သာခင်က တစ်ဖက်မှာ သန်းပေါင်း ၃၆၀၊ ၃၇၀ ရှိတဲ့ အိန္ဒိယပြည်နဲ့ တစ်ဖက်မှာ သန်းပေါင်း ၄၀၀ ခန့်ရှိတဲ့ တရုတ်ပြည်တို့ ကြားမှာရှိတဲ့ မိမိတို့နိုင်ငံသား အချင်းချင်း ညီညီညွတ်ညွတ်နဲ့ တစ်သွေးတစ်သားတည်းရှိဖို့လိုတာ၊ ပြည်နယ်လိုချင် သူတွေရော၊ ပြည်နယ်ပေးမယ့် ပုဂ္ဂိုလ်တွေပါ စဉ်းစဉ်းစားစားပြုလုပ်သင့်တာ၊ မိမိတို့အမြင်မှာ ယခုအချိန်မှာ ပြည်နယ်ပေးတာဟာ မှုမမှန်လို့ ထင်မြင်ယူဆတာ၊ မိမိတို့အမြင် မပြောင်းလဲသေးဆိုတာကို လွှတ်တော်က အစီအရင်ခံပါတယ်လို့ သခင်သာခင်က ဆွေးနွေးတင်ပြခဲ့ပါတယ်။

ဝန်ကြီးချုပ်ဦးနုရဲ့ မိန့်ခွန်းနဲ့ပတ်သက်ပြီး ဦးဘမြိုင် (ရမ်းဗြဲ) အမတ်က ဆွေးနွေးရာမှာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ် အရေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ပြီး ဝန်ကြီးချုပ်ရဲ့မိန့်ကြားချက်မှာ စေတနာကောင်းနဲ့ ပြော တယ်လို့ယူဆတယ်၊ ရခိုင်ပြည်နယ်ပေးရေးအတွက် ရခိုင်ပြည်သူ ပြည် သားတွေရဲ့ဆန္ဒကို ယူရာမှာ မိမိအကြံပေးလိုတဲ့ နည်းလမ်းလေးရပ် ရှိပါတယ် ဦးဘမြိုင်က ပြောကြားခဲ့ပါတယ်။ ဦးဘမြိုင်အကြံပြုတဲ့ နည်းလမ်းလေးရပ်မှာ–

၁။ ရခိုင်ပြည်နယ်ရှိလူတွေရဲ့ ဆန္ဒကို မဲပေးစေတဲ့နည်းနဲ့ ရယူတာ။

၂။ ပြည်နယ်လိုတဲ့အမတ်၊ မလိုတဲ့အမတ်ဦးရေကို ရေတွက် ယူတာ။

၃။ လွန်ခဲ့တဲ့ရွေးကောက်ပွဲမှာ ရရှိတဲ့ပြည်နယ်လိုလားတဲ့ ဘက်က ရရှိတဲ့ မဲအရေအတွက်နဲ့ မလိုတဲ့ဘက်ကရရှိတဲ့ မဲဆန္ဒအရေအတွက်ကို ရေတွက်ယူတာ။

၄။ ပြည်သူလူထုရဲ့ ဆန္ဒပြမှုအပေါ်မူတည်ပြီး အစိုးရက ချင့်ချိန် ဆုံးဖြတ်တာတို့ပဲ ဖြစ်ပါတယ်။

## နိုင်ငံတော်အစိုးရအကြံပေးအဖွဲ့ ကျောက်ဖြူနဲ့ စစ်တွေမြို့တွေသို့ သွား ရောက်ခဲ့မှု

နိုင်ငံတော်အစိုးရ အကြံပေးအဖွဲ့ဟာ ကျောက်ဖြူနဲ့စစ်တွေမြို့တွေသို့ သွားရောက်ခဲ့ပြီး ပြည်နယ်ကိစ္စနဲ့ပတ်သက်ပြီး ဒေသခံပုဂ္ဂိုလ်တွေနဲ့ တွေ့ ဆုံမေးမြန်းခဲ့ပါတယ်။ အကြံပေးအဖွဲ့ဟာ ၁၉၆၀ခုနှစ်၊ စက်တင်လဘာ လ ၂၆ ရက်နေ့မှာ ကျောက်ဖြူမြို့သို့ရောက်ရှိသွားခဲ့ပါတယ်။ ကျောက်ဖြူ မြို့သို့ အကြံပေးအဖွဲ့ရောက်ရှိသွားချိန်မှာ ပြည်သူလို လားသူရော၊ မလို လားသူတွေပါ ဆန္ဒပြကြပါတယ်။ ပြည်နယ်မလို လားသူဘက်က ဆန္ဒပြသူအင်အား ပိုမိုများပြားပါတယ်။ အကြံပေး အဖွဲ့ဟာ ကျောက်ဖြူ မြို့မှာ စက်တင်ဘာလ ၂၇ ရက်နေ့က ၂၈



ရက်နေ့အထိ လူထု ကိုယ်စားလှယ်တွေ၊ ပါတီအဖွဲ့အစည်းတွေနဲ့ မြို့မျက်နှာဖုံးလူကြီး တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

နိုင်ငံတော်အစိုးရ အကြံပေးအဖွဲ့ဟာ ၁၉၆၀ ပြည့်နှစ်၊ အောက်တို ဘာလ ၁ ရက်နေ့မှာ စစ်တွေမြို့သို့ ရောက်ရှိသွားခဲ့ကြပါတယ်။ အကြံပေးအဖွဲ့ကို ပါတီအသီးသီးကပုဂ္ဂိုလ်တွေ၊ မြို့မိမြို့ဖတွေ၊ ကျောင်းသူ ကျောင်းသားတွေက ခရီးဦးကြိုဆိုကြပြီးတော့····

"မဲပုံးထောင်စနစ်အလိုမရှိ"

"ဝန်ကြီးချုပ်ဦးနု ကတိတည်ပါစေ"

"ရခိုင်ပြည်နယ်အမြန်ပေး"

"သွေးခွဲဝါဒအလိုမရှိ" စတဲ့ ကြွေးကြော်သံတွေကိုလဲ ကြွေး ကြော်ကြပါတယ်။ စစ်တွေမြို့မှာ အကြံပေးအဖွဲ့ဟာ ပါတီအသီးသီးက ကိုယ်စားလှယ်တွေ၊ မြို့မိမြို့ဖတွေနဲ့ တွေ့ဆုံမေးမြန်းခဲ့ကြပါတယ်။ အဲဒီလိုမေးမြန်းရာမှာ ပထစနဲ့ဖဆပလအဖွဲ့တွေက ပြည်နယ်ပေးတာကို ဘယ်လိုမှမပြောလိုတာ၊ ဒါပေမဲ့မဲပုံးထောင်ပြီး ပြည်နယ်ပေးတာ ရခိုင်အမျိုးသားအချင်းချင်း ရန်တိုက်ပေးတာနဲ့ တူတယ်လို့ပြောကြားခဲ့ပါ တယ်။ အခြားပုဂ္ဂိုလ်တွေကတော့ နိုင်ငံတော်ဝန်ကြီးချုပ် ကတိပြုထား တဲ့အတိုင်း မဲပုံးမထောင်ဘဲ ရခိုင်ပြည်နယ်ပေးသင့်တာကို ပြောကြားခဲ့ ပါတယ်။

## အကြံပေးအဖွဲ့ရဲ့ အစီအရင်ခံစာ

နိုင်ငံတော်အစိုးရအကြံပေးအဖွဲ့ဟာ ရန်ကုန်မြို့မှာနေထိုင်တဲ့ ရခိုင် အမျိုးသားခေါင်းဆောင်တွေ၊ ကုန်သည်တွေ၊ နိုင်ငံရေးသမားတွေ၊ သက်ဆိုင်ရာအသင်းအဖွဲ့ ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံမှုတွေ၊ အကြံပေး အဖွဲ့ဝင်လူကြီးတွေ ကိုယ်တိုင်ရခိုင်တိုင်းသို့ သွားရောက်ပြီး ဒေသခံ

www.burmeseclassic.com

www.burmeseclassic.com



ရခိုင်အမျိုးသားတွေနဲ့ တွေ့ဆုံမှုတွေ၊ ရခိုင်ပြည်နယ်ပေးရေးနဲ့ ပတ်သက်ပြီး ရခိုင်အမျိုးသားတွေရဲ့ သဘောထားကို စုံစမ်းမေးမြန်းပြီးတဲ့နောက် ၁၉၆၁ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှာ အကြံပေးအဖွဲ့အစီရင်ခံစာကို ဝန်ကြီးချုပ်ဦးနုထံ တင်ပြခဲ့ပါတယ်။

နိုင်ငံတော်အစိုးရ အကြံပေးအဖွဲ့အစီရင်ခံစာမှာ အကြံပေးအဖွဲ့က ရန်ကုန်မြို့မှာ ရခိုင်အမျိုးသား ၃၂ ဦးကိုရော၊ သံတွဲမြို့မှာ ရခိုင်အမျိုးသား ၅၇ ဦးကိုရော၊ ကျောက်ဖြူမြို့မှာ ရခိုင်အမျိုးသား ၆၃ ဦးကိုရော၊ စစ်တွေမြို့မှာ ရခိုင်အမျိုးသား ၃၀ ကိုရော၊ ဘူးသီးတောင်မှာ ခေါင်းဆောင် ၁၄ ဦးကိုရော၊ တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ အဲဒီလို စုံစမ်းရာမှာ သံတွဲမြို့က လူထုခေါင်းဆောင်တွေနဲ့ ပြည်သူ ၈၀ ရာနှုန်းခန့်က ပြည်နယ်မလိုလားဘူးလို့ ပြောဆိုခဲ့ပါတယ်။ ပြည်နယ်မလိုလားရုံသာမက ရခိုင်တိုင်းကို ပြည်နယ်ပြုလုပ်ရင် သံတွဲခရိုင်ကို ရခိုင်ပြည်က ခွဲထုတ်ပြီး ပုသိမ်ခရိုင်ထဲထည့်ပေးဖို့ တောင်းဆိုတာကို အစီရင်ခံထားခဲ့ပါတယ်။

အကြံပေးအဖွဲ့အစီရင်ခံစာမှာပဲ မေယုခရိုင်မှာ နေထိုင်ကြတဲ့ ရိုဟင်ဂျာလူမျိုးတွေကလဲ ပြည်နယ်မလိုလားလို့ သူတို့ရဲ့ခေါင်းဆောင်တွေက အကြံပေးအဖွဲ့ကို တင်ပြခဲ့ပါတယ်။ ပြည်နယ်ပေးရင် သူတို့ကို ပြည်မနဲ့ တွဲပြီးချန်လှပ်ထားရန် တောင်းပန်တယ် ဆိုခဲ့ပေမယ့် စစ်တွေခရိုင် ကတော့ ၉၀ ရာနှုန်းသော ရခိုင်အမျိုးသားတွေဟာ ပြည်နယ်လိုလားတာ၊ ကျောက်ဖြူခရိုင်မှာ ပြည်နယ်လိုလားသူတွေနဲ့ မလိုလားသူတွေ အညီအမျှရှိတယ်လို့ ယူဆတာကို ဖော်ပြထားခဲ့ပါတယ်။

နိုင်ငံတော်အစိုးရအကြံပေးအဖွဲ့က ဝန်ကြီးချုပ်ဦးနုဆီ ထောက်ခံတင်ပြတဲ့အချက်တွေမှာတော့…

၁။ ပြည်နယ်လိုချင်တာ၊ မလိုချင်တာကို ရခိုင်လူထုကြီးရဲ့ ဆန္ဒကို



စုံစမ်းရန် အကောင်းဆုံးနည်းမှာ မဲဆန္ဒနဲ့ (plebiscite) ယူပြီး စုံစမ်းတာဟာ ဒီမိုကရေစီဝါဒနဲ့ ကိုက်ညီရုံတာသာမက ပါလီမန်ဒီမိုကရေစီကို ကျင့်သုံးတဲ့ နိုင်ငံတွေရဲ့နည်းဖြစ်တဲ့အတွက် ဒါဟာအကောင်းဆုံးဖြစ်ပါတယ်။

၂။ မဲဆန္ဒယူရာမှာ ရခိုင်တိုင်းတစ်တိုင်းလုံးမှာ တနေ့တည်းတချိန်တည်းယူရပါလိမ့်မယ်။ ရခိုင်တိုင်းတစ်တိုင်းလုံးဆိုတာမှာ သံတွဲခရိုင်၊ ကျောက်ဖြူခရိုင်၊ စစ်တွေခရိုင်၊ မေယုခရိုင်တို့ စုပေါင်းပါဝင်တာပဲဖြစ်ပါတယ်။

(၃) အဲဒီလိုမဲဆန္ဒယူပြီးတဲ့နောက် ပြည်နယ်လိုချင်တဲ့ ဆန္ဒပြထုတ်ဖော် တဲ့မဲတွေကို စုပေါင်းသိမ်းသန့်ထားတာနဲ့ ပြည်နယ် မလိုချင်တဲ့ ဆန္ဒဖော် ထုတ်တဲ့မဲတွေကို တခြားစီ သတ်သတ်စုပေါင်း သိမ်းသန့်ထားပြီးတော့ သီးခြားစီ ရေတွက်ပြီးသကာလ မဲဆန္ဒတွေ ထားရာအတိုင်း ပြည်နယ်လိုတာ၊ မလိုတာဆိုတဲ့ ပြဿနာကို ဆုံးဖြတ် ပေးရလိမ့်မယ်။

(၄) မဲဆန္ဒယူဖို့ မဲစာရင်းမှာကတော့ ယခုလက်ရှိအသုံးပြုနေတဲ့ ပါလီမန်မဲစာရင်းတွေကို ပြင်ဆင်ဖြည့်စွက်ပြီး အသုံးပြုဖို့ရာသင့်လျော်နေပါတယ်။

(၅) မဲမယူခင် မဲယူဖို့ဆိုင်ရာ အက်ဥပဒေ Plebiscite Act တခုကို ပါလီမန်က ပြုလုပ်ပေးရလိမ့်မယ် ဆိုတာပဲဖြစ်ပါတယ်။ အကြံပေးအဖွဲ့က ထောက်ခံတင်ပြတဲ့ အချက်တွေအရ အဲဒီအဖွဲ့အနေနဲ့ ရခိုင်ပြည်နယ်ရယူရေးနဲ့ ပတ်သက်ပြီး ရခိုင်လူထုဆန္ဒကို ရယူရာမှာ မဲဆန္ဒ (plebiscite) နဲ့ ရယူတာကသာ အကောင်းဆုံးဖြစ်တာကို ထောက်ခံတင်ပြထားတာကို တွေ့ရှိရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ဝန်ကြီးချုပ်ဦးနု စစ်တွေမြို့သို့ ရောက်ခဲ့မှု

နိုင်ငံတော်အစိုးရ အကြံပေးအဖွဲ့ရဲ့အစီရင်ခံစာကို လက်ခံရရှိပြီးတဲ့နောက်ပိုင်းမှာ ဝန်ကြီးချုပ်ဦးနုက ရခိုင်တိုင်းသို့ ခရီးလှည့်လည်ခဲ့ပါတယ်။ ၁၉၆၁ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့မှာ ဝန်ကြီးချုပ်ဦးနုက စစ်တွေမြို့သို့ ရောက်ရှိလာရာ လူထုလေးသောင်းကျော်က ကြိုဆိုပြီး ပြည်နယ်လိုလားကြောင်း ဆန္ဒပြကြပါတယ်။ အဲဒီနေ့မှာပဲ ဝန်ကြီးချုပ်ဦးနုနဲ့ အဖွဲ့ဝင်တွေကို စစ်တွေမြို့မြူနီစပယ်အဖွဲ့က လက်ဖက်ရည်ပွဲနဲ့ တည်ခင်းဧည့်ခံခဲ့ပါတယ်။ အဲဒီဧည့်ခံပွဲမှာ ဝန်ကြီးချုပ်ဦးနုက မိန့်ခွန်းပြောကြားရာမှာ ရခိုင်ပြည်နယ်ပေးရေးကိစ္စကို ထည့်သွင်းပြောကြားသွားခဲ့ပါတယ်။

ဝန်ကြီးချုပ်ဦးနုက ဖဆပလ ၁၀ နှစ်၊ ၁၀ မိုးကာလတစ်လျှောက် ရခိုင်ပြည်နယ်တောင်းတာကို မိမိလက်မခံခဲ့ပါဘူး။ ဖဆပလကွဲပြီးတဲ့နောက်ပိုင်းမှာ မိမိဟာ ပြည်နယ်ပေးမယ်လို့ စာချွန် စာတမ်းနဲ့ ကတိခံခဲ့ တဲ့အပြင် ပါလီမန်မှာလဲအတိအလင်း ကတိခံ ပြီးဖြစ်တာ၊ ဒါ့အပြင် အကြံပေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပြီး ဘယ်လို ဘယ်ပုံပြည်နယ်ပေးရင် ကောင်းမယ့်အကြောင်း အကြံပေးစေခဲ့တယ်။ ရခိုင်ပြည်နယ်ပေးသင့် မပေးသင့်ပြဿနာတွေမှာ ကျော်လွန်နေပြီဖြစ်လို့ ပြောရန်မလိုတော့ကြောင်း၊ ပြည်နယ်ပေးဖို့ရာ မုချသေချာတဲ့အဆင့်သို့ ရောက်နေပြီဖြစ်လို့ ဘယ်လိုဘယ်ပုံ ပေးမယ်ဆိုတာကိုသာ စဉ်းစားဖို့ရာ သာဖြစ်တာ၊ အဲဒီလိုစဉ်းစားရာမှာ မဲပုံးထောင်စနစ်နဲ့ အခြားစနစ်တွေကို ရှာရမှာဖြစ်တာ၊ ပြည်နယ်ပေးရေးမှာ မြန်မာပြည်မက ပထစအမတ်တွေ လုံးဝထောက်ခံရမှာဖြစ်တာ၊ ရခိုင်အမတ်တွေအတွက်အတော့ မိမိတို့ ပြောပိုင်ခွင့်ရှိတာကို ဒီမိုကရေစီစနစ်အရ ပြောရင်ပြောနိုင်ကြောင်း ဦးနုက မိန့်ကြားခဲ့ပါတယ်။



ဦးနုကပဲဆက်လက်ပြီး မိမိပေးထားတဲ့ကတိကို ဘယ်လိုနည်းနဲ့မှ မဖျက်တာ၊ ဒါကြောင့် ဆန္ဒပြတာ၊ လှုံ့ဆော်တာတို့ကို ခေါင်းဆောင်တွေက ထိန်းသိမ်းပေးရမှာဖြစ်တယ်။ ပြည်နယ်ပေးရေးကိစ္စကို မိမိ အချိန်ဆွဲထားလိမ့်မှာ မဟုတ်ပါ၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှာ ကျင်းပရန်ရှိတဲ့ မျက်နှာစုံညီအစည်းအဝေးမှာ ရခိုင်ပြည်က အဖွဲ့အစည်းတွေက တရားသဖြင့်နည်းလမ်းတွေ ရှာပြီး ညီညီညွတ်ညွတ် တင်ပြရင်ပြီးမြောက်လိမ့်မယ်ဖြစ်တာကို ဦးနုက ပြောကြားခဲ့ပါတယ်။

## အကြံပေးအဖွဲ့ရဲ့ အကြံပေးချက်တွေနဲ့စပ်လျဉ်းပြီး ရခိုင်နိုင်ငံရေးအသင်း အဖွဲ့ပေါင်းစုံ ကိုယ်စားလှယ်တွေရဲ့ ဆွေးနွေးပွဲမှာက

ရခိုင်ပြည်နယ်နဲ့ မွန်ပြည်နယ်ပေးရေးအတွက် လူထုဆန္ဒကို ဘယ်လိုနည်းနဲ့ တောင်းယူသင့်တာကို နိုင်ငံတော်အစိုးရအကြံပေးအဖွဲ့ရဲ့ အကြံပေးချက်တွေနဲ့ စပ်လျဉ်းပြီး သက်ဆိုင်ရာဒေသရှိ နိုင်ငံရေးအသင်းအဖွဲ့ပေါင်းစုံရဲ့ ကိုယ်စားလှယ်တွေ ဆွေးနွေးပွဲတစ်ရပ်ကို ၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့က ရန်ကုန်မြို့ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ဧည့်ခံမဏ္ဍပ်မှာ ကျင်းပခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်၊ တရားရေးဝန်ကြီး ဒေါက်တာဦးဖမောင်၊ ဘဏ္ဍာရေးဝန်ကြီး သခင်တင်၊ သာသနာရေးဝန်ကြီးဦးဘစော၊ ဒေါက်တာဘဦးအမှူးပြုတဲ့ အစိုးရအကြံပေးအဖွဲ့ဝင်လူကြီးတွေ၊ ရခိုင်တိုင်းက ရတညအဖွဲ့၊ ပထစအဖွဲ့၊ ဖဆပလအဖွဲ့၊ ရခိုင်လူငယ်မူဆလင်အဖွဲ့၊ မွန်ပြည်နယ်က အဖွဲ့အစည်းတွေရဲ့ ကိုယ်စားလှယ်တွေ တက်ရောက်ခဲ့ကြပါတယ်။

ဆွေးနွေးပွဲမှာ ဒေါက်တာဦးဘဦးက မွန်လူထု၊ ရခိုင်လူထုရဲ့ ဆန္ဒဘယ်လိုရှိတာကို သိရှိနိုင်ရန် ဆန္ဒယူပွဲ (plebiscite) ပြုလုပ်တဲ့

www.burmeseclassic.com



နည်းဟာ ပါလီမန် ဒီမိုကရေစီနည်းအကျဆုံး၊ အကောင်းဆုံးနည်းလမ်းဖြစ်တာ၊ လူထုဆန္ဒခံယူပွဲ ပြုလုပ်တဲ့စနစ်ကို ကမ္ဘာကလဲ အသုံးပြုလျက်ရှိတာ၊ လူထုဆန္ဒခံယူပွဲ ကျင်းပရာမှာ အခြေအနေနဲ့ကိုက်ညီတာ၊ မကိုက်ညီတာဆိုတဲ့အချက်မှာအစိုးရနဲ့သာ သက်ဆိုင်တာကို ဒေါက်တာဦးဘဦးက ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဖဆပလအဖွဲ့ချုပ်ရဲ့ သဘောထားနဲ့ပတ်သက်ပြီး ဝန်ကြီးဟောင်း ဦးထွန်းတင်က တင်ပြရာမှာတော့ ရခိုင်ပြည်နယ်ပေးတာကို မကြိုက်ပါ၊ ဒါပေမဲ့ ပြည်နယ်ပေးမယ်ဆိုလဲ မဲပုံးထောင်ဖို့မလိုဘဲ ပေးသင့်တယ်လို့ တင်ပြခဲ့ပါမယ်။

ပမညတအဖွဲ့က ပြီးခဲ့တဲ့ရွေးကောက်ပွဲမှာ ပြည်နယ်ရရှိအောင် ပြုလုပ်ပေးမယ်လို့ ကတိပြုထားသူတွေကိုသာ ရွေးချယ်တာကြောင့် နယ်လူထုဆန္ဒကို ထုတ်ဖော်ပြသရာရောက်တာနဲ့ မဲပုံးထောင်ရန်မလိုတာကို အကြံပေးခဲ့ပါတယ်။

ရခိုင်မူဆလင် လူငယ်တွေအဖွဲ့က ကိုယ်စားလှယ်တွေကတော့ ရခိုင်ပြည်နယ်ပေးခဲ့ရင် ဘူးသီးတောင်၊ မောင်တောမြို့နယ်နဲ့ မေယုနယ်ခြားဒေသတွေကို သီးခြားတိုင်းရင်းသား မူဆလင်ပြည်နယ်တစ်ခုအဖြစ် ထူထောင်ပေးဖို့ရာ တင်ပြခဲ့ပါတယ်။

ဝန်ကြီးချုပ်ဦးနုက ရှင်းလင်းတင်ပြရာမှာ ပြည်နယ်ရယူရေးမှာ အချင်းချင်းသဘောကွဲမှုတွေ ရှိမှာလဲဖြစ်တာ၊ တဖြည်းဖြည်းဆွေးနွေးညှိနှိုင်းကြရင် အောင်မြင်မှာဖြစ်တာ။ နိုင်ငံရေးအဖွဲ့အစည်း အသီးသီးက ခေါင်းဆောင်တွေ၊ ရခိုင်၊ မွန်အဖွဲ့တွေနဲ့ မိမိတို့တွေနဲ့ မကြာခဏတွေ့ရမှာဖြစ်တာ။ ယခုဆွေးနွေးပွဲက ပုဂ္ဂိုလ်အသီးသီးရဲ့ ဆွေးနွေးချက်တွေကို ဝန်ကြီးအဖွဲ့သို့တင်ပြပြီးတဲ့နောက် မိမိရဲ့ဝန်ကြီးချုပ် သက်တမ်းအတွင်း ရခိုင်နဲ့မွန်ပြည်နယ်ကို ပေးမှာဖြစ်တာကို ဦးနုက ပြောကြားခဲ့ပါတယ်။



ဦးနုကပဲ မိမိပေးထားတဲ့ကတိကို လုပ်မပေးရင် ကမ္ဘာပေါ်မှာမိမိထက် ညစ်ပတ်သူမရှိလို့ မှတ်တမ်းမတင်စေလိုတာလို့ ပြောကြားခဲ့ပါတယ်။

## အကြံပေးအဖွဲ့ရဲ့ ထောက်ခံတင်ပြချက်အပေါ် ရခိုင်ပြည်နယ်ရယူရေး ကော်မတီရဲ့ သဘောထားမှာ

ရခိုင်ပြည်နယ်လိုလားတယ်၊ မလိုလားတယ်ကို လူထုဆန္ဒယူပွဲပြုလုပ်သင့်တယ်ဆိုတဲ့ နိုင်ငံတော်အစိုးရ အကြံပေးအဖွဲ့ရဲ့ထောက်ခံတင်ပြချက်နဲ့ ပတ်သက်ပြီး ရခိုင်အဖွဲ့အစည်းအချို့က ကန့်ကွက်ကြတယ်။ ဒီကိစ္စနဲ့စပ်လျဉ်းပြီး ရခိုင်ပြည်နယ်ရယူရေး ကော်မတီ(ရန်ကုန်မြို့)က နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ ဖေဖော်ဝါရီလ ၂ ရက်နေ့နေ့စွဲနဲ့ အကြံပေးစာတစ်စောင်ပေးပို့ခဲ့ပါတယ်။ အဲဒီစာမှာ ပြည်နယ်ပေးရာမှာ မဲပုံးထောင်စနစ်ဟာ အလွန်ဆိုးရွားတဲ့စနစ်ဖြစ်တယ်။ အခြားပြည်နယ်တွေ ထူထောင်စဉ်က မဲပုံးစနစ်မသုံးခဲ့လို့ ရခိုင်ပြည်နယ်ထူထောင်ရာမှာလဲ မဲပုံးအသုံးမပြုသင့်တာ၊ မဲပုံးထောင်စနစ်ဟာ ရခိုင်ဗမာချစ်ကြည်ရေးကို အလွန်ထိခိုက်စေတဲ့အပြင် သွေးထွက်သံယိုမှုနဲ့ စိတ်ဝမ်းကွဲမှုတွေကို ဖန်တီးတဲ့ စနစ်ဆိုးကြီးဖြစ်လို့ လုံးဝအကျိုးမရှိတဲ့စနစ်ဖြစ်တာကို ရခိုင်ပြည်နယ်ရယူရေးကော်မတီ (ရန်ကုန်)က ဝေဖန်ခဲ့ပါတယ်။

## ဝန်ကြီးချုပ်ဦးနုရဲ့ ပြည်နယ်ပေးရေး အဆိုပြုချက်သစ်မှာ

ပြည်သူ့ဆန္ဒခံယူပွဲကို အခြေခံပြီး ပြည်နယ်ပေးရေး အစီအစဉ်နဲ့ ပတ်သက်ပြီး ကန့်ကွက်မှုတွေ၊ ဝေဖန်မှုတွေ ပေါ်ထွက်နေစဉ်မှာပဲ ဝန်ကြီးချုပ်ဦးနုက ၁၉၆၁ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့မှာကျင်းပတဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ မွန်နဲ့ရခိုင်ပြည်နယ်ပေးရေးအတွက် မိန့်ခွန်းပြောကြားခဲ့ပါတယ်။ ဝန်ကြီးချုပ်က မွန်နဲ့ရခိုင်ပြည်နယ်ပေးမယ်

www.burmeseclassic.com

www.burmeseclassic.com



လို့ မိမိကတိပေးစဉ်က ရခိုင်လူထုနဲ့မွန်လူထုရဲ့ဆန္ဒကို မဲပုံးထောင်စနစ်နဲ့ စုံစမ်းပြီးမှ ပေးမယ်ဆိုတဲ့ဆန္ဒ မိမိမှာရှိတယ်။ မဲပုံးထောင်ရခါနီးအချိန်မှာ တစ်ဖက်က မဲပုံးထောင်စနစ်ကို အသုံးမပြုဖို့ရာ မိမိကိုမေတ္တာရပ်ခံနေပြီး၊ အခြားတစ်ဖက်ကလဲ မဲပုံးထောင်စနစ်နဲ့ ဆုံးဖြတ်မှသာပဲ တရားမျှတမယ်လို့ မိမိကိုမေတ္တာရပ်ခံနေတယ်၊ သဘောထားကွဲပြားနေတဲ့ အုပ်စုနှစ်ဖက်ကြားမှာ အစိုးရအနေနဲ့ တစ်ခုခုဆုံးဖြတ်ဖို့ရာ အလွန်ခက်ခဲပါတယ်လို့ ဦးနုက ပြောကြားပါတယ်။ တစ်ဆက်တည်းမှာပဲ ဦးနုက ပြည်နယ်ပေးရေးနဲ့ ပတ်သက်ပြီး အဆိုပြုချက်တစ်ရပ်ကို လွှတ်တော်မှာ တင်ပြခဲ့ပါတယ်။

ဝန်ကြီးချုပ်ဦးနုကတင်ပြတဲ့ အဆိုပြုချက်သစ်တစ်ရပ်မှာတော့

(၁) မွန်ရေးရာဝန်ကြီးတစ်ဦးနဲ့ ရခိုင်ရေးရာဝန်ကြီးတစ်ဦးကို ကျွန်တော်တို့ခန့်ပေးပါ့မယ်။

(၂) မွန်ပြည်နယ်ပြင်ဆင်ရေး ကော်မတီအဖွဲ့နဲ့ ရခိုင်ပြည်နယ်ပြင်ဆင်ရေးကော်မတီအဖွဲ့တဖွဲ့ကို ကျွန်တော်တို့ဖွဲ့စည်းပေးပါ့မယ်။

(၃) မွန်ပြည်နယ်ပြင်ဆင်ရေး ကော်မတီနဲ့ ရခိုင်ပြည်နယ်ပြင်ဆင်ရေးကော်မတီအဖွဲ့ဝင်တွေထဲမှာ သက်ဆိုင်ရာဒေသရှိ အမတ်အသီးသီး၊ နိုင်ငံရေးအဖွဲ့အသီးသီးနဲ့ လူမျိုးလူတန်းစား အသီးသီးတွေရဲ့ ကိုယ်စားလှယ်တွေကို ပြည့်ပြည့်စုံစုံထည့်ပေးပါ့မယ်။

(၄) မွန်ရေးရာဝန်ကြီးဟာ မွန်ပြည်နယ် ပြင်ဆင်ရေးကော်မတီနဲ့ တိုင်ပင်ဆွေးနွေးပြီးတော့…

(က) မွန်ပြည်နယ်ရဲ့အကျယ်အဝန်းနဲ့

(ခ) မွန်ပြည်နယ်အမြန်ဆုံးဖြစ်မြောက်ဖို့ နည်းကောင်းလမ်းကောင်းတွေကို ရှာဖွေရမယ်။ အများသဘောတူလက်ခံနိုင်တဲ့ နည်းကောင်းလမ်းကောင်းတွေကို ရတာနဲ့တပြိုင်နက် အစောဆုံးလွှတ်တော်မှာ



မွန်ပြည်နယ်ကို ပြဋ္ဌာန်းပေးမယ်။

(၅) ရခိုင်ရေးရာဝန်ကြီးနဲ့ ရခိုင်ပြည်နယ်ပြင်ဆင်ရေးကော်မတီတို့ဟာ အချင်းချင်းတိုင်ပင် ဆွေးနွေးကြပြီးရင် ရခိုင်ပြည်နယ်အလျင်အမြန်ဖြစ်ပေါ်ရေးအတွက် နည်းကောင်းလမ်းကောင်းတွေကို ရှာဖွေကြရမယ်။ အများသဘောတူလက်ခံနိုင်တဲ့ နည်းကောင်းလမ်းကောင်းတွေကို ရတာနဲ့တပြိုင်နက် အစောဆုံးလွှတ်တော်မှာ ရခိုင်ပြည်ကိုပြဋ္ဌာန်းပေးမယ်ဆိုတာပဲ ဖြစ်ပါတယ်။

ဦးနုရဲ့အဆိုပြုချက်သစ်အရ ပြည်နယ်ပေးရေးကိစ္စနဲ့ စပ်လျဉ်းပြီး မဲပုံးထောင်စနစ်ကို မကျင့်သုံးတော့ဘဲ ရခိုင်ပြည်နယ်ကိစ္စကို အဆင့်သုံးဆင့်နဲ့ အကောင်အထည်ဖော်သွားဖို့ရာ စီစဉ်ထားတယ်လို့ ဆိုနိုင်ပါတယ်။ ပထမအဆင့်မှာ ရခိုင်ရေးရာဝန်ကြီးခန့်ဖို့ရာ၊ ဒုတိယအဆင့်မှာ ရခိုင်ပြည်နယ်ပြင်ဆင်ရေးကော်မတီဖွဲ့ဖို့ရာနဲ့ တတိယအဆင့်မှာ ရခိုင်ပြည်နယ်ဖွဲ့စည်းဖို့ရာတို့ ဖြစ်ကြပါတယ်။

## ဝန်ကြီးချုပ်ဦးနုရဲ့ ပြည်နယ်ပေးရေးဆိုင်ရာ အဆိုပြုချက်သစ်နဲ့စပ်လျဉ်း ပြီး ဖဆပလရဲ့သဘောထားမှာ

ဝန်ကြီးချုပ်ဦးနုရဲ့ ပြည်နယ်ပေးရေးကိစ္စ အဆိုပြုချက်သစ်နဲ့ပတ်သက်ပြီး အတိုက်အခံခေါင်းဆောင် သခင်သာခင်က ဖဆပလရဲ့သဘောထားကို ၁၉၆၁ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှာ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ပြောကြားခဲ့ပါတယ်။ သခင်သာခင်က ပြည်နယ်ပေးရေးနဲ့ ပတ်သက်ပြီး ဖဆပလရဲ့သဘောထားမှာ ယခင်အတိုင်းပဲဖြစ်တာ၊ ပြည်နယ်ပေးတာကို မိမိတို့မကြိုက်ဘူး၊ ပြည်နယ်ပေးရာမှာ မဲခွဲတဲ့မှု၊ မဲပုံးထောင်တဲ့မှုကို လဲ

www.burmeseclassic.com



မကြိုက်တာကို ပြောကြားခဲ့ပါတယ်။

ဝန်ကြီးချုပ်ဦးနုရဲ့ အဆိုပြုချက်သစ်နဲ့ ပတ်သက်ပြီး သခင်သာခင်က ပြောကြားရာမှာ

မွန်ရေးရာအဖွဲ့ဝန်ကြီးနဲ့ ရခိုင်ရေးရာဝန်ကြီးခန့်မယ် ဆိုတာကိုလဲ သဘောတူပါတယ်၊ ကြိုက်ပါတယ်။ မွန်ရေးရာဝန်ကြီးကိုလဲ ခန့်ပါ၊ မွန်ရေးရာကောင်စီကိုလဲ ခန့်ပါ။ ရခိုင်ရေးရာဝန်ကြီးကိုလဲ ခန့်ပါ၊ ရခိုင်ရေးရာကောင်စီကိုလဲ ခန့်ပါ။ အဲဒီလိုရေးရာဝန်ကြီးတွေနဲ့ ရေးရာကောင်စီတွေဟာ ပြည်နယ်ရရှိရေးကိစ္စကို ခဏကလေးသိုးခံပြီး ဘေး ဖယ်ထားပြီး ရေးရာဝန်ကြီးနဲ့ ရေးရာကောင်စီနဲ့ စမ်းသပ်ကြည့်ပါဦးလို့ ကျွန်တော်မေတ္တာရပ်ခံလိုပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ထောက်ခံ တဲ့ မွန်ရေးရာဝန်ကြီး၊ ရခိုင်ရေးရာကောင်စီခန့်ဖို့ အဝိုဒ်မှာပါတဲ့ မွန်ပြည် နယ် ပြင်ဆင်ရေးကော်မတီနဲ့ ရခိုင်ပြည်နယ် ပြင်ဆင်ရေး ကော်မတီမထူး ပါဘူး။ အဲဒီဝန်ကြီးချုပ်ရဲ့ တင်ပြချက်ဟာ ကျွန်တော်တို့ရဲ့ အယူအဆ နဲ့တော့မကြိုက်ပါဘူး၊ လက်ခံသဘောမတူနိုင်ပါ၊ ကျွန်တော်တို့ လိုချင်တာက ရေးရာဝန်ကြီးနဲ့ ရေးရာကောင်စီဟာ ဒီနေရာမှာ ပြည်နယ် ကိစ္စကို အချိန်ယူပြီး စမ်းသပ်ကြည့်တော့မှ ပြည်နယ်ကိစ္စကိုတဆင့် တက်ပြီး ဆွေးနွေးသင့်တယ်လို့ ကျွန်တော်တို့ ဒီလိုပဲမြင်ပါတယ်။ ဒီတော့ ဝန်ကြီးချုပ်ရဲ့ မိန့်ခွန်းထဲမှာ ပြည်နယ် ပြင်ဆင်ရေး ကော်မတီကို ဖွဲ့စည်းဖို့ဆိုတာကိုတော့ ကျွန်တော် တို့အနေနဲ့ မထောက်ခံနိုင်ပါဘူး၊ သဘောလဲမတူနိုင်ပါဘူး ဆိုပြီး သခင်သာခင်က ဖဆပလရဲ့သဘောထားမှာ ပြည်နယ်ကိုချက်ချင်း မပေးစေလိုဘဲ ရေးရာ ဝန်ကြီးနဲ့ ရေးရာကောင်စီ က ပြည်နယ်အုပ်ချုပ်ရေးကို စမ်းသပ်တာဝန်ယူပြီးမှ ပြည်နယ်အဆင့် အုပ်ချုပ်ရေးသို့ ပြောင်းလဲရေးပဲဖြစ်ပါတယ်။



## ဝန်ကြီးချုပ်ဦးနုရဲ့ ပြည်နယ်ပေးရေးအဆိုပြုချက်ကို ရတာညအမတ် ဦးလှထွန်းဖြူရဲ့ ဆွေးနွေးမှုမှာ

ဝန်ကြီးချုပ်ဦးနုရဲ့ ပြည်နယ်ပေးရေးဆိုင်ရာ အဆိုပြုချက်သစ်နဲ့ ပတ်သက်ပြီး လွှတ်တော်မှာ ရတာညအမတ်ဦးလှထွန်းဖြူကလဲ ဝါဝင် ဆွေးနွေးခဲ့ပါတယ်။ ဦးလှထွန်းဖြူက ဆွေးနွေးတင်ပြရာမှာ ရွေးကောက် ပွဲအကြိုကာလမှာ သန့်ရှင်းဖဆပလ(ပထစ)က ရခိုင်ပြည်နယ် ရရှိရေး အကြောင်းပြပြီး မဲဆွယ်ခဲ့ပုံကို ရခိုင်ပြည်နယ် သန့်ရှင်းဖဆပလ ခေါင်း ဆောင် ဦးဘစောလက်ရေးနဲ့ အဝတောင် ဆရာတော်ထံ ပေးစာကို အကိုးအကားပြုပြီး တင်ပြခဲ့ပါတယ်။ ဦးဘစောက ကျောက်ဖြူခရိုင်၊ စလင်းမြို့အနီးမှာရှိတဲ့ အဝတောင် ဆရာတော်ထံပေးစာမှာ...

အဝတောင်ဘုန်းတော်ကြီး၊ အဝတောင်ရွာအသျှင်သူမြတ်ဘုရား၊ ဘုရားတပည့်တော်ရှိခိုးလျှောက်ထားပါတယ်။ အရှင်သူမြတ်ဘုရား၊ အရှင်ဘုရား သနားတော်မူလိုက်သော ပြာသိုလဆန်း ၁၄ ရက်နေ့စွဲပါ စာကိုရရှိလို့ များစွာဝမ်းမြောက်ကျေးဇူးတင်ပါတယ်ဘုရား၊ အရှင်ဘုရား အားလဲ များစွာအပူဇော်ခံစေလိုပါတယ်ဘုရား၊ ယခုကဲ့သို့ ကိစ္စအဝဝ ဆောင်ရွက်ရန် ကျောက်ဖြူမြို့သို့ မော်တော်ဘုတ်နဲ့ ပြန်လို့သွားရပါတယ် ဘုရား၊ တပည့်တော်ဟာ ရခိုင်ပြည်နယ်ရရှိရေးကို မုချယူပေးရန် ဆုံးဖြတ်ပြီး ဖြစ်ပါတယ်ဘုရား၊ မရရင် ရနိုင်တဲ့နည်းနဲ့ယူပေးရန် သိုင်းချိန်ဆရာတော်ဘုရားအား တပည့်တော်ကတိပြုပြီး ဖြစ်ပါတယ် ဘုရား၊ ထိုအတိုင်း အရှင်ဘုရားအားလဲ တပည့်တော်ကတိပြုပါတယ် ဘုရား။ ရတာညသုံးပုံနှစ်ပုံရနိုင်မှ ရခိုင်ပြည်နယ်ရရှိမယ်ဆိုတာမှာ မဟုတ်ပါဘုရား၊ ပါလီမန်လွှတ်တော်နှစ်ရပ် အစည်းအဝေးတက် ရောက်သော အမတ်များအစည်းအဝေးမှာ ရခိုင်ပြည်နယ်ဥပဒေကို အတည်ပြုပါမယ်ဘုရား။ ထိုအမတ်တွေရဲ့ သုံးပုံနှစ်ပုံသဘောတူမှ

www.burmeseclassic.com

အတည်ပြုနိုင်ပါတယ်ဘုရား။ ရတာညအမတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ရခိုင်ပြည်နယ်ကို ရရှိနိုင်ပါတယ်ဘုရား။ သို့ဖြစ်ပါ၍ ဘုရားတပည့်တော်အား တတ်နိုင် သမျှ ကူညီပါရန်ဘုရားတပည့်တော်ရှိခိုးလျှောက်ထားပါတယ် ဘုရား။ ဘုရားတပည့်တော်ဟာ ဦးနုရဲ့အတွင်းလူအဖြစ်၄င်း၊ (ရယ်သံများ)။ သန့်ရှင်းဖဆပလအမှုဆောင်အဖြစ်၄င်း၊ ဤရွေးကောက်ပွဲကြီး ပြီးတာနဲ့တပြိုင်နက် အစိုးရဖွဲ့တဲ့အချိန်မှာပင် ရခိုင်ပြည်နယ် ဥပဒေကို အစိုးရက တင်သွင်းရန်ဖြစ်နိုင်က တပည့်တော်ကိုယ်တိုင် တင်သွင်းမှ ဖြစ်ပါကြောင်း ဆိုပြီးရေးသားထားပါတယ်။ ဦးလှထွန်းဖြူက အထက်ပါစာကို ရည်ညွှန်းပြီး ပထစခေါင်းဆောင်တစ်ဦး၊ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ယုံကြည်ရသော ပုဂ္ဂိုလ်တစ်ဦးသော်မှ ရခိုင်ပြည်နယ်ရရှိစေမယ်ဆိုတဲ့ ကတိနဲ့ ရွေးကောက်ပွဲဝင်ခဲ့တာကြောင့် ပြည်နယ်ပေးရေးမှာ မဲပုံးထောင်ရန်မလိုတော့တာကို ဆွေးနွေးတင်ပြခတာဖြစ်ပါတယ်။

လွှတ်တော်မှာ ဦးလှထွန်းဖြူတင်ပြတဲ့ ဦးဘစောရဲ့စာနဲ့ ပတ်သက်ပြီး ဦးဘစောက ချေပပြောဆိုရာမှာ အဲဒီစာကို မိမိရေးသားတာတယ်ဆိုတာမှာ မှန်ပါတယ်၊ ယင်းကဲ့သို့ရေးရတာမှာ ပထစအဖွဲ့ချုပ်ကနိုင်ငံတော်ဝန်ကြီးချုပ် အမိန့်ရှိတဲ့အတိုင်း ရခိုင်လူထုက ပြည်နယ်လိုလားရင် ပြည်နယ်ပေးမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ လျော်ညီစွာ မိမိကလဲ ကျောက်ဖြူမြို့နယ်နဲ့ ခရိုင်ရှိ လူထုတစ်ရပ်လုံးက ပြည်နယ်လိုလားတယ်လို့ ဆုံးဖြတ်ပါက မိမိဟာယခင်ကကဲ့သို့ ပြည်နယ်မလိုလို့မကန့်ကွက်တဲ့ထောက်ခံပါမယ်ဆိုတာကို ရှင်းပြတဲ့အနေနဲ့ ဆရာတော်ထံ စာရေးတာဲဖြစ်တာ၊ မိမိဟာ ရွေးကောက်ပွဲအတွက် ဟောပြောသမျှ နေရာတိုင်းမှာပြည်နယ်ယူတာမှာ ကောင်းတယ်ဆိုပြီး တစ်ခါမှမဟောခဲ့ဘူး။ မိမိအနေနဲ့ ပြည်နယ်မလိုလားပါ၊ ဒါပေမဲ့လူထုတစ်ရပ်လုံးက လိုလားခဲ့ရင် မိမိကိုယ်တိုင် ပြည်နယ်ရရှိဖို့ ကြိုးစားပေးမယ်ဖြစ်တာ ဦးဘစောက ချေပပြောဆိုခဲ့ပါတယ်။

## ဝန်ကြီးချုပ်နဲ့ ရခိုင်၊ မွန်ခေါင်းဆောင်တွေ တွေ့ဆုံပွဲမှာ

ဝန်ကြီးချုပ်ဦးနုက လွှတ်တော်မှာ ပြည်နယ်ပေးရေး အဆိုပြုချက်ငါးချက်ကို တင်ပြပြီးတဲ့နောက်ပိုင်း အဲဒီကိစ္စနဲ့ပတ်သက်ပြီး ရတာညနဲ့ မွန်ပြည်သူ့တပ်ဦးအဖွဲ့တွေက ဝန်ကြီးချုပ်နဲ့ တွေ့ဆုံလိုတယ်၊ တောင်းဆိုတာကြောင့် ၁၉၆၁ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့မှာ ဝန်ကြီးချုပ်ဦးနုနဲ့ ရခိုင်မွန်ခေါင်းဆောင်တွေ တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပခဲ့ပါတယ်။ ဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၊ ဝန်ကြီးသတိုးသီရိသုဓမ္မ ဒေါက်တာဦးဧမောင်၊ ဝန်ကြီးဦးဘစော၊ ရခိုင်ခေါင်းဆောင်တွေဖြစ်ကြ တဲ့ ဦးဘမြိုင်၊ ဦးဖြူသာထွန်း၊ ဦးမောင်ကျော်ဖွဲ့၊ ဦးစံထွန်းခိုင်၊ ဦးရွှေညီ၊ ဦးမောင်ကျော်ခိုင်၊ ဦးဖော်သင်၊ ဦးကျော်မင်း၊ ဦးလှထွန်းဖြူ၊ ဦးမောင်ဦးကျော်၊ ဦးဘစိန်၊ ဦးကျော်တင့်၊ ဦးရွှေကြိုင်၊ ဦးညီကြီးနဲ့ မွန်ခေါင်းဆောင်တွေ တက်ရောက်ခဲ့ကြပါတယ်။

ဆွေးနွေးပွဲမှာ ဦးနုက လွှတ်တော်မှာ မိမိအဆိုပြုခဲ့တဲ့ ပြည်နယ်ပေးရေးဆိုင်ရာ အဆိုပြုချက်ငါးချက်ကို မွန်နဲ့ရခိုင်ခေါင်းဆောင်တွေက သဘောတူလက်ခံရင် ၁၉၆၂ ခုနှစ်၊ ဩဂုတ်လမှာ ကျင်းပမယ့် လွှတ်တော်အစည်းအဝေးမှာ ရခိုင်ပြည်နယ်နဲ့ မွန်ပြည်နယ်ဖွဲ့စည်းပေးရေးအတွက် လိုအပ်တဲ့အခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်တွေကို ပြုလုပ်ပေးမယ်လို့ ပြောကြားခဲ့ပါတယ်။ မွန်နဲ့ရခိုင်ခေါင်းဆောင်တွေက ဦးနုရဲ့အဆိုပြုချက်ကို လက်ခံဖို့ရာ သဘောတူလိုက်ပါတယ်။ အဲဒီနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်တွေက မရှင်းလင်းတဲ့ အချက်အလက်တွေကို အသီးသီးမေးမြန်း ဆွေးနွေးကြပြီး အောက်ပါ

www.burmeseclassic.com

www.burmeseclassic.com



အချက်အလက်တွေကို လက်ခံဖို့ရာသဘောတူခဲ့ကြပါတယ်။

၁။ ရခိုင်ရေးရာဝန်ကြီးတဦး ခန့်ထားပေးမှာကို လက်ခံကြပါတယ်။ အဲဒီရခိုင်ရေးရာဝန်ကြီးဟာ အခြားပြည်ထောင်စု အစိုးရအဖွဲ့ဝင်ဝန်ကြီးတွေနဲ့ တတန်းစားတည်းဖြစ်ရပါမယ်။ ယခုအခြေအနေမှာ အဲဒီဝန်ကြီးရဲ့လုပ်ငန်းတွေကို တိတိကျကျ သတ်မှတ်ပေးနိုင်မှာ မဟုတ်သေးဘဲ လုပ်ငန်းလုပ်သွားစဉ် တစတစလုပ်ငန်းတွေ သတ်မှတ်ပေးတာကို ပြုလုပ်သွားရန်ပဲ ဖြစ်ပါတယ်။

၂။ ရခိုင်ရေးရာဝန်ကြီးအဖြစ် ရတညအဖွဲ့ ရွေးချယ်တဲ့ပါလီမန်အမတ်တစ်ဦးကို လက်ခံမယ်။ ရခိုင်ရေးရာဝန်ကြီးရဲ့ ပါလီမန်အတွင်းဝန်ကို ပထစအဖွဲ့က ပုဂ္ဂိုလ်တစ်ဦးကို ခန့်ထားဖို့ရာ ဖြစ်ပါတယ်။

၃။ ရခိုင်ပြည်နယ်ပြင်ဆင်ရေး ကော်မတီဖွဲ့စည်းဖို့ရာအတွက် ရခိုင်တိုင်းရှိ ပါလီမန်အမတ်အားလုံး ပါဝင်စေရမယ့်အပြင် ပါလီမန်အတွင်း မှာရှိတဲ့ နိုင်ငံရေးအဖွဲ့အစည်းကြီး ၃ ခုဖြစ်တဲ့ ဖဆပလ၊ ပထစနဲ့ ရတညအဖွဲ့တွေက တစ်ဖွဲ့မှာ ကိုယ်စားလှယ် ၆ ဦးထည့်သွင်းပြီး ဖွဲ့စည်းဖို့ရာပဲဖြစ်ပါတယ်။

ဒါပေမဲ့ ဘူးသီးတောင်မြို့နယ်၊ မောင်းတောမြို့နယ်နဲ့ ရသေ့တောင်မြို့နယ်က အချို့ရွာတွေပါဝင်တဲ့ မေယုနယ်ခြားခရိုင်မှာ နယ်ခြားအုပ်ချုပ်ရေးဌာနက တာဝန်ယူထားတာကြောင့် အဲဒီနယ်တွေက ပါလီမန်အမတ်တွေနဲ့ နိုင်ငံရေးအဖွဲ့ ကိုယ်စားလှယ်တွေကို အဆိုပါကော်မတီမှာ ထည့်သွင်းတာမလုပ်ဘဲ ချန်လှပ်ထားဖို့ရာပဲ ဖြစ်ပါတယ်။

၄။ ၁၉၆၂ ခု၊ ဩဂုတ်လအတွင်း ကျင်းပမယ့် လွှတ်တော်မှာ ရခိုင်ပြည်နယ်အဖြစ် ဖွဲ့စည်းကြေညာပြီးတော့လဲ လက်ရှိရခိုင်တိုင်း အမတ်တွေပါဝင်တဲ့ ကောင်စီကို ရခိုင်ပြည်နယ်ကောင်စီဆိုပြီး ပြောင်းလဲခေါ်တွင်ဖို့ရာ မဖြစ်နိုင်သေးပါ။ ကရင်ပြည်နယ်ဖွဲ့စည်းစဉ်က



ကျင့်သုံး ခဲ့တဲ့ ထုံးစံအတိုင်း၊ ၁၉၆၄ ခုနှစ် ပါလီမန်အထွေထွေရွေးကောက်ပွဲကျင်းပမီကာလအထိ၊ အဆိုပါရခိုင်တိုင်းက အမတ်တွေကို ခေါင်းပြီး၊ ယာယီ ရခိုင်ပြည်နယ်ကောင်စီအနေနဲ့ ဖွဲ့စည်းဆောင်ရွက်သွားဖို့ရာဖြစ်ပါတယ်။

၅။ ရခိုင်ပြည်နယ်ပြင်ဆင်ရေး ကော်မတီဖွဲ့စည်းတာဟာ ပြည်နယ် ဖြစ်ပေါ်စေရေးမှာ တစ်ဦးနဲ့တစ်ဦး အေးချမ်းစွာ ပူးပေါင်းလုပ်ကိုင်နိုင်ရန်အတွက် ရည်ရွယ်ချက်ရှိပါတယ်။ ပြည်နယ်ရဲ့လုပ်ငန်းတွေ သတ်မှတ်ရေးအတွက်တော့ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်တွေနဲ့ အလားတူပဲဖြစ်ပါတယ်။

၆။ ရခိုင်ပြည်နယ်ပြင်ဆင်ရေးကော်မတီရဲ့ အစီအရင်ခံစာကို ၁၉၆၂ ခု၊ ဧပြီ၊ မေလတွေအတွင်း နိုင်ငံတော်အစိုးရထံ တင်သွင်းရန်နဲ့ နိုင်ငံတော်အစိုးရက၊ ၁၉၆၂ ခု၊ ဩဂုတ်၊ စက်တင်ဘာလတွေမှာ ကျင်းပတဲ့ ပါလီမန်လွှတ်တော်မှာ ပြည်နယ်အဖြစ် ဖွဲ့စည်းနိုင်ဖို့ရာ ဥပဒေပြဋ္ဌာန်းရေးပဲ ဖြစ်ပါတယ်။

ပြည်နယ်ပြင်ဆင်ရေးကော်မတီနဲ့ ရေးရာဝန်ကြီး ခန့်ထားရေးကိစ္စကိုတော့ ဝန်ကြီးချုပ်ဦးနုက တရုတ်ပြည်က ပြန်လည်ရောက်ရှိမှသာ ဆောင်ရွက်သွားဖို့ရာ သဘောတူကြပါတယ်။

## ရခိုင်ရေးရာဝန်ကြီးရွေးချယ်မှုမှာ

ရခိုင်ပြည်နယ်ဖော်ထုတ်ရေးအတွက် ရခိုင်ရေးရာဝန်ကြီးတစ်ဦး ရွေးချယ်ပေးဖို့ရာ လိုအပ်တာကြောင့် ရခိုင်ရေးရာဝန်ကြီးရွေးချယ်ရေး အစည်းအဝေးကို စစ်တွေမြို့ရှိ ရတညဌာနချုပ်မှာ မေလ ၅ ရက်နေ့က ၇ ရက်နေ့အထိ ကျင်းပခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ ရခိုင်ရေးရာဝန်ကြီးအဖြစ် ပထမရှစ်လကို ရမ်းဗြဲအမတ် ဦးဘမြင့်ကို ရွေးချယ်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ကျန်ရှစ်လကို ဦးကျော်မင်းကို ရွေးချယ်ခဲ့ကြပါတယ်။ အဲဒီလို ရခိုင်ရေးရာ ဝန်ကြီးရာထူးကို ရှစ်လစီခွဲဝေလုပ်ကိုင်ဖို့ စီစဉ်ဆောင်ရွက်မှုဟာ ရခိုင်အမျိုးသားအချင်းချင်း စိတ်ဝမ်းကွဲပြားမှုတွေ ပေါ်ပေါက်စေခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ရခိုင်ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးစိန်ညိုထွန်း (အိုင်စီအက်စ်)က သူရဲ့ထင်မြင်ချက်ကို ပြောကြားရာမှာ ရခိုင်ရေးရာဝန်ကြီးရာထူးကို ရှစ်လစီခွဲဝေလုပ်ကိုင်မယ်လို့ စီစဉ်မှုမှာ ရတညခေါင်းဆောင်ပိုင်းမှာ ရခိုင်ရေးရာဝန်ကြီးနဲ့ပတ်သက်ပြီး အငြင်းအခုံဖြစ်ပွားပြီး အဆင်မပြေမှုတွေရှိနေတာကို ထင်ရှားစေတယ်။ လွန်ခဲ့တဲ့ ၂၅ နှစ်အတွင်းက မြန်မာနိုင်ငံမှာ ပြင်းထန်တဲ့ဝန်ကြီးရောဂါ ထကြွခဲ့တာကို မိမိတို့အားလုံးတွေ့ရှိခဲ့ရသကဲ့သို့ ယခုအခါ အလွန်အရေးကြီးတဲ့ ကိစ္စပေါ်ပေါက်လာတဲ့အချိန်မှာ ရတည ခေါင်းဆောင်တွေက မိမိတို့ရဲ့ကိုယ်ရေးကိုယ်တာကို မစွန့်လွှတ်နိုင်တာဟာ ထင်ရှားခဲ့ပါတယ်။ ရခိုင်အမျိုးသားတွေက ရတညအဖွဲ့ကို အပ်နှင်းထားတဲ့ တာဝန်ဝတ္တရားတွေကို ကောင်းကောင်းမဆောင်ရွက် နိုင်ဘဲ လောဘရမ္မက်နင်းနင်းတက်ပြီး ရခိုင်ပြည်နယ်ရရှိရေး ဦးတည်ချက်ပျက်စီးသွားရင် ရခိုင်ပြည်ရဲ့ကံကြမ္မာဟာ အလွန်ဆိုးရွားတာ တွေဖြစ်နိုင်တာကို ဦးစိန်ညိုထွန်းက ပြောကြားခဲ့ပါတယ်။

ရတညအဖွဲ့ချုပ်ရဲ့ဆုံးဖြတ်ချက်အရ ရခိုင်ရေးရာဝန်ကြီးအဖြစ် ပထမရှစ်လကိုတာဝန်ယူရတဲ့ ဦးဘမြိုင်ဟာ ၁၉၆၁ ခုနှစ်၊ မေလ ၁၆ ရက်နေ့မှာ ရခိုင်ရေးရာဝန်ကြီးအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ပါတယ်။ ရခိုင်ရေးရာဝန်ကြီးဌာန ပါလီမန်အတွင်းဝန်အဖြစ် သံတွဲမြောက်ပိုင်း အမတ်ဦးကျော်တင့်(ပထစ)ကို ရွေးချယ်ခဲ့ပါတယ်ဆိုတယ်။



## ရခိုင်ပြည်နယ်ပြင်ဆင်ရေးကော်မတီဖွဲ့စည်းချိန်စဉ်မှာ

ရခိုင်ရေးရာဝန်ကြီးခန့်အပ်ပြီးတဲ့နောက်ပိုင်း ဒုတိယအဆင့်အနေနဲ့ ရခိုင်ပြည်နယ်ပြင်ဆင်ရေးကော်မတီကို ဖွဲ့စည်းမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ပြင်ဆင်ရေး ကော်မတီကို ရခိုင်တိုင်းရှိ အင်အားကြီးမားတဲ့ နိုင်ငံရေးပါတီသုံးပါတီဖြစ်တဲ့ ပထစ၊ ဖဆပလနဲ့ ရတညတို့က ကိုယ်စားလှယ် ခြောက်ဦးကျစီနဲ့ ဖွဲ့စည်းဖို့ရာစီစဉ်ခဲ့ပါတယ်။ ဒါပေမဲ့ ပြည်နယ်ပေးတာကို ဖဆပလအနေနဲ့ သဘောလဲမတူ၊ မထောက်လဲ မထောက်ခံတာကြောင့် ရခိုင်ပြည်နယ်ပြင်ဆင်ရေး ကော်မတီက ဖဆပလကိုယ်စားလှယ်တွေ ပါဝင်ဖို့ကို ငြင်းဆန်ခဲ့ပါတယ်။ ဒါကြောင့် ရခိုင်ပြည်နယ်ပြင်ဆင်ရေး ကော်မတီကို ပထစနဲ့ရတည ကိုယ်စားလှယ် တွေနဲ့သာ ဖွဲ့စည်းခဲ့ပါတယ်။

## ရတညအဖွဲ့ကရေးဆွဲတဲ့ ရခိုင်ပြည်နယ်စီမံကိန်းမှာ

ပထစအစိုးရက ရခိုင်ပြည်နယ်အကောင်အထည်ဖော်ရေးအတွက် ရခိုင်ရေးရာဝန်ကြီးခန့်အပ်တာ၊ ရခိုင်ပြည်နယ်ပြင်ဆင်ရေးကော်မတီ ဖွဲ့စည်းဖို့ရာ စီစဉ်တာတွေကို ဆောင်ရွက်နေစဉ်မှာပဲ ရတညအဖွဲ့ဟာ ရခိုင်ပြည်နယ်စီမံကိန်းမူကြမ်းကို ရေးဆွဲခဲ့ပါတယ်။ အဲဒီစီမံကိန်းမူကြမ်းမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် အခြေခံဥပဒေပြင်ဆင်ချက် ဥပဒေကြမ်းရေးဆွဲရေး၊ ရခိုင်ပြည်နယ်အခြေခံ ဥပဒေကြမ်းရေးဆွဲရေး၊ ရခိုင်ပြည်နယ်ရှိ ခရိုင်အသီးသီးအတွက် ဝန်ကြီးရာထူးဝန်အဖွဲ့ဖွဲ့စည်းရေး၊ ဖြစ်နိုင်ခဲ့ရင် ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ရခိုင်ပြည်နယ်ဖွဲ့စည်းပေးဖို့ရာ ဦးနုကိုဝတိုက်တွန်းရေး၊ ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလမှာ ရခိုင်ပြည်နယ်ဖွဲ့စည်းနိုင်မယ်လို့ ယူဆပြီး ၁၉၆၂–၁၉၆၃ ခုနှစ်အတွက်

www.burmeseclassic.com

www.burmeseclassic.com



ရခိုင်ပြည်နယ်ရသုံးခန့်မှန်းခြေ ငွေစာရင်း ရေးဆွဲရေး၊ အဲဒီလိုရသုံးမှန်းခြေ ငွေစာရင်းရေးဆွဲရာမှာ ပြည်ထောင်စု နိုင်ငံတော်အစိုးရက ခွဲဝေပေးမယ့် ဘဏ္ဍာတော်ငွေတွေ၊ ဂျပန်စစ်လျော်ကြေးငွေတွေက အချိုးကျငွေတွေနဲ့ တကယ်လို့ စက်မှုလုပ်ငန်းသစ်တွေ စတင်တည်ထောင်ခဲ့ရင် နိုင်ငံခြား က ချေးယူမယ့်ငွေ တွေကို ထည့်သွင်းရေးဆွဲရေးတို့လဲ ပါဝင်ခဲ့ပါတယ်။

ဒါ့အပြင် ရခိုင်ပြည်နယ်စီမံကိန်းမူကြမ်းမှာတော့ ရခိုင်အမျိုးသားအစိုး အမှုထမ်းတွေကို ရခိုင်ပြည်နယ်သို့ ရွှေ့ပြောင်းခန့်ထားရေး၊ ရခိုင်ပြည် နယ်မှာ ပြည်နယ်အုပ်ချုပ်ရေး အမှုထမ်းအဖွဲ့၊ တရားရေး အမှုထမ်းအဖွဲ့ ရဲအမှုထမ်းအဖွဲ့၊ (စစ်ရဲ) လက်နက်ကိုင်ရဲအမှုထမ်းအဖွဲ့၊ အကျဉ်းထောင် ဌာနအမှုထမ်းအဖွဲ့၊ ယစ်မျိုးအမှုထမ်းအဖွဲ့၊ သစ်တောအမှုထမ်းအဖွဲ့ ပညာရေးဌာနအမှုထမ်းအဖွဲ့၊ ကျန်းမာရေးဌာနအမှုထမ်းအဖွဲ့၊ လမ်းပန်း ဆောက်လုပ်ရေးနဲ့ အိုးအိမ်ဆောက်လုပ်ရေးအမှုထမ်းအဖွဲ့၊ ရေကြောင်း သယ်ယူပို့ဆောင်ရေးအမှုထမ်းအဖွဲ့ဖွဲ့စည်းရေးတို့လဲ ပါဝင်ခဲ့ပါတယ်။

ရခိုင်ပြည်နယ်စီမံကိန်းမှာ စက်မှုလုပ်ငန်းသစ်တွေ အထူးသဖြင့် စက္ကူလုပ်ငန်းတည်ထောင်ရန် ကိစ္စရပ်တွေကိုလဲ ထည့်သွင်းရေးဆွဲထား ပါတယ်။ ပညာရေးနဲ့ပတ်သက်ပြီးလဲ ရခိုင်ပြည်နယ်အစိုးရပိုင်ကျောင်း စိန့်ပေါလ်ကျောင်းကဲ့သို့သော ဘရင်ဂျီစာသင်ကျောင်း၊ ခရစ်ယာန် ဘုန်းကြီးကျောင်းတွေဖွင့်လှစ်ရေး၊ ရန်ကုန်မြို့ရှိ အာရှဖောင်ဒေးရှင်း ဖို့ဒ်ဖောင်ဒေးရှင်းနဲ့ နိုင်ငံခြားသံရုံးတွေက အာဏာပိုင်တွေနဲ့တွေ့ဆုံပြီး ကျောင်းအဆောက်အအုံတွေ၊ စာသင်ကျောင်းတွေအတွက် လိုအပ်တဲ့ ကိရိယာတန်ဆာပလာတွေ၊ ကျောင်းသုံးစာအုပ်တွေ၊ ကျောင်းဆရာတွေ ရရှိရေးအတွက် အကူအညီတောင်းခံရေးတွေလဲ ပါဝင်ပါတယ်။ ဒါ့အ ပြင် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ပြည်နယ်အစိုးရက လွှဲပြောင်းယူရေးကိုလဲ စီမံကိန်းမှာ ရေးဆွဲထားခဲ့ပါတယ်။



**တောင်ကြီးပြည်နယ်ပေါင်းစုံ ညီလာခံနဲ့ ရခိုင်ပြည်နယ်အကောင်အထည် ဖော်ရေးကိစ္စမှာ**

ပထစအစိုးရက ရခိုင်ပြည်နယ်နဲ့ မွန်ပြည်နယ်ပေးရေးအတွက် စတင်အကောင်အထည်ဖော်နေစဉ် ၁၉၆၁ ခုနှစ်၊ ဇွန်လ ၁၆ ရက် နေ့အထိ တောင်ကြီးမြို့၊ စားမြိန်ရိပ်သာ အဆောက်အအုံမှာ ပြည်နယ် ပေါင်းစုံညီလာခံကြီးကို ကျင်းပခဲ့ပါတယ်။ အဲဒီညီလာခံသို့ ရှမ်း၊ ကယား၊ ကချင်၊ ချင်းတိုင်းရင်းသားတွေနဲ့အတူ ရခိုင်နဲ့မွန် ကိုယ်စားလှယ် တွေလဲ တက်ရောက်ခဲ့ကြပါတယ်။ ပြည်နယ်ပေါင်းစုံညီလာခံသို့ တက်ရောက်ခဲ့ကြတဲ့ ရခိုင်ကိုယ်စားလှယ်တွေမှာ ဦးမောင်မောင် (ရတည)၊ ဦးမောင်ကျော်ဦး (ရတည)၊ ရဲဘော်သာဒွန်း (ရမညတ)၊ တုံပေါက်သာကျော်နဲ့ ဦးဘဖြူတို့ပဲဖြစ်ကြပါတယ်။

တောင်ကြီးပြည်နယ်ပေါင်းစုံညီလာခံမှာ ဦးဇန်ထာဆင် (ကချင် ပြည်နယ်ကိုယ်စားလှယ်)က အဆိုတစ်ရပ် တင်သွင်းခဲ့ပါတယ်။ ဦးဇန်ထာဆင် တင်သွင်းတဲ့အဆိုမှာ "ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်နယ်ရသင့်ရထိုက်တဲ့ အရည်အချင်းနဲ့ပြည့်စုံတဲ့ မွန်၊ ရခိုင်၊ ချင်း လူမျိုးတွေ ဆန္ဒပြင်းပြင်းနဲ့ လိုလားတောင်းဆိုလျက်ရှိတဲ့ ပြည်နယ် တွေကို အမြန်ဆုံးအကောင်အထည်ဖော်ပေးဖို့ရာ ပြည်ထောင် စုမြန်မာ နိုင်ငံတော်အစိုးရကို ဒီညီလာခံကြီးက တိုက်တွန်းတယ်ဆိုခဲ့ပါတယ်။ ဦးကျော်စိန်က ဦးဇန်ထာဆင်ရဲ့အဆိုကို ထောက်ခံ ဆွေးနွေးရာမှာ...

...ကျွန်တော်တို့က ပြည်နယ်တွေနဲ့ပတ်သက်လို့ ပြောစရာရှိတာ တခုက ပြည်ထောင်စုကြီးမှာ ထပ်ခါထပ်ခါ ပြည်နယ်တွေခွဲရင် ပြည်ထောင်စုကြီးအားနည်း သွားမလားဆိုတဲ့ အယူအဆတစ်ခုရှိပါတယ်။ အဲဒီလိုအယူအဆဟာ ကျွန်တော့်အနေနဲ့ မမှန်ဘူးလို့ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်နယ်တွေကို ထပ်ခွဲတဲ့အခါမှာ ယခု

www.burmeseclassic.com



ပြည်နယ်တွေ အဲလိုထပ်ခွဲခြင်းအားဖြင့် ပြည်ထောင်စုကြီးဟာ ပိုမိုပြီး ခိုင်ခန့်မယ်၊ ပိုပြီးတော့စည်းလုံးမယ်၊ ပိုပြီးတော့ကြီးစားမယ်လို့ ဒီလိုပဲ ယုံကြည်ပါတယ်။ ပြည်ထောင်စုဆိုကတည်းက ပြည်နယ်ရှိမယ်၊ အဲဒီ ပြည်နယ်တွေဟာ သူတို့ရဲ့ဒေသထုံးစံအရ၊ ပတ်ဝန်းကျင်အရ၊ တစုတဝေးတည်းတည်ရှိနေမှု၊ အဲဒီအစုအဝေးထဲ တည်ရှိနေတဲ့သဘော အရ၊ ပူးပေါင်းခြင်းအားဖြင့် ဖြစ်ပေါ်နေတဲ့ ပြည်ထောင်စုကြီးသာရင်ပဲ အမှန်ခိုင်ခံ့တည်တန့်မယ်ဆိုတာ အမှန်တရားပဲဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပြည်နယ်တွေကို တောင်းဆိုနေတဲ့ပြဿနာဟာ အမှန်က ကျွန်တော့်အမြင်အားဖြင့် ပြောရလို့ရှိရင် ပေးသင့်ပေးထိုက်တဲ့လူမျိုးစု တွေကို၊ ရသင့်ရထိုက်တဲ့ လူမျိုးစုတွေကို ပေးရမဲ့တာဝန်ဝတ္တရားဟာ ပြည်ထောင်စုကြီးမှာရှိတယ် ဆိုပြီးပြောကြားခဲ့ပါတယ်။ ဦးဖန်ထာဆင်ရဲ့ အဆိုကို ညီလာခံကြီးမှာ တညီတညွတ်တည်းကန့်ကွက်သူမရှိ အတည် ပြုလိုက်တာကို ထောက်ရှုပြီး ရခိုင်၊ မွန်နဲ့ ချင်းပြည်နယ်ပေးရေးကို ရှမ်း၊ ကချင်၊ ကယား၊ ကရင်တိုင်းရင်းသားတွေကလဲ ထောက်ခံကြတယ်လို့ ဆိုနိုင်ပါတယ်။

## ရခိုင်ပြည်နယ်ပြင်ဆင်ရေး ကော်မတီကိုဖွဲ့စည်းခဲ့တာ

ပထစအစိုးရဟာ မိမိကတိပေးထားခဲ့တဲ့အတိုင်း ၁၉၆၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်စွဲပါ အမိန့်ကြေညာစာအမှတ် ၂၀၀ အရ၊ ရခိုင်ပြည်နယ်ပြင်ဆင်ရေးကော်မတီကို ဖွဲ့စည်းပေးလိုက်တယ်။ ရခိုင်ပြည်နယ်ပြင်ဆင်ရေးကော်မတီမှာ ဦးဘမြိုင်၊ ပြည်သူ့လွှတ်တော် အမတ်၊ ရမ်းဗြဲမဲဆန္ဒနယ်၊ ရခိုင်ရေးရာဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင် ၂၇ ဦးပါဝင်ပါတယ်။ ကော်မတီ အတွင်းရေး မှူးအဖြစ် ရခိုင်ရေးရာဝန်ကြီးဌာန၊ ဒုတိယအတွင်းဝန်က ဆောင်ရွက်ပါ



တယ်။ ၁၉၆၁ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့မှာတော့ အတွင်းဝန်ရုံးရှိ ရခိုင်ရေးရာဝန်ကြီးရုံးခန်းမှာ ရခိုင်ပြည်နယ်ပြင်ဆင်ရေး ကော်မတီရဲ့ ပထမအကြိမ်အစည်းအဝေးကို ကျင်းပခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ ရခိုင်ဝန်ကြီးဦးဘမြိုင်က မိန့်ခွန်းပြောကြားရာမှာ မိမိတို့ဟာ တစ်ရွာနဲ့တစ်ရွာ၊ တစ်မြို့နဲ့တစ်မြို့၊ တစ်ခရိုင်နဲ့တစ်ခရိုင် ထုံးတမ်းဓလေ့ အနည်းငယ်ကွာခြားပေမယ့် အရေးကြီးတဲ့အချက်တွေက အတူတူပဲဖြစ်ပါတယ်။ ဆိုးတူကောင်းဖက် အတူတူခံစားကြရတယ်။ စည်းလုံးညီ ညွတ်မှုဟာ အထူးအရေးကြီးတယ်။ စိတ်ဝမ်းကွဲပြီး ထင်းအစည်းပြေ သကဲ့သို့ ကွဲပြားတာဖြစ်ရင် မိမိတို့အားလုံး နစ်နာကြမှာ ဖြစ်တာ၊ ရခိုင်ပြည်နယ်နဲ့ပတ်သက်ပြီး ဆွေးနွေးကြရာမှာ စိတ်ကောင်း စေတနာကောင်းနဲ့ ဆွေးနွေးကြပါရန် မေတ္တာရပ်ခံပါကြောင်း ဦးဘမြိုင်က ပြောကြားခဲ့ပါတယ်။

## ရခိုင်ပြည်နယ်ဥပဒေရေးဆွဲရေးဆပ်ကော်မတီဖွဲ့စည်းမှု

ရခိုင်ပြည်နယ်ပြင်ဆင်ရေးကော်မတီဟာ ၁၉၆၁ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့မှာ ဦးဘမြိုင်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင် ၁၂ ဦးပါဝင်တဲ့ ရခိုင်ပြည်နယ်ဥပဒေရေးဆွဲရေးဆပ်ကော်မတီ ကို ဖွဲ့စည်းခဲ့ပါတယ်။ ရခိုင်ပြည်နယ်ဥပဒေရေးဆွဲရေးဆပ်ကော်မတီ ဟာ ၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့ကစပြီး အစည်းအဝေး လေးကြိမ်တိုင်တိုင် ပြုလုပ်ခဲ့ပါတယ်။ အဲဒီနောက် ၁၉၆၁ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှာ ရခိုင်ပြည်နယ်ပြင်ဆင်ရေး ဗဟိုကော်မတီဟာ ရခိုင်ပြည်နယ်ဥပဒေ ရေးဆွဲရေးဆပ်ကော်မတီက ရေးဆွဲတင်ပြတဲ့ ၁၉၆၂ ခုနှစ်၊ ရခိုင်ပြည်နယ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ ၁၉၆၂ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပဉ္စမပြင်ဆင်ချက်) မူကြမ်းကို

www.burmeseclassic.com

www.burmeseclassic.com



လက်ခံအတည်ပြုခဲ့ပါတယ်။ ရခိုင်ပြည်နယ်ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေကြမ်းကို သံတွဲ ရတုညဦးမောင်မောင်ကလွဲပြီး ကျန်ကော်မတီဝင်တွေက ထောက်ခံကြခဲ့ပါတယ်။ ရတုညဦးမောင်မောင် သဘောမတူတဲ့ အချက်မှာ ရခိုင်ပြည်နယ်ဟာ ပြည်ထောင်စုကနေ ခွဲမထွက်ဆိုတဲ့ အချက်ပဲ ဖြစ်ခဲ့ပါတယ်။

## ၁၉၆၂ ခုနှစ် ရခိုင်ပြည်နယ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့မူကြမ်း

၁၉၆၂ ခုနှစ် ရခိုင်ပြည်နယ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ မူကြမ်းမှာ အခန်းပေါင်း ခုနှစ်ခန်းနဲ့ ပုဒ်မပေါင်း ၂၄ ခုပါဝင်ပါတယ်။ အခန်း ၁ မှာ ပြည်နယ်ဥက္ကဋ္ဌဆိုတာ ရခိုင်ဝန်ကြီးလို့ခေါ်တွင်ရမှာဖြစ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးအဖြစ် ခန့်ထားတာခံရသူကို ဆိုလိုတာလို့ ဖော်ပြထားခဲ့ပါတယ်။

အခန်း ၂ မှာ ရခိုင်ပြည်နယ်ဝန်ကြီးရဲ့ ရာထူးသက်တမ်းမှာ သာမန်အားဖြင့် ပါလီမန်သက်တမ်း ကုန်ဆုံးတဲ့ အချိန်ကာလအထိ ဖြစ်စေရမယ်။ ရခိုင်ပြည်နယ်ဝန်ကြီးဖြစ်သူဟာ မိမိသက်တမ်းစေ့တဲ့အခါ သာမန်အားဖြင့်ဒုတိယအကြိမ် တစ်ဆက်တည်း ရခိုင်ပြည်နယ်ဝန်ကြီးအဖြစ် အရွေးမခံရ၊ ရခိုင်ပြည်နယ်ဝန်ကြီး ကို ခရိုင်အသီးသီးက အလှည့်ကျ ပြည်နယ်ကောင်စီက ရွေးကောက်ရမယ်လို့ ဆိုထားပါတယ်။

အခန်း ၃ မှာ ရခိုင်ပြည်နယ်အစိုးရ ဖွဲ့စည်းရာမှာ ဝန်ကြီးအဖြစ်ခန့်ထားရတဲ့ စုစုပေါင်းဝန်ကြီးဦးရေမှာ ပြည်နယ်ဥက္ကဋ္ဌအပါအဝင် ခုနစ်ဦးထက်မများ ဖြစ်စေရမယ်။ ဝန်ကြီးခန့်ထားရာမှာ စစ်တွေခရိုင်က သုံးဦး၊ ကျောက်ဖြူခရိုင်က နှစ်ဦး၊ သံတွဲခရိုင်က နှစ်ဦး



အချိုးကျခန့်ထားရမယ်။ အမတ်မဟုတ်သူတွေကို ပြည်နယ်ကောင်စီရဲ့ ပါလီမန်သုံးပုံနှစ်ပုံက သဘောတူရင် အချိန်ကာလကို ကန့်သတ်ပြီး ဝန်ကြီးအဖြစ်ခန့်ထားနိုင် တယ်လို့ ဖော်ပြထားပါတယ်။

အခန်း ၄ မှာ ပြည်နယ်ရာထူးဝန်အဖွဲ့ ဖွဲ့စည်းပုံနဲ့ သူတို့ရဲ့တာဝန်ဝတ္တရားတွေကို ဖော်ပြထားပါတယ်။

အခန်း ၅ မှာ ရခိုင်ပြည်နယ်ဝန်ကြီးဟာ ရခိုင်ပြည်နယ်ကောင်စီရဲ့ ဥက္ကဋ္ဌလဲဖြစ်ရမယ်လို့ ဖော်ပြထားပါတယ်။

အခန်း ၆ မှာ ပြည်နယ်ကောင်စီဥက္ကဋ္ဌ၊ ပါလီမန်အတွင်းဝန်နဲ့ ပြည်နယ်ကောင်စီဝင် ပါလီမန်အမတ်တွေရဲ့ လုပ်ငန်းဆောင်တာတွေကို ဖော်ပြထားပါတယ်။ ဒါ့အပြင် ပြည်နယ်ဆိုင်ရာစီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ အခြားကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး ပြည်နယ်ကောင်စီကို အကြံပေးဖို့ရာ အကြံပေးအဖွဲ့ဖွဲ့စည်းဖို့လဲ ပါဝင်ပါတယ်။

အခန်း ၇ မှာတော့ ပြည်နယ်ဥပဒေပြင်ဆင်ရေးနဲ့ပတ်သက်တဲ့ လုပ်ထုံး လုပ်နည်းတွေကို ဖော်ပြထားခဲ့ပါတယ်။

## ၁၉၆၂ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(ပဋမပြင်ဆင်ချက်) ဥပဒေမူကြမ်းမှာတော့

၁၉၆၂ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (ပဋမပြင်ဆင်ချက်) မှာ စစ်တွေခရိုင်၊ ကျောက်ဖြူခရိုင်နဲ့ သံတွဲခရိုင်တွေမှာ ပါဝင်လျက်ရှိခဲ့တဲ့ ယခင်က ရခိုင်တိုင်းလို့ခေါ်တွင်ခဲ့တဲ့ နယ်မြေတွေကို ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းမှာ ပြည်ထောင်စုအဖွဲ့ဝင်နယ်အဖြစ် ဖွဲ့စည်းရမယ်၊ ပြည်ထောင်စုအဖွဲ့ဝင်နယ်ကို ဒီကာစပြီး နောင်အခါမှာ ရခိုင်ပြည်နယ်လို့ ခေါ်ရမယ်လို့ ဆိုထားခဲ့ပါတယ်။

မေယုနယ်မြေခရိုင်အဖြစ် ဖွဲ့စည်းထားခဲ့တဲ့ မောင်းတောနယ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ရသေ့တောင်မြို့နယ်က ရွာပေါင်း ၂၉ ရွာတို့မှ ပြည်နယ်သစ်မှာ မပါဘဲ သီးခြားနယ်ခြားဒေသခရိုင်အဖြစ်နဲ့ ထားရှိရမှာဖြစ်တယ်။ ဒီလို လောလောဆယ် ချွင်းချက်ထားပေမဲ့လဲ နယ်ခြားဒေသအုပ်ချုပ်ရေး ရုပ်သိမ်းလိုက်တဲ့အခါမှာ ရခိုင်ပြည်နယ်အတွင်း သွတ်သွင်းအုပ်ချုပ်ရ မှာပဲဖြစ်ပါတယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ရေး ဥပဒေကြမ်းမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခန်း ၁၀ အရ ခွင့်ပြုထားတဲ့ ပြည်နယ်တွေ ခွဲထွက်ခွင့်အခွင့်အရေးကို ရခိုင်ပြည်နယ် သစ်က အကျုံးမဝင်စေဖို့ရာ ရေးဆွဲထားပါတယ်။ ဥပဒေကြမ်းမှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အဖြစ် ရခိုင်ပြည်နယ်က လွှတ်တော်ကိုယ်စား လှယ် အမတ်တွေပါတဲ့ အစိုးရဖွဲ့စည်းဖို့ရာပါရှိပါတယ်။ ဒါပေမဲ့ ရှမ်းပြည်နယ်အစိုးရ ဖွဲ့စည်းအုပ်ချုပ်ဖို့ရာနဲ့ အနည်းငယ်ခြားနားပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၆၁ မှာ ရှမ်းပြည်နယ်နဲ့ ပတ်သက်ပြီး ပြည်နယ် အုပ်ချုပ်ခန့်ခွဲမှုကို ပြည်နယ်ဥက္ကဋ္ဌက ကြီးမှူး ရမယ်၊ ပြည်နယ်အုပ်ချုပ်မှု အာဏာကို ပြည်နယ်ဥက္ကဋ္ဌက တိုက်ရိုက် ဖြစ်စေ၊ မိမိရဲ့လက်အောက် အရာရှိတွေနဲ့ဖြစ်စေ၊ ခန့်ခွဲအုပ်ချုပ်ဖို့ရာ ပါရှိပါတယ်။

ရခိုင်ပြည်နယ်ဖွဲ့စည်းရေး ဥပဒေကြမ်းမှာတော့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၉၅ (၂) အဖြစ် ရခိုင်ပြည်နယ်အုပ်ချုပ်ခန့်ခွဲမှုမှာ ပြည်နယ်ဥက္ကဋ္ဌဟာ ရခိုင်ပြည်နယ်ဝန်ကြီးတွေနဲ့ ပူးတွဲတာဝန်ယူရမယ်။ ပြည်နယ်အုပ်ချုပ်ရေး အာဏာကို ပြည်နယ်ဝန်ကြီးတွေပါတဲ့ ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား တိုက်ရိုက်ဖြစ်စေ၊ မိမိလက်အောက်အရာရှိတွေနဲ့ ဖြစ်စေ ခန့်ခွဲအုပ်ချုပ်ဖို့ရာ ပါရှိပါတယ်။



## ရခိုင်ပြည်နယ်သစ် ပြည်ထောင်စုမြန်မာနိုင်ငံက ခွဲထွက်သင့်မသင့် ဆွေးနွေးပွဲမှာ

၁၉၆၁ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှာ ကျင်းပတဲ့ ရခိုင်ပြည်နယ် ပြင်ဆင်ရေးကော်မတီ အစည်းအဝေးမှာ ရခိုင်ပြည်နယ်ရတဲ့အခါမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်က ခွဲထွက်သင့်မသင့်၊ ခွဲထွက်ရင် အကျိုး ရှိမရှိကို အကြိုတ်အနယ်ဝေဖန် ဆွေးနွေးခဲ့ကြပါတယ်။ ရတာညသားတွဲ ဦးမောင်မေ-င်က ဆွေးနွေးတင်ပြရာမှာ မိမိအနေနဲ့ခွဲထွက်လိုတဲ့ ရည်ရွယ်ချက်မရှိပါ၊ ဒါပေမဲ့ လူမျိုးတိုင်းကို လွှတ်လပ်ခွင့်ပေးထား ပြီးမြဲလို့ ရခိုင်ပြည်နယ်ဥပဒေကြမ်းမှာ ရေ့အစဉ်အလာကိုကြည့်ပြီး ခွဲထွက်နိုင်ခွင့် ထည့်ဖို့ရာ သင့်တယ်လို့ မိမိယူဆတာ၊ ခွဲထွက်ဖို့ရာ မလွယ်ကြောင်းကိုလဲ မိမိသိတာ၊ ဒါကြောင့် ခွဲမထွက်ဆိုတဲ့ အပိုဒ်ကို မိမိကန့်ကွက်ရဲတာကို တင်ပြခဲ့ပါတယ်။ ဦးဦးရွှေထွန်းကလဲ နောင်လာနောင်သားတို့ ပြောစမှတ် မဖြစ်ရအောင် သူများနည်းတူ ခွဲထွက်ခွင့်ကို ထည့်ဖို့ရာလိုအပ်တာကို ဆွေးနွေးတင်ပြခဲ့ပါတယ်။

ပထစဦးအောင်တင်ကတော့ ခွဲထွက်ဖို့ရာမလွယ်တာ၊ တစ်နိုင်ငံလုံး ညီညွတ်မှုကို ထိခိုက်သွားနိုင်တာ၊ ခွဲထွက်တာဟာသဘောမရိုးတာ၊ ဝန်ကြီးချုပ်ဦးနုက သဘောထားကြီးကြီးနဲ့ ရခိုင်ပြည်နယ်ပေးဖို့ လုပ်နေတာ၊ ခွဲထွက်ခွင့်ကိုစွဲသာပါရင် စည်းလုံးညီညွတ်မှုကို ထိခိုက်သွား မှာဖြစ်တာ၊ မိမိအနေနဲ့ ခွဲထွက်တာကို ပြင်းပြင်းထန်ထန် ကန့်ကွက်ပါ ကြောင်းကို ပြောကြားခဲ့ပါတယ်။

ဦးလှထွန်းဖြူကလဲ ရခိုင်ပြည်နယ်ရဖို့ဆိုတဲ့အချက်ဟာ ခွဲထွက်ဖို့ စကားလုံးပါလာတာနဲ့ တစ်ပြိုင်နက်ပထစ၊ ရတာညတို့ သဘောတူ လက်ခံထားတဲ့ ဥပဒေကြမ်းတွေဟာ ရေထဲမျှောပစ်သလို ပြီးသွားနိုင်တာ၊ နောက်ထပ်ဒါမျိုးဘယ်လောက်ကြာမှာကို မမှန်းဆနိုင်တာ၊ ပြည်နယ်ရရေး

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စနဲ့ ခွဲထွက်နိုင်တယ်ဆိုတဲ့ စကားရပ်မပါတာကြောင့် ရာဇဝင်ကြွေး ဆပ်ရမယ်ဆိုပါက မိမိဆပ်ပါမယ်ဆိုပြီး ဆွေးနွေးတင်ပြခဲ့ပါတယ်။

ဦးမောင်စိန်ကလဲ ရာဇဝင်ကြွေးကိုပဲ ခံရခံရ ရခိုင်ပြည်နယ်ရရေး အတွက် ဦးမောင်မောင်ရဲ့အဆိုကို မိမိလုံးဝမထောက်ခံနိုင်တာ၊ ပြည်နယ် ရရှိရေးမှာ အရေးကြီးတာကြောင့် ခွဲထွက်ခွင့်ကို မလိုလားအပ်တာကို တင်ပြခဲ့ပါတယ်။

နှစ်ဖက်အချေအတင် ဆွေးနွေးပြီးနောက်ပိုင်း အဆိုရှင် ဦးမောင် မောင်က အလျှော့ပေးလိုက်ပြီး သူရဲ့သဘောထားကိုသာ မှတ်တမ်း တင်စေလိုတာကို ပြောကြားခဲ့ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံက ရခိုင်ပြည်ခွဲမထွက်တာ အများသဘောတူဆုံးဖြတ်ချက်ကို ချမှတ်နိုင်ခဲ့ပါ တော့တယ်။

ရခိုင်ပြည်နယ်ပြင်ဆင်ရေးကော်မတီက ရေးဆွဲတဲ့ ရခိုင်ပြည်နယ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (ပဉ္စမပြင်ဆင်ချက်) ဥပဒေကြမ်းတို့ကို ၁၉၆၁ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့မှာ ရခိုင်ရေးရာဝန်ကြီး ဦးဘမြင့်က နိုင်ငံတော်ဝန်ကြီးချုပ်ထံ တင်ပြခဲ့ပါတယ်။ အဲဒီနေ့မှာပဲ နိုင်ငံတော်ဝန်ကြီးချုပ်က အဆိုပါဥပဒေကြမ်း နှစ်ရပ်ကို ဥပဒေပါအချက်အလက်တွေ စစ်ဆေးဖို့ရာအတွက် တရားရေးရာဌာနဝန်ကြီး ဒေါက်တာ ဦးဧမောင်ကို လွှဲအပ်လိုက်ပါ တော့တယ်။

## ရခိုင်ပြည်နယ်ပေးရေး ဥပဒေကြမ်းတွေကို ကန့်ကွက်မှုတွေ

ရခိုင်ပြည်နယ်ပေးရေး ဥပဒေကြမ်းတွေကို တရားရေးဝန်ကြီး ဌာနဝန်ကြီး ဒေါက်တာဦးဧမောင်က ခေလ့လာနေစဉ် မှာပဲ ၁၉၆၁ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့မှာ ဘူးသီးတောင်၊ မောင်တောမြို့က လွှတ်တော်အမတ်တွေဖြစ်ကြတဲ့ မစ္စတာဆူလတန်မာမွတ်၊ မစ္စတာ အဘူလ်ဘော်ရှေရယ်၊ မစ္စတာရာရှစ်နဲ့ မစ္စတာအဘူခိုင်တို့က ဝန်ကြီး ဒေါက်တာ ဦးဧမောင်နဲ့ လာရောက်တွေ့ဆုံ ဆွေးနွေးခဲ့ကြပါတယ်။ အမတ်တွေရဲ့ခေါင်းဆောင် မစ္စတာဆူလတန် မာမွတ်က ရခိုင်ပြည်နယ် ဖွဲ့စည်းတဲ့အခါ ဘူးသီးတောင်၊ မောင်တော နယ်မြေကို ရခိုင်ပြည်နယ်ထဲသို့ မထည့်သွင်းရန်တင်ပြပါတယ်။ ဒါ့အပြင်မေယု ခရိုင်အုပ်ချုပ်ရေးမှာ ပါဝင်နေတဲ့ ရသေ့တောင်က သူကြီးအုပ်စု ကျေးရွာ ၂၉ ရွာကိုလဲပဲ ထိုသူတို့မဲဆန္ဒပေးမှုပဲ ရခိုင်ပြည်နယ်ထဲသို့ ပါစေလိုတာကို တင်ပြခဲ့ပါတယ်။



ရခိုင်တိုင်းရင်းသား မူဆလင်အဖွဲ့ချုပ်ကလဲ ရခိုင်ပြည်နယ် ဖော်ထုတ်ရေးနဲ့ပတ်သက်ပြီး ရခိုင်ပြည်နယ်ပြင်ဆင်ရေးကော်မတီက အစိုးရထံတင်ပြထားတဲ့ ပြည်နယ်ဖွဲ့စည်း အုပ်ချုပ်ပုံဥပဒေကြမ်းကို ကန့်ကွက်ကြောင်း တရားရေးဌာနဝန်ကြီး ဒေါက်တာဦးဧမောင်ထံ စာတစ်စောင်ပေးပို့ခဲ့ပါတယ်။ အဲဒီစာမှာ ရခိုင်အမျိုးသားပေါင်းစုံတို့ရဲ့ နူလရပိုင်ခွင့်တွေ ရခိုင်ပြည်နယ်ဥပဒေကြမ်းမှာ လုံးဝထည့်သွင်းထား တာမရှိတာ၊ ပြည်နယ်အာဏာကို လက်တစ်ဆုပ်စာ လူတစ်စုလက်ထဲ မှာသာ ထားရှိတာ၊ ဝန်ကြီးချုပ်ရဲ့မူနဲ့ ဆန့်ကျင်နေတာ၊ ရခိုင်တိုင်းရင်း သားမူဆလင်တွေ၊ ရခိုင်ရှိချင်း၊ ခမီ၊ ဒိုင်းနက်အမျိုးသားတွေရဲ့အခွင့် အရေးတွေ မပါရှိတာတို့ကြောင့် ရခိုင်ပြည်နယ်ဥပဒေကြမ်းကို ကန့်ကွက်ရတာဖြစ်ကြောင်း ဖော်ပြထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ရခိုင်ပြည်နယ်ဥပဒေကြမ်းမှာ ခွဲထွက်ခွင့်မပါရှိတာကို ကန့်ကွက်မှုတွေ

ရခိုင်ပြည်နယ်ပေးရေး ဥပဒေကြမ်းတွေကို ဘူးသီးတောင်၊ မောင်တောက မွတ်ဆလင်အမတ်တွေက ဦးဆောင်ပြီး ကန့်ကွက်မှုတွေပေါ်ပေါက်နေစဉ်မှာပဲ ရခိုင်ပြည်နယ်ဥပဒေကြမ်းမှာ ခွဲထွက်ခွင့်ထည့်သွင်းတာမရှိတာနဲ့ပတ်သက်ပြီး မကျေနပ်မှုတွေ ဖြစ်ပွားခဲ့ပြန်ပါတယ်။ ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့မှာ စစ်တွေမြို့၊ စစ်ကဲကျောင်းတိုက်မှာ ရခိုင်ပြည်ဝတီလေးရပ် သံဃာ့သာမဂ္ဂီအမှူးဆောင်ဆရာတော်တွေရဲ့ အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ကြပါတယ်။ အဲဒီ အစည်းအဝေးမှာ စစ်ကဲဆရာတော်က သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပါတယ်။ လရောင်ဝင်းဆရာတော်က အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ ဆရာတော်တွေက ရခိုင်ပြည်နယ်ပြင်ဆင်ရေးကော်မတီက ရေးဆွဲထားတဲ့ ရခိုင်ပြည်နယ်ဥပဒေကြမ်းမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်က ခွဲထွက်ရန်ဆိုတဲ့အချက်ထည့်သွင်းထားတာ မရှိတာကြောင့် နောင်အခက်အခဲနဲ့ကြုံလာတဲ့အခါ ရခိုင်ပြည်နယ်ဟာ ပြည်မက ခွဲထွက်နိုင်ခွင့်ရာသက်ပန် မရဘဲဖြစ်သွားမယ့်အချက်ကို ကန့်ကွကကာဆုံးဖြတ်ခဲ့ကြပါတယ်။

အလားတူပဲ ရခိုင်တိုင်းရင်းသား သွေးစည်းညီညွတ်ရေးအဖွဲ့ကလဲ ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှာ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီကြေညာချက်မှာ မိမိတို့ ရခိုင်တိုင်းရင်းသား သွေးစည်းညီညွတ်ရေးအဖွဲ့က ရခိုင် အမျိုးသား ညီလာခံတစ်ရပ်ကျင်းပပေးဖို့ရာနဲ့ ရခိုင်ပြည်နယ် ဥပဒေကြမ်းမှာ ခွဲထွက်ခွင့်ထည့်သွင်းပေးဖို့ရာ



ရခိုင်ပြည်နယ် ပြင်ဆင်ရေးကော်မတီကို တောင်းဆိုထားတာတွေဖော်ပြပါရှိပါတယ်။

## ရခိုင်ပြည်နယ်ဥပဒေကြမ်းတွေကို အစိုးရအဖွဲ့ထံတင်ပြမှု

ဝန်ကြီးချုပ်ဦးနုဟာ ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့မှာ အာဖရိကတိုက်ခရီးစဉ်ကို စတင်ထွက်ခွာသွားခဲ့တယ်။ ဝန်ကြီးချုပ် ပြည်ပခရီးထွက်ခွာမသွားမီ ရခိုင်ပြည်နယ်ဖွဲ့စည်းရေးအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ရေးဥပဒေကြမ်း ရေးဆွဲရန် တာဝန်ပေးထားတဲ့ ဥပဒေပြင်ဆင်ရေးကော်မတီက ဝန်ကြီးချုပ်ဦးနုကို ဥပဒေကြမ်းကို တင်ပြဆွေးနွေးခဲ့ပါတယ်။ ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့မှာ ရခိုင်ပြည်နယ်ထူထောင်ဖွဲ့စည်းရေးအတွက် ပြင်ဆင်ရေး ကော်မတီက တင်ပြထားတဲ့ ဥပဒေကြမ်းကို တရားရေး ရာဌာနဝန်ကြီး ဒေါက်တာဦးဧမောင်က လိုအပ်တဲ့မှတ်ချက် တွေ ရေးသားပြီး အစိုးရအဖွဲ့သို့ တင်ပြခဲ့ပါတယ်။ ဒေါက်တာဦးဧမောင် ဟာ ဝန်ကြီးချုပ်ရဲ့တာဝန်ပေးအပ်ချက်အရ မေယုခရိုင်နဲ့ ရခိုင်ပြည်နယ်တွင်းက မွတ်ဆလင်လူနည်းစုတွေရဲ့ သဘောထားတွေကို လေ့လာပြီးတဲ့နောက် သူတို့ရဲ့ထင်မြင်ချက်တွေကိုပါ ရေးသားပြီးစီးသွား ခဲ့တဲ့နောက်ပိုင်းမှာ အစိုးရအဖွဲ့ထံတင်ပြခဲ့ပါတယ်။ ရခိုင်ပြည်နယ် ဖွဲ့စည်းထူထောင် ရေးဥပဒေကြမ်းကို ဖေဖော်ဝါရီလ လွှတ်တော်မှာ တင်သွင်းရမှာပဲ ဖြစ်ပါတယ်။

**ရခိုင်ရေးရာဝန်ကြီးရာထူးနဲ့ပတ်သက်ပြီး ရတညပါတီအတွင်း သဘောထားကွဲပြားမှုမှာ**

ရခိုင်ပြည်နယ်ဖွဲ့စည်းထူထောင်ရေး ဥပဒေကြမ်းကို အစိုးရအဖွဲ့ထံ တင်သွင်းပြီးနောက်ပိုင်းမှာ ပြဿနာတစ်ရပ် ပေါ်ပေါက်ခဲ့ပြန်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီပြဿနာမှာ ရခိုင်ပြည်နယ်ရရှိရေး အတွက် အဓိကထား ဆောင်ရွက်ခဲ့တဲ့ ရတညအဖွဲ့ချုပ်အမှုဆောင် အဖွဲ့ရဲ့ ဆုံးဖြတ်ချက်အရ ရခိုင်ရေးရာဝန်ကြီးနေရာကို ဦးဘမြိုင်နဲ့ ဦးကျော်မင်းတို့က ရှစ်လစီ ခွဲဝေယူပြီး ဆောင်ရွက်သွားရန် နှစ်ဦး သဘောတူ လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ရာ ဦးဘမြိုင်ဟာ ၁၉၆၁ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့မှာ ရခိုင်ရေးရာဝန်ကြီးအဖြစ် တာဝန်ယူခဲ့တာမှာ ရှစ်လပြည့်တော့မှာ ဖြစ်ပါတော့တယ်။ ဒါပေမဲ့ ဝန်ကြီးဦးဘမြိုင်ဟာ ရာထူးတည်မြဲရေးကို ဆောင်ရွက်သွားဖို့ရာ စိုင်းပြင်းနေတယ်ဆိုတဲ့ သတင်းထွက်ပေါ်လာတာကြောင့် ဦးဘမြိုင်အုပ်စုနဲ့ ဦးကျော်မင်းအုပ်စုတို့ သဘောထားကွဲပြားလာခဲ့ တယ်။ ဒီလိုသဘောထားကွဲပြားမှုကြောင့် ရတညအဖွဲ့ခေါင်းဆောင် အချင်းချင်း တစ်ဖက်နဲ့တစ်ဖက် မပြေလည်မှုတွေ ပေါ်ပေါက်လာခဲ့တယ်။ ရတညအဖွဲ့ချုပ်မှာ တစ်နေ့တခြားအက်ကြောင်းထင်လာခဲ့ တယ်။ ဦးဘမြိုင်နဲ့ ဦးကျော်မင်းဟာ တစ်ဦးအပေါ်တစ်ဦး စွပ်စွဲမှုတွေ၊ ပုတ်ခတ်မှုတွေ ပြုလုပ်ခဲ့ကြတယ်။ ၁၉၆၂ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့မှာ ကျင်းပတဲ့ ရခိုင်ပြည်နယ်ပြင်ဆင်ရေး ကော်မတီ အစည်းအဝေးမှာတော့ ဦးဘမြိုင်က လက်ရှိရခိုင်ရေးရာ ဝန်ကြီးအဖြစ်က သူနုတ်ထွက်တော့မှာဖြစ်တာကြေညာခဲ့ပါတယ်။ ဇန်နဝါရီလ ၁၁ ရက်နေ့မှာ ဝန်ကြီးဦးဘမြိုင်ဟာ ဝန်ကြီးချုပ်ထံသို့ မိမိရဲ့နုတ်ထွက်စာကို ပေးပို့ခဲ့ပါတယ်။

ရခိုင်ရေးရာဝန်ကြီး ဦးဘမြိုင်နုတ်ထွက်စာတင်ပြီးတဲ့နောက် ရခိုင်ရေးရာဝန်ကြီးအဖြစ် ဦးကျော်မင်းကို ဦးဘမြိုင်နုတ်ထွက်သွားတဲ့ နေ့ကစပြီး ခန့်ထားပါဖို့ရာ ရတညအဖွဲ့ချုပ် ဥက္ကဋ္ဌဦးမောင်ကျော်ဓံက ပေးပို့ခဲ့ပါတယ်။



ရခိုင်ရေးရာဝန်ကြီး ခန့်ထားရေးကိစ္စပြဿနာပေါ်နေစဉ် ကျောက်ဖြူက ရခိုင်တိုင်းရင်းသား မူဆလင်အဖွဲ့ချုပ်က ရခိုင်ပြည်နယ် ဖွဲ့စည်းပေးရင် မွတ်ဆလင်အမျိုးသားတစ်ဦးကို ဝန်ကြီးရာထူး တစ်နေရာ ပေးဖို့ရာ ပထစအစိုးရက ရခိုင်ပြည်မှာ မွတ်ဆလင်တို့ကို ဝန်ကြီးရာထူးပေးခဲ့ရင် ပြည်မမှာရှိတဲ့ မွတ်ဆလင်တွေကလဲ တောင်းဆိုလာကြမှာပဲဖြစ်ပါတယ်။ ဒါ့အပြင်အခြားပြည်နယ်တွေက မွတ်ဆလင်တွေကပါ တောင်းဆိုလာကြမှာကို စိုးရိမ်ရတာကို အကြောင်းပြုပြီး တင်ပြမှုကို ငြင်းပယ်လိုက်ပါတယ်။

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့သစ်ကို ယာယီဖွဲ့စည်းဖို့ရာ ညှိနှိုင်းမှုမှာ

ရခိုင်ပြည်နယ်ပေးရေးအတွက် ၁၉၆၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှာ တင်သွင်းမယ့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ချက်အရ ရခိုင်ပြည်နယ်အစိုးရသစ်ကို ဖွဲ့စည်းရမှာဖြစ်ပါတယ်။ ဒါကြောင့် ရတညနဲ့ပထစအဖွဲ့တွေဟာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သစ်ကို ယာယီဖွဲ့စည်းဖို့ရာ ညှိနှိုင်းခဲ့ကြပါတယ်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သစ်မှာ ပြည်နယ်ဥက္ကဋ္ဌ ဦးမောင်ကျော်ဓံ၊ ဒုတိယဥက္ကဋ္ဌ ဦးဘိုးလူ(ရတည)၊ ကောင်စီသဘာပတိ ဦးစံထွန်းခိုင် (ရတည)၊ ပြည်ထဲရေးနဲ့ပြန်လည်နေရာချထားရေးဝန်ကြီး ဦးဖော်သင် (ရတည)၊ ဘဏ္ဍာရေးနဲ့ အခွန်တော်ဝန်ကြီးဦးကျော်မင်း (ရတည)၊ လယ်ယာစိုက်ပျိုးရေး ဝန်ကြီး ဦးမောင်ဦးကျော်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေကြိုင် (ပထစ)၊ သမဝါယမနဲ့ကုန်စည်ဖြန့်ဖြူးရေးဝန်ကြီး ဦးကျော်တင့် (ပထစ)နဲ့ လက်ရှိဝန်ကြီး ဦးဘမြိုင်ကို ဝန်ကြီးရာထူး တစ်နေရာ ပေးဖို့ရာ ချထားခဲ့ပါတယ်။ ပါလီမန်အတွင်းဝန်အဖြစ် ဦးရွှေသိး (မြေပုံ)

www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ဦးမောင်ကျော်ခိုင် (မင်းပြား) ကိုပေးဖို့ရာ လျာထားခဲ့ပါတယ်။

### ဝန်ကြီးချုပ်ဦးနုနဲ့ ရခိုင်ရေးရာဝန်ကြီးရွေးချယ်မှုပြဿနာမှာ

ဝန်ကြီးချုပ်ဦးနု နိုင်ငံခြားက ပြန်ရောက်လာပြီး နောက်ပိုင်းမှာ ရခိုင်ရေးရာ ဝန်ကြီးရွေးချယ်ဖို့ရာကိစ္စနဲ့ ပတ်သက်ပြီး အဆုံးအဖြတ်ပေးဖို့ရာ လိုအပ်လာခဲ့ပါတယ်။ ဝန်ကြီးချုပ်ဦးနုက ဝန်ကြီးဦးဘမြိုင်ရဲ့ နုတ်ထွက်စာကို လက်မခံပါ။ စစ်တွေအမတ် ဦးကျော်မင်းက ရခိုင်ရေးရာ ဝန်ကြီးအဖြစ် ခန့်ထားဖို့ရာ ရတနာညဥက္ကဋ္ဌရဲ့ တောင်းဆိုချက်ကိုလဲ ဦးနုက ပယ်ချလိုက်ပါတယ်။ ၁၉၆၂ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့ မွန်းလွဲပိုင်းမှာ ဝန်ကြီးဒေါက်တာဦးဧမောင်ရဲ့ရုံးခန်းမှာ ဝန်ကြီးစဝ်ဝဏ္ဏ၊ ဝန်ကြီးဦးဇာရဲလျှန်နဲ့ ဝန်ကြီးဒေါက်တာစောလှထွန်းတို့ဟာ ဦးကျော်မင်းတို့နဲ့တွေ့ဆုံပြီး ဝန်ကြီးရာထူးမယူဖို့ရာ မေတ္တာရပ်ခံရာ ဦးကျော်မင်းက လက်မခံပါ။ ဇန်နဝါရီ ၂၃ ရက်နေ့မှာ ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ ဦးကျော်မင်းက ဦးဘမြိုင်တင်သွင်းတဲ့ နုတ်ထွက်စာကို ဝန်ကြီးချုပ်က လက်မခံရင် ဝန်ကြီးချုပ်ဟာ ရတနာအဖွဲ့ရဲ့ အတွင်းရေးကိစ္စတွေမှာ ဝင်ရောက်စွက်ဖက်ရာ ရောက်တာကြောင့် ရတနာအဖွဲ့နှစ်ခြမ်းကွဲအောင် ပြုလုပ်တာပဲဖြစ်တာလို့ ဦးကျော်မင်းက ပြောကြားခဲ့ပါတယ်။

ပြီးရခိုင်ရေးရာဝန်ကြီး ခန့်အပ်ရေးကိစ္စနဲ့ပတ်သက်ပြီး အငြင်းပွားမှုဖြစ်ပွားနေခဲ့ပေမယ့်လဲ ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှာ ကျင်းပတဲ့ ဝန်ကြီးအဖွဲ့အထူးအစည်းအဝေးက ရခိုင်ပြည်နယ်ဥပဒေကြမ်းကို လက်ခံလိုက်ကြပါတယ်။



ဝန်ကြီးချုပ်ဦးနုဟာ ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှာ လွှတ်တော်က ဝန်ကြီးချုပ်ရုံးခန်းမှာ ရခိုင်ရေးရာဝန်ကြီးဦးဘမြိုင်နဲ့ ဦးကျော်မင်းတို့ နှစ်ဦးကို ခေါ်ယူတွေ့ဆုံခဲ့ပါတယ်။ ဒီလိုတွေ့ဆုံရာမှာ ဦးနုက ရခိုင်ရေးရာဝန်ကြီး ဦးဘမြိုင်ကို ဆက်လက်ခန့်ထားတာဟာ ရတနာပြိုကွဲဖို့ရာဆန္ဒနဲ့ ဆက်လက်ခန့်ထားတာ မဟုတ်တာ၊ အခြေအနေအရ ခန့်ထားရတာဖြစ်တာ၊ ရခိုင်ပြည်နယ်ဥပဒေကြမ်းကို ယခုပါလီမန်မှာ တင်သွင်းအတည်ပြုပြီးပါက ရခိုင်ပြည်နယ်ဥက္ကဋ္ဌကို အများစုက ရွေးချယ် တင်မြှောက်တဲ့မှုကို လက်ခံရမှာဖြစ်တာ၊ ဦးကျော်မင်းအပေါ် မိမိအနေနဲ့ အာဃာတမရှိတာပါ ဦးနုကပြောကြားခဲ့ပါတယ်။

### ဖဆပလဥက္ကဋ္ဌဦးဗဆွေထံက ဝန်ကြီးချုပ်ထံပေးစာ

ရခိုင်ပြည်နယ် ဖွဲ့စည်းထူထောင်ရေးဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းဖို့ရာ ရက်နီးကပ်လာချိန်မှာ ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှာ ဖဆပလဥက္ကဋ္ဌဦးဗဆွေက ဝန်ကြီးချုပ်ဦးနုထံ စာတစ်စောင်ပေးပို့ခဲ့ပါတယ်။ အဲဒီစာမှာ ဦးဗဆွေက မိမိဖေဖော်ဝါရီလ ၂၄ ရက်နေ့က မော်လမြိုင်က ပြန်လာပြီးတဲ့နောက် ရှမ်းမူနီးနောဖလှယ်ပွဲအကြောင်း ကြားသိရတာကြောင့် အလွန်စိတ်ထိခိုက်ရပါတယ်။ ပြည်နယ်ခေါင်းဆောင်တွေရဲ့ မိန့်ခွန်းတွေကို ဖတ်ရှုကြည့်ရာမှာလဲ အလို့ပဲစိတ်ထိခိုက်ရပါတယ်။ ပြည်နယ်ခေါင်းဆောင်အချို့က ရာဇသံဆေးထားတဲ့ ဖက်ဒရယ်မှုကို ပြီးပြတ်အောင်မရှင်းလင်းနိုင်မီ ရခိုင်၊ မွန်အစရှိတဲ့ ပြည်နယ်သစ်တွေ ဖွဲ့စည်းရေးကိစ္စတွေကို လွှတ်တော်မှာ ဆွေးနွေးဝေဖန်တာတွေ လုပ်လို့ ကောင်းပါ့မလားလို့ မိမိစိုးရိမ်ပါတယ်။ ဝန်ကြီးချုပ်က ရခိုင်နဲ့မွန်ပြည်နယ်ကိစ္စတွေကို လွှတ်တော်သို့ မတင်

www.burmeseclassic.com



မဖြစ်လို့ ယူဆတဲ့တိုင်အောင် တစ်ပြည်လုံးရဲ့ဖွဲ့စည်းပုံ အခြေခံမှု တွေကို နေသားတကျ စိတ်ချလက်ချရှိစေပြီးမှသာ ပြုသင့်ပါတယ်လို့ မိမိ ယူဆပါတယ်။ ဒါကြောင့်ရခိုင်၊ မွန်ဥပဒေကြမ်းတင်ရေး၊ မတင်ရေး ကိစ္စကို ယခုဖက်ဒရယ်မူ နှီးနှောဖလှယ်ပွဲ ပြီးပြတ်တဲ့အထိ ဆိုင်းငံ့ပေးဖို့ရာ အလေးအနက် မေတ္တာရပ်ခံပါကြောင်း ဖော်ပြထားပါတယ်။

ဦးဗဆွေထံက ဝန်ကြီးချုပ်ထံ ပေးပို့တဲ့စာဟာ အကျိုးသက်ရောက် မှုရှိတယ်လို့ ဆိုနိုင်ပါတယ်။ ကျင်းပဆဲပါလီမန်အစည်းအဝေးမှာ ရခိုင် ပြည်နယ်ဥပဒေကြမ်းကို တင်သွင်းဖို့ရာ စီစဉ်ထားရာမှာ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှာ ဝန်ကြီးချုပ်ရဲ့ညွှန်ကြားချက်အရ တရားရေးဌာနက ဥပဒေကြမ်းကိုမတင်ဘဲ ပြန်လည်ရုပ်သိမ်းလိုက်တယ်။ ပြည်ထဲရေးဝန်ကြီး ဌာနကလဲ ပါလီမန်အမတ်အားလုံးကို ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့၊ မွန်းလွဲပိုင်းပါလီမန်စစချင်း ရခိုင်ပြည်နယ်ဥပဒေကြမ်းကို တင်သွင်းဖို့ရာ အစီအစဉ်ကို ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်တယ်လို့ အကြောင်းကြားခဲ့ပါတယ်။

ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှာပဲ ရခိုင်ပြည်နယ်ဥပဒေကြမ်း ပြဋ္ဌာန်းရေးကိစ္စနဲ့ စပ်လျဉ်းပြီး ဝန်ကြီးချုပ်ဦးနုရဲ့နေအိမ်မှာ ပထစထ ဝန်ကြီးချုပ်ဦးနု၊ ဝန်ကြီးသခင်တင်၊ ဝန်ကြီးဒေါက်တာဦးမောင် ဖဆပလက ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ သခင်သာခင်၊ ရတညက ဝန်ကြီး ဦးဘမြိုင်၊ ဦးမောင်ကျော်ဓံ၊ ဦးလှထွန်းဖြူတို့ ဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးပွဲမှာ ပထမဦးစွာဝန်ကြီးချုပ်ဦးနုက ရခိုင်ပြည်နယ်ဖွဲ့စည်းရေး ဥပဒေကြမ်းကို ယခုကျင်းပဆဲ ပြည်သူ့လွှတ်တော်ပါလီမန်မှာ တင်သွင်း ပေးနိုင်မှာ မဟုတ်တာကိုပြောကြားပြီး ဖြစ်ပေါ်လာတဲ့ ပြဿနာအရပ်ရပ် တွေနဲ့ ပတ်သက်ပြီး အကျိုးအကြောင်းကို ရှင်းလင်းတင်ပြခဲ့ပါတယ်။



ဖဆပလကိုယ်စားလှယ်တွေကလဲ ရခိုင်ပြည်နယ်နဲ့မွန်ပြည်နယ်ကို ဖက်ဒရယ်မူကိစ္စ ပြဿနာပေါ်နေချိန်မှာ ဖွဲ့စည်းမပေးသင့်တာ၊ ယခု ဖွဲ့စည်းပြီး ပြည်နယ်လေးငါးခုပင်လျှင်လဲ ပြည်ထောင်စုကြီးကို လည်မျို ညှစ်နေတာ၊ ပြည်နယ်သစ်တွေ ထပ်မံဖွဲ့စည်းပေးရင် ပိုမိုဆိုးရွားလာနိုင် တာ၊ ယခုဖက်ဒရယ်မူဆွေးနွေးပွဲမှာ ပြည်နယ်ခေါင်းဆောင်တွေဟာ ပြည်ထောင်စုအပေါ် ခြိမ်းခြောက် ပြောဆိုချက်တွေသာမက အခြား လုံလောက်တဲ့ စာရွက်စာတမ်းတွေကိုပါ တွေ့ရှိထားတာတွေကို သက်သေသာဓကနဲ့ တင်ပြကန့်ကွက်ဆွေးနွေးခဲ့ကြပါတယ်။

ရတညကိုယ်စားလှယ်တွေကတော့ မိမိတို့ရခိုင်ပြည်နယ်ဖွဲ့စည်း ရေးကို အစစအရာရာ ဆောင်ရွက်ပြီးစီးပြီးလို့ ခရီးဆုံးခန်းရောက်လုနီးမှ ယခုကဲ့သို့ ဟန့်တားကန့်ကွက်တာမှာ မသင့်လျော်တာ၊ ယခုတင်သွင်း မယ့် ဥပဒေကြမ်းကို ဆက်လက်အတည်ပြု ပြဋ္ဌာန်းပေးသင့်တာ၊ ဒါပေမဲ့ အဲဒီဥပဒေပြဋ္ဌာန်းပြီးပေမယ့် ပြည်နယ်ဖွဲ့စည်းရေးကိစ္စကို ရပ်ဆိုင်းထားရင် ဖြစ်နိုင်တာပဲလို့ တင်ပြကြပါတယ်။

အဲဒီရတညကိုယ်စားလှယ်တွေရဲ့ တင်ပြချက်နဲ့ပတ်သက်ပြီး ဖဆပလကိုယ်စားလှယ်တွေက ရတညအနေနဲ့ဖက်ဒရယ်မူကို ကန့်ကွက် မှာလားလို့ မေးမြန်းခဲ့ပါတယ်။ ရတညအနေနဲ့ကန့်ကွက်မယ်ဆိုပါက စဉ်းစားနိုင်ဖွယ်ရှိမယ်လို့ ပြန်လည်တင်ပြဆွေးနွေးပါတယ်။

ရခိုင်ပြည်နယ် အက်ဥပဒေကြမ်းကို ကျင်းပဆဲပါလီမန်မှာ မတင်သွင်းဘဲ ရွှေ့ဆိုင်းလိုက်တာနဲ့ပတ်သက်ပြီး ပမညတက ပြင်းပြင်း ထန်ထန် ကန့်ကွက်ကြောင်း ၁၉၆၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အဲဒီကြေညာချက်မှာ ပြည်နယ် ကိစ္စနဲ့ပတ် သက်ပြီး တွေ့ဆုံဆွေးနွေးပွဲကျင်းပပြီး လူမျိုးစု အချင်းချင်း တစ်ဦးနဲ့တစ်

www.burmeseclassic.com

www.burmeseclassic.com



ဦး ပိုမိုယုံကြည်မှုရှိလာဖို့ရာနဲ့ ပြည်ထောင်စု စိတ်ဓာတ်ရှိဖို့ရာ လုပ်ဆောင်နေချိန်မှာ ယခုကဲ့သို့ ရွေးဆိုင်းလိုက်တာမှာတော့ ပိုမိုသံသယကိုရှိစေတယ်လို့ ယုံကြည်တာ၊ အစိုးရက ပါလီမန်မှာ တင်သွင်းဖို့ရာ စီစဉ်ပြီးမှ နိုင်ငံရေးပါတီတစ်ခုရဲ့ ခေါင်းဆောင်တစ်ဦးက တောင်းဆိုလို့ ရပ်သိမ်းခဲ့တာမှာ လူထုကို စော်ကားရာရောက်တာ၊ အစိုးရရဲ့သိက္ခာကိုလဲ ကျဆင်းစေတော့တာ၊ ဒါ့အပြင် ဖက်ဒရယ်မှုကို မြန်မာနိုင်ငံမှာ ပြုလုပ်သင့်မသင့်ပြေပြေလည်လည် ဆွေးနွေးဖြေရှင်းရမယ့်အစား အကျပ်ကိုင်ရာရောက်တာလို့ ဖော်ပြထားပါတယ်။

ပမညတရဲ့ကြေညာချက်မှာပဲ ပမညတဟာ ပြည်ထောင်စုသားအချင်းချင်း သံသယပိုမိုကြီးမားလာမှာကို မလိုလားတာ၊ ပါလီမန်နဲ့ အစိုးရရဲ့ဂုဏ်သိက္ခာပျက်မှာကိုလဲ မလိုလားတာ၊ ပြည်နယ်တွေနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲမှာ ပိုပြီးအခက်အခဲရှိပြီး ပထစအစိုးရကို ထိခိုက်လာရင် လူမျိုးစုတွေအပေါ် ဗမာတွေက ဖိနှိပ်တယ်လို့ ထင်မြင်လာရင် ဖဆပလရဲ့နောက်လိုက် ပထစရဲ့တာဝန်သာပဲ ဖြစ်တယ်လို့ ပမညတက အတိအလင်း ကြေညာတာလို့ ဖော်ပြထားခဲ့တယ်။

ရခိုင်ပြည်နယ်ဥပဒေကြမ်း တင်သွင်းရေးကို ရက်ရွှေ့ဆိုင်းထားရေးနဲ့ပတ်သက်ပြီး ပထစ၊ ဖဆပလ၊ ရတညခေါင်းဆောင်တွေ အကြိတ်အနယ်ဆွေးနွေးနေစဉ်မှာပဲ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှာ တပ်မတော်က နိုင်ငံတော်အာဏာကို ရယူလိုက်တာကြောင့် ရခိုင်ပြည်နယ်ဖွဲ့စည်းရေးအစီအစဉ်မှာလဲရပ်ဆိုင်းသွားခဲ့ရပြန်တော့တယ်လေ။

"စကားလုံးများဟာ လက်နက်တွေပဲ ဖြစ်တယ် ”

(စတာလင်)



## (၁၀) ရခိုင်နဲ့ကိုယ်ပိုင်အုပ်ချုပ်ရေးအကြောင်း

"ကြီးမားတဲ့ရည်မှန်းချက်ကို ဖော်ဆောင်တဲ့အခါမှာ
ရှုံးနိမ့်သွားတာလောက် အခံရခက်တာဟာမရှိ ”

(ဗွန်တီ)

မိမိစာအုပ်တစ်အုပ်ဖတ်မိနေခဲ့ရပါတယ်သမိုင်းတစ်ဝတ်လည်မှုပါ။ အဲဒီမှာ မိမိမှတ်မိသလောက်တင်ပြရရင်တော့....

(အမှာစာ)

"ရခိုင်လူမျိုးနဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေး"စာအုပ်ကို ထုတ်ဝေရတာမှာ၊ ဒုတိယကမ္ဘာစစ်ကြီးအပြီး တိုင်းငယ်၊ ပြည်ငယ်၊ လူမျိုးငယ်အသီးသီးတို့မှာ မိမိတို့သဘောကျရာ မိမိတို့တိုင်းပြည်ကို အုပ်ချုပ်နိုင်တဲ့အခွင့်အရေးတွေ ရရှိလာတဲ့အားလျော်စွာ၊ ရခိုင်ပြည်ရှိ ရခိုင်လူမျိုးတွေကလဲ မိမိတို့တိုင်းပြည်ကို မိမိတို့သဘောကျ ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိရန်ရည်ရွယ်ပြီး ထုတ်ဝေရတာဖြစ်တယ်။

ရခိုင်လူမျိုးတွေက နှစ်ပေါင်း-၅၀၀၀ (ငါးထောင်)ခန့် ကိုယ့်မင်း၊ ကိုယ့်ချင်း၊ ကိုယ့်ဘုရင်နဲ့ အုပ်ချုပ်လာခဲ့ကြတဲ့ လူမျိုးတွေဖြစ်တဲ့အပြင် အဲဒီအချိန်အခါက ရခိုင်ပြည်နဲ့ရခိုင်လူမျိုးတွေဟာ မိမိတို့တိုင်းပြည်ရဲ့စည်ပင်ဝပြောတာ၊ လူမျိုးတွေတိုးတက်ကြီးပွားတာ၊ သာသနာနဲ့ဘာသာစည်ပင်ဖွံ့ဖြိုးတာစတဲ့ အကျိုးတရားတွေကို အတူတူခံစားကြရတဲ့ လူမျိုးတစ်မျိုးဖြစ်တာကို ရာဇဝင်သက်သေ သာဓကတွေနဲ့ အမှန်ထင်ရှားစွာ ရှိခဲ့ကြပါတယ်။

ဒါပေမဲ့ ကံအကြောင်းမလှသဖြင့် ဗြိတိသျှအင်္ဂလိပ်တို့ရဲ့လက်အောက်သို့ ကျရောက်ခံခဲ့ကြရတာမှာ ရခိုင်လူမျိုးတွေရဲ့ စည်းလုံး

www.burmeseclassic.com

www.burmeseclassic.com



ညီညွတ်မှု ပျက်ပြားခဲ့ရတာကြောင့် **နှစ်ပေါင်း ၁၀၀ ခန့်** ကိုလိုနီကျွန်ဘဝနဲ့ အုပ်ချုပ်တာကို ခံခဲ့ကြရတာဖြစ်ပါတယ်။

လူမျိုးတစ်မျိုးတို့ရဲ့တိုးတက်တာ၊ ဆုတ်ယုတ်တာဟာ ထိုလူမျိုးတွေရဲ့ စည်းလုံးညီညွတ်မှု ကင်းမဲ့တာကြောင့်ပဲ ဖြစ်ပါတယ်။ ရခိုင်ပြည်ဟာ ထီးပြိုင်၊ နန်းပြိုင်ဖြစ်တဲ့ ဗမာပြည်နဲ့စစ်ကြိမ်ကြိမ် ဖြစ်ခဲ့တာမှာလဲ ရခိုင်လူမျိုးတို့ရဲ့အသားထဲမှ လောက်ထွက်သကဲ့သို့ အချင်းချင်း မညီညွတ်မှုကြောင့် ရခိုင်ကိုဗမာက စစ်တိုက်ခဲ့တာမှာ ၅ ကြိမ်မျှရှိခဲ့ပါတယ်။ ထို ၅ ကြိမ်တိုက်ခဲ့တဲ့ အကြောင်းတွေကို ရာဇဝင်အရ ဖော်ပြထားရမယ်ဆိုရင် ပုဂံအနော်ရထာမင်းလက်ထက်က တစ်ကြိမ်၊ အလောင်းစည်သူမင်းလက်ထက်က တစ်ကြိမ်၊ အင်းဝမင်းခေါင်လက်ထက်က တစ်ကြိမ်၊ ဟံသာဝတီမင်းတရား ရွှေထီးလက်ထက်က တစ်ကြိမ်၊ နောက်ဆုံးသက္ကရာဇ် ၁၁၄၆ ခုနှစ် အမရပူရ ဘိုးတော်လက်ထက်တို့ ဖြစ်ခဲ့ရာ အဖြစ်အပျက်တွေဟာ ရခိုင်လူမျိုးတို့ရဲ့ အချင်းချင်း မစည်းလုံးမညီညွတ်မှုကြောင့် ရခိုင်တစ်မျိုးသားလုံးတို့ရဲ့ ဆုံးရှုံးနစ်နာမှုကို ဖြစ်ခဲ့ကြရပါတယ်။

ဒီကနေ့ဆိုရင် ကမ္ဘာပေါ်က လူမျိုးအသီးသီးတို့ဟာ **မိမိတို့**ကံကြမ္မာကို မိမိတို့ဖန်တီးနိုင်ခွင့် ရလာကြပြီဖြစ်တဲ့အတိုင်း၊ **ပြည်မရှိ** နယ်မရှိ လူမျိုးတွေကို ပြည်နယ်သတ်မှတ်ပေးပြီး သူတို့ရဲ့ပြည်နယ် အုပ်ချုပ်ရေးကို သူတို့ကိုယ်တိုင်က ရှိနေကြပြီလဲဖြစ်ခဲ့ပါတယ်။ ရခိုင်ပြည်အတွင်းရှိ တိုင်းရင်းသားတို့ဟာလဲ ရခိုင်ပြည်ရဲ့တိုးတက်ကောင်းစားရေးအတွက် မိမိတို့ပြည်နယ်ကို မိမိတို့အုပ်ချုပ်ဖို့ရာ တညီတညွတ်တည်း ကြိုးစားဆောင်ရွက်နိုင်စေမှုဟာ၊ ဒီစာအုပ်ပါ အကြောင်းအရာပြဿနာ အားလုံးကို သေချာလေ့လာပြီး ကိုယ်ပိုင်အုပ်ချုပ်ရေး **အဆင့်အတန်းသို့**



အမြန်ဆုံးရောက်နိုင်ရန် မျှော်မှန်းပြီး ယခင် "**ရခိုင်လူမျိုးတွေ** ဘာကြောင့် **ကိုယ်ပိုင်အုပ်ချုပ်ရေး** လိုလားအပ်သနည်း" ဆိုတဲ့ ပဌမစာစောင်ကို ပြင်ဆင်ဖြည့်စွက်ပြီး ဒုတိယအကြိမ်မြောက် **ဒီစာစောင်ကို** ထုတ်ဝေရတာဖြစ်ပါတယ်ဆိုထားပါတယ်။

၈-၄-၁၉၅၅

## ရခိုင်လူမျိုးနဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးအကြောင်း "ညီမျှတဲ့ အခွင့်အရေး"

ရခိုင်နဲ့မြန်မာတို့မှာ တထီးတနန်းစီ နေထိုင်ခဲ့ကြပြီး **အချုပ်အချာ** အာဏာတွေနဲ့ နိုင်ငံရေး၊ စီးပွားရေးစတဲ့အာဏာတွေကို လုံးဝရရှိခဲ့ကြတဲ့ လူမျိုးကြီးတွေပဲ ဖြစ်ကြပါတယ်။ ရခိုင်ဟာ မြန်မာကဲ့သို့ပဲ **ရာဇဝင်** ထင်ရှားတဲ့ လူမျိုးကြီးတစ်မျိုးဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ကြီးကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် အခိုင်အခံ့အညီအညွတ် တည်ထောင်ဖွဲ့စည်းရာမှာ ရှမ်း၊ ကရင်၊ ကချင်၊ မွန်၊ ကယား၊ ချင်း၊ ပအိုဝ့်စတဲ့ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုး **အားလုံးနဲ့** တတွ **လူမျိုး**စုအားလုံးတို့ဟာ အခွင့်အရေးညီတူညီမျှ ခံစားခွင့်ရှိတဲ့**အားလျော်စွာ မိမိ**တို့ရဲ့ကိုယ်ပိုင်လွတ်လပ်မှုနဲ့ ညီတူညီမျှ ရရှိထိုက်တာကို လက်ရှိ **အချုပ်အချာ**ပိုင်တို့ ရေးဆွဲအတည်ပြုထားတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ **အထင်အရှား**ဆိုထားခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ပြည်ထောင်စုအုပ်ချုပ်ပုံစနစ်ဆိုတာ

ဒီကနေ့မှာ ရခိုင်ပြည်နယ်ကို မြန်မာပြည်မကြီးအတွင်းက ပြည်နယ်တစ်နယ်အဖြစ် အုပ်ချုပ်ဖို့ရာ တောင်းဆိုရတဲ့အကြောင်းနဲ့ ပတ်သက်ပြီး ဘာကြောင့်တောင်းဆိုရတာကို ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်းပဲ သိရှိထဖို့ရာ လိုအပ်ပါတယ်။ ပြည်နယ်တောင်းဆိုရာမှာ ရခိုင်လူမျိုးတွေက အကြောင်းမဲ့သက်သက် တရားမဝင် တောင်းဆိုတာမျိုး မဟုတ်ပါတဲ့။ လူမျိုးတစ်မျိုးအနေနဲ့ ရထိုက်တဲ့အခွင့်အရေးတွေ ရှိနေတဲ့အပြင် မြန်မာနိုင်ငံတော်ရဲ့အထက် အဆိုပါ လက်ရှိဖွဲ့စည်းပုံ ဥပဒေစနစ်အရ ပြည်နယ်တွေအားလုံး ဒါမှမဟုတ် လူမျိုးစုအားလုံး တစ်ဦးနဲ့တစ်ဦး ပေါင်းဖက်ဆောင်ရွက်ဖို့ရာ လိုလားကြပါတယ်။ ဒီလိုပေါင်းဖက်ရာမှာ မိမိတို့ရဲ့မူလအခြေ ပျက်ပြားသွားလေအောင် တစ်နိုင်ငံတည်းအဖြစ် ပူးပေါင်းတာကို မလိုလားကြပါ။ ဒါကြောင့် ပြည်နယ်တွေက လူမျိုးတွေဟာ မိမိတို့ရဲ့ကိုယ်ပိုင်အုပ်ချုပ်ရေးကို မထိခိုက်၊ မပျက်ပြားစေဘဲ စည်းလုံးညီညွတ်ရေးနဲ့ လုံခြုံရေးအလို့ငှါ UNION(ယူနီယန်) "ပြည်ထောင်စု"ဆိုတဲ့အမည်နဲ့ ဗမာ၊ ရခိုင်၊ ကရင်၊ ရှမ်း၊ ကချင်၊ မွန်၊ ချင်း၊ ကယား၊ ပအိုဝ်းစတဲ့ တိုင်းရင်းသားလူမျိုးစု အားလုံးစုပေါင်းဖွဲ့စည်း"စုစည်း"ထားတာပဲဖြစ်ပါတယ်။ ယခုပြည်ထောင်စု အုပ်ချုပ်ပုံစနစ်မှာ လူမျိုးအချင်းချင်း ညီညွတ်ရေးနဲ့ လူမျိုးအချင်းချင်းတို့ရဲ့ အခွင့်အရေးတွေ ညီတူညီမျှ ရရှိခိုင်မြဲစေဖို့ရာ စီမံတဲ့စနစ်ပဲဖြစ်ပါတယ်။

ဒီပြည်ထောင်စုအုပ်ချုပ်ပုံစနစ်ကို ထမြောက်အောင်မြင်စွာနဲ့ ရှေးအကျဆုံး တည်ဆောက်နေတဲ့ တိုင်းပြည်ကြီးငယ်တွေ ကမ္ဘာပေါ်မှာ အမြောက်အများပဲ ရှိပါတယ်။ အဲဒီရှိနေပြီးသား တိုင်းပြည်တွေက



မိမိတို့တိုင်းပြည်အတွင်းမှာ တစ်ဦးနဲ့တစ်ဦးတန်းတူ အခွင့်အရေးခံစားရရှိတာကြောင့် တစ်ဦးနဲ့တစ်ဦးသင့်တင့်ညီညွတ်စွာနဲ့ ရှိနေတဲ့အပြင် အဲဒီပြည်နယ်တွေဟာလဲ ပိုမိုတိုးတက်ကြီးပွားလျက်ကိုရှိပါတယ်။သူတို့မှာ ဥရောပတိုက်၊ အာဖရိကတိုက်နဲ့ အမေရိကတိုက်တွေပဲဖြစ်ရာ ပြည်အနေနဲ့ ဆွစ်ဇာလန်နိုင်ငံ၊ အမေရိကနိုင်ငံ၊ ကနေဒါ၊ ဩစတြေး လီးယား၊ တောင်အာဖရိကနိုင်ငံ၊ ဆိုဗီယက်ရုရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့ပဲဖြစ်ကြပါတယ်။

## ဆွစ်ဇာလန်ပြည်ထောင်စုရဲ့အကြောင်း

ဆွစ်ဇာလန်နိုင်ငံဟာ ကမ္ဘာတစ်ဝန်းလုံးမှာ ထင်ပေါ်ကျော်ကြားနေပေမယ့် စင်စစ်အားဖြင့် အဲဒီတိုင်းပြည်ရဲ့လူဦးရေစုစုပေါင်းမှာ ၄-၅၀၀၀၀၀ (လေးသိန်း၊ ငါးသိန်း)မျှသာရှိပြီး ပြည်တွင်းမှာတော့ အီတလီ၊ ပြင်သစ်၊ ဂျာမန်စတဲ့ လူမျိုးတွေနဲ့သူတို့ရဲ့ဘာသာစကားအမျိုးမျိုးနဲ့ သုံးစွဲပြောဆိုကြပြီး မိမိတို့ဘာသာအလျောက် ပြောဆိုနိုင်ကြဖို့ရာအတွက်ကို ရုံးသုံးဘာသာရပ်တွေနဲ့ အသိအမှတ်ပြုထားခဲ့ပါတယ်။ ဆွစ်ဇာလန်ပြည် အတွင်းက ပြည်နယ်ပေါင်း-၂၂ ပြည်တို့အားလုံးပဲ မိမိတို့ကံကြမ္မာကို မိမိတို့ဖန်တီးကြဖို့ တိုယ့်ပြည်နယ်နဲ့ကိုယ်၊ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာတွေ ပေးအပ်ထားလို့ရှိခဲ့ပါတယ်။ ဒါကြောင့် တိုင်းပြည်အေးချမ်း သာယာပြီး စီးပွားရေး တိုးတက်ခဲ့ပါတယ်။

## အမေရိကန်ပြည်ထောင်စုရဲ့အကြောင်း

အမေရိကန်တိုင်းပြည်ဆိုရင် အားလုံးသိရှိကြတဲ့အတိုင်း၊ ကမ္ဘာမှာ အထင်ပေါ်ဆုံး၊ ဖွံ့ဖြိုးစွာကြွယ်ဝချမ်းသာဆုံး တိုင်းပြည်တစ်ပြည်ပဲဖြစ်ပါတယ်။ အမေရိကန်ပြည်မှာ ယခင်က ၁၃ ပြည်နယ်မျှသာ ရှိခဲ့ပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါပြည်နယ်ပေါင်း ၄၉ ပြည်နယ်ရှိပြီး အကြီးမားဆုံး ပြည်ထောင်စုတိုင်းပြည်ကြီး တစ်ပြည်ပဲဖြစ်ပါတယ်။ ပြည်ထောင်စု အုပ်ချုပ်ပုံစနစ်ကြောင့် အမေရိကန်ပြည်ကြီးဟာ မိမိတို့ပြည်နယ်ကို မိမိတို့သဘောကျစီမံခန့်ခွဲနိုင်တဲ့ အခွင့်အရေးတွေ ရရှိနေတဲ့အတွက် ပြည်နယ်သားအချင်းချင်းလဲ စိတ်ဝမ်းကွဲပြားမှုမရှိဘဲ တစ်ဦးနဲ့တစ်ဦးလဲ သင့်သင့်တင့်တင့်နဲ့ ညီညီညွတ်ညွတ်ဖြစ်ပြီးတော့ အင်အားတောင့် တောင့်တင်းတင်းနဲ့ ကြီးမားတိုးတက်ပြီး ရှိစေခဲ့ပါတယ်။

## ကနေဒါပြည်ထောင်စုရဲ့အကြောင်း

ကနေဒါပြည်ထောင်စုတိုင်းပြည်မှာလဲ လူဦးရေပေါင်း-၁၁.၅၀၆.၆၅၅ (တစ်ဆယ့်တစ်သန်း-ငါးသိန်း၊ ခြောက်ထောင် ခြောက်ရာ ငါးဆယ့် ငါးယောက်) ရှိပါတယ်။ ပြည်နယ်ပေါင်း-၁၁ ပြည်မှုရှိခဲ့ပါတယ်။ ပြည်နယ်ရရှိတဲ့ အချို့အချို့သောပြည်နယ်တွေ လူဦးရေအထူးပင် နည်းပါးလျက်ရှိပါတယ်။ YUCON ယူကွန်ပြည်နယ်မှာဆိုရင် စုစုပေါင်း လူဦးရေမှာ-၄၉၁၄ (လေးထောင့် ကိုးရာ တစ်ဆယ့် လေးယောက်) သာရှိပါတယ်။ ပြည်နယ်အုပ်ချုပ်ရေးဆိုတာ ညီညွတ်မှု၊ စည်းလုံးမှု တွေကိုသာ အဓိကထားတာကြောင့် လူဦးရေနည်းတာ၊ များတာကို ပေါ်နမထားရပါ။ ဒါ့ပြင် ALBERTA အာလ်ဘတ္တာပြည်နယ်မှာလဲ လူပေါင်း ၇၀၆.၆၁၉ (ခုနစ်သိန်း ခြောက်ထောင် ခြောက်ရာ တစ်ဆယ့် ကိုးယောက်) သာရှိပါတယ်။ သူတို့တိုင်းပြည်ကို၊ သူတို့စိတ်တိုင်းကျ လုပ်ကိုင်လျက်ရှိကြပါတယ်။



## ဩစတြေးလီးယားပြည်ထောင်စုရဲ့အကြောင်း

ဩစတြေးလီးယားပြည်ထောင်စုမှာလဲ လူဦးရေပေါင်း ၆.၆၂၉.၈၃၉ (ခြောက်သန်း ခြောက်သိန်း နှစ်သောင်း ကိုးထောင့် ရှစ်ရာ သုံးဆယ် ကိုးယောက်)ပဲရှိပါတယ်။ ပြည်နယ်ပေါင်း ၆ ပြည်နယ်ရှိပါတယ်။ အဲဒီပြည်နယ်တွေအနက် South Australia တောင်ဩစတြေးလီးယား ပြည်နယ်မှာ လူဦးရေပေါင်း ၅၈၀.၉၄၇ (ငါးသိန်း ရှစ်သောင်း ကိုးရာ လေးဆယ့် ခုနစ်ယောက်) ရှိပါတယ်။ Tasmannia တာဆာမေ နီးယားပြည်မှာ လူပေါင်း ၂၅၇.၅၉၉ (နှစ်သိန်း နှစ်သောင်း ခုနစ်ထောင် ငါးရာ ကိုးဆယ့် ကိုးယောက်)သာရှိခဲ့ပါတယ်။

## တောင်အာဖရိကပြည်ထောင်စုရဲ့အကြောင်း

တောင်အာဖရိကတိုင်းပြည်မှာလဲ လူဦးရေပေါင်း ၉.၉၀၈.၃၂၀ (ကိုး သန်း ကိုးသိန်း ရှစ်ထောင် သုံးရာ နှစ်ဆယ်)သာရှိပါတယ်။ ပြည်နယ် ပေါင်း ၅ ပြည်နယ်ရှိခဲ့ပါတယ်။ South West Africa ပြည်နယ်မှာ လူပေါင်း ၇၇၂.၀၆၀ (ခုနစ်သိန်း ခုနစ်သောင်း နှစ်ထောင် ခြောက် ဆယ်)သာရှိပါတယ်။ အဲဒီပြည်နယ်တွေဟာ ပြည်မကြီးကရရှိ ထားတဲ့ အခွင့်အတန်းအာဏာတွေကို ပိုင်ပိုင်နိုင်နိုင်ရရှိပြီး ပြည်နယ်တိုးတက်ရေး အတွက် ဆောင်ရွက်လုပ်ကိုင်နိုင်ခွင့်လဲရှိနေခဲ့ပါတယ်။

## ပြည်ထောင်စုဆိုဗီယက်ရုရှားပြည်ရဲ့အကြောင်းမှာ

ကမ္ဘာမှာ ကွန်မြူနစ်နိုင်ငံလို့ ကျော်ဇောထင်ရှားဆုံးဖြစ်တဲ့ ဆိုဗီယက် ရုရှားပြည်ကြီးဟာလဲ ပြည်နယ်တွေကို ခွဲဝေပေးထားတာပဲဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူဦးရေပေါင်း ၁၉၃,၇၁၀,၀၀၀ (တဆယ့်ကိုးကုဋေ သုံးသန်းခုနစ်သိန်း တစ်သောင်း)တို့ဟာ မိမိတို့နေထိုင်ရာ ပြည်နယ်တွေကို မိမိတို့သဘောကျ ကိုယ်ပိုင်အုပ်ချုပ်ရေးနဲ့ စီမံအုပ်ချုပ်နိုင်ခွင့်ရရှိကြပါတယ်။ ရုရှားပြည်မှာက ကြီးမားတဲ့လူဦးရေနဲ့ ပြည့်လျှက်ရှိခဲ့ပါတယ်။ ကာရလိုဖင်နစ်ချ် ခေါ်-ပြည်နယ်ဟာ လူဦးရေအနည်းဆုံးတိုင်းပြည်ဖြစ်ပြီး လူပေါင်း ၄၇၀,၀၀ (လေးသောင်း ခုနစ်ထောင်)သာရှိပါတယ်တဲ့။ ဆိုဗီယက်ရုရှားပြည်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်နယ်က ဖွဲ့စည်းအုပ်ချုပ်မှုတွေကို ဖော်ပြထားတာကြောင့် ရုရှားပြည်မှာလဲ မိမိတို့ပြည်နယ်ကို မိမိတို့ ဖန်တီးနိုင်ခွင့်ရှိတယ်လို့ ဆိုထားပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း ၉။ အပိုင်း ၁ နဲ့ အပိုင်း ၆ ပုဒ်မ ၁၉၉ အရ ပြည်နယ်သစ် ဖွဲ့စည်းခွင့်ရှိပါတယ်။

## ညီမျှတဲ့ အခွင့်အရေးဆိုတာ

ပြည်ထောင်စုအုပ်ချုပ်ပုံအရ၊ ဖွဲ့စည်းတည်ထောင်ထားတဲ့ အစိုးရအဖွဲ့ဟာ အချုပ်အချာအာဏာတွေကို ဗဟိုအစိုးရဖြစ်တဲ့ ပြည်ထောင်စုအစိုးရကသာ လုံးဝအာဏာတွေကို သိမ်းပိုက်မထားဘဲ ပြည်နယ်အစိုးရတွေသို့လဲ အာဏာတွေကို ခွဲဝေထားတယ် ပြီးအချုပ်အခြာအာဏာတွေကို အဲဒီ ပြည်နယ်တွေကို ခွဲဝေပြီးသတ်မှတ်ပေးထားတာပဲ ဖြစ်ပါတယ်။ ပြည်ထောင်စုအုပ်ချုပ်ပုံ စနစ်ဖြစ်တာကြောင့် ညီမျှပြီး တရားမျှတတဲ့ အုပ်ချုပ်ရေးပဲဖြစ်ပါတယ်။ ဒါကြောင့်အဲဒီတိုင်းပြည်တွေမှာ ပြည်နယ်တွေနဲ့ ပြည်မကြီးတို့ရဲ့ စည်းလုံးညီညွှတ်မှုကို အများဆုံးရရှိ ခံစားခွင့်ရှိတာကို ထင်ထင်ရှားရှား သိမြင်နိုင်ကြရပါတယ်။ ဒါပေမဲ့ ပြည်နယ်တွေကို ပြည်ထောင်စုအုပ်ချုပ်ပုံစနစ် စစ်စစ်မဟုတ်ဘဲ၊ အချုပ်အချာအာဏာတွေကို ပြည်မကြီးကသာ လုံးဝသိမ်းပိုက် လက်ဝါးကြီးအုပ်ထားပြီး ပြည်နယ်တွေကိုတော့ မညီမျှတဲ့အခွင့်အာဏာတွေကို ပေးထားတာမျိုးကတော့ ဒင်စစ်မှာတော့ ပြည်ထောင်စုကြီးကို ပြိုကွဲပျက်စီး ဆုတ်ယုတ်စရာပဲ ဖြစ်ပါတော့တယ်။



## ရခိုင်အမျိုးသားတွေရဲ့ ခံစားနိုင်ခွင့်မှာတော့

တကယ်လို့ ရာဇဝင်အရ ထင်ရှားလာတဲ့ ရခိုင်ပြည်ကို ပြည်နယ်တစ်နယ်အဖြစ် ရှမ်း၊ ကချင်၊ ကယား၊ ကရင်စတဲ့ အမျိုးသားတွေကဲ့သို့ ခွဲခြားသတ်မှတ်ပေးခဲ့ပါက ရခိုင်ပြည်နယ်ကို အုပ်ချုပ်ဖို့ရာအတွက် သံတွဲ၊ ကျောက်ဖြူနဲ့ စစ်တွေခရိုင်တွေက အများသဘောကျ ရွေးချယ်တင်မြှောက်တဲ့ ကိုယ်စားလှယ်အမတ်တွေ ပါဝင်တဲ့ **'ရခိုင်ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့'** တစ်ဖွဲ့ကို ရွေးချယ်ရပါလိမ့်မယ်။ အဲဒီအဖွဲ့ကသာပဲ ရခိုင်ပြည်ရဲ့ငြိမ်းချမ်းရေး၊ ရခိုင်ပြည်သူပြည်သားတို့ရဲ့ တိုးတက်ကြီးပွားချမ်းသာရေးစတဲ့ ပြဿနာရပ်တွေကို ရှေ့ဆောင်ရလိမ့်မှာပဲဖြစ်ပါတယ်။ အဲဒီအဖွဲ့ကသာပဲ ရခိုင်ပြည်နယ်ကို အုပ်ချုပ်တဲ့ အစိုးရအဖွဲ့ဖြစ်ပါတယ်။ ရခိုင်ပြည်ရဲ့ စီးပွားရေးကိစ္စတွေနဲ့ ယဉ်ကျေးမှုစတဲ့ကိစ္စတွေကို အဲဒီအဖွဲ့ကပဲ ပြတ်ပြတ်သားသားနဲ့ တရားဥပဒေအရ ဆောင်ရွက် နိုင်ခွင့်ရှိပါတယ်။

## ရခိုင်ပြည်နယ်ရဲ့အုပ်ချုပ်ရေးအဖွဲ့မှာတော့

ရခိုင်ပြည်ဆိုတာ အင်္ဂလိပ်တို့လက်အောက် ကျွန်ဘဝနဲ့နေရစဉ်အခါက သံတွဲခရိုင်၊ ကျောက်ဖြူခရိုင်၊ စစ်တွေခရိုင်နဲ့ ပလက်ဝခရိုင်ဆိုပြီး ခရိုင် ၄ ခရိုင်ရှိခဲ့ပါတယ်။ ဒီကနေ့ဗမာနိုင်ငံတော် ဖွဲ့စည်းလိပ်ရေး

www.burmeseclassic.com

www.burmeseclassic.com

ရပြီးတဲ့နောက် ရခိုင်ပြည်က ပလက်ဝနယ်ဟာ သီးသန့်သော ချင်းဝိသေသတိုင်းဆိုပြီး ဗမာပြည်အာဏာပိုင် ဖဆပလ အစိုးရတို့က ခွဲဝေပေး လိုက်ပြီးဖြစ်တာကြောင့် ရခိုင်ပြည်ဟာ ဒီကနေ့အခါမှာ ခရိုင် ၃ ခုသာပဲ ကျန်ပါတော့တယ်။

အဲဒီကျန်ရှိတဲ့ ၃ ခရိုင်က ညီမျှတဲ့ ကိုယ်စားလှယ်စုတွေကို ရခိုင်ပြည်သူပြည်သားတွေရဲ့ လိုအင်ဆန္ဒအတိုင်း ရွေးကောက်တင်မြှောက် ကြဖို့ပဲဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲမှာ နှစ်ပရိစ္ဆေဒအကန့်အသတ်နဲ့သာ ရွေးကောက်တင်မြှောက်ကြမှာ ဖြစ်ပါတယ်။ အဲဒီလိုရွေးကောက်တင် မြှောက်တာကို ခံရတဲ့ကိုယ်စားလှယ်တွေရဲ့ အရည်အချင်းပေါ်မူတည် နေတာကြောင့် ရခိုင်ပြည်ရဲ့ ပြဿနာတွေကို ညီညီမျှမျှသင့်တင့် ညီညွတ်အောင် ဆောင်ရွက်ရပါလိမ့်မယ်။ တကယ်လို့ အဲဒီလိုရွေး ကောက်တင်မြှောက်ခံရတဲ့ ကိုယ်စားလှယ်တွေရဲ့ အရည်အချင်းညံ့ဖျင်း ရတာကြောင့် ရခိုင်ပြည်ကြီးပွားတိုးတက်တာ မရှိခဲ့ရင် အချိန်ကာလ အတိုင်းအတာ အတွင်းမှာ ပြည်သူပြည်သားတွေရဲ့ ဆန္ဒအတိုင်း ဖြုတ် ချနိုင်တာ ပြန်လည်တင်မြှောက်နိုင်တာတွေ ရှိကြပါတယ်။

ရခိုင်ပြည်မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဟာ အရေးအကြီးဆုံး ဖြစ်ပါတယ်။ အဲဒီ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုလဲ လက်ရှိပြည် ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ရခိုင် ပြည်နယ်အစိုးရက လယ်ယာမြေ တိုးတက်ကောင်းမွန်ရေးကို ဆောင် ရွက်နိုင်တဲ့ အခွင့်အာဏာလုံးဝ ရှိလိမ့်မှာပဲ ဖြစ်ပါတယ်။

ဒီကနေ့မှာ ရခိုင်ပြည်က တစ်နှစ်တစ်နှစ်မှာ ရောင်းလို့ရနိုင် ဆန် တစ်ခုတည်းအတွက် ငွေ ၇ ကုဋေကျော်ထိ လက်ရှိဖဆပလ အစိုးရက နှစ်စဉ်ရရှိနေခဲ့ပါတယ်။ ခုလိုရရှိနေပေမယ့်လဲ ရခိုင်ပြည်နယ်က



တောင်သူ လယ်သမားတွေဟာ ဒီကနေ့အခြေအနေအရ ဝမ်းစာမလုံလောက်၊ ခါးဝတ်အထည်-မပြည့်စုံ၊ အိုးအိမ်အဆောက်အဦး ကောင်းစွာ မရှိ၊ မိမိတို့သားငယ်-သမီးငယ်တွေကို ပညာသင်ပေးဖို့ရာ စာသင်ကျောင်း-မရှိ၊ ကျန်းမာရေးနဲ့ပတ်သက်ပြီး ဆေးရုံ၊ ဆေးပေးခန်း လုံလောက်မှုမရှိဖြစ်နေ ကြရတယ်လို့ ဆိုထားခဲ့ပါတယ်။

## ဒီအခွင့်အရေးတွေရကိုရရမယ်ဟော့

တကယ်လို့ ရခိုင်ပြည်သူပြည်သားတွေက ရခိုင်ပြည်ကို မိမိတို့ သဘောကျ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိခဲ့တာဖြစ်ပါက ရခိုင်ပြည်က တောင်သူလယ်သမားတွေဟာ အချိန်မီလယ်မတော်ကြေးတွေကို ပေးနိုင် တာ၊ ကျွဲ-နွား၊ တိရစ္ဆာန်မွေးမြူရေး၊ လယ်ယာမြေ-မြေဩဇာ ကောင်း မွန်ရေး၊ ဆည်မြောင်း-တူးဖော်ရေး၊ ပြည်တွင်းလက်မှု ပညာထွန်းကား ရေးတွေကို ဒေသအလျောက် လုပ်ကိုင်ပေးနိုင်ခွင့် ရှိရပါတယ်။

မြို့ပြည်တွင်း၊ ရေယာဉ်ခုတ်မောင်း၊ သွားလာရေး၊ ကုန်းတွင်းလမ်းပန်း ဆက်သွယ်ဖောက်လုပ်ရေးတွေကို တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်နိုင်ခွင့်လဲရှိပါတယ်။

ကျန်းမာရေးနဲ့ပတ်သက်ပြီး ရခိုင်ပြည်ကျေးလက်တောင်သူတွေ ဟာ ဘယ်လိုမှ အကျိုးမခံစားရတော့ဘဲ ရှိနေကြတာကို ခံစားရစေခြင်း ငှာ ကျေးရွာဒေသတွေမှာ ကျန်းမာရေးဆေးရုံတွေ၊ သူနာပြု စခန်းခွဲတွေကို သူ့နေရာနဲ့သူ ချပေးနိုင်ခွင့်လဲ ရှိကြပါတယ်။

ကျေးလက်ရခိုင်ပြည်တစ်လျှောက် စာသင်ကျောင်းကင်းမဲ့နေတာ ကြောင့် ကလေးသူငယ်တွေ ပညာမတတ်ကြ အဟောတိကံဖြစ်နေရတာကို

www.burmeseclassic.com

www.burmeseclassic.com

လုံးဝပပျောက်စေဖို့ရာ၊ ရခိုင်ကျေးလက်နဲ့ မြို့ပြရပ်ကွက်တွေမှာ မူလတန်းနဲ့ အလယ်တန်းပညာသင်ကျောင်းတွေကိုလည်း၊ အမြောက်အများတွေ တည်ထောင် ဖွင့်လှစ်နိုင်ခွင့်ရှိတယ်။ စာကြည့်တိုက်တွေ၊ ကိုယ်လက်သန့်စွမ်းကျန်းမာရေး အသွဲ့အစည်းတွေကို တည်ထောင်နိုင်ပြီး စာပေတတ်မြောက်သူ ပေါများအောင်လဲလုပ်နိုင်ခွင့်ရှိတယ်။ ကျန်းမာသန့်စွမ်းရေးကို ထိရောက်စွာ အားပေးနိုင်ပြီး တနိုင်ငံလုံးဆင်းရဲ မွဲပြာကျနေတဲ့ ရခိုင်ဒုက္ခိတတွေကို ကယ်ဆယ်စောင့်ရှောက်နိုင်တာ၊ ပြီးမသန်မစွမ်းဖြစ်နေတဲ့ အမျိုးသားတွေနဲ့ အိုမင်းမစွမ်းရှိသူတွေကိုလဲ ကာကွယ်စောင့်ရှောက်နိုင်တော့တာပေါ့။

ပြီးရခိုင်တစ်ပြည်လုံး ကျေးလက်တောင်သူလယ်သမားတွေရဲ့ ဘေးဒုက္ခပင်လယ်ကို ရင်ဆိုင်ပြီး လုပ်ရေးကိုင်ရေးမှာ တစ်နေ့တခြားအောက် ကျနောက်ကျနဲ့ ပြည်တွင်းစီးပွားရေး ဆုတ်ယုတ်နိမ့်ကျပြီး ရှိလေတော့ရာ တစ်ပြည်လုံး အေးချမ်းသာယာရေးအတွက် စီးပွားရေး မြှင့်တင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဆောင်ရွက်နိုင်တဲ့ အခွင့်အရေးတွေ ရှိနေခဲ့တာစတဲ့ အကျိုးတရားတွေကို ရခိုင်ပြည်နယ်က လုံးဝဆောင်ရွက်နိုင်ခွင့် ရှိရပါတယ်။

**ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဝန်ကြီးချုပ် ဦးနုတို့ရဲ့ ကတိမှာ**

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ၂၀၀(က)(ခ)(ဂ)(ဃ)(င)ကို ကြည့်ပါ။

ဒါကြောင့် မြန်မာနိုင်ငံတော်ကို အချုပ်အချာအာဏာပိုင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အဖြစ် တည်ဆောက်ရာမှာ ရခိုင်၊ မွန်၊ ကရင်၊ ရှမ်း၊ ချင်း၊ ပအိုဝ်၊ ပလောင်၊ ကချင်စတဲ့ အမျိုးသားလူမျိုးစုတွေ



ကို တစ်ပေါင်းတစ်စည်းတည်း စုပေါင်းပြီး ပြည်ထောင်စု မြန်မာနိုင်ငံဆိုတဲ့ ဗိမာန်ကြီးမှာ ညီတူညီမျှအကျိုးခံစားခွင့်ရတယ်ဆိုတဲ့ လောကပါလတရားကို အခြေပြုပြီး သိုက်မြိုက်ခမ်းနားစွာနဲ့ အခြေခံဥပဒေမှာ ထည့်သွင်းထားခဲ့ပါတယ်။ ရခိုင်ပြည်လို့ သီးသန့်ပြီး ရိုးမတောင်တန်းကြီးတာဆီးပြီးတော့ ရခိုင်လူမျိုး၊ ရခိုင်အမျိုးသားတွေ နေထိုင်တဲ့ ရခိုင်ပြည်ကို ရခိုင်အမျိုးသားတွေရဲ့လွတ်လပ်မှုနဲ့ သူတို့သဘောကျစီမံ အုပ်ချုပ်နိုင်ဖို့ရာ၊ ပြည်နယ်တစ်နယ်အဖြစ် လွှဲပေး ခွဲဝေပေးရပါလိမ့်မယ်။ လူမျိုးစုကြီးတစ်မျိုးအနေနဲ့ ရာဇဝင်ထင်ရှားနေတဲ့ ရခိုင်အမျိုးသားတွေရဲ့ ရခိုင်ပြည်နယ်ကို သီးသန့်အုပ်ချုပ်တဲ့ ပြည်နယ်တစ်နယ်အဖြစ်၊ လျော်ကန်သင့်မြတ်တဲ့ အုပ်ချုပ်ရေးကို ခွဲဝေပေးဖို့ရာမှာလဲ လွတ်လပ်တဲ့ မြန်မာပြည်ကြီးမှာ မိမိတို့ကံကြမ္မာကို မိမိတို့ဘာသာ ဖန်တီးနိုင်ခွင့်ရှိတယ်ဆိုတဲ့ ကွယ်လွန်သူ ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့တဲ့ မှတ်ချက်နဲ့လက်ရှိ နိုင်ငံတော်အစိုးရဝန်ကြီးချုပ် ဦးနုရဲ့မိန့်ခွန်းဖြစ်တဲ့ မွန်၊ ကရင်၊ ရခိုင်လူမျိုးတွေဟာ မိမိတို့လိုလားတာကို တောင်းကြပါ၊ အတတ်နိုင်ဆုံး ပေးပါ့မယ်။ စည်းမျဉ်းဥပဒေကိုလဲ တတ်နိုင်သလောက် ပြင်ပေးပါ့မယ်လို့ အတိအကျ အဆိုထားတာနဲ့ ပြီးသူကိုယ်တိုင် ကြီးမှူးတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရရဲ့ ဝန်ကြီးတွေအဖွဲ့က၊ ဗမာပြည်ရဲ့ အကြီးဆုံးသော တရားလွှတ်တော်ချုပ်ဖြစ်သူ ဆာဘဦး(ယခုအဂ္ဂမဟာသရေစည်သူ ဒေါက်တာဦးဘဦး၊ နိုင်ငံတော်သမ္မတ) ကြီးမှူးပြီး ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် စုံစမ်းရေး ကော်မရှင်အဖွဲ့ကို ၁၉၈၄ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့ကစပြီး ရွေးချယ်ခန့်အပ်ခဲ့တာမှာ ရခိုင်အမျိုးသားပြဿနာဖြေရှင်းပေးရေး၊ မွန်အမျိုးသားပြဿနာဖြေရှင်းပေးရေးနဲ့ ကရင်အမျိုးသားပြဿနာတွေကို တိကျ

www.burmeseclassic.com

www.burmeseclassic.com



ပြတ်သားစွာ ဖြေရှင်းပေး ဖို့ရာပဲဖြစ်ပါတော့တယ်။ ဒါပေမဲ့ ကော်မရှင်အဖွဲ့ဟာ ကရင်ပြည်နယ်ရရှိအောင် မပြတ်မစဲတောင်းခဲ့နေတဲ့ ကရင်အမျိုးသားတွေရဲ့ ပြဿနာအချို့ကိုသာ ပြည်နယ်တိုးချဲ့ပေးဖို့ရာ ထောက်ခံ တယ်ဆိုတဲ့ အစီအရင်ခံစာကို ၁၉၅၂ ခု၊ စက်တင်ဘာလထိတိုင် ၄ နှစ်ကျော်ခန့်ကြာမှ တင်သွင်းလေခဲ့တော့တယ်။ ရခိုင်အမျိုးသား တစ်ရပ် လုံးရဲ့ သေရေး၊ ရှင်ရေးတမျှ အားထားမျှော်လင့်ချက်တွေနဲ့ မွန်အမျိုးသားတို့ရဲ့မျှော်လင့်ချက်တွေဟာ လုံးဝ ရုပ်လုံးမပေါ်ဘဲ လေထဲမှာပဲ လွင့်ပါးနေခဲ့ရပါတော့တယ်။

ဒီလိုတိုင်းပြည်ရဲ့ တရားလွှတ်တော်မှာ အကြီးဆုံး ပုဂ္ဂိုလ်တစ်ဦး ပါဝင်တဲ့ ကော်မရှင်အဖွဲ့ကပဲ ရခိုင်အမျိုးသားတွေရဲ့ ပြဿနာကို ဘေးချိတ်ထားခဲ့ပြီး လူမျိုးစုတွေဖြစ်တဲ့ ရခိုင်အမျိုးသားတွေအတွက် အားထားမှီခိုစရာကင်းမဲ့ပြီး ဝမ်းနည်းဖွယ်ကောင်းလှတဲ့ အကြောင်းတစ်ရပ်သာ ဖြစ်ပါတော့တယ်လို့ ဆိုထားပါတယ်လေ။

## ကျဆုံးနေတဲ့ရခိုင်စီးပွားရေးမှာ

ဒီကနေ့ ရခိုင်ပြည်၊ ရခိုင်အမျိုးသားတရပ်လုံးရဲ့ ရင်ဆိုင်ခံနေကြရတဲ့ ပြဿနာရပ်တွေကိုတော့ လုံးစေ့၊ ပတ်စေ့နဲ့ ရေးပြ၊ ပြောပြလို့ မကုန်နိုင်အောင်ကိုဘဲ များပြားလှပါတယ်။ ပြီးရခိုင်ဒေသကျေးလက်၊ တောင်သူ လယ်သမားတွေရဲ့ ဘဝမြှင့်တင်ရေး၊ စီးပွားရေး၊ စပါးဆန်၊ စိုက်ပျိုးလုပ်ကိုင်ရေးတို့ဟာ တစ်နှစ်ထက်တစ်နှစ် ပိုလို့ကိုကြပ်တည်းကျဉ်းမြောင်းလာခဲ့တော့တယ်။ ရှေ့ကရခိုင်တောင်သူလယ်သမားတွေ အစိုးရ ထံက လယ်အမတော်ငွေတွေ၊ လွတ်လွတ်လပ်လပ် ချေးနိုင်ခဲ့ကြတဲ့ အပြင် ငွေချေးငှားစားသူတွေဆီကလဲ လိုတဲ့ကြေးငွေတွေကို



သွယ်လင့်တကူနဲ့ ချေးယူနိုင်ခဲ့ကြပါတယ်။ ဒီကနေ့ထိ အဲဒီတိုင်းရင်းသား အရင်းရှင်တွေလဲ မိမိတို့ရဲ့စားသောက်ရေးအတွက် အလွန်ပူပန်သောကနဲ့ပဲ တိုင်းရင်းသားအရင်းရှင်တွေဟာ ကြပ်တည်းကျဉ်းမြောင်းမှုနဲ့ရှိခဲ့ကြပါ တယ်။ အစိုးရထံက လယ်အမတော်ကြေးတွေလဲ ဖဆပလ၊ ဗတလစ တို့ရဲ့ဆင့်ကဲဆင့်ကဲ အမျိုးမျိုးသော အနှောင်အဖွဲ့တို့နဲ့ ရင်ဆိုင်နေရပြီး အချိန်မှန်မှန်လဲမရ၊ ရပြန်တော့လဲ မလောက်မငပဲနဲ့ ရရှိကြပါတယ်။ ရခိုင်ပြည်တောင်သူ လယ်သမားတွေဟာ ပြည်ထောင်စုမြန်မာနိုင်ငံ အတွင်းက ဗမာတောင်သူလယ်သမားတွေနဲ့ တန်းတူအကျိုးခံစားခွင့် ရှိတယ်လို့ ဆိုပေမယ့်လဲ လယ်အမတော်တွေ၊ လယ်ယာစရိတ်အမတော် ကြေးငွေတွေကို နိုင်ငံတော်အစိုးရက တိုင်းအလိုက်ထုတ်ချေးရာ၌ ၁၉၅၅ ခု၊ ဖေဖော်ဝါရီလ ပြည်သူ့လွှတ်တော် ပါလီမန်မှာ ကြယ်ပွင့်ပြ မေးခွန်း အမှတ် ၂ အရ။ သမဝါယမနဲ့ ကုန်စည်ဖြန့်ဖြူးရေးဌာန၊ ဝန်ကြီးရဲ့ဖြေဆိုချက်စာရင်းက ကောက်နုတ်ချက်ကို ဖော်ပြတာ၊ ၁၉၅၃–၅၄ ခုနှစ်အတွက် ထုတ်ချေးတဲ့ အမတော်ငွေတွေအရကိုပဲ ရခိုင်တိုင်း အတွက်ငွေပေါင်း ၁၆၅၁၇၅ (တစ်သိန်း ခြောက်သောင်း ငါးထောင် တစ်ရာခုနစ်ဆယ့်ငါးကျပ်)သာရရှိပြီးတော့ ဗမာပြည်မကြီးအတွင်းရှိ အခြားတိုင်းတွေရဲ့ ရရှိပုံတွေနဲ့စာရင် အတူးနည်းတဲ့စာရင်းတွေကို တွေ့ရ ပါတယ်။ ဥပမာ စစ်ကိုင်းတိုင်းအတွက်ဆိုရင် ငွေပေါင်း–၃၉၉၅၅၄၅ (သုံးဆယ့်ကိုးသိန်းကိုးသောင်း ငါးထောင့်ငါးရာ လေးဆယ့်ငါးကျပ်)။ မန္တလေးတိုင်းအတွက်ဆိုရင် ငွေပေါင်း ၁၅၀၀၃၉၀ (တစ်ဆယ့်ငါးသိန်း သုံးရာ့ကိုးဆယ်)ကျပ်။ တနင်္သာရီတိုင်းသို့ ငွေပေါင်း ၂၂၃၇၉၄ (နှစ်သိန်းနှစ်သောင်း သုံးထောင့်ခုနစ်ရာ ကိုးဆယ့်ငါးကျပ်)။ ပဲခူးတိုင်း သို့ ငွေပေါင်း ၃၀၀၆၃၀ (သုံးသိန်းခြောက်ရာ့သုံးဆယ်ကျပ်) ဖြစ်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။

ဒီလိုဖြစ်ရတာမှာ ယခုတစ်ကြိမ်သာပဲ မဟုတ်သလို နှစ်စဉ်နှစ်တိုင်းပဲ ရခိုင်ပြည် တောင်သူလယ်သမားတွေအတွက် နိုင်ငံတော်အစိုးရက ထုတ်ချေးတဲ့ ငွေတွေအလွန်နည်းပါးတာဆိုတာ၊ ယခင်ကလဲဖော်ပြခဲ့ပြီး ဖြစ်ခဲ့ပါတယ်။ ရခိုင်ပြည် တောင်သူလယ်သမားတွေရဲ့ ဘဝမြှင့်တင်ရေးကို ရခိုင်ပြည်က ဖဆပလ ခေါင်းဆောင်မှုတွေနဲ့မရနိုင်၊ ရခိုင်တောင် သူလယ်သမားတွေရဲ့ တိုးတက်ကြီးပွားရေးကို ဆောင်ရွက်နိုင်တဲ့ စွမ်းရည်သတ္တိ ဘယ်လောက်ပဲရှိခဲ့စေကာမူ ပြည်ထောင်စုဗမာနိုင်ငံ အစိုးရရဲ့အရေးယူ အလေးဂရုပြုတာခံရတာ မရှိကြတဲ့အတွက်ဒါမှမဟုတ် ရခိုင်ဖဆပလတွေရဲ့ ဩဇာအာဏာ လုံးဝကင်းမဲ့နေတဲ့အတွက်တွေကြောင့်သာ ရခိုင်တစ်ပြည်လုံးရဲ့စီးပွားရေး၊ လူမှုဆက်ဆံရေးပညာရေး၊ ကျန်းမာရေးအစရှိတဲ့ လုပ်ငန်းမှန်သမျှ ကျဆုံးနေရတာဖြစ်တယ်လို့ ယူဆဖို့ရာသာရှိပါတယ်။ လယ်လုပ်ဖို့ရာ စရိတ်စကတွေမှာဈေးကထက်ကြီးပြီး ကျွဲ၊ နွားနဲ့တကွ လယ်သမားတွေရဲ့ အသုံးအဆောင်ပစ္စည်းတွေ ဝယ်ယူကြရာမှာ ဈေးကထက်အဆပေါင်း ၈ က ၁၀ ဆသို့တိုင် တိုးတက်ကြီးမြင့်နေခဲ့ပါတယ်။ လယ်သမားပိုင်လယ် ထွက်စပါးတွေကို ရောင်းချရာမှာတော့ ကမ္ဘာပေါက်ဈေးနဲ့တော့တော့ ဆိုးဆိုး လယ်သမားတွေ လွတ်လွတ်လပ်လပ် မရောင်းမဝယ်ကြရပဲ 'ဗမာပြည် **တောင်သူလယ်သမားအစည်းအဝေး'** အမည်တွေနဲ့အမျိုးမျိုး ချုပ်ချယ်ပြီးတော့မှ သူတို့ကသာပဲ အာဏာရှင်စနစ်နဲ့တောင်သူလယ်သမား တွေကို ဖိနှိပ်လွှမ်းမိုးပြီးတော့ အားကိုးရာမဲ့လယ်သမားတွေရဲ့လက်က စပါးတွေကိုရောင်းကြရပါတယ်။ စပါးဖိုးကြေးငွေတွေ ရတ်တရက်နဲ့ အနေနဲ့ ငွေပြေမရကြပါ။ မြို့ပိုင်ရုံးစိုက်ရာ



မြို့တွေမှာလဲ ဆရာဝန်မရှိ၊ ဆေးဝါးမရှိ၊ မွေးဖွားမိခင်တွေ စောင့်ရှောက်ရေးဌာနမရှိ၊ ဘောင်းပေါင်းများစွာရဲ့ ရခိုင်ပြည် ကျေးလက်တောင်သူလယ်သမားတွေရဲ့ ကလေးသူငယ်တွေ ပညာသင်ပေးဖို့ရာ စာသင်ကျောင်းဆိုတာ လုံလုံလောက်လောက်မရှိ စတဲ့ တစ်မျိုးသားလုံးနဲ့ ဆုံးရှုံးနစ်နာမှုတွေကို မနစ်နာမဆုံးရှုံးလို့ဆိုပြီး ဖုံးဖိအုပ်ထားလို့ မရနိုင်အောင်ရခိုင်ပြည်မှာလက်တွေ့ခံစားနေကြရပြီး ဖြစ်တယ်မဟုတ်လားဆိုထားခဲ့ပါတယ်။

## တောင်ပေါ်သားတွေရဲ့လွတ်လပ်ရေးမှာ

ဗမာပြည်ဟာ ၁၉၄၈ခု၊ ဇန်နဝါရီလ ၄ ရက်နေ့ကစပြီး အချုပ်အချာအာဏာပိုင် လွတ်လပ်ရေးကိုရရှိခဲ့တာ ၇ ရာသီ၊ ၈ နှစ်ကိုပင်ကူးခဲ့ပါပြီ။ ဗမာပြည်ရဲ့ လူမျိုးစုတွေဖြစ်ကြတဲ့ ချင်း၊ ကချင်၊ ကရင်၊ ရှမ်း၊ ကယားစတဲ့ တောင်ပေါ်သားတွေလဲ သူတို့နေထိုင်ရာ သူတို့ပြည်နယ်တွေကို သူတို့သဘောကျ–စီမံအုပ်ချုပ်နိုင်တဲ့ **'ပြည်နယ်အုပ်ချုပ်ရေး'** ကို ရရှိနေကြပြီဖြစ်တဲ့အတိုင်း အဲဒီလူမျိုးစုတွေရဲ့ အခွင့်အရေးကို ယခုရရှိတာထက် ပိုမိုပြီး ကျယ်ပြန့်၊ ခိုင်ခံ့အောင်ရရှိအောင်ကြိုးစားနေကြပြီးဖြစ်ပါတယ်။ သူတို့ပြည်နယ်တွေကလဲ တိုးတက်သင့်သလောက် တိုးတက်စည်ကားပြီး ရှိလေခဲ့ကြပါတယ်။ ရှမ်း၊ ကချင်၊ ချင်း၊ ကယားနဲ့ ကရင်အမျိုးသားတွေကို ပြည်နယ်အုပ်ချုပ်ရေး ခွဲဝေပေးလိုက်ရတဲ့အတွက် ရှမ်းနဲ့ဗမာလဲ သွေးမကွဲ။ ကချင်နဲ့ဗမာလဲ သွေးမကွဲ၊ ကယားနဲ့ မြန်မာသွေးကွဲတာ၊ သွေးခွဲတာလဲမရှိ၊ တစ်ဦးပေါ်တစ်ဦး ယုံကြည်လေးစားစွာနဲ့ ပြည်ထောင်စုစိတ်ဓာတ်တိုးတက် ရင်းနှီးလျက်ပဲ ရှိခဲ့ကြပါတယ်။ ဒါကြောင့်ရိုးမတောင်တန်းကြီး ကာဆီးလို့ရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



ရခိုင်အမျိုးသား တွေနေထိုင်ရာ ရခိုင်ပြည်ကို ပြည်နယ်တစ်နယ်အဖြစ် ရရှိရန်မှာ ရခိုင်ပြည်သူလူထုတစ်ရပ်လုံးရဲ့တာဝန်ပဲ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ရရှိမှသာ ရခိုင်ပြည်ရဲ့စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး ကျဆုံးမှု၊ ယဉ်ကျေးမှု ကျဆုံးမှုတွေရဲ့ အားလုံးကို ကာကွယ်ကယ်တင်နိုင်ကြမှာလဲ ဖြစ်ပါတော့တယ်။

## ဗမာနဲ့ ကမ္ဘာ့ရာဇဝင်အတွက် သက်သေခံချက်မှာ

နှစ်ပရိစ္ဆေဒ ကြာမြင့်စွာကပဲ ကိုယ့်ပြည်နဲ့ ကိုယ့်ဘုရင်၊ အတည်တကျ အုပ်စိုးလို့နေထိုင်ခဲ့တဲ့ ရခိုင်ပြည်နဲ့ ရခိုင်လူမျိုးအကြောင်းကို ဗမာရာဇဝင်နဲ့ ကမ္ဘာ့ရာဇဝင်တွေက အထင်အရှားနဲ့သက်သေပြလို့နေပါတယ်။ နောက်ထပ် တင်ပြစရာ သက်သေသာဓကတော့ မလိုတော့ပါ။ ဒီကနေ့ ရခိုင်ပြည်ရဲ့ ဘာသာရေး၊ သာသနာရေးတွေဟာ ဆုတ်ယုတ်ပျက်ပြားပြီးတော့ ရခိုင်လူမျိုးပဲ ကွယ်ပျောက်လုမတတ် ရှိပါတော့တယ်။ မြန်မာနိုင်ငံကို ကမ္ဘာက အသိအမှတ်ပြုတဲ့ Federal government အုပ်ချုပ်ရေးနည်းနဲ့ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲတည်ထောင်လိုက်ရာမှာ လူမျိုးစုအသီးသီး စုပေါင်းပါဝင်ပြီးမှသာပဲ ဖွဲ့စည်းအတည်ပြုထားတဲ့ အခြေခံဥပဒေအတိုင်း၊ ပြည်ထောင်စုလို့ ခေါ်တွင်နိုင်တာကြောင့် မြန်မာနိုင်ငံအတွင်း နေထိုင်ကြတဲ့ ပြည်မရှိ နယ်မရှိတဲ့လူမျိုးစု ကရင်၊ ကယား၊ ကချင်၊ ချင်းစတဲ့အမျိုးသားတွေကို သူ့နယ်နဲ့သူသီးခြားနေရာတွေ ချမှတ်ပေးပြီး အမျိုးသားအချင်းချင်း ညီညွတ်မှု၊ ကျေနပ်မှုရစေရန်အလို့ငှာ၊ ပြည်နယ်သီးခြား သတ်မှတ်ပေးထားလိုက်ပြီး ဖြစ်တဲ့အတိုင်း ပြည်နယ် သီးခြားရရှိနေကြတဲ့ ချင်း၊ ကချင်၊ ကယား၊ ကရင်နဲ့ရှမ်းအမျိုးသားတို့ဟာ ခွဲဝေပေးတဲ့ Federal Power ရခိုင်ပြည်နယ်အုပ်ချုပ်ရေး အာဏာတွေကို ရယူနေကြလဲ ဖြစ်ကြပါ တယ်။ ဗမာ့အပေါ် သွေးကွဲလိုတဲ့ စိတ်ဓာတ်တွေလဲ ကရင်၊ ကချင်၊ ကယား၊ ရှမ်းနဲ့ချင်းတို့ထံက ဒီကနေ့အထိထွက်ပေါ် လို့မလာ။ ပြည် ထောင်စုမြန်မာနိုင်ငံအတွင်း ပြည်နယ်သီးသန့် ရရှိတဲ့ လူမျိုးတွေနဲ့ မြန်မာတွေ တစ်ဦးနဲ့တစ်ဦး ရင်းရင်းနှီးနှီးနဲ့ ပြည်ထောင်စု စိတ်ဓာတ်ကို ရှင်သန်နိုင်မြဲအောင်ပဲ ကြိုးစားပြီးရှိကြပါတယ်လေ။



## ပထဝီအရခွဲခြားနေတဲ့ ရခိုင်ပြည်အကြောင်း

ရခိုင်ပြည်ဆိုတာဟာ အထက်က ဖော်ပြခဲ့တဲ့အတိုင်း ဗမာနဲ့ ကမ္ဘာ့ရာဇဝင်အရ မြန်မာနိုင်ငံတော်ဒေသက လုံးလုံးလျားလျား နယ်နိမိတ် သီးခြားသတ်မှတ်ပြီး ခွဲဝေပေးရန်မလိုတဲ့ ပကတိသော ပထဝီအနေနဲ့ ရခိုင်ပြည်ဆိုတာဟာ...

မြောက်ဘက်သို့လားက ပါကစ္စတန်၊ စစ်တကောင်းနယ်နဲ့ အိန္ဒိယပြည်ထောင်စုအတွင်းရှိ အာသံပြည်နယ်။

တောင်ဘက်လားက မြန်မာပြည်ပုသိမ်စီရင်စု။

အရှေ့ဘက်လားတ မြင့်မားလှတဲ့ ရခိုင်ရိုးမတောင်တန်းကြီး။

အနောက်ဘက်လားက ဘင်္ဂလားပင်လယ်ပြင်ကျယ်။

အဲဒီလိုနဲ့ ရခိုင်ပြည်ကို သဘာဝအနေနဲ့ ပြည်နယ်သီးသန့် သတ်မှတ်ပြီး ပေးထားလိုက်ပြီပဲ မဟုတ်ပါလားဆိုထားခဲ့တာဝါလေ။

## အင်္ဂလိပ်နှောင်ကြိုးက လွတ်ခဲ့ရတဲ့ ဗမာ–ရခိုင်ပါ။

ဗမာ့အရေးဟာ ရခိုင်အရေး။ ရခိုင်အရေးဟာလဲ ဗမာ့အရေး။ ရခိုင်နဲ့ဗမာလဲ ခွဲခြားလို့မရနိုင်အောင် ပြဿနာက ဆက်စပ်ခဲ့ပါတယ်။ ကိုလိုနီကျွန်ဘဝမှာလဲ ဘဝတူတွေ ဖြစ်ခဲ့ကြပါတယ်။ အင်္ဂလိပ်ကိုလိုနီ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်နှောင်ကြိုးနဲ့ နှစ်ပေါင်း ၁၀၀ ကျော်စုပ်နေ ‌တာ ခဲ့ရတာကြောင့် ဗမာ-ရခိုင်နှောင်ကြိုးက မလွတ်မချင်းသက်စွန့်ကြိုးပမ်း၊ လွတ်မြောက်ဖို့ လမ်းစကို အမျိုးမျိုးကြိုးစားရှာဖွေခဲ့ကြပါတယ်။ ဗမာ့လွတ်လပ်ရေး လင်းရောင်ခြည်ကို စတင်ပေးခဲ့သူမှာ..... အခြားသူမဟုတ်၊ ရခိုင်ပြည့်က ရခိုင်အမျိုးသား အရှင်ဦးဥတ္တမတိုယ်တော်ကြီးပဲ ဖြစ်ပါတယ်။ ယနေ့ကား ဗမာဟာ အင်္ဂလိပ်နှောင်ကြိုး ကိုလိုနီကျွန်ကြိုးကြီးက အချုပ်အချာလုံးဝလွတ်ကင်းတဲ့ ပြည်ကြီးတစ်ပြည်ဖြစ်ပေါ်နေလျက်နဲ့ ရခိုင်ပြည်ဟာ ဗမာ့နှောင်ကြိုး ဗမာ့ကိုလိုနီအတွင်းမှာ တည်ရှိနေရမယ် ဆိုတာလုံး၀ အကြောင်းယုတ္တိ မရှိနိုင်ပါ။ ဗမာဟာ ရခိုင်၊ ရခိုင်ဟာ ဗမာဆိုတဲ့ ဘ၀တူအမျိုးသားအချင်းချင်း တစ်ဦးပေါ်တစ်ဦးက ညှာတာမှု ရခိုင်ဟာ ဗမာထံက မုံချရသင့်ရထိုက်တယ် မဟုတ်ပါလား ဆိုတာပါ။

## ကိုလိုနီဆိုတာဟာ

ရခိုင်နဲ့ဗမာ၊ အင်္ဂလိပ်လက် အောက်ကျရောက်ခဲ့ရတာမှာ ရခိုင်ပြည်နယ်ဟာ ဗမာပြည်ရဲ့လက်အောက်သို့ ကျရောက်နေစဉ်၊ အင်္ဂလိပ်တို့ ဝင်ရောက်တိုက်ခိုက်တဲ့အတွက် ရခိုင်နဲ့ ဗမာ တစ်လုံးတစ်စည်းတည်း၊ ကိုလိုနီကျွန်ဘ၀သို့ ကျဆင်းခဲ့ကြရတယ်။ အမှန်ကတော့ ဗမနဲ့ရခိုင်ဟာ မကြာခဏ တစ်ပြည်နဲ့တစ်ပြည် စစ်ပွဲတွေဖြစ်ခဲ့ကြတယ်။ ဗမာပြည်မှာ ကျောင်းသုံးအဖြစ်နဲ့ ယနေ့တိုင် သုံးစွဲနေကြတဲ့ မြန်မာဖတ်စာတွေအရ ဆိုသော် ဗမာပြည်က ရခိုင်ပြည်သို့ ငါးကြိမ်တိုင်တိုင် စစ်တိုက်ခဲ့ပါတယ်။ အဲဒါတို့မှာ ၁။ ပုဂံအနော်ရထာမင်း လက်ထက်။ ၂။ အလောင်းစည်သူ မင်းလက်ထက်။ ၃။ အင်းဝမင်း လက်ထက်။ ၄။ ဟံသာဝတီမင်း လက်ထက်။ ၅။ အမရပူရ ဘိုးတော်

www.burmeseclassic.com



ဘုရား လက်ထက်။ အဲဒီလိုနဲ့ ရခိုင်ပြည်ကို လွှန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀ ကျော်ကပဲ ဗမာဘုရင်တို့ လက်နက်နဲ့ တိုက်ခိုက်ယူခဲ့တာကြောင့် ရခိုင်လူမျိုးတို့ရဲ့ လွတ်လပ်ရေး ဆုံးရှုံးပြီး ရခိုင်ဟာ ဗမာရဲ့ကိုလိုနီ ကျွန်ဘ၀နဲ့ နေထိုင်နေခဲ့ကြရတာပဲ ဖြစ်ခဲ့ပါတယ်။

ဒါပေမဲ့ ဒီကနေ့ ခေါင်းဆောင်တွေ ဖြစ်ကြတဲ့ မည်သည့်ပုဂ္ဂိုလ်တွေမဆို ဒီကိုလိုနီစနစ်နဲ့ လူတစ်မျိုးက လူတစ်မျိုးကို အနိုင်ကျင့် အုပ်ချုပ်တဲ့ စနစ်မျိုးကို လုံးဝမလိုလားကြတော့ပါ။ ဒါကြောင့်ပဲ လက်ရှိ ဖဆပလအစိုးရ အဖွဲ့ဝင်ခေါင်းဆောင်တွေဖြစ်ကြတဲ့ ဝန်ကြီးဦးဗဆွေနဲ့ ဦးကျော်ငြိမ်းတို့ကြီးမှူးတဲ့ အာရှဆိုရှယ်လစ် ညီလာခံသဘင်ကြီးက ကိုလိုနီစနစ်တွေကို လုံးဝမကြိုက်ကြောင်းကို ဆုံးဖြတ်ပြီး ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့ကစပြီး ကိုလိုနီဆန့်ကျင်ရေးနေ့ဆိုပြီး နှစ်စဉ်ကြွေးကြော်ဖို့ သတ်မှတ်လျက် ရှိခဲ့ပါတယ်။

ဒါကြောင့် ရခိုင်ပြည်ဟာ ဘယ်လိုနည်းနဲ့ကိုမဆို ရခိုင်လူမျိုးတွေသာပဲ ကိုယ်ပိုင်အုပ်ချုပ်ရေးကို ရရှိကြရပါလိမ့်မယ်ပဲ ဖြစ်ပါတယ်။ ရလည်း ရထိုက်ပါတယ်။ ရရှိရန်လဲ ကြိုးစားရမှ ပဲလို့ ဆိုထားခဲ့ပါတယ်။

## ဒီပြည်တွေဟာတော့ လွတ်လပ်ပြီးဖြစ်ကြပါတယ်

အားအင်သေးငယ်တဲ့ တိုင်းပြည်ကို အင်အားကြီးတဲ့ တိုင်းပြည်က အမျိုးမျိုးသော နည်းပရိယာယ်တွေသုံးပြီး ထာဝစဉ်အနေနဲ့ နှိမ်လျက်ပဲ ကြပါတယ်။ ခုလိုနှိမ်နင်းတာဟာ အကြောင်းမဲ့ ဖိနှိပ်နှိမ်နင်းတာမျိုး မဟုတ်ပါ။ သူတို့တိုင်းပြည်နဲ့ သူတို့အမျိုးသားတွေ ကောင်းစား ချမ်းသာရေး၊ တိုးတက်ကြီးပွားရေး၊ တန်ခိုးအာဏာရရှိရေး၊ လွှမ်းမိုးရေး တို့ကြောင့်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဘယ်လောက်ပဲ နည်းအမျိုးမျိုးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖိနှိပ်ချုပ်ချယ်ထားကြပေမယ့်လဲ အဖိအနှိမ်ခံကြရသူတွေဟာ ဘ၀လွတ်မြောက်ရေးကို အမြဲတစေ အားထုတ်ကြိုးပမ်းနေခဲ့ကြတာကြောင့် ပထမ ကမ္ဘာစစ်ကြီးအတွင်းက အချို့တိုင်းပြည်တွေဟာ မိမိတို့ကံကြမ္မာကို မိမိတို့ ဖန်တီးနိုင်ကြတဲ့ လွတ်လပ်ရေးကို ရရှိခဲ့ကြပြီပဲ ဖြစ်ခဲ့ကြပါတယ်။

ဗြိတိသျှအင်္ဂလိပ်တို့ လက်ဝါးကြီးအုပ် ချုယ်လှယ်မှုက အိန္ဒိယ၊ မြန်မာ၊ သီဟိုဠ်၊ ပါကစ္စတန်တိုင်းပြည်တွေက ဒုတိယကမ္ဘာစစ်ကြီးပြီးတာနဲ့ တစ်ပြိုင်နက် လွတ်လပ်ခဲ့ကြပြီပဲ ဖြစ်ခဲ့ကြပါတယ်။

အမေရိကန်တို့ လက်ဝါးကြီးအုပ်ထားတာကို ခံနေရတဲ့ ဖိလစ်ပိုင်လူမျိုးတို့လဲ လွတ်လပ်ခဲ့ပြီပဲ ဖြစ်ခဲ့ကြပါတယ်။

အီဂျစ်နဲ့အင်္ဂလိပ်တို့ ထာဝစဉ်အုပ်ချုပ်ထားခဲ့တာက ဆူဒန်တိုင်းပြည်ဟာလဲ လွတ်လပ်ရေးကို ရရှိခဲ့ပြီးပဲ ဖြစ်ခဲ့ကြပါတယ်။

အိန္ဒိယပြည်ထောင်စုအတွင်းက မဒရပ်ပြည်နယ်ရှိ တမလ်ကုလားတွေနေထိုင်ရာ အန္ဓရာပြည်နယ်ကိုလဲ အန္ဓရာပြည်နယ် တစ်နယ်အဖြစ်ခွဲခြားပေးရမယ်လို့ အင်အားပြတောင်းဆိုခဲ့ရာ ၁၉၅၃ ခုနှစ်၊ အိန္ဒိယဗဟိုအစိုးရတို့က သီးသန့်ပြည်နယ်တစ်ပြည်အဖြစ် ပေးလိုက်ရပြီ မဟုတ်လား။

ပြင်သစ်လူမျိုးတို့ လက်ဝါးကြီးအုပ်စိုးနေခဲ့တဲ့၊ အင်ဒိုချိုင်းနားမှာနေထိုင်ကြတဲ့ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်စတဲ့ အမျိုးသားတို့ဟာ မိမိတို့တိုင်းပြည်ကို လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေးရလိုကြောင်းနဲ့ အမျိုးမျိုးသောနည်းတို့ကို တင်ပြပြီးတောင်းဆိုခဲ့ကြပေမယ့် အာဏာပိုင်တွေကအဲဒီလူမျိုးတွေကို လက်နက်နဲ့ အမျိုးမျိုးခြိမ်းခြောက်၊ သတ်ဖြတ်ညှဉ်းပန်းခဲ့ကြပါတယ်။ ဒါပေမဲ့ မိမိတို့ရဲ့လုံးဝကိုယ်ပိုင်လွတ်လပ်ရေးကို မလျှော့တဲ့



လုံ့လနဲ့ အခိုင်ပါလူမျိုးတွေက တုံ့ပြန်တိုက်ခိုက်ခဲ့ရာ၊ ၇ နှစ်ကျော်မျှကြန့်ကြာပြီးတဲ့နောက် ၁၉၅၄ ခုနှစ်မှာ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်စတဲ့ အမျိုးသားတွေက သူတို့ရဲ့ လွတ်လပ်ရေးကို ကျေနပ်ဖွယ်ဒင်ပြည့်ရရှိနေကြပြီပဲဖြစ်ခဲ့ပါတယ်။ အိန္ဒိယ လက်ဝါး ကြီးအုပ်ထားတဲ့နာဂတောင်တန်းသားတွေဟာလဲ သူတို့ပြည်နယ်ကို သူတို့သဘောအရအုပ်ချုပ်ခွင့်ရဖို့ရာ ယခုအခါ တောင်းခံလျက်ရှိရာအခု ရနေကြပါတော့တယ်ပဲ မဟုတ်ပါလား။

ပြင်အာဖရိကတိုက်အတွင်းက မော်ရိုကို၊ တူနစ်ရှား စတဲ့တိုင်းပြည်ငယ်တွေဟာလဲ သူတို့ရဲ့ လုံးဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးကို အမျိုးမျိုးသော နည်းတွေနဲ့ တိုက်ခိုက်တောင်းဆိုနေကြတာပဲ မဟုတ်ပါလား။

ကမ္ဘာတစ်ခုလုံးက တိုင်းပြည်အားလုံးပဲ မိမိတို့လွတ်လပ်ရေးကို ကြိုးစားလျက် ရှိခဲ့ကြပါတယ်။ အစစလဲ ပြောင်းလဲသွားပြီဖြစ်ပါတယ်။ မိမိတို့တိုင်းပြည်နဲ့ မိမိတို့လူမျိုးကြီးပွားရေးအတွက်၊ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိကြတဲ့အခါ မိမိတို့လွတ်လပ်ရေးကို မိမိတို့ မဆောင်ရွက်နိုင်တဲ့လူမျိုးတွေဟာတော့ အာရှတိုက်မှာပဲဖြစ်ဖြစ်၊ ဥရောပတိုက်မှာဖြစ်ဖြစ်၊ အမေရိကတိုက်မှာပဲဖြစ်ဖြစ် ဘယ်သို့သောနေရာ ဌာနမျိုးမှာမဆို၊ အဲဒီလိုကဲ့သို့ ဖိနှိပ်တာကိုခံနေကြရတဲ့ အမျိုးသားတိုင်းဟာ အထူးပဲအောက်ကျနောက်ကျတဲ့ အမျိုးသားတွေသာဖြစ်ကြတာကို အားလုံးသော ဘိုင်းရင်းသားတွေက သိထိုက်ကြပါတယ်ဆိုတာပါလေ။

## ရခိုင်ကို အနိုင်ကျင့်ခဲ့တဲ့ အုပ်ချုပ်ရေးဟာ

ရခိုင်ဟာ ကိုယ့်ပြည်နဲ့ ကိုယ့်ဘုရင်အုပ်စိုးလာခဲ့တဲ့ တိုင်းပြည်နဲ့လူမျိုးတစ်မျိုးဖြစ်ပါတယ်။ ကံမကောင်းအကြောင်း မလှ၍အတွက်ဗြိတိသျှအစိုးရတွေ နယ်ချဲ့အုပ်ချုပ်တာကို နှစ်ပေါင်း ၁၀၀ ကျော်

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့ နဲ့ခေလှမ်းဝေးကွာစွာကနေပြီး အုပ်ချုပ်လာခဲ့ကြတာကြောင့် ကျွန်အဖြစ် ကိုလိုနီအုပ်ချုပ်ရေးနည်းလမ်းကို နဖူးတွေ့ဒူးတွေ့ ရခိုင်လူမျိုးတွေ ကိုယ်တိုင် ခံလာကြရပါတယ်။ ဗမာပြည် ရန်ကုန်မြို့မှ လှမ်းပြီး အုပ်ချုပ်တဲ့နည်းမျိုးနဲ့ ရခိုင်ပြည်နယ်ရဲ့ တိုးတက်ကြီးပွားရေးကို တကယ်တမ်း ထိထိရောက်ရောက် မဆောင်ရွက်နိုင်ခဲ့ပါ။ ရခိုင်ပြည်နဲ့ ရခိုင်လူမျိုးအပေါ် တမင်သက်သက် အနိုင်ကျင့်လျက် တန်ခိုးအာဏာတွေနဲ့ လွှမ်းမိုးဖိနှိပ်လိုက်ကျရေးမျိုးသာ ဖြစ်တယ်လို့ ရခိုင်ဟာစ်မျိုးသားလုံးကလဲ အုပ်ချုပသူကျွန်အဖြစ်ဆိုး ကိုလိုနီစနစ်မျိုးနဲ့ အတိတ်ကာလက မျက်မြင်ဒိဋ္ဌခံစားလာရတာကြောင့် မိမိတို့ရဲ့ ပညာရေး၊ မိမိတို့ရဲ့ ကျန်းမာရေး၊ မိမိတို့ရဲ့စီးပွားရေး ဘဝထူထောင်ရေး၊ မိမိတို့ရဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ လမ်းပန်းသွားလာဆက်သွယ်ရေးတွေကို ဘာမှမလုပ်နိုင်ဘဲ ရန်ကုန်မြို့ဗဟိုဌာနက ချမှတ်သမျှကိုသာ တဆောင့်ဆောင့် စောင့်မျှော်လို့သာ အချိန်ကုန်ခဲ့ရတာကြောင့် ရခိုင်ပြည်ဟာ နှစ်ပေါင်း ၁၀၀ ကျော် အောက်တန်း၊ နောက်တန်းသို့ ကျရောက်ခဲ့ရ ဘာပဲ မဟုတ်ပါလား။ ဒါကြောင့် မိမိတို့ဘဝကို မိမိတို့ သဘောကျ ဖန်တီးနိုင်တဲ့ အခွင့်အရေးကို ဗမာအမျိုးသားတို့ကဲ့သို့ လိုလားတဲ့ စိတ်ဓာတ်တွေဟာ ရခိုင်ပုဂ္ဂိုလ်တိုင်းက ပြင်းပြင်းထန်ထန်နဲ့ လိုလားလာခဲ့ကြတာပဲ ဖြစ်ပါတော့တယ်။

## ဒီနည်းသာပဲ နည်းကောင်းအစစ်ဖြစ်ပါတယ်

ဒီကနေ့ ရခိုင်တစ်ပြည်လုံးရဲ့ ဆုတ်ယုတ်ပျက်စီးနေတဲ့ အခြေအနေကို တကယ်တမ်း တိုးတက်အောင် ပြန်လည်ပြုပြင်ဖို့ရာအတွက် ချမှတ်ရမယ့် နည်းအမျိုးမျိုး၊ စီမံကိန်းအမျိုးမျိုးတွေမှာ ရခိုင်ပြည်-ပြည်နယ် အုပ်ချုပ်ရေးနဲ့ မိမိတို့ကံကြမ္မာကို မိမိတို့သဘောကျဖန်တီးနိုင်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးပဲ ဖြစ်ပါတယ်။ ပြည်နယ်အုပ်ချုပ်ရေး၊ ဒီနည်းမှတစ်ပါး အခြားဆောင်ရွက်နိုင်တဲ့ နည်းမရှိတော့ပါ။ ဒါကြောင့် မည်သည့် တန်ခိုးအာဏာရနေတဲ့ မည်သည့်ပုဂ္ဂိုလ်မျိုးမဆို ရခိုင်ပြည်ကို တကယ်တမ်းတိုးတက်ကြီးပွားရေးကို တွေ့မြင်လိုတယ်ဆိုပါက ရခိုင်လူမျိုး တွေရဲ့ ပြည်နယ်အုပ်ချုပ်ရေးကို ပေးလိုက်ဖို့ရာလက်မနှေးသင့်ပါ။ မိမိတို့ရဲ့ ရင်ဝယ်သားကဲ့သို့ ကျောသား၊ ရင်သားမခွဲခြားဘဲ အစိုးရတိုင်းပဲ ဒီလောက်အခွင့်အရေး ရှိနေကြတဲ့ ပြည်ထောင်စုအတွင်း၊ ပြည်နယ်တစ်နယ်အဖြစ် သူတို့နယ်ကို သူတို့အုပ်ချုပ်ဖို့ရာ၊ ပြည်နယ်အုပ်ချုပ်ဖို့ရာမျိုးကို အမှန်ပေးကြလိမ့်မယ်၊ ပေးသင့်၊ ပေးရပေလိမ့်မယ်ပဲ ဖြစ်ပါတော့တယ်လေ။

## ပါကစ္စတန်နဲ့ အိန္ဒိယအခွဲမျိုးတော့မဟုတ်ပါ

မိမိတို့ ရခိုင်အမျိုးသားတွေဟာ အမှန်ကတော့ ရခိုင်ပြည်နယ်တောင်းဆိုတာမှာ အိန္ဒိယပြည်မကြီးက အစ္စလာမ်ဘာသာဝင် မဟာမေဒင်အမျိုးသားတွေ၊ သီးခြားခွဲထွက်သွားတဲ့ ပါကစ္စတန်ပြည် ကဲ့သို့ သီးခြားကိုယ်ပိုင်တောင်းဆိုတာမျိုး မဟုတ်တာကိုလဲ ထပ်တလဲလဲ ရှင်းခဲ့ပြီးဖြစ်ပါတယ်။ မသိနားမလည်တဲ့ ကိုယ်ကျိုးရှာသမား တွေဟာ ဒီအရေးကို ရခိုင်နဲ့ မြန်မာသွေးကွဲရေး၊ သွေးခွဲရေးဖြစ်တယ်လို့ ပြောဆိုကြတာမှာ ကွယ်လွန်သူဗိုလ်ချုပ်အောင်ဆန်းနဲ့ လက်ရှိ ဝန်ကြီးချုပ်ဦးနုတို့ ပြောဆိုကတိပေးခဲ့တဲ့ စကားတွေကို ဖီလာဆန့်ကျင်လိုလို့ပဲဖြစ်ဖြစ်၊ အခြေခံဥပဒေက ပြည်နယ်တောင်းဆိုတာကို အတိအလင်းခွင့်ပြုထားပါလျက်နဲ့ တမင်သက်သက်စည်းလွတ်၊ ဝါးလွတ်ဥပဒေအတိုင်း မလုပ်လိုတာကြောင့် အဲဒီဥပဒေကို တိုင်းပြည်က မေးကြည်၊

www.burmeseclassic.com



မလေးစားဖြစ်လာစေဖို့ရာ ချိုးဖောက်လိုတာကြောင့်ပဲဖြစ်ဖြစ် အဲဒီအပြောမျိုး၊ စွပ်စွဲချက်မျိုးကို ပြုလုပ်ကြတယ်ပဲ မဟုတ်ပါလား။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဟာ အာဏာပိုင်တို့ရဲ့ လိုက်နာဆောင်ရွက်ရမယ့် စာချုပ်စာတမ်းကြီးတစ်ခုဖြစ်ပါတယ်။ အဲဒီစာချုပ်စာတမ်းကြီးကို မလိုက်နာ၊ မဆောင်ရွက်ပါက အဲဒီစာချုပ်စာတမ်းကြီးကို အဘယ်တိုင်းသူပြည်သားကမှ တန်ဖိုးရှိတာဆိုပြီး ယုံမှတ်မှုရှိကြလိမ့်မှာ မဟုတ်ပါဘူး။ တန်ဖိုးမရှိတဲ့ စာချုပ်စာတမ်းမျိုးဟာ စက္ကူစုတ်ပမာကဲ့သို့ပဲ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့်ရေးဆွဲထားတဲ့ဥပဒေကို မိမိတို့အာဏာပိုင်တွေက မိမိတို့ကိုယ်တိုင် ယုံကြည်လေးစားတာ မျိုးရှိမှသာပဲ တိုင်းသူပြည်သားတွေကလဲ အဲဒီဥပဒေကို လိုက်နာဆောင်ရွက်နိုင်ကြပါလိမ့်မှာပဲ ဖြစ်ပါတော့တယ်လေ။

## အင်္ဂလိပ်က ပြောခဲ့တဲ့စကားကို ထပ်ပြီးမသုံးသင့်ပါ

အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို နယ်ချဲ့စနစ်နဲ့ လက်ဝါးကြီးအုပ်ထားစဉ်က မြန်မာ-ရခိုင်ပူးပေါင်းပြီး ဗမာပြည်ကို လွတ်လပ်ရေးတောင်းဆိုတဲ့အခါ ဗမာ-ရခိုင်အမျိုးသားတွေကို အသာတကြည်နဲ့လွတ်လပ်ရေး မပေးခဲ့ပါ။ မြန်မာပြည်ကို မြန်မာတွေအုပ်ချုပ်ရန် ကြေးငွေလုံလောက်ရဲ့လား။ စီးပွားရေးခိုင်လုံရဲ့လား။ ပညာတတ်(ဘီအေ၊ အမ်အေ)တွေက မလုံလောက်သေး၊ အုပ်ချုပ်ရေးကို မကျွမ်းကျင်သေး၊ မြန်မာတွေကို အခြားသော တိုင်းပြည်တွေလာရောက်စော်ကားရင် ခုခံကာကွယ်ဖို့ရာ မြန်မာတွေအင်အား မလုံလောက်သေးစတဲ့ ဆင်ခြေအမျိုးမျိုးနဲ့အချိန်ဆွဲပြီး အင်္ဂလိပ်တို့ရဲ့ကိုယ်ကျိုးအတွက် သူတို့ရဲ့ဩဇာအာဏာ ယုတ်လျော့မယ့်အရေးကို ကာကွယ်ခဲ့တယ်မဟုတ်ပါလား။ အမှန်တော့ အဲဒီအပြောမျိုးဟာ လက်အောက်ခံလူမျိုးတစ်မျိုးအပေါ်မှာ နိုင်ငံရေးဩဇာအာဏာ လွှမ်းမိုးလိုလို့သာပဲ ဖြစ်ပါတယ်။ ငွေကြေးမလုံလောက်မှု၊ မလုံလောက်မတွေမှာ ဘာမှမဆိုင်ပါ။ မဆိုင်ကြောင်းကိုလဲ ယခု ပြာပုံအတိဖြစ်နေတဲ့ မြန်မာပြည်ကို မြန်မာတွေကိုယ်တိုင် အုပ်ချုပ်လာတဲ့အခါ အထက်က အင်္ဂလိပ်တို့ပြောသမျှ စကားတွေက တမင်သက်သက် ဗမာနဲ့ရခိုင်တွေကို လက်ဝါးကြီးအုပ်ထားဖို့ရာ ရည်ရွယ်ချက်နဲ့သာဖြစ်တာ ထင်ရှားလှပါ တော့တယ်မဟုတ်ပါလား။

## ရခိုင်ပြည်ကို ရခိုင်တွေသာ အုပ်ချုပ်ရန်မှာ

ခုရခိုင်ပြည်ကို ရခိုင်အမျိုးသားတွေအုပ်ချုပ်ဖို့ရာ တောင်းဆိုတဲ့အခါမှာလဲ ဒီပြဿနာတွေ မပေါ်ပေါက်လို့ မဆိုနိုင်ပါ။ ဒါပေမဲ့ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ပြည်နယ်ရရှိတဲ့ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်နဲ့ ကချင်ပြည်နယ်တွေကို စံနမူနာထားရပေလိမ့်မှာပဲ ဖြစ်ပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ရခိုင်ပြည်နယ်ကို အုပ်ချုပ်ဖို့ရာ ရခိုင်ပြည်က ကိုယ်စားလှယ်တွေကို ရွေးချယ်ရမယ်။ အဲဒီလိုရွေးချယ်တာခံရတဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ရခိုင်ပြည်နယ်အတွင်း သင့်တော်တဲ့အောက်ပါအခွန်တွေကို မိမိတို့ပြည်နယ်တိုးတက်ရေးအတွက် ဆောင်ရွက်ဖို့ရာ ကောက်ခံနိုင်ပါတယ်။

မြေခွန်၊ လူခွန်၊ တံငါလုပ်ငန်းခွန်၊ မြေပေါ်ကတူးဖော်တဲ့ လုပ်ငန်းတွေက အခွန်၊ သေရည်သေရက်ခွန်၊ ဘိန်းခွန်၊ ဆေးခြောက်ခွန်၊ ဘုရားရုံး တွေက ရရှိတဲ့အခွန်၊ သစ်တောခွန်၊ မှတ်ပုံတင်ခွန်၊ ကုန်ကူးသန်းရောင်း ဝယ်ရေးဆိုင်ရာ အခွန်၊ တိရစ္ဆာန်နဲ့ရေယာဉ်တွေက

www.burmeseclassic.com

www.burmeseclassic.com



အခွန်၊ ပွဲခွန်၊ ကစား ခွန်၊ ဆည်မြောင်းခွန်နဲ့တကွ အခြားသောနည်းတွေ ရရှိကောက်ခံနိုင်တဲ့ အခွန်တော်တွေပဲ ဖြစ်ကြပါတယ်။

အထက်ပါငွေတွေမှာ ဥပဒေအရ ရခိုင်ပြည်နယ်က ကောက်ခံ ရှိတဲ့ အခွန်ငွေတွေပဲဖြစ်ပါတယ်။ အဲဒီငွေတွေမှအပ လက်ရှိရခိုင်ပြည် တောင်သူလယ်သမားတွေရဲ့ လုပ်စာဖြစ်တဲ့ ဆန်ရောင်းဝယ်ရေးတစ် တည်းအတွက် ၁၉၅၃ ခုနှစ်အတွင်းက၊ ငွေပေါင်း-၇၈၅၅၉၀၆၅/- ၅ပြား၊ (ခုနစ်ရာ ရှစ်ဆယ့်ငါးသိန်း ငါးသောင်း ကိုးထောင် ခြောက်ဆယ့် ငါးကျပ်နဲ့ ငါးပြား) (ခုနစ်ကုဋေခွဲ) ရရှိပြီး ရခိုင်ပြည်အတွက် ဗမာအစိုး ရဲ့ကုန်ကျတဲ့အုပ်ချုပ်ရေးစရိတ်က ၁၉၄၈ ခု၊ ဇန္နဝါရီလ ၁ ရက်က ၁၉၅၃ ခု၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ၊ နှစ်ပေါင်း ၆ နှစ်မှာ ကုန်ကျတဲ့ငွေတွေမှာ အောက်ပါအတိုင်း ၁၉၅၅ ခုနှစ်၊ ဖေဖော်ဝါရီ ပြည်သူ့လွှတ်တော်ပါလီမန် ကြယ်ပွင့်ပြ မေးခွန်း အမှတ် (၁)အ ဘဏ္ဍာရေးနဲ့ အခွန်တော် ဌာနဝန်ကြီးရဲ့ ဖြေဆိုချက်က ကောက်နှု ချက်မှာ....

ကျောက်ဖြူခရိုင်

အုပ်ချုပ်ရေးကုန်ကျငွေ - ၁၄၇၆၀၅၂၆

(ငွေသိန်းပေါင်း-တရာ့လေးဆယ့် ခုနစ်သိန်းကျော်။)

သံတွဲခရိုင်

အုပ်ချုပ်ရေးကုန်ကျငွေ - ၆၂၈၄၁၈၉

(ငွေ-ခြောက်ဆယ့်နှစ်သိန်းကျော်။)

စစ်တွေခရိုင်

အုပ်ချုပ်ရေး ကုန်ကျငွေ - ၃၇၃၉၂၄၀၉

(ငွေသိန်းပေါင်း- သုံးရာ ခုနစ်ဆယ့် သုံးသိန်းကျော်။)



အဲဒီလို ၆ နှစ်အတွက် ကုန်ကျငွေတွေကို တစ်နှစ်စီ ထားရပြီး ခွဲရင် သံတွဲခရိုင်အတွက် တစ်နှစ်မှာ ငွေ ၁၀ သိန်းကျော်မျှ ကုန်ပါ တယ်။ ထိုနည်းအတူ ကျောက်ဖြူခရိုင်အတွက်လဲ ငွေ ၂၄ သိန်းကျော်မျှ ကုန်ပါတယ်။ စစ်တွေခရိုင်အတွက်မူကား၊ ငွေသိန်းပေါင်း ၆၂ သိန်း ကျော်မျှ ပြည်ထောင်စုဗမာပြည်အစိုးရက ကုန်ကျတာခဲ့ပါတယ်။

ဒါပေမဲ့ ဒီစာရင်းတွေကို တင်ပြရတာဟာ အမှန်အားဖြင့် ရခိုင်ပြည်ကို ရခိုင်လူမျိုးတို့ ကိုယ်ပိုင်အုပ်ချုပ်နိုင်ခွင့် ရရှိရေးနဲ့လုံးဝ ဆိုင်ပါ။ ရခိုင်ပြည်ကို ရခိုင်အမျိုးသားတို့အုပ်ချုပ်ရန်မှာ ငွေကြေးချည်မျှ တာ၊ မရတာဆိုတဲ့ပြဿနာမှာ ရခိုင်လူမျိုးတို့အတွက် အရေးကြီးတဲ့ အဝင်နိုးတစ်ရပ်မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ပြည်နယ်အုပ်ချုပ် ရေးဟာ မိမိတို့ပိုင်ပစ္စည်းကို မိမိတို့သဘော၊ မိမိတို့ဘာသာ စီမံအုပ်ချုပ် ခြင်းပဲဖြစ်ပါတယ်။ တနည်းဆိုတော့ ရခိုင်ပြည်နယ်ကို ရခိုင်အမျိုးသား တွေ အုပ်ချုပ်ဖို့ရာ၊ ရသင့်-မရသင့်ပြဿနာမှာ ရခိုင်ပြည်လူထုတစ်ရပ် လုံးကသာ ဆုံးဖြတ်နိုင်တဲ့ကိစ္စမျိုးပဲဖြစ်ပါတယ်။ အဲဒီ အဆုံးအဖြတ်ကို ရခိုင်ပြည်လူထုက နက်နက်နဲနဲ စဉ်းစားဖို့ဖို့ရာအတွက် ရခိုင်ပြည်ရဲ့ ငွေကြေးငွေဘဏ္ဍာ အဝင်အထွက်ကို အနည်းငယ်မျှ ဖော်ပြလိုက်ရပါ တယ်။

(အခြေခံဥပဒေ-၉၆)ပြည်နယ်က ကောက်ခံနိုင်တဲ့ အခွန်ငွေစာရင်း ဥပဒေအရ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရထံ နှစ်စဉ် ရရှိခယ့် ပြည်နယ် ဆိုင်ရာ ထောက်ပံ့ကြေးငွေတွေ၊ ဥပမာ ၁၉၅၂-၅၃ ခုနှစ်အတွက် ရှမ်းပြည်နယ်အစိုးရရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းမှာ ပြည်နယ်အတွင်းက ကောက်ခံရရှိတဲ့ အခွန်တော်ငွေတွေစုစုပေါင်း ၂၃၁၂၅၃၀ (နှစ်ဆယ့် သုံးသိန်း တစ်သောင်း နှစ်ထောင် ငါးရာ့ သုံးဆယ်)ဖြစ်ပြီး ပြည်

www.burmeseclassic.com

www.burmeseclassic.com



ထောင်စု မြန်မာနိုင်ငံအစိုးရထံက ငွေပေါင်း ၁၁၂၆၁၃၉၀ (တစ်ကုဋေ တစ်သန်း နှစ်သိန်းခြောက်သောင်း တစ်ထောင့်သုံးရာ ကိုးဆယ်) ထောက်ပံ့လိုက်တာကြောင့် အဲဒီငွေနှစ်ရပ်နဲ့ ရှမ်းပြည်နယ်ကို ရှမ်းလူမျိုးတွေ အုပ်ချုပ်ခဲ့ပါတယ်။ အဲဒီလို ဗမာပြည်အစိုးရက ရှမ်းပြည်အစိုးရကို ထောက်ပံ့ပေးလိုက်ရတာမှာ သနားကြင်နာလို့ပေးရတဲ့ ပေးနည်းမျိုး မဟုတ်ပါဘူး။

ဒါကြောင့် ရခိုင်ပြည် တိုးတက်ကြီးပွားရေးအတွက် ရခိုင်ပြည်နယ် တောင်းဆိုရေးကို မရမနေတဲ့နည်းနဲ့ အင်တိုက်အားတိုက် ဒီမိုကရေစီ စည်းဝိုင်းထဲက တရားတဲ့နည်းနဲ့ တောင်းဆိုဖို့ရာမှာ ရခိုင်တစ်ပြည်လုံးရှိ အမျိုးသား၊ အမျိုးသမီးတို့ရဲ့တာဝန်ပဲဖြစ်ပါတယ်။ အဲဒီတာဝန်ကို တိမ်းရှောင်လို့ အဲဒီပြည်နယ် တောင်းဆိုရေးပြဿနာဟာ မိမိတို့နဲ့ မသက်ဆိုင်တဲ့ ပြဿနာတစ်ရပ်အနေနဲ့ ရခိုင်အမျိုးသားတို့ ပေါ့ပေါ့ဆဆ နေလိုက်မယ်ဆိုပါက ရခိုင်တစ်မျိုးလုံး၊ လူစဉ်မမီအောင် ကျဆုံးသွားတာကို ခံကြရမယ့်အပြင်၊ နောင်လာနောင်သားတို့က ကဲ့ရဲ့ပြစ်တင်တာကိုပါ ခံကြရပေလိမ့်မယ်ပဲ ဖြစ်ပါတော့တယ်။

ဒီကနေ့ ရခိုင်လူမျိုးတွေရဲ့ အခြေအနေကတော့ 'ဖောင်စီးရင်း-ရေငတ်' တဲ့ပမာ။ စာနဲ့ရေးပြလို့မရအောင်ဘဲ အဘက်ဘက်က ကျဆုံးပြီး ရှိလေပါတယ်။ ရခိုင်လူမျိုးတွေက ငတ်မွတ်တာ၊ ဆင်းရဲပင်ပန်းနွမ်းနယ်တာ၊ ရောဂါထူပြောတာ၊ စာပေမတတ်မြောက်တာ၊ အခွင့်အရေး ကျဆုံးနေတာ။ ဒီပြဿနာတွေနဲ့ ရင်ဆိုင်လျက် မိမိတို့ရဲ့နေထိုင်စားသောက်ရေးအဆင့်အတန်းဟာ တစ်စတစ်စဆုတ်ယုတ်လာပြီးတော့ ခုငတ်လို့ အသေခံကြမလား၊ ဒါမှမဟုတ် မိမိတို့နဲ့တကွ မိမိတို့ရဲ့ နောင်လာနောင်သားတွေရဲ့ဘဝကောင်းစားရေးအတွက် တိုက်ပွဲဝင်



ခင်ကြမလား။ အထက်ပါ လမ်းနှစ်သွယ်ကို သေသေချာချာ စဉ်းစားပြီး အတယ်လမ်းကို ရွေးချယ်ပြီးတော့ ဆောင်ရွက်ကြမလဲဆိုတာ ရခိုင်ပြည်သူပြည်သားတို့ အချိန်မီဆုံးဖြတ်ဖို့ရာသာ လိုနေတော့တာ။ ဘာကြောင့်လဲဆိုတော့ ပထမ ကမ္ဘာစစ်ကြီးပြီးတဲ့နောက် အမျိုးသားလှုပ်ရှားမှုတွေကြောင့် ကိုလိုနီနဲ့ ကိုလိုနီတပိုင်းအဖြစ် ခံနေရတဲ့ ပြည်သူပြည်သားအမြောက်အများတွေဟာ ကိုလိုနီမင်းမှုတာတွေကို ဆန့်ကျင်ပြီးလာခဲ့ကြရာ ယခု ဒုတိယကမ္ဘာစစ်ကြီးပြီးတာနဲ့ တပြိုင်နက် မိမိတို့ရခိုင်ပြည်နဲ့ ရခိုင်လူမျိုးတွေကဲ့သို့ သူတပါးအုပ်ချုပ်တဲ့၊ အချုပ်အချယ်တွေကို ခံမနေရတော့ဘဲအမြောက်အများကိုပဲ လွတ်မြောက်ခဲ့ပြီဖြစ်ခဲ့တာကို အတိအလင်း ဖော်ပြခဲ့ပြီးပဲဖြစ်ပါတယ်။

မိမိတို့ရခိုင်လူမျိုးတွေဟာ ဒီကနေ့အဖို့ သေသေချာချာ စဉ်းစားလိုက်မှ အမျိုးသားလွတ်လပ်ရေးကို မမှီမခိုရအောင် ဖြစ်နေရလို့ ရခိုင်တစ်ပြည်လုံးက ချောက်ထဲသို့ ဆက်လက်ဆက်မကျစေဖို့ရာ၊ အမျိုးသားလွတ်လပ်ရေးကို ပြည့်ပြည့်စုံစုံ ခံစားလိုပါက ပြည်နယ်လိုလားကြပြီး ပြည်နယ်သစ်တစ်ခု တည်ထောင်ပြီးရစေမယ်ဆိုတဲ့ ကြွေးကြော်သံတွေနဲ့ စက္ကန့်တိုင်း-မိနစ်တိုင်း မပြတ်မလတ်နဲ့ အစဉ်ဟစ်အော်ဆောင်ရွက် လှုပ်ရှားနေရပါလိမ့်မယ်ပဲဖြစ်ကြပါတယ်။

အမှန်အားဖြင့်ဆိုက၊ ပြည်နယ်သစ်တစ်ခုထူထောင်ဖို့ရာမှာ လာမယ့်ပါလီမန်ရွေးကောက်ပွဲနဲ့လဲ ဆောင်ရွက်နိုင်ကြပါတယ်။ လာမယ့်ရွေးကောက်ပွဲကို ဒီကနေ့ အခြေအနေအရဆိုရင် ၁၉၅၆ ခု၊ မေလလောက်မှာ ကျင်းပဖို့ရာရှိပါတယ်။ အဲဒီရွေးကောက်ပွဲမှာ

(၁) ပြည်နယ်လိုလားတဲ့ အမတ်လောင်း၊

(၂) ပြည်နယ်မလိုလားတဲ့ အမတ်လောင်း၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအမတ်လောင်း ၂ ဦးယှဉ်ပြိုင်အရွေးခံကြတဲ့အခါ ရခိုင်ပြည်သူပြည်သားတွေဟာ မိမိတို့ပိုင်မဲဆန္ဒမဲတစ်ပြားကို ယောင်ယောင်မှားမှားနဲ့ တွေဝေစဉ်းစားမနေဘဲ **ပြည်နယ်လိုလားတဲ့ အမတ်လောင်းကို** ဆန္ဒမဲပေးလိုက်ကြတာကြောင့် တစ်နိုင်ငံလုံးဆင်းရဲ၊ မွဲပြာကိုလိုနီမင်းမှုခံရတဲ့ ကျွန်ဘဝမျိုးက လွတ်မြောက်ရေးနဲ့။ ရခိုင်ပြည်ရဲ့တိုးတက်ချမ်းသာရေး၊ ရခိုင်တစ်မျိုးသားလုံးရဲ့ ငြိမ်းချမ်းရေး၊ လွတ်လပ်ရေး လင်းရောင်ခြည်ကို အမှန်မုချပဲမြင်နိုင်၊ ရနိုင်ကြရမှာပဲဖြစ်ပါတော့တယ်လို့ ဆိုထားခဲ့ပါတယ်လေ။

"ဒီလောကမှာ ပြင်းပြတဲ့စိတ်ဆန္ဒမရှိဘဲနဲ့
ထူးခြားပြောင်မြောက်တဲ့အရာ လက္ခဏာ လုံးဝမပြုလုပ်နိုင်ဘူး
ဆိုတာ မိမိအခိုင်အမာပြောရပါလိမ့်မယ် "

(ဟေဂယ်)

## ရခိုင်ပြည်နယ်က ဘင်္ဂါလီတို့အကြောင်း

"ကံပင်ရှိသော်လည်း ဝီရိယချွတ်တတ်သည်။
ဉာဏ်ပင်ရှိသော်လည်း သတိက လွတ်တတ်သည်။
ကံပင်ရှိသော်လည်း ဝီရိယ ကူရမည်။
ဉာဏ်ပင်ရှိသော်လည်း သတိက မူရမည် "

(ကြည့်ကန်ရှင်ကြီး)

"နိုင်ငံရေးခေါင်းဆောင်ကြီးတွေဟာ လူမျိုးတစ်မျိုးရဲ့အကြောင်းကို တိကျသေချာစွာ မသိဘဲ တာဝန်မဲ့ပြောဆိုတာကို ရှောင်ရှားသင့်တယ်။ တကယ်လို့ ပြောဆိုမိသော် ကာလတစ်ခွေ့မှာ တိုင်းပြည်နဲ့လူမျိုးအတွက် အန္တရာယ်ပြုနိုင်ပါတယ် "

"လူသားဟာ စကားပြောဆိုတတ်တဲ့
သတ္တဝါဖြစ်တယ်။
ဒါကြောင့် မုသားလဲ ပြောဆိုတတ်တယ်။
လူ့သမိုင်းနဲ့ပတ်သက်ပြီး
မြေကြီးက မုသားမဆို "

(ရာဟုလာ သံကိစ္စည်း)



**ရခိုင်ပြည်က ဘင်္ဂါလီနဲ့သူတို့ရဲ့သမိုင်းပြဿနာဆိုတဲ့ အကြောင်းအရာကတော့...**

ရခိုင်ပြည်အနောက်ဘက် မယူဒေသ (ဘူးသီးတောင်ဒေသနဲ့ မောင်းတောမြို့နယ်)တွေမှာ စစ်တကောင်းနွယ်ဖွား ဘင်္ဂါလီကုလားတွေရဲ့ ဝင်ရောက်အခြေချ နေထိုင်လာကြတာမှာ အတော်ကြာပြီဖြစ်ပါတယ်။ သူတို့ရဲ့ရုပ်သွင်ပြင်လက္ခဏာကအစ ယဉ်ကျေးမှုဓလေ့စရိုက်အနေနဲ့ပါ ရခိုင်လူမျိုးတွေနဲ့မတူကြဘဲ စစ်တကောင်းသား ဘင်္ဂါလီတွေအတိုင်းပဲဖြစ်ကြပါတယ်။ ပြောဆိုတဲ့စကားမှာ ဒေသအလိုက် အနည်းငယ်မျှ ကွဲပြားရုံသာရှိကြပါတယ်။ သူတို့ဟာ အစ္စလာမ်ဘာသာဝင်တွေဖြစ်ကြပါတယ်။ ယခုအခါ သူတို့ဟာ မြန်မာပြည်အနှံ့ ထိုးဖောက်ဝင်ရောက်လာပြီး အခြေချနေထိုင်နေကြပြီ ဖြစ်ပါတယ်။

မကြာသေးမီက ရခိုင်က ဘင်္ဂါလီတစ်စုက သူတို့ကို "ရခိုင်ကုလား"၊ "ရခိုင်ဘင်္ဂါလီ"၊ ခေါ်တောကုလား"၊ "ဘင်္ဂါလီ"ဆိုတာမျိုး မခေါ်ဆိုလာကြတာကို တွေ့ကြရပါတယ်။ လူမျိုး တစ်မျိုးရဲ့အမည်ကို ပြောင်းလဲရာမှာ လူမျိုးတစ်ရပ်လုံးရဲ့ဆန္ဒအပေါ်မှာလဲ အခြေခံတာလို့ဆိုထားပါတယ်။ ခုအမည်သစ်ဟာ ရခိုင်ကအစ္စလာမ်ဘာသာဝင် ဘင်္ဂါလီလူမျိုးတစ်ရပ်လုံးရဲ့ဆန္ဒထက် အသင်းအဖွဲ့တစ်ရပ်ရဲ့ ဆန္ဒသက်သက်သာပဲ

www.burmeseclassic.com



ဖြစ်နေတာကြောင့် ဘယ်လောက်အတိုင်းအတာထိ မှန်ကန်မှုရှိတာကို မပြောဆိုနိုင်ပါ။ ဘင်္ဂါလီအချင်းချင်းတွေက မြောက်ဦးဒေသလို နေရာမျိုးမှာ နှစ်ပေါင်းရှည်ကြာအခြေချနေထိုင်သူ ဘင်္ဂါလီ(အရပ်အခေါ် ကုလား)တွေက အဲဒီအမည်သစ်ကို ကြိုက်ချင်မှ ကြိုက်နှစ်သက်ပါလိမ့်မယ်။ မြောက်ဦးဒေသလို ရခိုင်ပြည်အတွင်း ပိုင်းမှာ နေထိုင်တဲ့ ဘင်္ဂါလီတွေက မယူဒေသက ဘင်္ဂါလီတွေကို နောက်မှရောက်သူတွေလို့ သတ်မှတ်ကြတယ်။ သူတို့နဲ့ တစ်နွယ် တည်း၊ တစ်တန်းတည်းထားတာကို မနှစ်မြို့ကြပါဘူး။ အတွင်းပိုင်း ရောက်တဲ့ဘင်္ဂါလီတွေဟာ ရောက်ရှိပြီးအရပ်မှာ အနေကြာလာတဲ့အခါ ယဉ်ကျေးမှုသဘာဝ အတိုင်း ယဉ်ကျေးမှုကူးစက်ခံရတာကို တွေ့မြင်နိုင်ပါတယ်။ မယူဒေသဘင်္ဂါလီတွေလို ရှေးရိုးစွဲ တစ်ယူသန်မဟုတ် ကြတော့ဘဲ တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးပြီး၊ ရခိုင်ဘာသာ စကားကို ပိုမိုပြောဆိုကြတယ်။ ဗုဒ္ဓဘာသာပွဲလမ်းသဘင်တွေမှာလဲ ပါဝင်တာတွေ ရှိလာတတ်ကြပါတယ်။

မြန်မာနိုင်ငံအတွင်း နေထိုင်လျက်ရှိကြတဲ့ တိုင်းရင်းသားလူမျိုးတွေမှာ လူမျိုးအမည်နဲ့ပတ်သက်ပြီး မိမိတို့ကိုယ်တိုင်က ခေါ်ဝေါ်တဲ့အမည်၊ ဘေးဝတ်ဝန်းကျင်လူမျိုးတွေက ခေါ်ဝေါ်တဲ့အမည်၊ နိုင်ငံတကာက သိတဲ့အမည်စတာတွေ ရှိကြတာကိုတွေ့နိုင်ပါတယ်။ ရခိုင်ဆိုရင် ရခိုင်တို့ကိုယ်တိုင်က ရခိုင် (Rakhaing)၊ ရှေးဟောင်းစာပေတွေမှာ ရက္ခိုင် (Rakkhaing)ရခိုင်တိုင်းရင်းသား၊ မြို့ခမိစတာတွေက "မရန်း" Maran)ဘင်္ဂါလီတို့က "မောဂ္ဂ"(Magh)အိန္ဒိယနဲ့နိုင်ငံခြားသားတွေက "အာရကန်နိစ်" (Arakannese)စတာမျိုးကို သိရှိခေါ်ဝေါ်နေကြပါတယ်။ ရခိုင်တို့ကလဲ နိုင်ငံခြားသား၊ လူမျိုးခြားတွေနဲ့ဆက်ဆံလာရတဲ့



အခါ ရခိုင်ပြည်သူ့အနောက်နေသူအားလုံးကို "ကုလား"လို့ခေါ်ကြပါတယ်။ အင်္ဂလိပ်တို့က "ဖလောင်း"၊ ပြင်သစ်လူမျိုးကို "ဖရင်သား"၊ ပေါ်တူဂီတို့ကို "ဖရင်ဂျီ"စတာမျိုး ခေါ်ဝေါ်ကြပါတယ်။ အင်္ဂလိပ်အုပ်ချုပ်ရေးခေတ် (၁၈၂၅-၁၉၄၈)မှာ စီးပွားရေးအခွင့်သာမှုတွေကြောင့် အိန္ဒိယသားတွေ ဝင်ရောက်လာကြတဲ့ အခါ မဒရပ်စ် (Madaras) ကမ်းခြေက လာသူကို "မင်ဒရာဇီ" (Mongdarazi)၊ ဩရိသ (Orissa) ဒေသကလာသူတွေကို "အော်ရီယာ" (Oria)၊ မလ္လဝါ (Mallava)က လာသူတွေကို "မရဝါလီ" (Marawali)၊ ဆောင်နယ် (Cula)က လာသူတွေကို "ကျူလီယာ"၊ ဘင်္ဂလားဒေ့ရှ်က ဝင်လာသူတွေကို "ဘင်္ဂါလီ" (Bengali)စတာမျိုးနေရင်းလာရင်း ရက်စွဲအမည်ကိုလိုက်ပြီး ခေါ်ဝေါ်ခဲ့ကြပါတယ်။ အဲဒီအိန္ဒိယနွယ်ဖွားတွေအနက် ရခိုင်နဲ့နယ်ချင်းဆက်စပ်တဲ့ ဘင်္ဂလားကဝင်လာသူတွေမှာ အထူးများပြားခဲ့ကြတယ်။ သူတို့သည် အစဦးပိုင်းမှာ စပါးရာသီချိန်အလိုက် အလုပ်ကြမ်းလုပ်ဖို့ရန် ဝင်ရောက်လာကြရာက နောက်ဘက်မှာအခြေချနေထိုင်ခဲ့ကြတယ်။ အုပ်ချုပ်သူအင်္ဂလိပ်တို့က သူတို့ရဲ့ဇာတိမြေကို အစွဲပြုပြီး (Chittagonian)စစ်တကောင်းသားလို့ ခေါ်ခဲ့ကြပါတယ်။ လူမျိုးခြားတွေကို နှိမ့်ချခေါ်လေ့ရှိတဲ့ ရခိုင်ဓလေ့တစ်ခုအရ စစ်တကောင်းသားဘင်္ဂါလီတွေဟာ မူရင်းဒေသရှိ စီးပွားရေးအခက်အခဲတွေကြောင့် အလေ့ကျရွှင့်စဉ်လာမှု၊ ရခိုင်အခေါ် "ရွှင့်ကျ" (Rwongkya) ကိုအစွဲပြုပြီး "ရွှင့်ကျ/ရွှင့်ဂျာ"(Rwongkya) လို့ ထင်ရှားတပ်ခဲ့ကြပါတယ်။ (Rwongkya Rwon gya)

ရွှင့်ကျဆိုတာမှာ လူမျိုးတစ်မျိုးမဟုတ်။ ရခိုင်မှာ နှိမ့်ချခေါ်ဝေါ်တဲ့ စကားပဲဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုစစ်တကောင်းသားတို့ဟာ ရခိုင်မှာ အနေကြာလာတဲ့အခါ ရခိုင်တို့ခေါ်ဝေါ်တဲ့ "ရှင်ဂျာ" အမည်ကို မနှစ်မသက်ဖြစ်လာပါတယ်။ အချင်းချင်းမှာ "ဘင်္ဂါလီ" လို့သာပဲ သုံးနှုန်းကြပါတယ်။ ၁၉၄၈ခုနှစ်မှာ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် လူမျိုးတွေဆိုင်ရာ ရပိုင်ခွင့်အခွင့်အရေးတွေကို သူတို့ကလဲလိုလားကြပါတယ်။ ဇာတိအမည် "ဘင်္ဂါလီ" ဆိုတာ၊ "စစ်တကောင်းသားလူမျိုး" ဆိုတာတွေတို့ဟာ၊ မြန်မာနိုင်ငံက လူမျိုးအခွင့်အရေးတွေ စိတ်ပင်သွားနိုင်ပြီး ပြည်ပသားတွေဖြစ်သွားနိုင်တာကို တွေးတောကြပြီး အမည်သစ်တပ်လိုကြပြန်တယ်။ ဒါကြောင့် ၁၉၅၀ပြည့်နှစ်ဝန်းကျင်ကာလမှာ ရခိုင်ရှိ ဘင်္ဂါလီတစ်စုက "ရွာဟောင်းကကျား"၊ "ရိုးဝန်ညာ"၊ "ရိုဟင်ဂျာ" စတာကို "ရိုဟင်ဂျာ" အမည်ကိုသာ အသုံးပြုကြရန် လှုပ်ရှားလာကြတာကို တွေ့ရပါတယ်။ လွတ်လပ်ရေးရပြီးစ မူဂျာဟာစ်သူပုန်လှုပ်ရှားမှုဟာ သူတို့ရဲ့လှုပ်ရှားမှုကို တစ်စိတ်တစ်ပိုင်း အောင်မြင်စေခဲ့ပါတယ်။ မြန်မာနိုင်ငံအစိုးရဟာ ၁၉၅၄ ခုနှစ်မှာ ပြည်တွင်းငြိမ်းချမ်းရေးစတဲ့ နိုင်ငံရေးနည်းနဲ့ သူတို့ရဲ့အမည်ကို ထုတ်ဖော်သုံးစွဲရပါတယ်။ ဒါပေမဲ့ အရပ်အခေါ်၊ ဒေသအခေါ်တွေနဲ့ အခြားအသုံးအနှုန်းတွေက အမည်သစ်မှာ မတွင်ကျယ်ခဲ့ပါဘူး။ သမိုင်းမခိုင်မာတဲ့ လူမျိုးအမည်ဟာ စိတ်ကူးယဉ်သက်သက်နဲ့သာ ရှိနေခဲ့ပါတယ်။

ဒီကနေ့(၁၉၉၀)လောက်က ရခိုင်ပြည်က အဲဒီဘင်္ဂါလီတစ်စုက သူတို့ရဲ့လူမျိုးအမည်ကို သူတို့တစ်စုနှစ်သက်သလို ခေါ်ဝေါ်ကြတာသာမက ရခိုင်ပြည်ဖွားတိုင်းရင်းသားထဲမှာ ရခိုင်လူမျိုးနဲ့အမွှာညီအစ်ကိုအဖြစ်ကိုလဲ ခံယူလိုကြပြန်ပါတော့တယ်။ လူမျိုးအမည်ဆိုတာမှာ "အမျိုးညီ 'ဤ' ကို ကွဲဖတ်" ဆိုတဲ့စကားပုံလို ခေါ်ဆိုနိုင်တာဆိုဦး



တော့ သမိုင်းကြောင်းစဉ်လာ၊ ယဉ်ကျေးမှုဓလေ့တို့မှာ စိတ်ကူးဆန္ဒစွဲအတိုင်း ဖြစ်လို့ရတဲ့အရာမဟုတ်ပါ။ ဖိလစ်ပိုင်နိုင်ငံမှာ သမ္မတမားကို့စ်လက်ထက်က အဲဒီနိုင်ငံမှာ "တာဆာဒေး" ရှေးဦးလူနေမှုတစ်ခုကိုတွေ့ရှိရကြောင်းဆိုပြီး နိုင်ငံခြားခရီးသွားလုပ်ငန်းတွင်ကျယ်စေခဲ့ပါတယ်။ မာကို့စ်နုန်းကျပြီးနောက်မှာ သတင်းထောက်တွေက နှိုင်းယှဉ်ဖော်ထုတ်လိုက်တာမှာ မားကို့စ်တို့ အလိမ်ကိုသိရှိလာခဲ့ကြပြီပဲဖြစ်ခဲ့ပါတယ်။ ဒီနေရာ မှာ အမေရိကန်သမ္မတလင်ကွန်းရဲ့မိန့်ဆိုချက်တစ်ခုဟာ သင်ခန်းစာ ယူစရာပဲဖြစ်ပါတယ်။ သူက "အသင်ဟာ လူအားလုံးကို ခေတ္တမျှပဲ အရူးလုပ်နိုင်တယ်။ လူတစ်ချို့ကိုတော့ တစ်သက်လုံးအရူးလုပ်နိုင်တယ်၊ လူအားလုံးကိုတော့ တစ်သက်လုံးအရူးမလုပ်နိုင်ကောင်းပါ" လို့ ဆို ထားခဲ့ပါတယ်။ ၁။ You can fall all the people some of the ti.ie, some of the people, all the time, but you can not fool the people all the time.

Abraham Limcoin

တိုင်းရင်းသားဆိုတာမှာ ရုပ်ပိုင်းသွင်ပြင်၊ ယဉ်ကျေးမှုနဲ့သမိုင်းအစဉ်အလာတွေ နီးနှောမှုရှိရစမြဲဖြစ်ပါတယ်။ လူမျိုးတိုင်း၊ လူ့အဖွဲ့အစည်းတိုင်းမှာ မိမိတို့နဲ့နီးနှောကဲ့အခြားသောအုပ်စုတူလူမျိုး၊ လူ့အဖွဲ့အစည်းတစ်ရပ်ရှိကြတာသာ ဖြစ်ပါတယ်။ အဲဒီလက္ခဏာတွေဟာ နေ့ချင်းညချင်းဖြစ်လာတာ မဟုတ်ပါ။ နှစ်ပေါင်းရှည်ကြာ အတူတကွနေထိုင်ရင်း တူညီတဲ့သမိုင်းစဉ်ကြီးတစ်ရပ်ကြောင့်သာ ပေါ်ပေါက်လာရတာဖြစ်ပါတယ်။ တိုင်းရင်းသားရုပ်သွင်ပြင်မှာ လူမျိုးအုပ်စုမတူရင် သိသိသာသာကွဲပြားခြားနားနေတတ်တာကို သတိပြုရပါမယ်ဆိုတာပါ။

www.burmeseclassic.com

www.burmeseclassic.com



## ရုပ်ပိုင်းသွင်ပြင်ဆိုတာ

ရခိုင်လူမျိုးနဲ့ရခိုင်ရှိဘင်္ဂါလီလူမျိုးတို့မှာ ရုပ်ပိုင်းသွင်ပြင်တွေညီတာ သာမန်မျက်စိနဲ့ပဲ သိရှိနိုင်တဲ့အရာဖြစ်ပါတယ်။ ရခိုင်လူမျိုးကို မမြင်ဖူး၊ မသိဖူးတဲ့ လူမျိုးအဖို့တော့ ရုပ်ပိုင်းလက္ခဏာကို သာမန်ဆန်းစစ်လိုက်တာနဲ့ပဲ သိသာနိုင်ပါတယ်။ J.E Manchip Write ၏ Teach Yourself Anthropology (1960) စာမျက်နှာ ၃၄ မှာ "What are these spacific anatomical features that serve to demarcate one race from another ? Although each of than is transmitted by a combination of many genes, they are each recognizable as evidence of physical individuality. They are the colour of the skin, the colour of the eye, the formation of the upper eyelid, the shape of the nose and lips, the tex ture of the head and body hair, and body hair, and the blood groupu" လို့ ရေးထားခဲ့ပါတယ်။

ရခိုင်တို့ဟာ ဦးခွံအနည်းငယ်ကြီးတတ်တယ်။ မျက်ခုံးမို့တယ်။ မျက်စိနက်ထယ်။ မျက်နှာဝိုင်းသဃောင်တွေ့ရတယ်။ အသားဝါတယ်။ နှာတံအရင်းပိုင်းနိမ့်တယ်။ နှာခေါင်းပေါက်ကျယ်တယ်။ နှုတ်ခမ်းထူတယ်။ အမွေးအမျှင်အတော်အသင့်မျှ ရှိတယ်။ အရိုးအဆစ်တိုတယ်။ မနုဿဗေဒပညာရှင်တို့က ရခိုင်ကို မွန်ဂိုအနွယ်တွေမှာထည့်သွင်းတယ်။ ဘင်္ဂလားအရှေ့ဘက်မှာ တွေ့ရတဲ့မွန်ဂိုနွယ်ဖွားတွေနဲ့တူတယ်။

ရခိုင်ရှိ ဘင်္ဂါလီတို့ဟာ ဦးခွံငယ်တယ်။ မျက်ပေါက်ကြီးတယ်။ မျက်စိညိုကြောင်တယ်။ မျက်နှာသွယ်တယ်။ အသားမည်းတယ်။ နှာတံကောက်ပြီးမြင့်တက်တယ်။ နှာခေါင်းပေါက်ကျဉ်းတယ်။ နှုတ်ခမ်း ပြန့်တယ်။ အမွေးအမျှင်ထူတယ်။ အရိုးအဆစ်ရှည်တယ်။



ရုပ်ပိုင်းသွင် ပြင်မှာ အိန္ဒိယအနွယ်ဝင် ဘင်္ဂလားဒေသရှိလူတွေနဲ့ တူညီနေတယ်။

## ယဉ်ကျေးမှု

"လူမျိုးတစ်မျိုးရဲ့ယဉ်ကျေးမှုမှာ အတွေးအခေါ်အယူအဆ၊ ကိုယ်ကျင့်တရား၊ ဓလေ့ထုံးစံ၊ ဘာသာစကားနဲ့ဒီမြေပေါ်မှာ အသုံးပြုရန် ဆိုက်လျော်ညီထွေစွာ လိုအပ်တဲ့လူသုံးကိရိယာတွေ၊ လက်နက်တွေ၊ စက်ယန္တရားတွေနဲ့ အခြားပစ္စည်းတွေပါဝင်တယ်။ ဒီယဉ်ကျေးမှုကို ဘိုးဘွားမိဘတွေက တစ်ဆင့်ရရှိကြတယ်လို့ မနုဿဗေဒပညာရှင် ဂိုက် (White) က ဖော်ပြထားခဲ့ပါတယ်။ The culture of a people comprises the complete structure of ideas, beliefs, morals, laws language and all tools,weapons,machines, and other devices which they employ to cope with their lives on this planet. this culture they receive from their parents...လို့ Teach yourself Anthropology စာမျက်နှာ ၈၈ မှာ ရေးထားပါတယ်။ ယဉ်ကျေးမှုသဘောကျယ်ပြန့်နက်ရှိုင်းတဲ့ ရခိုင်လူမျိုးနဲ့ ရခိုင်ရှိဘင်္ဂါလီယဉ်ကျေးမှုသဘောသဘာဝကို သာမန်မျှနဲ့ပဲ သိသာနိုင်ပါတယ်လို့ကို ဆိုခဲ့ပါတယ်။ ရခိုင်တို့က မိမိတို့တိုင်းပြည်ကို ပုလ္လိင်အဖြစ် သတ်မှတ်ပြီး ဘရခိုင်ပြည်လို့ခေါ်တယ်။ ဘင်္ဂါလီတို့က အရပ်ဒေသကို ဣတ္ထိလိင်အဖြစ် ယူတယ်။ အရေးကြုံလို့တမ်းတရင် ရခိုင်ကအဖကို တမ်းတတတ်တယ်။ ဘင်္ဂါလီတို့က မိခင်ကိုသာ တမ်းတတယ်။

ရခိုင်တို့ဟာ ဗုဒ္ဓဘာသာဝင်တွေဖြစ်ကြပေမယ့် ရိုးရာနတ်ကိုးရာ အယူအဆကို လုံးဝဥဿုံမစွန့်လွှတ်သေးပါ။ ဘင်္ဂါလီတို့က အစ္စလာမ်

www.burmeseclassic.com

www.burmeseclassic.com



ဘာသာဝင်တွေသာ ဖြစ်ကြပါတယ်။ တခြားကိုးကွယ်မှုမရှိကြပါ။

ရခိုင်တို့ဟာ သည်းခံခွင့်လွှတ်တတ်လေ့ရှိကြပါတယ်။ ဘင်္ဂါလီတို့မှာ အခွင့်အလမ်းကိုသာ အဓိကထားကြပါတယ်။

ရခိုင်နဲ့ဘင်္ဂါလီတို့မှာ ဓလေ့ထုံးစံအနေနဲ့လဲ အများအပြားခြားနားလှပါတယ်။

ရခိုင်ဘာသာစကားဟာ ဧကဝဏ္ဏဘာသာစကားအုပ်စုပဲဖြစ်ပါတယ်။ လျှာလိပ်"ရ"သံကို ပီသအောင်ရွတ်တယ်။ "သ"ဗျည်းကိုလဲ ပီသအောင်ရွတ်တယ်။ ဘင်္ဂါလီဘာသာစကားဟာ ပြာကရိုက်ဘာသာ အုပ်စုဝင်ဖြစ်တယ်။ "သ"သံကိုမရွတ်ဆိုနိုင်ဘဲ "တ"သံလို ရွတ်ကြတယ်။ "င"သံကိုလဲ "န"လို့ပဲရွတ်ကြတယ်။

ရခိုင်တို့က "ထမင်းကိုစားသည်"၊ "ရေသောက်သည်"၊ "ဆေးလိပ်သောက်သည်"အဲဒီလိုနဲ့ စားတာနဲ့သောက်တာကို ဝေါဟာရက ခြားခြားနားနားရှိကြပါတယ်။ ရခိုင်က ဘင်္ဂါလီတို့က ရခိုင်စကားကိုပြောကြတဲ့အခါ သူတို့ရဲ့အသုံးအနှုန်းအတိုင်း "ထမင်းစားသည်"၊ "ရေစားသည်"၊ "ဆေးလိပ်စားသည်" (၄င်းတို့ရဲ့စကားမှာ ခိုက်လို့ဆိုတယ်)လို့ ဝေါဟာရတစ်လုံးတည်းကိုပဲ အသုံးပြုကြပါတယ်။ ရခိုင်က "အုန်းသီးသီးသည်"ကို ဘင်္ဂါလီက "အုန်းသီးတိုင်နေသည်"ဟုသာ ပြောကြပါတယ်။ ရခိုင်ရှိ ဘင်္ဂါလီတို့ရဲ့ဘာသာစကားမှာ ဘင်္ဂလားရှိ မြို့ကြီးသားဒက္ကာနဲ့ကာလကတ္တားတို့ ပြောသကဲ့သို့ လေယူလေသိမ်းအသုံးအနှုန်းနဲ့ စကားတွေမရှိပါ။ စစ်တကောင်းဒေသမှာ ပြောဆိုသုံးစွဲတဲ့စကားတစ်မျိုးသာ ဖြစ်ပါတယ်။ ရခိုင်က ဘင်္ဂါလီတို့က သူတို့ပြောတဲ့စကားကို "ဘင်ဂေါလီဂေါထာ" (ဘင်္ဂါလီစကား) လို့သာခေါ်ကြတယ်။ ကုလားစကားလို့လဲ သုံးကြပါသေးတယ်။



လူ့အသုံးအဆောင်ပစ္စည်းတွေက နေ့စဉ်သုံးဖြစ်တဲ့ ဓားပုံသဏ္ဍာန်က ရခိုင်နဲ့ ဘင်္ဂါလီကုလားတို့မှာ မတူညီကြပါ။ ရခိုင်တို့ရဲ့ဓားက ခင်းတယ်။ ကော့တက်မှုမရှိ၊ ရခိုင်က ဘင်္ဂါလီတို့ရဲ့ဓားက တံစဉ်းလို ကွေးကောက်နေတယ်။ ဒီလိုဓားကွေးကောက်တာကို အခွဲပြုပြီး ရခိုင်တို့က ဘင်္ဂါလီတို့ရဲ့စိတ်ထားကို တန်ဖိုးဖြတ်လေ့ရှိပါတယ်။

ရခိုင်ကဘင်္ဂါလီလူမျိုးတစ်ဦးဖြစ်သူ ဘသာ (ဘူးသီးတောင်)က သူတို့လူမျိုးဟာ ရခိုင်ပြည်မှာ နေထိုင်တာဟာ ကြာပြီဖြစ်စေမယ့်လဲ ရခိုင်နဲ့ယဉ်ကျေးမှုမတူ၊ သီးခြားဖြစ်နေတာနဲ့ သူတို့မှာ ခုလိုကိုယ်ပိုင်ဒေသ၊ စကား၊ စာပေ၊ ယဉ်ကျေး ရှိတာ စတာကို ၁၉၆၀ ပြည့်နှစ်၊ မေလထုတ် The Guardian Magazine စာမျက်နှာ ၃၅ မှာ ဖော်ပြထားခဲ့တာ ရှိပါတယ်။

## သမိုင်းစဉ်မှာ

ရုပ်ပိုင်းသွင်ပြင်ရော၊ ဘာသာစကားနဲ့ယဉ်ကျေးမှုပါ ဝင်ရင်း ဘင်္ဂါလီနဲ့များစွာတူညီနေတဲ့ ရခိုင်က ဘင်္ဂါလီတို့ရဲ့သမိုင်းဟာလဲ ဘင်္ဂလားဒေသသမိုင်း၊ ဘင်္ဂလားသို့အစ္စလာမ်ဘာသာ ဝင်ရောက်လာမှု၊ ပြန့်ပွားမှုတို့နဲ့သာ နီးနွယ်နေခဲ့ပါတယ်။

၁၂ ရာစုအထိ ဘင်္ဂလားဒေသကို ဂုပ္ပတာမင်းဆွေ (အေဒီ-၃၂၀ က ၅၀၁ခန့်ထိ)ပါလနဲ့ သေနမင်းတွေ (အေဒီ ၇၅၀ က ၁၁၇၁ခန့်ထိ) အုပ်ချုပ်ခဲ့ပြီး ဟိန္ဒူယဉ်ကျေးမှုလွှမ်းမိုးခဲ့တယ်။ အေဒီ ၈ ရာစုခန့်အကုန်လောက်မှာ ရခိုင်က စစ်တကောင်းမြို့ကို တည်ထောင်လိုက်တာကြောင့် အဲဒီဒေသမှာ ရခိုင်ဩဇာခိုင်မာလာခဲ့တယ်။ စစ်တကောင်းဟာ ၁၂၈ ခုနှစ်မှာ ထကြွခဲ့တယ်။ ဒါကို ရခိုင်က သွားရောက်နှိမ်နင်းခဲ့

www.burmeseclassic.com

တယ်။ ၁၂၄၆ ခုမှာ စစ်တကောင်းက တစ်ကြိမ်ထကြွခဲ့ပြန်တယ်။ ဒီအချိန်မှာ ရခိုင်က လောက်ချီးပူရာ (Luchipore) တိုင်အောင် သွားရောက်နှိမ်နင်းရုံမက ကျွန်အဖြစ်လူပေါင်း ၄၇၅၀၀ ကို ဖမ်းဆီးခေါ်ဆောင်လာခဲ့ကြတယ်။ ၁၃ ရာစုအဦးပိုင်းမှာ အာသံနဲ့ဆက်စပ်နေတဲ့ ဘင်္ဂလားမြောက်ပိုင်းကို မဟာမေဒင်မင်းတို့ သိမ်းပိုက်မိခဲ့ကြတယ်။ အရှေ့ဘင်္ဂလားမှာ သေနမင်းက ဆက်လက်အုပချုပ်ခဲ့တယ်။ ဘင်္ဂလားအနောက်မြောက်ဘက်ရှိ လက္ခနော့တီ (Lakhnauti) ခေါ် (Gaur) ဂါဝါဟာ မဟာမေဒင်မြို့တော်ဖြစ်လာခဲ့တယ်။ ၁၂၈၆ ခုမှာ ဘင်္ဂလားနိုင်ငံပေါ်လာပြီးနောက် အရှေ့ဘင်္ဂလားက ကြွင်းကျန်နေတဲ့ သေနမင်းဆက်ကို ဖြုတ်ချခဲ့တယ်။ ၁၃၂၄ မှာ ဒေလီက ဘင်္ဂလားကို သိမ်းယူခဲ့ပြီး နယ်သုံးနယ်ခွဲကာ အုပ်ချုပ်စေခဲ့ပါတယ်။ ခု ဒက္ကာမြို့တော်ရဲ့ အရှေ့တောင်ဘက် ၁၃ မိုင်အကွာရှိတဲ့ သျှူနာကင် (Suner gong) ဟာ အရှေ့ဘင်္ဂလားမြို့တော်ဖြစ်လာခဲ့တယ်။ သျှူနာကင်မှာ ကဒါခန် (Kudder Khan) အုပ်ချုပ်နေချိန်မှာ ရခိုင်ပိုင် စစ်တကောင်းကို ဘင်္ဂါလီကုလားတို့ ထိပါးလာတာကြောင့် ရခိုင်ဘုရင် မင်းထီးဟာ ၁၃၃၃ ခုနှစ်မှာ သွားရောက်နှိမ်နင်းခဲ့ပါတယ်။ ဘင်္ဂလား ဟာ ၁၃၃၉ က ၁၃၆၃ အတွင်း ဒေလီသြဇာကလွတ်ကင်းသွားခဲ့တယ်။ အရှေ့ဘင်္ဂလားကိုတော့ ဟိန္ဒူဘုရင် ဓနုဇမာရဒန္ဒဒေဝ (Danujamar ddana Deva) က ကြီးစိုးထားခဲ့ပါတယ်။ အဲဒီမင်းဟာ စစ်တကောင်းကို ပါ ပိုင်ခဲ့တယ်။ ရခိုင်တို့က ၁၄၀၆ခုမှာ ဖြစ်ပွားတဲ့အင်းဝကျူးကျော် စစ်ပွဲကြောင့် ရခိုင်ဘုရင်မင်းစောမွန်ကိုယ်တိုင် ဂါဝါမှာသွားရောက်ခိုလှုံနေရ တာကြောင့် စစ်တကောင်းကို အဲဒီဟိန္ဒူမင်းက ဝင်ရောက်သိမ်းပိုက်ခဲ့ ဟန်ရှိပါတယ်။ ဒေဝရဲ့သားတော်ဇာဒူဟာ ဘုရင်ဖြစ်လာတဲ့အခါ မဟာမေဒင်ဘာသာသို့






ကူးပြောင်းသွားခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး အရှေ့ ဘင်္ဂလားမှာ အင်အားရှိနေတဲ့ မူရင်းဟိန္ဒူဘာသာဟာ အင်အားလျော့ ခဲ့ရပြီး မဟာမေဒင်ဘာသာ ကိုးကွယ်မှုကျယ်ပြန့်လာခဲ့ဟန် ရှိပါတယ်။ အစ္စလာမ် ဘာသာဟာ စစ်ရေးကြောင့် ကျယ်ပြန့်ခဲ့တယ်။ အဲဒီခေတ်အခါက ဗုဒ္ဓဘာသာဝင် ရခိုင်ဘုရင်နိုင်ငံ တည်ရှိနေတာက အဲဒီဘာသာတော ဘင်္ဂလားနယ်ထက် ရှေ့သို့မတိုးနိုင်ဖြစ်ခဲ့ကြပါတယ်။

အနောက်ဘင်္ဂလားနဲ့ ရခိုင်ဆက်ဆံမှုဟာ မင်းစောမွန်နန်းပြန်ရတဲ့ ၁၄၂၈ ခုမှာ စတင်ခဲ့တယ်။ ဂါဝါဘုရင်ဟာ မင်းစောမွန်ကို နန်းတင်ပေးခဲ့တယ်ပြီး။ နန်းတင်ဖို့ရန်လာတဲ့ ပထန်းစစ်သည်တို့ဟာ မင်းစောမွန်ကို အငိုက်ဖမ်းပြီး အာဏာကို ၃ လမျှသိမ်းယူထားခဲ့ပါတယ်။ အဲဒီကာလမှာ လောင်းကြက်မြို့တော်အနီးမှာ ဆန်တီခန်ဗလီပေါ်ပေါက်လာခဲ့ပါတယ်။ ၃ လကြာတဲ့အခါမှာ မင်းစောမွန်နန်း ပြန်လည်ရရှိခဲ့ပေမယ့် နှစ်နိုင်ငံချစ်ကြည်ရေးအတွက် အဲဒီဗလီကို ဆက်လက်တည်ထားခွင့်ပြုခဲ့ပါတယ်။ ၁၄၃၀ ပြည့်နှစ်မှာ မြောက်ဦးမြို့တော်ကို တည်ထောင်တဲ့အခါ ဘာသာခြားကို မြို့တွင်းမှာမထားရဆိုတဲ့ အယူအရမြို့တော်ပရိဂုဏ်ရဲ့အပြင်ဘက်မှာ ချန်ထားခဲ့ပါတယ်။

ရခိုင်နဲ့ဂါဝါတို့ ဆက်ဆံရေးဟာ အရှည်မကြာခဲ့ပါ။ ၁၄၅၉ ခုမှာ ရခိုင်က စစ်တကောင်းကို ပြန်လည်သိမ်းပိုက်ခဲ့ပါတယ်။ ရခိုင်ဘုရင်မင်းဘာကြီးဟာ ၁၅၃၅ ခုမှာ ဂါဝါမှာ နန်းလုဘုရင်မာမုဒ်ရှား (Mahmood Shah) နန်းတက်ပြီး ဟာဂျပူရီ (Hajy pore) ပုန်ကန်မှုမှာ အကြီးအကျယ်ရှုံးနေစဉ် စစ်တကောင်းအနောက်ဘက်တစ်လွှား ဘင်္ဂါ ၁၂ တိုင်းခေါ် ဘူညားကြီး (Bara Bhuiyas) ၁၂ တိုင်းကို ရခိုင်လက်အောက်ခံ အဖြစ် နိုင်မာအောင်တည်ဆောက်ခဲ့ပါတယ်။ အဲဒီမှာဘင်္ဂလားဟာ

ဥပစိတ်ဝ ယမုန်း ၀ [illegible] (ထိုင်လေး) [illegible]





ဘင်္ဂါလီများကို သန်းခေါင်စာရင်းကောက်စာရင်းတွင် [illegible]

www.burmeseclassic.com





ဒေလီနဲ့အားပြိုင်မြဲ အားပြိုင်ခဲ့ပါတယ်။ မဂိုဘုရင် အက္ကဘာ (နန်းစံ ၁၅၅၆-၁၆၀၅)ဟာ ၁၅၇၆ခုမှာ ဘင်္ဂလားကိုအပြီးအပိုင် သိမ်းသွင်းနိုင်ခဲ့တယ်။ ဒါပေမဲ့အဲဒီဒေသက ဟိန္ဒူနယ်ပထန်မြေပိုင်ရှင်ကြီးတွေ (Bara Bhuiyas) က အက္ကဘာကို ဖီဆန်မြဲဖီဆန်ခဲ့ပါတယ်။ ဂျဟန်ဂီရ် (Jahangir)နန်းစံ ၁၆၀၅-၁၆၂၇ လက်ထက်မှာပဲ ဖီဆန်မှုရပ်တန့်သွားခဲ့ပါတယ်။ အဲဒီဘင်္ဂလားပြည်တွင်းရေးပြဿနာမှာ မဂိုဩဇာနဲ့ မွတ်ဆလင်ဘာသာ အရှေ့ဘက်သို့ ထပ်မံကျယ်ပြန့်လာမှုကို တစ်နည်းအားဖြင့် ဟန့်တားမှုဖြစ်ခဲ့တယ်။ တစ်ဖန်ဒီအချိန်မှာ ရခိုင်တန်ခိုးအာဏာဟာလဲ အတွင့်အထိပ်သို့ ရောက်နေချိန်ဖြစ်ခဲ့ပါတယ်။

ရခိုင်ပိုင်စစ်တကောင်းမြို့ဟာ ၁၆၆၆ ခုနှစ်မှာ မဂိုလက်ထဲသို့ ကျရောက်သွားခဲ့တယ်။ ရခိုင်တို့ဟာ တောင်ဘက်သို့ ဆုတ်ခွာလာခဲ့ကြတယ်။ အဲဒီအချိန်ကစပြီး မဟာမေဒင်ဘာသာဟာ စစ်တကောင်းဒေသမှာ ပြန့်ပွားသွားခဲ့ပါတယ်။ မဂိုတို့ရဲ့ထိုးဖောက်ဝင်ရောက်မှုကို ဟန့်တားဖို့ရာ ရခိုင်တို့က နယ်စပ်တစ်လျှောက်မှာ "ပလောင်တပ်" (လက်ဖြောင့်သေနတ်ကိုင်တပ် = တစ်တပ်မှာ တပ်သား ၃၆၀ စီပါတယ်။)တွေကို အားဖြည့်ခဲ့တယ်။ (ယခုတိုင် ပလောင်အမည်နဲ့ ပင်းပါနဲ့ ရခိုင်ကြားဒေသတို့မှာ ကျေးရွာတွေရှိနေပါသေးတယ်) သို့ပင်မဂိုတို့ဟာ စစ်တကောင်းကို သိမ်းပိုက်နိုင်ခဲ့ပေမယ့် တောင်ဘက်ဒေသသို့ ထိုးဖောက်နိုင်စွမ်းမရှိခဲ့ပါ။

၁၇၆၀ ပြည့်နှစ်မှာ စစ်တကောင်းက အင်္ဂလိပ်ပိုင်ဖြစ်လာတယ်။

၁၇၈၅ ခုနှစ်မှာ မြောက်ဦးမြို့တော်ဟာ မြန်မာလက်အောက်သို့ ကျရောက်လာခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး ရခိုင်နေလူအများဟာ အင်္ဂလိပ်ပိုင်စစ်တကောင်းနယ်သို့ ထွက်ပြေးခဲ့ကြရတယ်။ ကြက်ပွဲမကျ

www.burmeseclassic.com

www.burmeseclassic.com



စည်ကားခဲ့တဲ့ ရခိုင်ပြည်ကြီးဟာလဲ တောကြီးတစ်မျှဖြစ်သွားလေခဲ့ပါတယ်။ ၁၈၂၆ ခုနှစ်မှာ ရခိုင်ကို အင်္ဂလိပ်တို့ရရှိသွားတဲ့အခါ ရခိုင်မှာ လူဦးရေ ၁ သိန်းလောက်ကို မပြည့်တော့ပါလို့ ဆိုခဲ့ပါတယ်။

အင်္ဂလိပ်တို့ပိုင်ပြီးနောက် ရခိုင်တို့ဟာ မူရင်းဒေသသို့ ပြန်ဝင်လာကြတယ်။ ၁၈၅၀ ခန့်ကစပြီး စစ်တကောင်းက ဘင်္ဂါလီတို့ဟာ လယ်ယာလုပ်ငန်းတွေအတွက် အလုပ်လုပ်ဖို့ဝင်ရောက်လာကြတယ်။ အစပိုင်းမှာ ရာသီချိန်အလိုက် ဝင်ရောက်လာခဲ့ကြတယ်။ နောင်မှာ အခြေချနေထိုင်ခဲ့ကြတယ်။ နယ်ချင်းဆက်နေတဲ့ မယူဒေသကို ခြေကုပ်ယူလာကြတယ်။ အဲဒီလိုအခြေချလာသူတွေကို အရပ်စကားမှာ ဘင်္ဂါလီလို့ ခေါ်တယ်။ အုပ်ချုပ်သူတို့က သူတို့ပြောင်းရွှေ့ရာ အရပ်ကို အစွဲပြုပြီး "စစ်တကောင်းသား" (Chittagonina) လို့ခေါ်တယ်။ မြန်မာတွေက "ခေါ်တော"လို့ခေါ်တယ်။ ရခိုင်တို့က "ရှင်ဂျာ"လို့ ခေါ်တယ်။ ဗြိတိသျှစွယ်စုံကျမ်းက သူတို့ကို "(Adventitious Mohammedan) (အခွင့်အလမ်းမျှော်များ)လို့ ကင်ပွန်းတပ်ခဲ့တယ်။ အဲဒီမဟာမေဒင် ဘာသာဝင်တို့ဟာ ၁၈၆၉-၇၀ခုနှစ်မှာ ၂၄၀၀၀ဦးမျှ ရှိခဲ့ကြတယ်။

၁၉၁၇ မှာ ထုတ်ဝေတဲ့ ဘားမားဂေဇက်တီးယား-စစ်တွေခရိုင် (Burma Gazettier; Akyab District) စာမျက်နှာ ၈၅ မှာတော့…

"အနောက်ဘက်ဒေသက စစ်တကောင်းသားတွေ မှန်မှန်ပုံအောဝင်ရောက်လာမှုကြောင့် ရခိုင်တို့ဟာ ရခိုင်ပြည်ကပင် တဖြည်းဖြည်းနှင်ထုတ်ခံရမယ်ဆိုတဲ့အချက်မှာ သိသာလှပါတယ်" လို့ရေးသားထားပါတယ်။ စစ်တကောင်းသားဘင်္ဂါလီတို့ဟာ စဉ်ဆက်မပြတ်ဝင်ရောက်နေထိုင်ခဲ့ကြတာမှာ အုပ်ချုပ်သူတို့ကိုယ်တိုင်ကိုယ်က ဒေသခံရခိုင်



တွေအတွက် ဂရုဏာသက်စရာဖြစ်သွားခဲ့ပါတယ်။ အဲဒီလိုဝင်ရောက်မှုတွေဟာ ၁၈၇၉ ခုက များပြားလာခဲ့တာ ခေါင်းတော်မြို့နယ်မှာလဲ ဒီနည်းနှင်နှင်ပဲဖြစ်တာလို့ စတာတို့ကို အဲဒီစာအုပ်စာမျက်နှာ ၈၇ မှာ ဖော်ပြထားခဲ့ပါတယ်။

ရခိုင်ပြည်ကို အင်္ဂလိပ်တို့က နှစ်ပေါင်းရှည်ကြာအုပ်ချုပ်ခဲ့တာ၊ ရခိုင်တို့ရဲ့လူလူချင်း ညှာတာထောက်ထားတတ်တာ၊ ဘာသာရေးခွင့်လွှတ်နားလည်တတ်တာ စတာတို့ကို အခွင့်ကောင်းယူပြီး စစ်တကောင်းသား ကုလားတို့ရဲ့အခြေချနေထိုင်မှုဟာ တဖြည်းဖြည်းနဲ့ အမြစ်တွယ်လို့လာတာက တစ်ဆင့်ခိုင်မြဲလာလေခဲ့တယ်။ ၁၉၃၅ ခုနှစ်မှာ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့က အိန္ဒိယက ခွဲထွက်လိုက်တာနဲ့ မြန်မာ နိုင်ငံအတွင်းက ရောက်နှင့်နေတဲ့ အိန္ဒိယသားပြဿနာတိုဝါ မြန်မာ နိုင်ငံသားတို့ ရရှိသွားလေခဲ့တယ်။ ဒုတိယကမ္ဘာစစ်ကြီးပြီးစ ၁၉၄၂ ခုမှာ ရခိုင်က အင်္ဂလိပ်တို့ထွက်သွားရာခဲ့မှာ ကုလား၊ ရခိုင်အဓိကရုဏ်း ကျန်ရစ်သွားလေခဲ့တယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးစမှာ မူဂျာဟာစ် သူပုန်တွေက မယူနယ်မှာ ထကြွခဲ့ကြတယ်။

ရလဒ်မှာ ရခိုင်အများစုဟာ မိမိတို့ရဲ့ဘိုးဘွားပိုင် မယူဒေသက စွန့်ခွာသွားရတာပဲ ဖြစ်ပါတယ်။ ယခုတိုင်ရခိုင်အမည်တွေနဲ့ ကျေးရွာတွေ ရှိနေသေးတယ်။ စစ်တကောင်းဒေသက ထပ်မံဝင်ရောက်လာမှုကလဲ တိုးပွားလို့လာလေခဲ့တယ်။ ကုလားသူပုန်မှာ ထမြဲထနေခဲ့တယ်။ မြန်မာနိုင်ငံအစိုးရဟာ ၁၉၅၄ မှာ သူတို့ရဲ့ပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းဖို့ရာ ကြိုးပမ်းခဲ့ပါတယ်။

၁၉၆၀ ပြည့်နှစ် ပတ်ဝန်းကျင်မှာ မြန်မာနိုင်ငံမှာ "ရခိုင်ပြည်နယ်ရရှိရေး" လှုပ်ရှားမှုဟာ အရှိန်မြင့်လာခဲ့တယ်။ ရခိုင်လူမျိုးတွေအတွက်

www.burmeseclassic.com



ပြည်နယ်တစ်ခုသတ်မှတ်ရေးဟာ မဝေးတော့ဘဲ အခြေသို့ရောက်ရှိခဲ့ပါတယ်။ အဲဒီမှာ မယူဒေသက စစ်တကောင်းသား ဘင်္ဂါလီတို့က သူတို့တွေဟာ ရခိုင်နဲ့မတူတဲ့ သီးခြားလူမျိုးတစ်မျိုးပဲ ဖြစ်တာကို ထင်ထင်ရှားရှားဆိုလာခဲ့ပါတယ်။ အဲဒီဘင်္ဂါလီထဲက (အမ်အေတယ်ဟီးရ်) ဘာသာက ခုလိုတင်ပြခဲ့ပါတယ်။

“(အာရပ်ဒေသမှာ) စတုတ္ထမြောက်ကာလိဖ်ဘုရင်ကွယ်လွန်ပြီးနောက်နန်းလုပွဲအရေးနိမ့်တာကြောင့် သူရဲ့သားတော်တစ်ပါးဖြစ်တဲ့ ဟာနီဖ်ဟာ အရှေ့ဘက်သို့ထွက်ပြေးလာခဲ့ပါတယ်။ နောက်ဆုံးမှာ ရခိုင်ပြည်မြို့တော် ဝေသာလီသို့ခိုလှုံဖို့ ရောက်ရှိခဲ့တယ်။ ဟာနီဖ်နဲ့နောက်တော်ပါတို့ဟာ မယူဒေသကထကြွနေတဲ့ ကိုယာပူရီဘုရင်မရဲ့လူရိုင်းတွေကို နှိမ်နင်းပြီးတဲ့နောက်ပိုင်း ပေါင်းသင်းနေထိုင်ခဲ့ကြတယ်။ ဝေသာလီခေတ် မဟာတိုင်း စန္ဒြားမင်းလက်ထက်မှာ ရမ်းဗြဲကျွန်းမှာ အာရပ်သင်္ဘောတွေပျက်ရာ ဘုရင်က သနားတာကြောင့် နေထိုင်ခွင့်ပြုခဲ့တယ်။ သူတို့ကို “ရိုးဝန်းညှာ”လူမျိုး(Roewenhyas)အဓိပ္ပါယ်မှာ သနားကြင်နာခံရတဲ့လူမျိုး)လို့ ခေါ်တွင်လာတယ်။ ၁၆၆၆ ခုမှာ ရခိုင်ပိုင်စစ်တကောင်းမြို့ ကျဆုံးပြီးတဲ့နောက် မူဆလင်တွေဟာ ရခိုင်ပိုင်မြောက်ပိုင်းမှာ ဝင်ရောက်အခြေချလာခဲ့တာဟာ ယုံမှားဖွယ်ရာမရှိပါ။ ပဌာန်တွေနဲ့ဝင်ရောက်လာသူတွေဟာ “ရိုးဝန်ညှာ”လူမျိုးတွေ၊ အာရပ်အနွယ်တွေနဲ့ ပေါင်းသင်းကြပြီး “ရိုဟင်ဂျာ”လူမျိုးတွေဖြစ်လာကြပါတယ်။ ရိုးဝန်ဂျာဟာ ရှာဟောင်းကကျားလို့ အဓိပ္ပါယ်ရပြီး ရဲရင့်တာလို့ အဓိပ္ပါယ်ရတယ်။

ရခိုင်နဲ့ မူဆလင်တွေဟာ ယဉ်ကျေးမှုမတူ ကွဲပြား ခြားနားတယ်။ မောဂ္ဂ ကိုဟာ ချို့က နှိမ့်ချခေါ်ဝေါ်တာလို့ လွဲမှားစွာနဲ့ ထင်မှတ်ကြတယ်။



ရခိုင်ဘုရင်ကို မောက်တော် ဆိုခေါ်ခဲ့တယ်။ မြင့်မြတ်တဲ့ အဓိပ္ပါယ်ပဲဖြစ်တယ်။ ဘင်္ဂါလီစကားမှာလဲ သူတို့ကို နှိပ်ကွပ်ခဲ့သူ ရခိုင်တွေကို နှိမ့်ချခေါ်ဝေါ်ခဲ့တာဖြစ်ပေမယ့် စကားနှစ် ရပ်ဟာ သူ့သမိုင်းနဲ့သူရှိနေမှာတာ ဖြစ်ပါတယ်။

ပြီးတော့မှာတာဘာသာဟာလဲ ရခိုင်ပြည်သမိုင်း၊ ခေတ်ပြိုင်သမိုင်းတွေမှာ မပါရှိတဲ့အကြောင်းကို လိုရင်းဆွဲပြီး ပိပိရိရိတင်ပြခဲ့တယ်။ သူတို့ဆိုလို ရင်းမှာ သူတို့ဟာ ရခိုင်ပြည်ပေါက်တွေဖြစ်ပြီး ဘင်္ဂါလီနဲ့မတူဘဲ ရခိုင်တို့နဲ့ကွဲပြားတယ်လို့ ဆိုလိုပါတယ်။ ရခိုင်ပြည်မှာတော့ မူဆလင်နှိပ်ကွပ်ရေးကို မင်းဘာကြီးလက်ထက် (၁၅၃၁-၅၅)မှာတစ်ကြိမ်၊ စန္ဒဝိဇယလက်ထက်(၁၇၁၀-၁၇၃၁)မှာ တစ်ကြိမ် ပြင်းပြင်းထန်ထန်ပြုလုပ်ခဲ့တယ်။ ရခိုင်တို့ဟာ မိမိတို့ဘုန်းမီးနေလတောက်ခဲ့စဉ်အတွင်း လက်အောက်ခံဘင်္ဂါလီတွေကို မိမိတို့လို အရှင်သခင်“မောဂ္ဂ”၂ လို့သာခေါ်စေခဲ့တယ်။ (အင်္ဂလိပ်ခေတ်မှာ အင်္ဂလိပ်တို့ကို ဒေသခံတို့က “သခင်”လို့ခေါ်ခဲ့ရတဲ့ ထုံးစံရှိခဲ့တယ်။ ဘင်္ဂလားနယ်သားတွေကို ကျွန်အဖြစ် ရက်ရက်စက်စက် မညှာမတာခိုင်းခဲ့တဲ့ ရှေးရခိုင်တို့ဟာ ဘင်္ဂါလီကျေးကျွန်မိသားစုနေထိုင်မှုကို လုံးဝခွင့်မပြုခဲ့ပါ။ စစ်မှုထမ်းခဲ့တဲ့ ကမန်တို့ကိုလဲ ယင်းတို့ရဲ့ပုန်ကန်မှုကြောင့် များစွာနှိပ်ကွပ်ခဲ့သေးတယ်။

ရခိုင်ကဘင်္ဂါလီတို့ရဲ့သီးခြားလူမျိုးဖြစ်ကြောင်း လှုပ်ရှားမှုဟာ ၁၉၇၈ ခုနှစ် နဂါးမင်းစီမံချက်ပြီးတဲ့နောက်မှာ အမြင့်ဆုံးအချိန်သို့ ရောက်ခဲ့ပါ တယ်။ ဗုဒ္ဓဘာသာဝင်ချည်းဖြစ်ခဲ့တဲ့ ရခိုင်မင်းတွေကိုပဲ သူတို့ရဲ့အစ္စလာမ် ဘာသာဝင်တွေဖြစ်ကြတယ်လို့ လိမ်လည်ဆိုလာတယ်။ ရခိုင်မင်းတို့ အုပ်စိုးတဲ့ မြောက်ဦးမြို့တော်ဟာ ယခုတိုင်ဗုဒ္ဓဘာသာ ဘုရားပုထိုး အပေါများဆုံးသော မြို့တွေအနက် တစ်မြို့ဖြစ်နေသေး

www.burmeseclassic.com



တာကို မျက်ကွယ်ပြုပြီး အခုနက်ကို အမှားနဲ့ဖုံး ... အောင် ကြိုးစားခဲ့တယ်။

တစ်ဖန် ၁၉၈၈ ခုနှစ်မှာ နိုင်ငံခြားစာစောင်တစ်ခုမှာ သူတို့ဟာ ရှေးဦးရခိုင်တို့ တိုက်ထုတ်တာခံရတဲ့ ရှေးဦးနေ လူ (Aborigine) တွေလို့ ဟစ်ကြွေးလာကြပြန်တယ်။ အဲဒီအယူအဆမှာ သမိုင်းအခြေ အမြစ်မရှိတာကြောင့် သူတို့လူမျိုးကိုယ်ကပဲ လက်မခံကြပါ။

ရခိုင်ကဘင်္ဂါလီတို့က ၁၉၈၉ ခုနှစ် သီအိုရီ ဒီအယူအဆဟာ ဒီနှစ်မှပေါ်လာတာ ဖြစ်ပါတယ်လို့ဆိုနိုင်ပါတဲ့ အယူအဆတစ်ရပ်မှာ သူတို့ဟာ အိန္ဒိယတိုက်ငယ်မှာ ကြီးကျယ်ထွန်းကားခဲ့တဲ့ စန္ဒဂုပ္ပတရဲ့ အနွယ်တော်တွေဖြစ်တာကို...

"စန္ဒဂုပ္ပတနဲ့ အနွယ်တော်တို့ဟာ စန္ဒဝံသအုပ်စုဖြစ်ပြီး အစ္စလာမ် ဘာသာကို ကိုးကွယ်ရာက ယခုအခါ ရိုဟင်ဂျာလူမျိုးလို့ ခေါ်တွင်လာကြတယ်" လို့ဖွင့်ဆိုထားပါတယ်။ ဒီအယူအဆဟာ ရှိနှင့်ပြီးသား အယူအဆတို့ကို ရဲရဲဝင့်ဝင့် ပြတ်ပြတ်သားသား တိုက်ဖျက်ထားတယ်။ အဲဒီအယူအဆအရ သူတို့ဟာ အိန္ဒိယနွယ်ဖွားတွေဖြစ်တာမှာ ပိုမိုထင်ရှားလာတယ်။ စန္ဒဂုပ္ပတဟာ အိန္ဒိယမှာ အေဒီ ၄ ရာစုက ၆ ရာစု အတွင်း ထွန်းကားခဲ့ပြီး ရခိုင်ဝေသာလီ (အေဒီ ၄ ရာစုက ၈ ရာစု ခေတ်)နဲ့ ထီးပြိုင်နန်းပြိုင်တည်ရှိခဲ့ပါတယ်။

တိုင်းပြည်တစ်ပြည်ရဲ့ လူတစ်ချို့ရဲ့အကြောင်းအရာကို ထိန်ချန်ပြီး ရကောင်းတာမဟုတ်ပါ။ မရှိတာကိုလဲ ရှိသယောင် လိမ်ညာလို့မရပါ။ ရှေးရခိုင်သမိုင်း (၁၇၈၅ ခုမတိုင်မီ) မှာ သမိုင်းနဲ့ဆက်နွယ်လို့ရှိခဲ့တဲ့ လူမျိုးတွေကို ရခိုင်ရာဇဝင်မှာ ပြည့်ပြည့်စုံစုံနီးပါး ဖော်ပြထားခဲ့ပါတယ်။ မရှိခဲ့တဲ့လူမျိုးတွေကို မဖော်ပြခဲ့ပါ။ အင်္ဂလိပ်ခေတ်မှ လူနေမှုအကြောင်း



ကို မှတ်တမ်းတင်ခဲ့ရာမှာ အဲဒီခေတ်က ရှိသမျှအထောက်အထားတွေ မချွင်းမချန်တင်ပြထားခဲ့ပါတယ်။ ရခိုင်စစ်တကောင်းဘင်္ဂါလီတွေ အကြောင်းကို ရခိုင်သမိုင်းတွေမှာ မတွေ့ရဘဲ အင်္ဂလိပ်ခေတ်မှတ်တမ်း တွေမှာသာ တွေ့ရပါတယ်။ ကလေးကလားဆန်တဲ့ အယူအဆသစ်တွေ ကို အထောက်အထားမခိုင်လုံဘဲ တင်ပြတာတွေဟာ စိတ်ကူးယဉ်သသက် သက်မျှသာဖြစ်ပြီး တည်ရှိပြီးရခိုင်သမိုင်းကို ဖျက်လိုဖျက်ဆီးလုပ်တာ အပြင် တခြား မဖြစ်နိုင်ပါဆိုပြီး ရခိုင်သမိုင်းရဲ့အမှန်ကို ဖျက်လိုဖျက်ဆီးပြုလုပ်လို့ ရနိုင်မယ်မဟုတ်ပါဆိုပြီး ရခိုင်သမိုင်းသုတေသီတစ်ဦးက ဆိုထားခဲ့ပါတယ်။ သမိုင်းသုတေသီ သူရိန္ဒရဲ့သမိုင်းမှတ်စုတွေကို မှိုင်းမြင်တယ် ဆိုပြီးလဲ တင်ပြထားခဲ့ပါတယ်။ "စိန်ခေါ်မှုဆိုတာ လေကားထစ်တွေ ပါမှမဟုတ် ခလုတ်ကန်သင်းတွေဖြစ်ရင် ဖြစ်နိုင်တယ်။ အဓိကတော့ သင့်ဘယ်လိုမြင်သလဲဆိုတာပါပဲ"

## ကုလားမနိုင် ရခိုင်ကို မိန်း (မေး)

မြန်မာစကားပုံ၌ 'ကုလားမနိုင် ရခိုင်ကိုမဲ' ဟု တွေ့ရပါသည်။ မာန်မဲခြင်းနှင့်ပတ်သက်နေပါသည်။ အမှန်က မေးမြန်းစုံစမ်းခြင်းနှင့်သာ သက်ဆိုင်သည်။

ဤစကားပုံမှာ ရခိုင်ဘုရင်များလက်ထက်က ရခိုင်တို့သည် ကုလားပြည်အား အစဉ်အမြဲဆိုသလို တိုက်ခိုက် သိမ်းသွင်းအောင်မြင် နိုင်ခဲ့ကြ၍ ကုလားပြည်မှာ ရခိုင်တို့လက်အောက် မကြာခဏ ရောက်ခဲ့ရသည်။ ထို့ကြောင့် ကုလားပြည် ကုလားတို့ကို တိုက်ခိုက်ရန် ဘယ်ပုံ ဘယ်နည်းစနစ် ဗျူဟာတို့ဖြင့် တိုက်ခိုက်ရမည် စသည်တို့ကို မေး မြန်းလိုလျှင် ကုလားတို့ကို အစဉ်အမြဲ စစ်နိုင်လေ့ရှိသော ပညာ ကျွမ်းကျင်သည့် ရခိုင်တို့ကိုသာ မေးမြန်းပါဟု ဆိုလိုခြင်း ဖြစ်သည်။

'ရခိုင်သမိုင်း စကားပုံ' (ဒေါ်...ခြေ ဓောင်း)

www.burmeseclassic.com



## စေညဘောင်သို့ပြန်ခဲ့ပါ

မိုးသောက်မလေ အရုဏ် လင်းပြန်တဲ့ခါ
ရိုးယောင်လည်းချမ်း ပန်းယောင်လန်းကာ
မေ့စိတ်တွင်းမှာ လန်းလန်းဖြာရေ
မေဆွမ်းချက်သည့် မိုးမှောင်ဝီကော
သီသီလည်းလင်း ဝတ်ကိုဆင်ဖျာ
အောက်ကိုဆင်းကာ မေရှိမှာလေ
သူငယ်ချင်းနဲ့ ကျောင်းတွင်းကိုဝင်
ဘုန်းကြီးသျှင်ကို ဆွမ်းလျှင်လည်းကပ်
ဦးကိုညွှတ်ရှု မောင်လတ်၊ မောင်ကြီး
အသီးသီးတို့ စစ်ကြီးကိုအောင်
စေညဘောင်သို့ ပြန်ယောင်ခဲ့ပါ
နမမှာသည် သာယာစေလေ
သာဓုလေ။

"မှန်တစ်ချပ်ဟာ လူတစ်ယောက်ရဲ့ရုပ်သွင်ကို
ဖော်ပြနိုင်သလို ပြီးခဲ့တဲ့အတိတ်သမိုင်းကြောင်းနဲ့
ဒီကနေ့ပစ္စုပ္ပန်အခြေအနေကိုပဲ ခွဲခြားသိမြင်နိုင်တယ်

(တရုတ်)

အမိုးမဲ့ဆိုတာ ပြည်သူလူထုဆန္ဒနဲ့ တိုက်ညီပဲ့ တိုင်းပြည်အကျိုးကို ဆောင်ရွက်ဖို့
ကန့်သတ်စေနိုင်းထားတဲ့ သစ္စာအရှိဆုံး ပြည်သူ့ဝန်ထမ်းပဲ၊

(ဗိုလ်ချုပ်အောင်ဆန်း၏စကားသည်)



## သမိုင်းဆိုတာ

"သမိုင်းဆိုတာဟာ ပုံနှိပ်စာလုံးတွေနဲ့ ဖြူစင်နေတဲ့စက္ကူတစ်ရွက်သာ ဖြစ်တယ်။ အမိကအချက်ဟာ သမိုင်းကိုလုပ်ပြထားတာ ဖြစ်တယ်"

(ဘာစ်စမတ်)

## ဘိုးဘေးတို့အတွက်

"မိမိတို့နဲ့သွေးစည်းရတဲ့ မြင့်မြတ်တဲ့ပြုလုပ်ဆောင်ရွက်မှုတွေအတွက် ဂုဏ်ယူတဲ့သူကိုသာ သွေးဝေးမြေးမြစ်စတဲ့ အဆက်အနွယ်တို့က ဂုဏ်ယူမှတ်ထိုက်တဲ့ အောင်မြင်မှုမျိုးကို ဘယ်တော့မှမပြုနိုင်လိမ့်မှာ မဟုတ်ပါ"

(လော့ဒ်မယ်ကောလေ)

အိမ်ကိုယ်ကို စနည်းကြီးအောင် ကြွယ်ဝအောင် လုပ်တတ်သည်မှာ နိုင်ငံရေးမဟုတ်၊
တိုင်းပြည်ကို ကောင်းအောင်လုပ်တတ်မှ နိုင်ငံရေးဖြစ်၏၊ (ဗိုလ်ချုပ်အောင်ဆန်း)


အားလုံးကျန်းမာ ချမ်းသာကြပါစေ။

ပြီးပါပြီ

ထွဏ်းအောင်ကျော်
၂၅-၁-၂၀၁၃ ဖြစ်သည်

www.burmeseclassic.com

www.burmeseclassic.com



ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဦးဥတ္တမအထိမ်းအမှတ်ဝန်းခြံအတွင်း စိုက်ထူထားသော ဦးဥတ္တမကြေးရုပ်တု

www.burmeseclassic.com